
The
YATI
MAGAZINE
Vol. 10,No.112 July,2013
Asian Fame Media Group
MEDIA GROUP

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး・・・ ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး・・・ ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး・・・ ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန် ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။


MEDIA GROUP
Asian Fame Media Group

| ငွေသော်တာ | ဟိန်းလတ် |
|---|---|
| ဥက္ကဋ္ဌ | ဒု-ဥက္ကဋ္ဌ |

The YATI MAGAZINE
ရတီ
စာပေအနုပညာမဂ္ဂဇင်း

Vol. 9, No.100, JULY, 2012

| | |
|---|---|
| တာဝန်ခံအယ်ဒီတာ | **မိုးမိုးစောဝင်း** (moemoesawwin.1971@gmail.com) |
| အယ်ဒီတာ | **နွေးနွေးစစ်အောင်၊ အေးနွယ်လှိုင်၊ ယုယအိမ်** |
| အယ်ဒီတာ(R & D) | **မြင့်သူဇာထွန်း** |
| ကဗျာအယ်ဒီတာ | **လွှမ်းရုံ** |
| လက်ထောက်အယ်ဒီတာ | **ဖြိုးစုပိုပို** |
| သတင်းထောက် | **သီတာစိုး၊ မိုမိုနွယ်** |
| ဒီဇိုင်းတာဝန်ခံ | **ပန်းချာန်** (စီမံဒါရိုက်တာ) |
| ဒီဇိုင်းအဖွဲ့ | **ထွန်းထွန်းလင်း** (ကြီးကြပ်ရေးမှူး) |
| | **ငင်မောင်မောင်ထွန်း၊ ရွှေငင်ဦး** |
| သတင်းဓာတ်ပုံ | **အောင်နိုင်စိုး** (ကန္တပ) |
| ကွန်ပျူတာအဖွဲ့ | **ဝင်းဝင်းလှိုင်၊ ခင်သက်လှိုင်** |
| စာပြင် | **သီဟထွန်း** |
| ကြော်ငြာအဖွဲ့ | **တင်စန္ဒာဝင်း**(ဒု-မန်နေဂျာ) |
| | **သပြေငင်ငင်ချို**(လ/ထ မန်နေဂျာ) |
| Marketing Executive | **ခင်ငြိမ်းချမ်းဦး၊ ဌေးလင်းအောင်** |
| | **နန်းအိအိခိုင်၊ ငွန်သန္တာ၊ ထွင့်မြတ်သူ** |
| ဘဏ္ဍာရေးအဖွဲ့ | **မိုးယုမာ** (မန်နေဂျာ)၊ **ခင်ငြိမ်းစုအေး** (ဒုမန်နေဂျာ) |
| | **မိုးမိုးကျော်** (လ/ထ မန်နေဂျာ) |
| | **နီလာဝင်း** (လ/ထ မန်နေဂျာ) |
| ဖြန့်ချိရေးအဖွဲ့ | **သူရဇော်၊ ကျော်လှိုင်ဝင်း၊ ထွန်းထွန်းဦး၊ ဇော်မင်းအောင်** |
| | **ဇော်လင်းဦး၊ အောင်အောင်** |
| ရတီဓာတ်ပုံပညာရှင်များ | **ကိုနိုင် (ပေါ်ပြူလာ)** |

| | |
|---|---|
| ထုတ်ဝေသူ | **ဒေါ်နန်းကလျာဝင်း (၀၄၃၀၈)** |
| ဥပဒေအကြံပေး | **ဦးအိနှစ်** (တရားရုံးချုပ်ရှေ့နေ) |
| ဖလင် | **Eagle** |
| အတွင်းကာလာခွဲ | **ကမ္ဘာဦး** |
| စာအုပ်ချုပ် | **ဝင်းပပ** |
| တန်ဖိုး | **၂၀၀၀** |
| အုပ်ရေ | **၁၀၀၀** |

| | |
|---|---|
| မျက်နှာဖုံးပုံနှိပ် | **ငွေကံ့ကော် (မြ-၀၆၃၆၁)** |
| အတွင်းပုံနှိပ် | **အောင်သိန်းသန်း (မြ-၀၅၉၉၂)** |
| အယ်ဒီတာအဖွဲ့ရုံးခန်း | **အမှတ်-၁၅၀/၁၆၀၊ ၃၅ လမ်း(လယ်)ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့** |
| | **ဖုန်း-၂၄၉၁၆၅၊ ၃၈၅၄၉၅၊ ၃၇၂၈၃၄၊ စာတိုက်သေတ္တာအမှတ် - ၁၄၀** |
| Website | yatimagazine.com |
| Email | yati@popularmyanmar.com |
| မန္တလေးရုံးခွဲ | **အမှတ် 3(A)၊ လမ်း ၃၀၊ ၆၄×၆၅လမ်းကြား၊ မန္တလေးမြို့၊ ဖုန်း ၀၁၀၅၀၀၀၃၈၀။** |
| Email | mandalayoffice@popularmyanmar.com |
| ကြော်ငြာကိုယ်စားလှယ် | **ထိုက်ကြော်ငြာလုပ်ငန်း (မန္တလေး)**(အမှတ်-၂၅၃၊ ၃၆ လမ်း၊ ၈၄×၈၅ လမ်းကြား၊ မန္တလေးမြို့၊ ၀၉-၂၀၀ ၅၅၇၂၊ ၀၉- ၉၁၀ ၄၆၇၇၂) |



Asian Fame Media Group



# ရတီဓမ္မလက်ဆောင်

အရိယာမျိုး မဂ်ဖိုလ်တိုး အဖိုးအနန္တပါ
ဒုသနိမ အပိုင်ရ မုချအရိယာ
သစ္စာလေးချက် တစ်ပြိုင်နက် မဂ်ကိစ္စပြီးကြစေရာ
ဖြောင့်ဖြောင့်စင်းစင်းတရားရှင်း ထင်လင်းနိဗ္ဗာန်သာ
သုသမာဟိတံ ဇေကဂ္ဂံ စိတ္တံဘာဝနာ
အာရုံငါးပါး အကုန်တား ချစ်သားရာဟုလာ
တရားပြည့်ဝ နိဗ္ဗာန ဒုက္ခချုပ်သည်သာ
ဒုက္ခချုပ်ပျောက် နိဗ္ဗာန်ရောက် အံ့လောက်သာသနာ
ဓမ္မသံဝေ အပြည့်ပေ ရလေနိဗ္ဗာန်ရတနာ
အစွန်းလွတ်မြင် အောင်ပွဲဝင် ပြည်ခွင်မောက္ခနိရောဓာ
အတ္တဇျတ္တိ သမာဓိ သန္တိအေးအောင်ညွှန်းသည်သာ
ဝိညျုမှန်မှ မဂ်ဖလ မုချနိဗ္ဗုတာ
ဝိပဿနာ နိုးကြားပါ ပညာပြည်သူဝိညျုသာ
အမတဓာတ် မသေသော သဘောနိရောဓာ
မဂ္ဂဖလ နိရောဓ မုချချမ်းသာရာ
သုံးဆယ့်တစ်ဘုံ လွတ်မြောက်ကြုံ အကုန်ငြိမ်းအေးဒါ
ဝီရိယကောင်း ချီးမြှောက်ကြောင်း နှစ်ထောင်းမဂ်ဖိုလ်သာ
ကုသိုလ်မမေ့ ဉာဏ်အပြည့်မရွေ့နိဗ္ဗာန်သာ
သက္ကာယကင်း ချုပ်ငြိမ်းခြင်း ထင်လင်းနိဿရဏာ
အပယ့်မှန်စွာ သာသနာ စဉ်လာအမြဲလောကုတ်သာ
တရားရှု၏ ဆင်ခြင်သိ သတိမြဲမှ နိဗ္ဗာနာ
နိရောဓဓာတ် တရားမြတ် ရောက်အပ်ဝိညျုသာ
မဂ္ဂသစ္စာ အောင်ကြောင်းဖြာ ချမ်းသာကြီးမားတရားသာ
အရဟတ္တ မဂ်ဖိုလ်မှ ဒုက္ခလွတ်ရာနိဗ္ဗာန်သာ
ကာလဝိမုတ် ခန္ဓာချုပ် နဥပ္ပါဒ နိဗ္ဗာန်သာ
သ.ဒု.မ.နိ အာပုဒိ သန္တိသုခနိဗ္ဗာန်သာ
မြတ်သည့်တရား လွန်ထူးခြား ပွားများနိရောဓာ
ဘေးအကုန်ငြိမ်း အအေးကိန်း ဝဋ်သိမ်းနိဗ္ဗာန်သာ
အရဟတ္တမဂ်ဖလ ဒုက္ခလွန်မြောက်နိဗ္ဗာန်သာ
တရားပြည့်အောင် စုတိနောင် ထွင်ခေါင်ပရိနိဗ္ဗုတာ
သင်ခန်းစာကင်းရာ နိဗ္ဗာန်သာ မှန်စွာမူသေကျင့်ကြပါ
သင်ခန်းစာကုန်ရာ နိဗ္ဗာန်သာ မှန်စွာမူသေကျင့်ကြပါ
သင်ခန်းစာချုပ်ရာ နိဗ္ဗာန်သာ မှန်စွာမူသေကျင့်ကြပါ
သင်ခန်းစာဆုံးရာ နိဗ္ဗာန်သာ မှန်စွာမူသေကျင့်ကြပါ
နိဗ္ဗာန်ဝင်ကျမ်းစာ အထူးသာ မဟာဒါနပြုကြပါ။

**နိဗ္ဗာန်ဝင်ကျမ်းစာ နိဋ္ဌိတာ**

(နဝဂူတင်္ဂါစာရမဟာထေရ်မြတ်၏ နိဗ္ဗာန်မျက်ရှုဘိက္ခုမှတ်တမ်းမှ ကောက်နုတ်ဖော်ပြပါသည်။)

Asian Fame Media Group
MEDIA GROUP

နှိုင်းချင့်ချိန်ဆ၊ ရသထွန်းလင်း၊ ပရိသတ်ရင်တွင်း၊ နှစ်သက်ခိုဝင်၊ ရတီစွမ်းအင်

# အယ်ဒီတာနှုတ်ခွန်းဆက်

အမေရိကန်နိုင်ငံနဲ့ အမေရိကန်လူမျိုးတွေရဲ့ စွယ်စုံပညာရှင်၊ ပုံနှိပ်လုပ်ငန်းရှင်၊ စာရေးဆရာ၊ သိပ္ပံပညာရှင်၊ သတင်းစာဆရာ၊ နိုင်ငံပြုသုခမိန်၊ နိုင်ငံရဲ့သံတမန်စတဲ့ ကိုယ်စားပြုဂုဏ်ပုဒ်တွေ များစွာနဲ့ တင်စားခံရတဲ့ Benjamin Franklin ရဲ့အကြောင်း အမှတ်တရအဖြစ် ဖတ်ဖူးပါတယ်။ Franklin ငယ်ရွယ်နုပျိုစဉ် ပညာဂုဏ်၊ မာနဂုဏ်တွေနဲ့ လျှမ်းလျှမ်းတောက်နေတဲ့ အချိန်ကာလမှာတုန်းကပေါ့။ သူ့ရဲ့ အသက်ကြီးကြီး အသိမိတ်ဆွေတစ်ယောက်အိမ်ကို သွားလည်ခိုက်မှာ ခေါင်းမော့ပြီး အိမ်ထဲဝင်လိုက်တယ်ဆိုရင်ပဲ တံခါးပေါင်နဲ့နဖူးကိုတိုက်မိသွားသတဲ့။ ဒါကိုမြင်တော့ အိမ်ရှင် အဘိုးကြီးကရယ်မောပြီး ဒီနေ့ Franklin သူ့ဆီလာလိုက်တာ အကျိုးအမြတ်တစ်ခု ရသွားပြီ၊ လောကကြီးမှာ အသက်ရှင် နေထိုင်နေသူတစ်ဦးဟာ အမြဲတမ်းခေါင်းမော့နေလို့မရဘူး၊ အချိန်မရွေးခေါင်းငုံ့တတ်ရမယ်၊ ခေါင်းငုံ့နိုင်ရမယ်၊ ခေါင်းငုံ့နိုင်တာလည်း အရည်အချင်းရှိတာပဲလို့ ပြောလိုက်သတဲ့လေ။ ကျွန်မ ဒီစာသားလေးကိုဖတ်မိတော့ ရှေ့စာပိုဒ်တွေကို ဆက်ဖတ်လို့ မရတော့ဘူး။ ဒီနေရာလေးမှာပဲ အသိအတွေးတွေက မရုန်းနိုင်အောင် ဖြစ်သွားမိပါတယ်။ များသောအားဖြင့် ကျွန်မတို့ ပုထုဇဉ်လူသားတွေမှန်သမျှ ခေါင်းငုံ့ဖို့ထက် ခေါင်းမော့ဖို့ကိုသာ အာရုံသန်တတ်ကြတာလေ။ ဒါကြောင့်လည်း ကျွန်မတို့အတွက် စိတ်ပိုင်းဆိုင်ရာရော ရုပ်ပိုင်းဆိုင်ရာရော ထိခိုက်နာကျင်ရတာတွေ ဘယ်လောက်တောင် များခဲ့ပြီလဲ။ ဒီလိုဖြစ်နေရက်နဲ့တောင် ဘယ်တော့မှ ခေါင်းမငုံ့ချင်ဘူးဆိုတဲ့စိတ်က အညွန့်ကို တက်နေသေးတတ်တာရော။ တကယ်တော့ Franklin သွားလည်တဲ့ အိမ်ရှင်အဘိုးကြီးပြောသလို ခေါင်းငုံ့နိုင်တာလည်း တန်ဖိုးရှိတဲ့ ရှားပါးအရည်အချင်း တစ်ခု မဟုတ်ဘူးလား။ ကျွန်မတို့ဝန်းကျင်မှာလည်း လူကြီးတွေနဲ့ လူငယ်တွေကြား၊ မိဘနဲ့ သားသမီးကြား၊ အုပ်ချုပ်သူနဲ့အုပ်ချုပ်ခံကြား . . . . များစွာသော ကြားနှစ်ကြားမှာ အမြဲတမ်း ဘယ်သူက ခေါင်းမော့ရမယ့်သူ၊ ဘယ်သူကဖြင့် ခေါင်းငုံ့ရမယ့်သူလို့ ပုံသေမထားဘဲ မေတ္တာတရားနဲ့ အမှန်တရားကိုသာ ရှေးရှုလိုက်မယ်ဆိုရင် တန်ဖိုးရှိတဲ့ အဆင်ပြေမှုရလဒ်တွေ စည်ပင်ဝပြောလာမှာ အမှန်ပဲလို့ ကျွန်မတွေးမိပါတယ်။ တရားစာပေတွေမှာတော့ ဆုံးမတာပါပဲ။ ကိုယ့်စိတ်ကိုစစ်ပါ။ လက်နှီးစုတ်လား ပဝါဖြူလားတဲ့။ လက်နှီးစုတ်ဆိုရင်တော့ နာနာလျှော်၊ ပဝါဖြူဆိုရင်တော့ အပေမခံနဲ့ ဆိုသော်ငြား ဆန်းစစ်မိတဲ့ကိုယ့်စိတ်ကိုယ်က လက်နှီးစုတ်လောက် မညစ်ပတ်လို့ မလျှော်ဖြစ်၊ ပဝါဖြူလောက်လည်း အဖြူထည်မကျလေတော့ နည်းနည်းပေသွား မထူးပါဘူးဆိုတဲ့ စိတ်ကိုမွေးရင်း လူတွေဟာ ကိုယ့်စိတ်ကိုယ် ပြန်ညာဖြစ်နေတာ များပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်မတို့ ကြိုးတော့ကြိုးစားကြရမှာပေါ့။ ကျွန်မတို့ဝန်းကျင်မှာ လိုအပ်လာရင် မာနမခံဘဲ ခေါင်းငုံ့တတ်တဲ့ အရည်အချင်းရှိဖို့၊ စိတ်ကလေးတွေသန့်ဖို့ ကြိုးစားသင့်ပါတယ်။ ခက်တာက မိုးရာသီသာဖြစ်တယ်။ ရာသီဥတုက ပူလောင်အိုက်စပ်နေတာမို့ စိတ်တွေ ငြိမ်းချမ်းဖို့ နေနေသာသာ ကိုယ်ခန္ဓာက ပူလောင်ပြင်းပြ၊ ဘောလုံးသမားစကားနဲ့ဆိုရင် ရာသီဥတုက ကိုယ့်ဘက်မှာမရှိလို့ ပြောရမယ့်ပုံပါ။ သို့သော်ငြား ကြိုးစားကြည့်ရမှာကတော့ ကျွန်မတို့ တာဝန်ပဲမဟုတ်ပါလား။

မိုးမိုးစောဝင်း
တာဝန်ခံအယ်ဒီတာ

Asian Fame Media Group
MEDIA GROUP



YATI JULY 2012

# CONTENT






yati vol-9, No-100, July 2012


8 ဓမ္မလက်ဆောင်

3 အယ်ဒီတာနှုတ်ခွန်းဆက်

ကဗျာ

8 အိုအောင်၊ ပုသိမ်မောင်ရွှေမှူ၊ အောင်ရင်ငြိမ်း၊ လကျာ်ဝင်း
Aမွန်၊ နေလအောင်၊ မင်းဘုန်းမောင်

ကာတွန်း

15 ရွှေမင်းသား၊ မြေဇာ၊ ဝင်းအောင်၊ မျိုးကြီး၊ ဟတ်ကော့

20 မမရတီအမေးအဖြေ

ရတီမျက်နှာဖုံး

23 ရွှေနန်းတော်

ရတီအထူးကဏ္ဍ

30 Audience of Celebrities' Choice
**မိုးယုစံ၊ ဋ္ဌေမင်းဇော်**
သီတာစိုး

40 Glamorous Girl
**ယုသန္တာတင်**
သီတာစိုး

46 Modern Mom
**ဝမ်း ဖစ်ဖစ်တုန်**
ဖြိုးစုပိုပို

51 Fashionable Hair Style
**နန်းဆုရတီစိုး**
ယုယအိမ်


Asian Fame Media Group
af MEDIA GROUP

YATI JULY 2012

# CONTENT












yati vol-9, No-100, July 2012


**56** ထိန်းသိမ်းဆန်းသစ် မြန်မာ့အလှစစ်
**ခင်လေးနွယ်**
သီတာစိုး

**64** အရသာရှိသော အသစ်တွေကို ခံစားပါဆိုတဲ့ ယမ်မီရိုကီ
**ယမ်မီရိုကီ**
မိုးသောက်ကြယ်

**70** Hits of the Season
**ကောင်းထက်ဇော်၊ နီနီကော**
ယုယအိမ်

**76** Nyan Lin Aung's profile as told by himself
**ဉာဏ်လင်းအောင်**
သီတာစိုး

**90** Versatile People
**ကျားပေါက်**
ယုယအိမ်

**99** သူတို့ပြောတဲ့ 'p'
**မင်းထင်ကိုကိုကြီး ဂျူး မပုံ**
ဖြိုးစုပိုပို

**115** Beyond the Women
**ဒေါက်တာသက်သက်နိုင်**
ဖြိုးစုပိုပို

Designer's Idea
**မိုးကုတ်ပေါက်ပေါက်**
ဖြိုးစုပိုပို

Hottest Latest
**မေဂရေ့စ်**
ဖြိုးစုပိုပို




Asian Fame Media Group

# YATI JULY 2012
# CONTENT











## YATI VOL-9, NO-100, JULY 2012


**ရတီကိုရီးယား**

60 ခေတ်(၂)ခေတ်ထဲက ဆောင်ဆန်ဟွန်း
ဇင်မြင့်စံ

**ရတီဆောင်းပါး**

81 မြို့လယ်လမ်းမထက်က ဂျင်းနိုပဲင်နိရက်စွဲများ
ရွှေနေခြည်

96 နိုင်ငံတကာ ပညာရေးအခွင့်အလမ်းများ
ပညားမြတ်အောင်

145 ခေတ်စားလာသော အင်ကြင်းကျောက်
သိန်းပိုင် (M.Engg.Geol)

195 လူဦးရေအများဆုံးနှစ်နိုင်ငံ၏ ရေနှင့်စွမ်းအင်ရှာပုံတော်
ကျော်ဦး

**ဒေသသင်္ကေတ**

106 ရှိုင်တို့ရဲ့ နောက်ဆုံးရွှေပေါင်းမြို့တော်
လှမြင့်ဆွေ

**ရတီနိုင်ငံတကာ**

84 EMMA WATSON ON MY MIND
တင်လတ်သန္တာဗိုလ်

87 သတင်းစုံရာ အနုပညာကမ္ဘာ
စိုးသိဏ်း

123 ဘုရင်မကြီး အယ်လီဇဘတ် နန်းသက်(၆၀) ပြည့်အမှတ်တရများ
ကိုလင်းမာန်အောင်

127 ဂျိမ်းစ်ဘွန်း အင်နီရယ်ကရိုတ်ရဲ့ Skyfall
ရဲသစ်

**ရတီအသောအထွေ**

129 မရေးမကောင်းရေးမကောင်း
ညီညီညာညာညက်ညက်ညောညော

180 ငွေမြစ်ဖို့ လက်တစ်လုံးအလို
ဂျက်ကွမ်းခြံကုန်း

**ရတီပေဒင်**

133 ဒေါက်တာမြတ်သစ် (မန္တလေး)

**ဖူးနသစ်လွင်ကဗျာဥယျာဉ်**

136 အလင်း၊ စည်သူ(ဘန်းယဉ်)၊ ကေဇော်မိုး၊ မင်းထက်သားညီ(တောင်ငူ)
မိုးရိပ်ကဗျာ(ရွှေကူ)၊ စောအိဏ်းနင်း(ရွှေဘို)၊ ကျော်ကြီး၊
ချိတ်ကောက်(မြို့လှ)


Asian Frame Media Group
MEDIA GROUP


YATI JULY 2012

# CONTENT









## YATI VOL-9, NO-100, JULY 2012


**ရတီဝတ္ထုတို**

140 မျဉ်းတစ်ကြောင်းပေါ်ကလူ
ချောအိမာန်(မန္တလေး)

148 ဘုန်းကြီးကျောင်းသား
နေဇာခိုင်

154 ပန်းတိုင်မရှိတဲ့ဆုံမှတ်
နီနီနိုင်(သထုံ)

160 နေရာသစ်
နန္ဒထွင်

164 စူပါမင်းကို ဘယ်သူသတ်သလဲ
သစ္စာနီ

174 ပိတ်ထားတဲ့ တံခါးတစ်ချပ်
လွန်းမောင်မောင်

**ရည်ညွှန်းဖွဲ့သီချစ်သူဆီ**

188 အသတ်မှတ်ခံတန်ဖိုး
မြူခွန်းချယ်

**ရတီအတွေးရသ**

192 သရဲခြောက်ခံရတဲ့နေ့
ရွှေသက်

**မန္တလေးအတွေး မန္တလေးအရေး**

182 ကျွန်တော်တို့အတွက် ပွင့်လင်းမြင်သာဂျာကမ္ဘာ
ကိုထွန်း (လမ်း-၈၀)

186 **ရတီစာအုပ်စင်**

**ရတီကျန်းမာရေး**

167 To reduce 70% of Female Cancer Risk
ဒေါက်တာအောင်ဆန်းဝင်း

**ရတီဝေဖန်ရေး**

171 ဒါရိုက်တာဝင်းထွန်းထွန်း၏ ဟလာန်
မောင်အိမ်စံ



ပန်းချီသရုပ်ဖော်
မြတ်မင်းဟန်၊ အောင်ကျော်၊ ခေတ်ဘုန်းမို၊ ချစ်သူ၊ လှကြီးမင်း၊
ငှအိမ်ထက်မြက်၊ လင်းငြိမ်၊ ဆုထက်အောင်၊ မိုးထက်မိုး၊ ပန်းချာန်




Asian Fame Media Group
MEDIA GROUP

# နွေဘွဲ့

အက်ရှင်တွေ
ကင်နတစ်တွေ
အင်ပရက်ရှင်တွေနဲ့
ရက်စက်တဲ့
ဒီနွေထဲ ရှေ့ဆက်။
ခုလို
သတ္တိရှိရှိ
လင်းပွင့်ခဲ့ဖို့ပဲမဟုတ်လား။

အိုအောင်

အက်ရှင် - action
ကင်နတစ် - kinetic
အင်ပရက်ရှင် - impression
[၂၃. ၄. ၂၀၁၂ နေ့က ပြုလုပ်ခဲ့တဲ့ Summer dreams ပန်းချီပြပွဲသို့. . . ]



Asian Free Media Group
MEDIA GROUP

# ညနေခင်းနှစ်ယောက်

တိမ်ကတိမ်လို မတောက်တော့
အချိန်က အချိန်ကို တောက်ထုတ်လိုက်ရပြီ။
ဆောင်းအတိုင်း ရောက်မလာတဲ့သဇင်နဲ့
နွေအတိုင်း လွမ်းမလာတဲ့ဥဩနဲ့
မိုးအတိုင်းဆင်းမလာတဲ့ ရွှေပိန်ညင်းနဲ့
နှင်းခါးနဲ့သီဟို
ဘယ်လိုမှ ဟာမိုနီမဖြစ်သလိုမျိုး။
ဝေါလမ်းမပေါ်က မိန်းမတစ်ယောက်ရဲ့ ရယ်သံဟာ
တို့ရွာက မသေးမျှင်ရယ်သံနဲ့
မတူတာတော့ သေချာတယ်
ဆိုလိုတာကို မနည်းတူးယူရတဲ့ ဆက်တင်မှာ
ဟုတ်ပါပြီနဲ့ သိုင်းကျူးတွေတစ်ထောလုံးမှောင်
ညှောင်ထောက်တံတားခင်းလို့
ဘယ်တုန်းကမှ မိုးမစိုခဲ့တဲ့ငါ့တိမ်
တိမ်ကတိမ်လိုမတောက်လို့
အချိန်က အချိန်ကိုတောက်ထုတ်လိုက်တာ
ထောက်ခန် မြည်သံလေးတောင်
လွမ်းစရာမကျန်ခဲ့ပါလား အဘိုးကြီးရယ်။ ။
(ကြင်ဖော်အိုသို့)• • •

ပုသိမ်မောင်ရွှေမှူ



Asian Fame Media Group

# ဆိုက်ကို



သစ္စာပန်းတွေ ကြွေနေပြီ၊ အစာရေစာစား၊ တီရှပ်ဝတ်၊ အိပ်ရာဝင်၊ အိပ်မက်မြူနဲ့ အတူနေ၊
အနုပညာဖန်တီး၊ စာသားမပါတဲ့ သီချင်းလေချွန်၊ ပျော်ရွှင်မှု ပျောက်ဆုံး၊
စကားလုံးတွေရဲ့အနှစ်သာရ မရှိမှုကို ဆင်ခြင်၊ ငယ်စဉ်ကလေးဘဝကို လွမ်းဆွတ်၊
ဘာမှမရှိခြင်းကို တပ်မက်၊ ကိုယ့်အရိပ်ကိုယ် သံသယဖြစ်၊ အိပ်မက်ဆိုးတွေ မြင်မက်၊
နျူရိုးဆစ်နဲ့ ဆိုက်ကိုးဆစ် ရောနှော၊ မသိစိတ်ထဲက မိန်းမအဟောင်းနဲ့ သားနှစ်ယောက်ကို မေ့ပစ်၊
လောကကို အဆိုးမြင်၊ ဝံပုလွေဆန်တဲ့ ငယ်သူငယ်ချင်းဟာ စက်ဆုပ်ဖွယ်၊
ဖေဖေ မကွယ်လွန်မီ စူးရှတဲ့ မျက်လုံးတွေကို ကြောက်လန့်၊
အတိတ်ကို ပစ္စုပ္ပန်၊ ခင်လေးဝင်းကို သတိရ၊ စာအုပ်စာတမ်းတွေ မျက်နှာလွှဲ၊
ဘာမှ မသိချင် မကြားချင်၊ မိန်းမကိုအလိုမကျဖြစ်၊ နေ့သစ်တစ်ခုရောက်လာမှာ စိုးရိမ်၊
ပြည်တွင်းဖြစ် ဝတ္ထုတိုတွေ မဖတ်ချင်၊ တစ်ခုခုတော့ တစ်ခုခုပဲ၊
စိတ်ထဲ ဘာလိုအပ်နေမှန်းမသိ၊ စာပေသီဝရီတွေ လွှင့်ပစ်၊ ဘယ်သူနဲ့မှစကားမပြောချင်၊
တွေးခေါ်ဆင်ခြင်မှု လက်လွှတ်၊ ဇာခြည်သနုကို မေ့မရ၊ ရဟန်းဘဝကို မျှော်လင့်၊
လှပတဲ့ အိပ်မက်တွေ စိတ်ကူးယဉ်၊ သူငယ်ချင်းတွေနဲ့ တစ်မိနစ်၊
ရယ်သံဟာ ခဏလေးပဲ၊ နတ္ထိဝါဒီတစ်ယောက်လို တွေးတော၊
အသိဉာဏ်ဟာ အလကား၊ Sexualism ကို အနုပညာမြောက်အောင် စိတ်ကူး၊
စိတ်အလိုအတိုင်းလေလွင့်၊ အမေနဲ့ညီမလေးတွေရဲ့ နာမည်မေ့၊
ရုပ်ဝတ္ထုတွေနဲ့ စကားပြော၊ နေ့စဉ်လူမှုဘဝထဲက ထွက်ပြေး၊ လက်ဝါးကို ခဏခဏ ဖြန့်ကြည့်၊
ဘူဇွာဝါဒကို ကဲ့ရဲ့ မှတ်ဉာဏ်တွေချို့ယွင်း၊ စားမဝင် အိပ်မပျော်၊
ငါ့နာမည်မှာ အဆိုးမြင်ဝါဒီ တံဆိပ်ကပ်၊ စကားလုံးတွေနဲ့ အပျင်းပြေ ဆော့ကစား၊
ချစ်ခြင်းမေတ္တာကို ပြက်ရယ်ပြု၊ စိတ်ကူးတွေကို မီးနဲ့ရှို့၊ မေးခွန်းတွေကို မေးခွန်းထုတ်၊
ဆက်လက်ရှေ့ လူ့ဘဝအကြောင်းတွေးခေါ်ရန် ဘာမှမရှိ၊ တစ်စုံတစ်ရာကို လုပ်ချင်၊
ငါ့ကိုယ်ငါ မမြင်ရ၊ လူငယ်ဘဝရဲ့ ဂျင်းဘောင်းဘီဝတ်၊ သေခြင်းတရားနဲ့ စက္ကန့်တိုင်း၊
အနတ္တတွေ ဘာတွေ လာမပြောနဲ့၊ ငါနဲ့တွေ့ရင် ဆစ်ဂမန်ဖရွိုက်တောင် ရူးသွားမယ်၊
စိတ္တဇနာမ်တွေမှာ ဝင်စား၊ အမှန်တရားဟာ သွေးပျက်ရူးသွပ်ဖွယ်၊
ငါဟာ မမြင်ရတဲ့ ဘုရားသခင်ပဲ၊ သစ္စာတရားရဲ့ နာမည်ကို အော်ခေါ်၊
လက္ခဏာတွေ ရှုပ်ထွေး၊ တယ်လီဖုန်းကြိုးတွေ ဖြုတ်ပစ်၊ ဆေးမင်ကြောင်ကို ပွတ်သပ်၊
မသိမှုကို မိတ္တူကူး၊ သုညတစ်လုံးနဲ့ ဘာသာပြန်၊ ဒုက္ခသစ္စာနဲ့ ရန်ဖြစ်၊
မသိစိတ်ထဲက အမှိုက်တွေ စာရင်းပြုစု၊
သစ္စာပန်းတွေ ကြွေနေပြီ၊ ကိုယ့်အသက်ကို အက်ဒဝပ် မန့်ချ်။ ။

အောင်ရင်ငြိမ်း



# ကျွဲ

- ခွေးဝတ်သည်
  ဖိနပ်ပြတ်နှင့် တည့်တည့်တိုးသွားပြီး
  ရွှေနှင့်မြမှာ
  ယခုထိ
  မချိတ်မိသေးပါ၊

- ကမ္ဘာသည်
  နှောင်နှစ် ၂၀၀ သာခံတော့မည်ဟု
  စတီဗင်ဟော့ကင်းဆိုသော်ငြား
  စားသုံးသူဝါဒမှာ
  စိတ်ရှည်လက်ရှည်
  သည်းခံစောင့်ဆိုင်းနေရဆဲ၊

- ဆူးစူးရှုပ်ပင်
  အပ်နှင့်ထွင်ကြောင်း
  ဆိုသူလည်းဆိုခဲ့လေပြီ၊

- ကာယသိဒ္ဓိဆေးသည်ပင်လျှင်
  ထိုးသောအခါ
  နာရသေးသည်မှာ ဓမ္မတာ၊

- ဤမှ ကျွဲသို့ရွေ့ရန်
  မနက်ဖြန်ကို ချိန်းဆိုသည်ထားဦး
  နောက်ကျလွန်းမလားဟု
  စဉ်းစားဆင်ခြင်
  တွေးတောပူပင်နေမိသည်။ ။

လက်ျာဝင်း

# အစ်မပဲ နေမကောင်းဘူးဆို



သမီးလေးမွေးရင် မှိုင်းမွန်ဆန်းလို့ နာမည်ပေးမယ်
တောင်တန်းတွေဆီ အလည်ခရီးထွက်မယ်
ဒီလိုနဲ့ပဲ
သတ်မှတ်ရက်တွေအပေါ် သစ္စာရှိခဲ့တာမဟုတ်လား
အစ်မပဲ နေမကောင်းဘူးဆို
ဘဝ ညှိုတိုတိုလေးတွေ ဘယ်နားထားမိပါလိမ့်ဗျာ

စီးကရက်က သောက်လို့ အဆင်မပြေဘူး
အိပ်ခန်းမီးအဖွင့်အပိတ်ဟာ အရေးမကြီးတော့ဘူး
ပျော်အောင်အိပ်ရမယ်
ပျော်အောင် မအိပ်ချင်ရင်လည်း
ပျော်အောင် အိပ်ရမယ်
ခြေဆန့်လက်ဆန့် မနက်ခင်းတွေကိုတော့ နဂိုအတိုင်းရှိပစေ

ဝေးရှယ်သူတစ်ယောက်ရဲ့ စိတ်ကူးလက်ကျန်ထဲ
ပါးပေါ်က သနပ်ခါးဟာ ဘယ်နှပြားမှ မတန်ဘူးလို့
ဘယ်တုန်းကမှ မပြောခဲ့ဖူးဘူး မဟုတ်လား
အစ်မက ကျွန်တော့်နှလုံးသားရဲ့ သတင်းထောက်ပဲ
ပုံရိပ်ရော
အချက်အလက်ရော
စာမျက်နှာရော

ဒီဆောင်းအမီတို့
ဒီမိုးမကုန်ခင်တို့လေ
ကျွန်တော်က ဩဂုတ်တစ်လလုံး ထူးအိမ်သင်ပဲဖွင့်ချင်တယ်
ခန့်မှန်းချက်က လျှာထားအဆင့်မှာတင် ကန့်သတ်ဖြစ်ဖြစ်နေတော့
ဒီညကလေးထဲ
ဒီအရှိုးရာလေးပဲ အထပ်ထပ်ငေးမိတယ်

တစ်မိုးအောက်မှာ တစ်ယောက်တည်း လွတ်တင်ရမှာ
စိုက်ထားတဲ့စိတ်ဟာ စိုးရိမ်စွတ်စိုလို့
သွယ်ရမယ့်ပိုက်ဟာ ဟန်ပျက်အဆက်ပြတ်လို့
မြုပ်ရမယ့်ကြိုးဟာ လမ်းတစ်ဖက်မှာ ငေးငိုင်တွေးဆလို့
သူများတွေသိရင် ရယ်ကြမှာ

တကယ်ပါ
နေမကောင်းတာကို တခြားဘာသာစကားနဲ့ ပြောကြည့်ပါလား

Aမွန်



Asian Fame Media Group

# မိုးသားလို တရိပ်ရိပ်

နံရံတွေပေါ် တွယ်တက်ကြ
ပင်လယ်ထဲ ဆင်းကြ
ခေါင်းပေါ်က မီးအိုးဟာ အခိုးတွေအူလို့
တစ်ခါတစ်ရံ အဝတ်အစားသစ်လေးဝယ်
မိန်းမတစ်ယောက်ယောက်နဲ့ တစ်ခါတစ်ရံအိပ်
တစ်ခါတစ်ရံ ဘုန်းကြီးဝတ်
ရယ်ရတဲ့ ရုပ်ရှင်တွေကြည့်
တံခါးဖွင့်ရမှာ ကြောက်စိတ်နဲ့
အခန်းပိတ်ထဲ ပတ်ပြေးတယ်။
လူပုံအလယ်
ရင်ဘတ်ဖြတ်ကန်ခံရတယ် ဆိုတာလည်း
ဝမ်းနည်းအံ့သြစရာ မဟုတ်တော့ပါ
စမ်းသပ်ခန်းထဲက ကြွက်လေးတွေလို
ငြိမ်လို့။
မီးပိတ်ပြီး မောင်းပြေးသွားတဲ့ ကားတစ်စင်းပမာ
အသက်ဆက်ရှင်သန်လျက်သာ။ ▪

နေလအောင်



Asian Fame Media Group
MEDIA GROUP




# အရွေ့

ဒီည
ခင်ဗျားခွက်ထဲက
ကျွန်တော့်ခွက်ထဲ ပြောင်းထည့်လိုက်တာ ဒုက္ခတွေလား
ဒီနေ့
ကျွန်တော် ခေတ်ဝန်ကိုထမ်းပြီး
ခေတ်လမ်းကို လျှောက်နေပါတယ်

ဓာတ်တိုင်ပေါ် စွန်ငြိနေတာမျိုး
ဓာတ်မတည့်တဲ့ အစာကိုစားပြီး
သဘာဝနဲ့ ကန့်လန့်တိုက်မိတာလည်းရှိရဲ့
တယ်လီဖုန်းလိုင်းမမိလို့
အိမ်အပြင်ထွက်ပြောရသလို
စည်းဝိုင်းအပြင်ထွက်လိုက်မှ
အရေးပါ အရာရောက်လာတာမျိုးလည်း အများကြီး၊
အလှည့်ကျတိုင်းသာ
မော့ချလိုက်
လမ်းဆုံးရင်
ရွာတွေမှာပဲ၊
ခေါင်းကိုရဲရဲမော့
ရင်ကိုရဲရဲကော့
ဘယ်တော့မှ မငိုတဲ့မျက်လုံးနဲ့
အမြဲတမ်းပြုံးနေတဲ့ နှုတ်ခမ်းနဲ့
ရှေ့ကလမ်းကို ကြည့်လိုက်
အစိမ်းရောင်တိမ်တိုက်တွေ ရွေ့လာနေပြီ။ ။

မင်းဘုန်းမောင်

Asian Fame Media Group
MEDIA GROUP

*Cartoon*
*yati july2012*

# ရွှေမင်းသား




Asian Fame Media Group


Cartoon
yati july2012

ဝင်းအောင်




Asian Fame Media Group
MEDIA GROUP

မြေဇာ




Asian Fame Media Group


Cartoon
yati july 2012

# ဟက်ကော့




Asian Family Media Group

# မျိုးကြီး


မင်းနဲ့အပြင် လောကမှာဆုံချင် ပြီကွာ...
ငါကလည်း အတူတူပါပဲ နော်
မင်းလေးရဲ့ မျက်နှာကိုအမြန် မြင်ချင်ပြီ...
မိန်းမရေ..ဒီည ဟင်းမရှိဘူး..ခြံထဲက ကြက်ဥနှစ်လုံးကို ပြုတ်ပြီးချက်လိုက်

## လူမှုရေး၊ ကျန်းမာရေး
## အချစ်ရေး၊ အနုပညာအရေး

# မမရတီ

## Questions & Answers



မမရတီရေ. . . မြန်မာ့ရုပ်မြင်သံကြားမှာ ပြနေတဲ့ တီဗီစီးရီးအချစ် သင်္ကေတကိုကြည့်ပြီး သမီးတော့ မြတ်သူကျော်ကို စွဲနေပြီ။ သူက ရှေ့အလားအလာ အများကြီးရှိတယ်နော်။ အခုရော သူ ဘာဇာတ်ကားတွေ ရိုက်နေလဲဟင်။ နိုင်ငံခြားစံချိန်မီ အရပ်နဲ့ ရုပ်ရည်ကတော့ မင်းသား တစ်ယောက်ဖြစ်ဖို့ လုံးဝပြည့်စုံတယ် မမရတီရာ။ သမီးကတော့ သူ့ရဲ့ ရှေ့ဆက်မယ့် အနုပညာကို မျှော်လင့်နေမိတယ်။ သူ့အကြောင်းလေးတွေ လည်း သိချင်နေမိတယ်။ ဇာတ်ဝင်တေးက အသံကရော သူ့အသံလား ဟင် မမရတီ။ သမီးတို့ သူငယ်ချင်းတွေကြားထဲမှာ ငြင်းနေရလို့ပါ။

*သက်စုစိုး(တာမွေ)*

**သက်စုစိုးပြောတဲ့ မြတ်သူကျော်က ဆယ်ကျော်သက် တော်တော် များများတော့ အားပေးနေကြတာအမှန်ပဲ။ သရုပ်ဆောင်မှုအပိုင်းတွေမှာ နည်းနည်းလိုနေသေးပေမယ့် ရှေ့အလားအလာ ရှိတယ်လို့ ခန့်မှန်းမိပါ တယ်။ မြတ်သူကျော်က သူငယ်ချင်း တစ်ယောက်ခေါ်လို့ တီဗီစီးရီး လူရွေးပွဲကို ဝင်လျှောက်ဖြစ်ရင်း ဒီတီဗီစီးရီးမှာ အရွေးခံရသွားတာဆိုပဲ။ ဇာတ်ဝင်တေးမှာလည်း သူကိုယ်တိုင် သီဆိုထားတာ ဟုတ်ပါတယ်။ သီချင်းဆိုတာ မကျွမ်းကျင်ပေမယ့် ဒါရိုက်တာက ဝင်ဆိုစေချင်တာရယ်၊ အတူဆိုမယ့် မိန်းကလေးရဲ့ အသံနဲ့လည်း အစပ်အဟပ်မိတာရယ် ကြောင့် ဆိုဖြစ်သွားတာပါလို့ ပြောပါတယ်။ မြတ်သူကျော်ရဲ့ရှေ့ဆက်မယ့် အနုပညာဆိုတာကတော့ သူက မီဒီယာကမ္ဘာနဲ့ နှစ်နှစ်စာချုပ်ချုပ်ထား တယ်လို့ သိရပါတယ်။ မင်းသား မင်းသမီးတွေ အတွက်ကတော့ စာချုပ် ထားတယ်ဆိုရင် စာချုပ်ချုပ်ထားတဲ့ ကုမ္ပဏီနဲ့ကလွဲပြီး တခြားမှာ ရိုက် လေ့ရိုက်ထ မရှိကြပါဘူး။ ကုမ္ပဏီက ခွင့်ပြုတယ်ဆိုရင်တော့ တစ်မျိုး ပေါ့။ ကဲ သက်စုစိုးသိချင်တဲ့ မြတ်သူကျော်ရဲ့အကြောင်း အကြမ်းဖျင်း သိရပြီမို့ ကျေနပ်တော့နော်။**

မမရတီရေ. . . နွေနေကလည်း ပြင်းချက်ဗျာ။ ကျွန်တော်တို့ မန္တလေးမှာ ထိုင်နေရင်တောင် နေရာမရွေ့ရဲအောင် ပူတယ်။ အပူချိန် ပြင်းလာတာနဲ့အမျှ မီးဘေးလည်း ကြောက်ရတယ် မမရတီရေ။ တစ်နေ့ က မီးလန့်တာ ကိုယ့်အိမ်ဘက် မရောက်သေးပေမယ့် အထုပ်အပိုးတွေ ပြင်ထားရတာ တစ်အိမ်လုံး နုံးချည့်သွားကြတာပဲ။ ကျွန်တော်တို့က ပစ္စည်းမချမ်းသာပေမယ့် စာအုပ်တွေကတော့ ချမ်းသာတယ်လေ။ ကျွန်တော့် စာအုပ်တွေကို မီးစာတော့ အသင့်မခံနိုင်ပါဘူးဗျာ။ မမရတီ တို့ ရန်ကုန်မှာရော ရာသီဥတု အဆင်ပြေရဲ့လား။ ရတီအဖွဲ့သားတွေ ကျန်းမာချမ်းသာပါစေကြောင်း မေတ္တာပို့ပါတယ်ဗျာ။

*ခင်မောင်ထွန်း*

Asian Fame Media Group
MEDIA GROUP

ကိုခင်မောင်ထွန်းရေ. . . . ပူးတွဲပါလာတဲ့ ရတီမဂ္ဂဇင်းပါ စာရေးဆရာ တစ်ယောက်ရဲ့ ဝတ္ထုအကြောင်းကိုတော့ စာရေးဆရာ လက်ထဲ တိုက်ရိုက် ထည့်လိုက်ပြီလို့ အရင်ပြောချင်ပါတယ်။ ရာသီဥတုကတော့ မန္တလေးနဲ့ ရန်ကုန် သိပ်မထူးလှဘူးလို့ ထင်ပါတယ်ရှင်။ ရာသီကပူ၊ မီးစက်သံကညံ လူရော ဦးနှောက်ရော ကျွမ်းပြန်ချင်လောက်အောင်ပါပဲ။ ရန်ကုန်မှာလည်း မီးဘေးအန္တရာယ်တွေ ဟိုက ဒီက ကြားနေရတာပဲရှင့်။ ဒါပေမဲ့ ဒီရက်ပိုင်း မီးနဲ့ပတ်သက်ပြီး ကောင်းသတင်းလေးတွေတော့ ကြားနေရသား။ မီးဘေး သင့်ခါမှ မီးသတ်ကားလာပြီး ငြိမ်းရမယ်ဆိုရင် ပစ္စည်းရော လူရော ဆုံးရှုံးမှုတွေ များတတ်တာမို့ စနစ်သစ်တွေ ပြင်နေသတဲ့လေ။ မီးလောင်တယ်ဆိုတဲ့ မသင်္ကာစရာ တစ်ခုခုကို စောင့်ကြည့်မြင်နိုင်ဖို့ ရန်ကုန်မြို့ရဲ့ အမြင့်နေရာ တော်တော်များများမှာ စီစီတီဗီတွေ တပ်ဖို့စီစဉ်ထားတယ်လို့ မီးသတ်ဌာနက ထုတ်ပြန်ပြောတယ်ဆိုပဲ။ ဒါဆိုရင်တော့ မီးမလောင်ခင် မသင်္ကာဖွယ်ရာ အနေအထားတွေ့တာနဲ့တင် စီစီတီဗီကတစ်ဆင့် မီးသတ်ဌာနချုပ်က သိနိုင်၊ ပြီးရင်မီးသတ်ကား တန်းလာနိုင်တာမို့ ဆုံးရှုံးမှုအများကြီး သက်သာမတဲ့လေ။ ကောင်းသတင်းလေးမို့ ကိုခင်မောင်ထွန်းကို မျှဝေပြောပြတာပါ။

မမရတီရေ. . . အခုတစ်လော ကိုခန့်စည်သူ တစ်ယောက် မင်းသမီး ပေါက်စလေး. . . . နဲ့ နာမည်ထွက်နေတယ်နော်။ သဘောမတူဘူး မမ ရတီ။ ကျွန်မတို့ရဲ့ လူပျိုကြီးမင်းသားကို သူနဲ့ သက်တူရွယ်တူ တည်တည်ငြိမ်ငြိမ် အသိုင်းအဝိုင်းက သူနဲ့မှ သဘောတူမှာလို့ ပြောပေးပါနော်။ ကိုခန့်စည်သူရဲ့ လိပ်စာလေးလည်း သိပါရစေရှင်၊ ကူညီပေးပါဦး။

*အဆောင်သူများ(လှည်းတန်း)*

အဆောင်သူမမတွေ . . . ဘယ်နှယ့်သူများကို သက်တူရွယ်တူ တည် တည်ငြိမ်ငြိမ်တွေ ဘာတွေပြောနေရတာလဲကွယ်။ ကိုခန့်မှ မဟုတ်ဘူး။ ဘယ်ယောကျ်ားသားက အသက်ကြီးကြီး တည်တည်ငြိမ်ငြိမ်ကို ကြိုက်မှာလဲလို့။ မမရတီတော့ မပြောပေးရဲပါဘူး။ ဒါပေမဲ့ အဆောင်သူမမတွေ ကိုယ်တိုင်ပြောချင်ရင် ပြောလို့ရအောင် လိပ်စာတော့ပေးလိုက်မယ်နော်။ ကိုခန့်လိပ်စာက အမှတ် ၉၀၊ စီ ၂၊ ရွှေတောင်ကြား ၁ လမ်း၊ ဗဟန်း ဖြစ်ပါတယ်။

မမရတီရေ. . . ဗီဒီယိုတွေ ဈေးကွက်ပျက်တယ် ပျက်တယ် ပြောပြီး အခွေတွေထွက်နေကြတာလည်း မနည်းမနောပါပဲလား။ အံ့သြစရာ ကောင်းတာက အခုခေတ်မှာ ဒါရိုက်တာရော မင်းသားရော ဇာတ်လမ်းရော ဇာတ်ညွှန်းရော တစ်ယောက်တည်းလုပ်တာတွေ တွေ့နေရတယ်နော်။ ဒါတောင် ထုတ်လုပ်ရေးက သူပဲဖြစ်နေဦးမလား မသိဘူး။ တကယ်ဆို ကိုယ်ကျွမ်းကျင်ရာ ကျွမ်းကျင်ရာပဲ လုပ်သင့်တာပေါ့။ ဒါကြောင့် ဗီဒီယိုတွေ ကျတာလည်း ဖြစ်နိုင်တာပဲ မဟုတ်လား။ ကျွန်မကတော့ ကျွန်မတို့ မြန်မာဇာတ်လေးတွေကို နိုင်ငံတကာ အဆင့်မီစေချင်တယ်ရှင်။

*ခင်သဇင်မြင့် (ကျောက်တံတား)*

မခင်သဇင်မြင့် ပြောသလိုတော့ တစ်ယူသန်ကြီးပြောလို့ မရသေးဘူး ထင်ပါတယ်ရှင်။ ဘာလို့လဲဆိုတော့ အနုပညာလုပ်ငန်းကို စိတ်ပါဝင်စားစွာ လုပ်ကိုင်နေတဲ့ အနုပညာရှင် တစ်ယောက်ဟာ သူနဲ့ဆက်စပ်နေတဲ့ လုပ်ငန်း မှန်သမျှကို ဝါသနာပါတယ်၊ စိတ်ဝင်စားတယ်ဆိုတာ ဖြစ်လေ့ဖြစ်ထရှိတဲ့၊ ဖြစ်နိုင်တဲ့ ဖြစ်တတ်တဲ့ အနေအထားပဲလေ။ သူ အာရုံကျရင် အကုန်လုံးကို သူတစ်ယောက်တည်း လုပ်ချင်ရင် လုပ်ဖြစ်မှာပဲပေါ့။ ပိုက်ဆံကြောင့် မဟုတ်ဘူး ဟုတ်



တယ်ဆိုတာ၊ ဇာတ်ကား ကောင်းတယ် မကောင်းဘူးဆိုတာကတော့ သူ့အပိုင်းလို့ပဲ သဘောထားလိုက်ပေါ့နော် ။ ဟောလီးဝုဒ် စူပါစတား မင်းသမီး အင်ဂျလီနာဂျိုလီကိုပဲ ကြည့်လေ။ သရုပ်ဆောင်ဘဝမှာ ဒီလောက်အောင်မြင်နေပါရက်နဲ့ In the land of blood and honey ကို ကိုယ်တိုင် ဇာတ်ညွှန်းရေးတယ်။ ကိုယ်တိုင် ဒါရိုက်တာလုပ်ရိုက်တယ်။ ဒီဇာတ်ကားကို ဇာတ်ညွှန်းရေးဖို့ ဒါရိုက်တာလုပ်ဖို့အတွက် သူ သိပ်ကိုအပင်ပန်းခံ အချိန်ပေးခဲ့တယ်လေ။ အံမယ် မင်းသမီးက ဒီလိုထလုပ်တယ်ဆိုပြီး ရတဲ့ရလဒ်ကျတော့လည်း ပေါ့သေးသေးမဟုတ်ဘူးနော်။ အားလုံးက အသိအမှတ်ပြုခံရအောင် ကောင်းတယ်ဆိုတော့ ဒါဟာ သူ့ရဲ့ အနုပညာလို့ပဲ နားလည်ရတော့မှာပေါ့ မခင်သဇင်မြင့်ရယ်။

Asian Fame Media Group
MEDIA GROUP



မမရတီ. . . သမီးက မသင်ဇာဝင့်ကျော်ကို သိပ်ကြိုက်တာ။ သူ့ကားမှန်သမျှ မလွတ်တမ်းအားပေးသူပါ။ မျက်နှာလေးက အမြဲတမ်း အပြစ်ကင်းစင်ပြီး အသံလေးကလည်း ညင်ညင်သာသာနဲ့၊ သူ သရုပ်ဆောင်ရင်လည်း အိုဗာအိုက်တင်တွေ ဘယ်တော့မှ မလုပ်တတ်ဘူး။ ဒါပေမဲ့ မသင်ဇာနဲ့ ပတ်သက်ပြီး ကောလာဟလသတင်းတွေက အမြဲကြားကြားနေရတော့ စိတ်ထဲ မကောင်းဘူး မမရတီ။ မသင်ဇာကို သူများတွေ မပြောကြ မဆိုကြစေချင်ဘူး။ မသင်ဇာ ခုတစ်လော ကံဇာတာ ညံ့နေသလား မသိဘူးနော်။ မသင်ဇာအတွက် ဆုတောင်းပေးနေပါတယ်လို့ မမရတီ ပြောပေးပါဦးရှင်။

*ကျေးဇူးတင်လျက်*
*သမီး သုသု*

**သုသုပြောတာတွေကို သင်ဇာ့ကို တွေ့ရင် ပြောပေးပါ့မယ်။ ပရိသတ် ဆိုတာကတော့ ကိုယ်ချစ်တဲ့ အနုပညာရှင်ရဲ့ ကောင်းသတင်းတွေပဲ ကြားချင် ကြတာ သဘာဝပါ။ အနုပညာရှင်ကလည်း ကိုယ့်ကိုချစ်တဲ့ပရိသတ်တွေ အတွက် အမြဲတမ်း ကောင်းသတင်းတွေပဲ ပေးချင်ကြတာ သဘာဝဖြစ်မယ် ဆိုရင်တော့ အားလုံးကောင်းပါသည်ပဲပေါ့ သုသုရယ်. . . နော်။ ပြောလို့ ပြောတာ မဟုတ်ဘူး။ မမရတီလည်း သင်ဇာရဲ့အသံကို ကြိုက်တယ်။ သုသုနဲ့ ဒီနေရာမှာတော့ တူတယ်ပြောရမယ်။ စိုင်းစိုင်းသီချင်းထဲမှာ '*မိုက်လား မိုက်လား*' ဆိုပြီး နှစ်ခွန်းထဲ ဝင်ဆိုထားတောင် အသံလေး ဘယ်လောက်ကောင်းလဲ။ နှစ်ခွန်းတည်း ဆိုတာတောင် ဒီလောက်ကောင်းနေရင် တစ်ပုဒ်လုံးများ ဝင်ပဲလိုက်ရင် အခုလက်ရှိ အဆိုတော်တွေ ထက် ရှေ့ရောက်သွားမယ် ထင်တယ်နော်။ 'သု'က တကယ်ချစ်တဲ့ ပရိသတ်ဆိုရင် သင်ဇာ့ဆီ အပြုသဘောအကြံပေးစာလိုမျိုးရေးပို့ပါလား။ ကောလာဟလနည်းအောင် နေနည်းကအစ အကြံပေးကြည့်ပေါ့။**

မမရတီ. . . အခု မဂ္ဂဇင်း၊ ဂျာနယ်တော်တော်များများက ပေါ့တယ်။ ကျွန်မတို့က စာသာမရေးတာ။ ဖတ်အားသန်တော့ အထဲကစာတွေ ဖတ်လိုက်မြည်းလိုက်ရင်ကို ဖတ်လို့ကောင်းမကောင်း တော်မတော် သိပါတယ်။ ဒါပေမဲ့ အခုခေတ်ကလည်း ကျွန်မတို့ခေတ်လို စာရေးဆရာတွေက အသက်ကြီးကြီး၊ အယ်ဒီတာတွေက အတွေ့အကြုံရှိရှိ မဟုတ်တော့ဘူးနော်။ စာရေး ဆရာဆိုတာလေးတွေကလည်း မွေးတည်းက ကလောင်ကိုင်ပြီး ထွက်လာသလား အောက်မေ့ရတယ်။ ရတီကတော့ ရသစာပေဖတ်စရာ ကျန်သေးလို့ ကျေးဇူးပါပဲလို့ ပြောချင်ပါတယ်။

*ဒေါ်ခင်သက်မွန်(အင်းစိန်)*

**ရတီကို ကျေးဇူးပါလို့ ပြောထားတဲ့အတွက် ပြန်ပြီး ကျေးဇူးတင်ပါရစေရှင်။ တကယ်တော့ ဘယ်ခေတ်ဖြစ်ဖြစ် အသက်ကြီးခြင်း ငယ်ခြင်းနဲ့ မဆိုင်ဘူးလို့ ထင်ပါတယ် ဒေါ်ခင်သက်မွန်ရယ်။ မမရတီစိတ်ထဲ မှတ်မှတ်ရရ ဖြစ်နေတာလေးတစ်ခု ပြောချင်တာက ဆရာဇော်ဂျီရဲ့ '*သင်သေသွားသော်*'ဆိုတဲ့ အဖိုးတန်ကဗျာကြီးဟာ ဆရာဇော်ဂျီ အသက် ၂၈ နှစ်မှာ ရေးခဲ့တယ်လို့သိရပြီး ဒီကဗျာကို ထည့်ပေးတဲ့ အိုးဝေမဂ္ဂဇင်း အယ်ဒီတာအောင်ဆန်းက အသက် ၂၀ ဆိုတာလေး အမှတ်ရနေမိပါတယ်။ ရေးသူဆရာရော ထည့်သူ အယ်ဒီတာရော အသက်အားဖြင့်ကြည့်ရင် လူငယ်တွေပါပဲလေ။ ဒါကြောင့် အသက်နဲ့မဆိုင် ခေတ်နဲ့သာ ဆိုင်ပါတယ်ဆိုတဲ့အကြောင်း ပြောပါရစေရှင်။**

Asian Fame Media Group
af MEDIA GROUP



# ရတီမဂ္ဂဇင်းရဲ့ ချစ်ပရိသတ်ကြီးအတွက် သတင်းကောင်း

## Audience of Celebrities' Choice

### အစီအစဉ်

ပရိသတ်ကြီးအားလုံး မင်္ဂလာပါ။ ရတီမဂ္ဂဇင်းကိုအားပေးနေကြတဲ့ ပရိသတ်တွေ အတွက် "Audience of celebrities' choice" ဆိုတဲ့ ကဏ္ဍလေးတစ်ခု ဖွင့်လှစ်ပေးလိုက်ပါတယ်။

### အခွင့်အရေး

၂၀၁၂ ဇူလိုင်လထုတ် ရတီမဂ္ဂဇင်းအတွက် စန္ဒီမြင့်လွင်နဲ့အတူ ရတီစာမျက်နှာပေါ်မှာ အလန်းစားအိုက်တင်၊ အလန်းစား အပြင်အဆင်တွေနဲ့ ဓာတ်ပုံတွဲရိုက်ခွင့်ရမှာ ဖြစ်ပါတယ်။

### ထူးခြားချက်များ

ဒီကဏ္ဍရဲ့ထူးခြားမှုတစ်ခုကတော့ ဓာတ်ပုံရိုက်ခွင့်ရမယ့် ပရိသတ်ကို မဂ္ဂဇင်းက ရွေးချယ်မှာမဟုတ်ဘဲ အနုပညာရှင်ကိုယ်တိုင်က ရွေးချယ်မှာဖြစ်ပါတယ်။

### မိတ်ကပ်၊ အဝတ်အစား

ရွေးချယ်ခံရတဲ့ ပရိသတ်တွေအတွက် အဝတ်အစားနဲ့ မိတ်ကပ်ကို တော့ ရတီမဂ္ဂဇင်းကနေစီစဉ်ပေးမှာနော်။

### စည်းကမ်းချက်များ

(၁) အောက်ဖော်ပြပါဖြတ်ပိုင်းနဲ့တကွ 5"x7" အရွယ်ရှိ (တစ်ကိုယ်လုံးပြည့် အလှ ဓာတ်ပုံတစ်ပုံ၊ ဘေးတိုက်မြင်ဓာတ်ပုံတစ်ပုံ၊ မျက်နှာအပြည့်ပုံတစ်ပုံ)

(၂) အသက် ၁၅ နှစ်မှ ၃၀ နှစ်အတွင်းရှိ အမျိုးသား၊ အမျိုးသမီးမည်သူမဆို

(၃) မိဘ(သို့) အုပ်ထိန်းသူခွင့်ပြုချက်လက်မှတ်

(၄) ရွေးချယ်ခံရရင် ရတီမဂ္ဂဇင်းမှ ဆက်သွယ်ပေးမှာဖြစ်ပြီး ရတီမဂ္ဂဇင်းမှ စီစဉ် ပေးတဲ့ အစီအစဉ် ရက်ချိန်းများအတိုင်း အတိအကျလာရောက်ပေးရန်

ချစ်ပရိသတ်ကြီးရေ...ကိုယ်နှစ်သက်တဲ့ သရုပ်ဆောင်နဲ့ဓာတ်ပုံအတူ တွဲရိုက်ရမယ့် အခွင့်အရေးကို လက်လွတ်မခံဘဲ **၂၀၁၂ ဩဂုတ်လ ၁၀ ရက် (သောကြာနေ့)** နောက်ဆုံးထားပြီး စာအိတ်ပေါ်မှာ "Audience of celebrities' choice" ရတီ စာပေအနုပညာမဂ္ဂဇင်းလို့ လိပ်မူပြီး အမှတ် ၁၅၀/၁၆၀၊ ၃၅ လမ်း(အလယ်) ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ အမြန်ဆုံး ပို့လိုက်ကြပါနော်။

*ပြီးခဲ့တဲ့လတွေမှာ ရွေးချယ်မခံရတဲ့ပရိသတ်တွေလည်း ဒီကဏ္ဍမှာ ကိုယ်နှစ်သက်တဲ့ သရုပ်ဆောင်တွေ ပါဝင်လာတဲ့အခါ အောက်ပါပုံစံအတိုင်း ဖြည့်စွက်ပြီး ထပ်မံပေးပို့နိုင်ကြပါတယ်။*

**မှတ်ချက် - ဒီကဏ္ဍကို လစဉ် အနုပညာရှင်တစ်ယောက်စီနဲ့ အလှည့်ကျစီစဉ်ပေးသွားမှာဖြစ်လို့ ပါဝင်ချင်တဲ့ ဝါသနာရှင်ပရိသတ်တွေ စောင့်မျှော် အားပေးလိုက်ကြပါဦးနော်။**



အမည် ------------------------------------------------

မွေးသက္ကရာဇ် ------------------------------------------------

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------------------------

ပညာအရည်အချင်း ------------------------------------------------

အလုပ်အကိုင် ------------------------------------------------

အနုပညာလုပ်ရှားမှု ------------------------------------------------

အိမ်ထောင်ရှိ/မရှိ ------------------------------------------------

အရပ်အမြင့် ------------------------------------------------

နေရပ်လိပ်စာ ------------------------------------------------

ဖုန်းနံပါတ် ------------------------------------------------

လတိုင်းတင်ဆက်ပေးနေကြ Audience of Celebrities Choice ကဏ္ဍလေးဟာ အခုဆိုရင် ဇူလိုင်လရဲ့မိုးစက်တွေနဲ့အတူ ရောက်ရှိလို့လာပါပြီ ပရိသတ်ကြီးရေ။ မိုးတွေရွာပြီး အေးစိမ့်နေတဲ့ အချိန်လေးမှာ ကော်ဖီတစ်ခွက်နဲ့ အေးအေးဆေးဆေးနေချင်ပေမယ့် ကျွန်မတို့ ရတီအဖွဲ့သားတွေကတော့ ရတီစာအုပ်ကို ပရိသတ်လက်ထဲအချိန်မီ ထည့်ပေးနိုင်ဖို့ ကြိုးစားနေသလို ရတီအဖွဲ့နဲ့အတူ ဝိုင်းဝန်းကြိုးစားပေးသူတွေကတော့ မော်ဒယ် သရုပ်ဆောင် မိုးယုစံ၊ ဇွဲမင်းဇော်နဲ့ ဓာတ်ပုံကိုနိုင် (ပေါ်ပြူလာ) တို့ပဲဖြစ်ပါတယ်။ အနုပညာရှင် မိုးယုစံနဲ့ မန္တလေးသား ဇွဲမင်းဇော်တို့ရဲ့ ဟန်ချက်ညီတဲ့ ပုံရိပ်များကိုကြည့်ပြီး နောက်လတွေမှာလည်း ဒီကဏ္ဍလေးကို ပရိသတ်များ စောင့်မျှော်အားပေးပါဦးနော်.......

**သီတာစိုး**



# audience of celebrities' choice

Model - Zwe Min Zaw , Moe Yu San/ Make-Up - Aunty Pan (KSW)/ Dress For Audience - Dream Fashion
Accessories - FABULOUS / Photo - Ko Naing (Popular)
graphic design htun htun lin

Asian Fame Media Group

## ပရိသတ်အမေး အနုပညာရှင်အဖြေ

**ဓာတ်ပုံတွေအများကြီးထဲကမှ ကျွန်တော့်ကို ဘယ်လိုရွေးဖြစ်ခဲ့တာလဲ။ အစ်မ မန္တလေးက ဘယ်လိုအစားအစာမျိုးကို ကြိုက်ပါသလဲ။**

အင်း. . .။ ဘာကြောင့် ရွေးဖြစ်တယ်လို့တော့ မဟုတ်ဘူးပေါ့နော်။ ဓာတ်ပုံပို့တဲ့ပရိသတ်တွေက အများကြီးဆိုတော့ အကုန်လုံးကိုရွေးချင်ပါတယ်။ ဓာတ်ပုံတွေထဲမှာတော့ မောင် လေးရိုက်ထားတဲ့ ပုံစံလေးတွေက မဆိုးဘူးပေါ့။ မိုးယုနဲ့တွဲရိုက်ရင်လည်း အဆင်ပြေမယ်ထင်လို့ ရွေးချယ်ခဲ့တာပါ။ မိုးယု မန္တလေးကို ခဏခဏ ရောက်ဖြစ်ပါတယ်။ မန္တလေးရောက်ရင် သွားစားဖြစ်တာကတော့ မန္တလေးမုန့်တီပါ။

**အနုပညာနဲ့ပတ်သက်ပြီး အစ်မ ဘာတွေလှုပ်ရှားနေပါသလဲ။ အစ်မရဲ့ အချစ်ရေးကကော . . .**

ရိုက်ထားတဲ့ ကားတွေကတော့ အများကြီးရှိပါတယ်။ မိုးယု မျက်စိခွဲထားတဲ့အတွက် ကားရိုက်တွေ နားထားတယ်။ ကြော်ငြာ၊ ဓာတ်ပုံနဲ့ ပွဲတွေလောက်ပဲ လက်ခံပြီး လုပ်နေပါတယ်။ အချစ်ရေးကတော့ လောလောဆယ် မစဉ်းစားသေးပါဘူး။ အနုပညာအလုပ်တွေပဲ စဉ်းစားနေပါတယ်။

**အစ်မက Miss Moe Yan နဲ့ Ferrovit မှာ ဆုတွေရခဲ့တာနော်။ ဘယ်လိုမျိုးဝင်ပြိုင်ဖြစ်သွားတာလဲဟင်။**

အနုပညာကို ငယ်ငယ်ကတည်းက ဝါသနာပါပါတယ်။ ၁၀ တန်းပြီးတော့ မမျှော်လင့်ဘဲနဲ့ ပြိုင်ပွဲဝင်ပြိုင်ဖြစ်သွားတာ။ ၁၀ တန်းပြီးမှ အစ်မက ပထမဆုံးဂျာနယ်ဖတ်ဖူးတာ (ရယ်မောလျက်)။ အဲဒီပထမဆုံးဖတ်တဲ့ ဂျာနယ်မှာပဲ Ferrovit ကြော်ငြာပါတယ်။ မိုးယုကို အမေက "ပြိုင်မလား" လို့ မေးတယ်။ အဲဒီမှာ ဝင်ပြိုင်ဖြစ်သွားတာပေါ့နော်။ အဲဒီပွဲမှာဆိုရင် မိုးယုက အတွေ့အကြုံမရှိတော့ ကြောက်ခဲ့တာပေါ့။ ဒါပေမဲ့ စင်ပေါ်လည်း ရောက်ရော ဘာဖြစ်သွားလဲ မသိဘူး။ လုံးဝကြောက်စိတ်မရှိတော့ဘူး (ရယ်လျက်)။ အဲဒီပြိုင်ပွဲတုန်းက မိုးယု ဆုရမယ်လို့ မမျှော်လင့်ထားဘူး။ ဆုကြော်ငြာတဲ့ အချိန်မှာတောင် ကိုယ့်ကိုယ်ကိုယ် မသိသေးဘူး။ ဘေးကလူတွေပြောမှ သိတာ။ မိုးယုက အနုပညာလောကကို ပြိုင်ပွဲတွေနဲ့ စပြီး ဝင်လာခဲ့တာပါ။ ပြီးမှ သရုပ်ဆောင်ဘက်ကို ရောက်လာခဲ့တာပေါ့။

**အနုပညာလောကမှာ ကံကောင်းဖို့ အရေးကြီးတယ်လို့ ပြောကြတယ်နော် အစ်မ၊ အဲဒါ ဟုတ်လားဟင်။**

အနုပညာအလုပ်ကတော့ ကံ၊ ဉာဏ်၊ ဝီရိယလည်း ရှိရမယ်။ ပြီးတော့ စန်းလည်း ရှိရမယ်ပေါ့။



Asian Fame Media Group
AF MEDIA GROUP

ကိုယ်ကြိုးစားရုံနဲ့ မဖြစ်ဘူးလေ။ ကံလည်း လိုအပ်တာပေ့ါ။ ကိုယ့်ကံ ဘယ်လောက်ထိပါလဲဆိုတာ မသိနိုင်ဘူးလေ။ အနုပညာရှင်တစ်ယောက်ဖြစ်တဲ့အတွက် ပရိသတ်အားပေးမှုအပေါ်မှာလည်း မူတည်ပါတယ်။ မိုးယုဘက်ကတော့ ရလာတဲ့ အခွင့်အရေးကို အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားမှာပါ။ ဘယ်အရာပဲဖြစ်ဖြစ် ကြိုတွက်လို့မရတဲ့အတွက် လက်ရှိအခြေအနေကိုပဲ ကြိုးစားသွားမှာပါ။ နောက်ပိုင်းကျရင်တော့ အသက်အရွယ်အရ တခြားအလုပ်လုပ်ချင်လည်း လုပ်ဖြစ်သွားနိုင်ပါတယ်။ အခုအချိန်မှာတော့ ဒီအနုပညာအလုပ်ကိုပဲ လုပ်ဖြစ်နေမှာပါ။ ဇာတ်ကားတွေမှာ အကောင်းဆုံးဖြစ်အောင် သရုပ်ဆောင်သွားမယ်ပေ့ါနော်။

**အစ်မအမြင်မှာ ကျွန်တော့်အနေနဲ့ ဘာတွေလိုအပ်သေးလဲဆိုတာကို သိချင်ပါတယ်။ အစ်မနဲ့ ကျွန်တော် တွဲရိုက်ရတာကော အဆင်ပြေရဲ့လား။**

အဆင်ပြေပါတယ်။ အသစ်တစ်ယောက် အနေနဲ့ဆိုတော့ ဒီလိုပါပဲ။ မိုးယုတို့တုန်းကလည်း ဒီလိုပါပဲ။ အခုအချိန်မှာ မိုးယုလည်း မပြည့်စုံသေးပါဘူး။ လိုအပ်ချက်တွေက ရှိသေးတာပဲလေ။ မောင်လေးနဲ့ တွဲရိုက်ရတာလည်း အဆင်ပြေပါတယ်။ မောင်လေးကို ပြောချင်တာကတော့ ကိုယ်လုပ်ချင်တာက ဘာလဲဆိုတာကို သေချာသိရပါမယ်။ မော်ဒယ်လုပ်မှာလား။ ဒါမှမဟုတ် သရုပ်ဆောင်လုပ်မှာလားပေ့ါ။ မော်ဒယ်လုပ်မယ်ဆိုရင် မော်ဒယ်သင်တန်းကို သေချာတက်ပြီး လုပ်စေချင်ပါတယ်။ သရုပ်ဆောင်လုပ်မယ်ဆိုရင်လည်း ဇာတ်ကားတွေကြည့်ပြီး လေ့လာဖို့ အကြံဉာဏ်ပေးချင်ပါတယ်။ မိုးယုရဲ့ ရှေ့မှာလည်း စီနီယာတွေ အများကြီးရှိတာပဲလေ။ မိုးယုလည်း ဒီလောကထဲကို ဝင်လာတာ သိပ်မကြာသေးတော့ အားလုံးမပြည့်စုံတဲ့အတွက် ကြိုးစားနေရဆဲပါ။ မိုးယုရဲ့အပြင်က ကာရိုက်တာက ရိုးရိုးအေးအေး နေတတ်တာလေ။ ဥပမာ - ဇာတ်ကားတစ်ခုမှာ အရမ်းစွာရတဲ့ အခန်းမျိုးတွေ၊ ရှုပ်ပြာနိုင်တဲ့ ကောင်မလေးပုံစံမျိုးတွေဆို မနည်းပိပြင်အောင် ကြိုးစားရတဲ့အတွက် လိုအပ်ချက်လေးတွေတော့ ရှိမှာပေ့ါ။ မိုးယုရဲ့ အပြင်ကပုံစံနဲ့ မတူဘူးလေ။ ခက်ခဲတာကတော့ ဒရမ်မာကားတွေဆို အရမ်းကြိုးစားရတယ်။ သီချင်းဆိုတုန်းကလည်း မိုးယုကျွမ်းကျင်တဲ့ အလုပ်မဟုတ်တဲ့အတွက် ပရိသတ်နားထောင်လို့ကောင်းအောင် ကြိုးစားလုပ်ပြခဲ့ပါတယ်။ အဲဒီတုန်းက တေးရေးဦးစိုးလင်းက April Queen အခွေမှာ ဆိုခိုင်းလို့ ဆိုဖြစ်သွားတာပါ။

## Audience of Celebrities' Choice ကဏ္ဍအတွက် Celebrity မိုးယုစံရဲ့ စကား

ဒီကဏ္ဍကို မိုးယုမဖတ်ဖူးပါဘူး။ အခု မိုးယုရိုက်ရမယ်ဆိုတော့ ဒီကဏ္ဍလေးကို သိသွားတယ်။ အရမ်းကို ကောင်းတဲ့အစီအစဉ်လေးပါ။ အနုပညာရှင်အတွက်လည်း ကောင်းတယ်၊ ပရိသတ်အတွက်လည်း ကောင်းပါတယ်။ ပရိသတ်တွေ အနေနဲ့ အနုပညာရှင်နဲ့တွေ့ရရုံမဟုတ်ဘဲ ဓာတ်ပုံပါ တွဲရိုက်ခွင့်ရတဲ့အတွက် ရင်းရင်းနှီးနှီးရှိတာပေ့ါနော်။ နှစ်ဖက်စလုံးအတွက် ကောင်းတဲ့အစီအစဉ်လေးတစ်ခုပေ့ါ။ ဒါပေမဲ့ တစ်ခုဆိုးတာက တစ်ယောက်ပဲ ရွေးရမယ်ဆိုတော့ မရွေးဖြစ်ခဲ့တဲ့ ပရိသတ်တွေအတွက် အနုပညာရှင်တစ်ယောက်ဖြစ်တဲ့ မိုးယုတို့ပါ အားနာရပါတယ်။ ပရိသတ်နဲ့ ဓာတ်ပုံတွဲ ရိုက်ရတော့ အရင်တုန်းက ဓာတ်ပုံတွဲ ရိုက်ရတာတွေနဲ့ မတူဘူးလို့ ခံစားရပါတယ်။

ဟိုးအရင်ကတည်းက မိုးယုရဲ့ ပထမဆုံးဇာတ်ကားရယ်၊ အနုပညာလှုပ်ရှားမှုတွေရယ်ကို သိနေတဲ့အတွက် မိုးယုရဲ့ ပရိသတ်အစစ်လို့ ပြောရမှာပေ့ါနော်။ သူက Photo Model လုပ်ဖူးတဲ့အတွက် ဓာတ်ပုံတွဲရိုက်ရတဲ့နေရာမှာ သိပ်ညှိနေစရာမလိုတော့ အားလုံးအဆင်ပြေပါတယ်။ ရွေးချယ်မခံရတဲ့ ပရိသတ်တွေကိုလည်း မိုးယုကို နားလည်ပေးကြပါလို့ စာမျက်နှာထက်ကနေ တောင်းပန်ပြောလိုက်ပါတယ်နော်။ ဒီကဏ္ဍလေးကို စီစဉ်ပေးတဲ့ ရတီမဂ္ဂဇင်းကိုလည်း ကျေးဇူးတင်ပါတယ်။

## အနုပညာရှင်အမေး ပရိသတ်အဖြေ

**မိုးယုနဲ့ ဓာတ်ပုံတွဲရိုက်ဖို့ Form ကို ဘယ်လို မျိုးတင်ဖြစ်ခဲ့တာလဲ။**

အစ်မသရုပ်ဆောင်တာကို ကျွန်တော်က အရမ်းကြိုက်ပါတယ်။ အပြင်မှာ မမြင်ဖူးတော့ အပြင်မှာလည်း မြင်ဖူးချင် လို့ပါ။ အဲဒါကြောင့် Form တင်ဖြစ်ခဲ့တာပါ။ ကျွန်တော် အရွေးခံရမယ်လို့လည်း မထင်



Asian Fame Media Group

ထားဘူး။ Form တင်ထားတာ နည်းနည်းကြာသွားတော့ မရွေးခံရတော့ဘူးလို့ ထင်ထားတာ။ အစ်မကို ကျွန်တော်စပြီး သတိထားမိတာက Miss Ferrovit ရယ်၊ ကျွန်တော့် အစ်ကို ကိုစိုင်းစည်နဲ့တွဲပြီးပြိုင်တဲ့ ရွှေမင်္ဂလာစုံတွဲ ပွဲမှာပါ။ အစ်ကို အစကတည်းက အားပေးလာခဲ့ တာပါ။ ကျွန်တော့်အမျိုးတွေ အကုန်လုံးကလည်း အစ်မကို အရမ်းကြိုက်ပြီး အားပေးကြပါတယ်။

**မိုးယုဇာတ်ကားတွေကို ကြည့်ဖြစ်မယ်လို့ ထင်ပါတယ်။ ဇာတ်ကားတွေ အများကြီးထဲကမှ ပရိသတ်အနေနဲ့ ဘယ်ကားကို အကြိုက်ဆုံးလဲ။**

အစ်မ ဇာတ်ကားတွေတော့ ကြည့်ဖြစ်ပါတယ်။ ကြည့်တာတွေက အများကြီးပဲဆိုတော့ ဇာတ်ကားနာမည်တော့ ကောင်းကောင်းမမှတ်မိတော့ပါဘူး။ ပထမဦးဆုံးရိုက်တဲ့ ကားဖြစ်မယ်ထင်ပါတယ်။ ကိုနေတိုးနဲ့ အစ်မနဲ့ လှောင်အိမ်ထဲက ငှက်ကလေးတွေ လည်းပါတဲ့ ဇာတ်ကားလေးပါ။ အဲဒီကားလေးကို သဘောကျပါတယ်။ ပြီးတော့ ဟာသကားလေးတွေလည်း သဘောကျပါတယ်။

**ဒီအနုပညာအလုပ်ကို ဝါသနာပါလား။ ဝါသနာပါလို့ ဓာတ်ပုံတွဲရိုက်ဖို့အတွက် Form တင်ဖြစ်ခဲ့တာလား။**

ဟုတ်ကဲ့။ နဂိုကတည်းက အနုပညာကို ဝါသနာပါတာပါ။ ကျွန်တော် အနုပညာနဲ့ပတ်သက်ပြီး လှုပ်ရှားမှုလေးတွေတော့ လုပ်နေပါတယ်။ မန္တလေးမှာ show ပွဲတွေလျှောက်တယ်။ မဂ္ဂဇင်းဓာတ်ပုံတွေ ရိုက်ပါတယ်။ Fashion Image မဂ္ဂဇင်းမှာ အစ်မပုံမျက်နှာဖုံးပါတဲ့ လမှာပဲ ကျွန်တော် Favourite Model အဖြစ် အရွေးခံရပြီး အတွင်းစာမျက်နှာမှာ ဖော်ပြခံထားရပါတယ်။ အဲဒီတုန်းကတည်းက အစ်မနဲ့ တွဲရိုက်ချင်ခဲ့တာပါ။ အခုလို ကဏ္ဍပေါ်လာတော့ အစ်မအလှည့်မှာ Form တင်ဖြစ်ခဲ့ပေါ့နော်။

**အခုလို မိုးယုနဲ့ဓာတ်ပုံတွဲရိုက်တော့ ဘယ်လိုခံစားရလဲ။ မိုးယုရဲ့ပုံစံကိုရော ဘယ်လိုထင်လဲ။**

အခုလို ဓာတ်ပုံတွဲရိုက်ခွင့်ရတော့ အပြင်မှာ နီးနီးကပ်ကပ်မြင်ရတာပေါ့နော်။ အတိုင်းမသိပျော်ပါတယ် အစ်မရယ်။ ဘယ်လိုပြောရမှန်းကို မသိအောင် ပျော်ပါတယ်။ အစ်မကလည်း သဘောကောင်းပါတယ်။ ပရိသတ်အပေါ် ဆက်ဆံတာလည်း အဆင်ပြေပါတယ်။ ဓာတ်ပုံတွဲရိုက်အချိန်မှာလည်း ကျွန်တော့်ကို တွဲခေါ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ သင်ပြပေးတဲ့အတွက်လည်း ဝမ်းသာမိပါတယ် အစ်မ။

**ရှေ့ဆက်ပြီးတော့ အနုပညာအလုပ်တွေ ဆက်လုပ်သွားမှာလား။ ဒါမှမဟုတ်ရင် ဘာလုပ်**



Asian Fame Media Group

# audience of celebrities' choice




Model - Zwe Min Zaw , Moe Yu San/ Make-Up - Aunty Pan (KSW)/ Dress For Audience - Dream Fashion/ Accessories - FABULOUS / Photo - Ko Naing (Popular)

Asian Fame Media Group



Asian Fame Media Group

# audience of celebrities' choice

Model - Zwe Min Zaw , Moe Yu San/ Make-Up - Aunty Pan (KSW)
Dress For Audience - Dream Fashion/ Accessories - FABULOUS
Photo - Ko Naing (Popular)/graphic design htun htun lin





## audience of celebrities' choice

Model - Zwe Min Zaw , Moe Yu San/ Make-Up - Aunty Pan (KSW)
Dress For Audience - Dream Fashion/ Accessories - FABULOUS
Photo - Ko Naing (Popular)/graphic design htun htun lin

Asian Fame Media Group
af MEDIA GROUP



# audience of celebrities' choice

Model - Zwe Min Zaw , Moe Yu San/ Make-Up - Aunty Pan (KSW)/ Dress For Audience - Dream Fashion
Accessories - FABULOUS / Photo - Ko Naing (Popular)
graphic design htun htun lin

မယ်လို့ စဉ်းစားထားလဲ။

ဩော် . . . . ဟုတ်ကဲ့ အစ်မ။ အနုပညာအလုပ်တွေ လုပ်မယ်လို့ စဉ်းစားထားပါတယ်။ မန္တလေးကနေ ရန်ကုန်ကို လာဖို့ဆိုတာကလည်း လေယာဉ်နဲ့ဆိုတော့ နည်းနည်းခက်ခဲတယ်။ ကျွန်တော် အနုပညာနဲ့ပတ်သက်ရင် သရုပ်ဆောင်၊ အဆိုတော်၊ အကစသဖြင့် အားလုံးကို ဝါသနာ ပါပါတယ်။ အစ်မ သီချင်းဆိုတာကိုလည်း ကျွန်တော် သဘောကျပါတယ်။ အနုပညာအလုပ် လုပ်ရင်တော့ ရန်ကုန်မှာနေပြီး လုပ်ဖို့အစီအစဉ် ရှိပါတယ်။ အနုပညာ အလုပ်လုပ်နေတဲ့အချိန်မှာ အိမ်ကလည်း ဘေးကနေ ပံ့ပိုးပေးပါတယ် အစ်မ။ အခုအစ်မနဲ့ ဓာတ်ပုံရိုက်ဖို့ ရန်ကုန်ကိုလာတော့ အမေကိုယ်တိုင် လိုက်လာပေးပါတယ်။ အနုပညာလောကကို အသစ်တစ်ယောက်အနေနဲ့ ဝင်လာရတော့ အားငယ်မိတာတွေ ရှိပါတယ်။ အိမ်က အားပေးတော့ နည်းနည်းအားရှိတာပေါ့ အစ်မရယ်။

### udience ဖွဲ့မင်းထက်ရဲ့ အတွေ့အကြုံ

ဒီကဏ္ဍလေးကို မဝတ်မှုံရွှေရည်ကတည်းက စပြီး သတိထားမိခဲ့တာပါ။ ဒီကဏ္ဍလေးက အရမ်းကောင်းပါတယ်။ အနုပညာရှင်နဲ့ ပရိသတ်နဲ့တွေ့ဖို့က မလွယ်ဘူးလေ။ ဒီကဏ္ဍလေးရှိတော့ တွေ့ဖို့ နီးစပ်သွားတာပေါ့။ မမိုးယုနဲ့ ဓာတ်ပုံတွဲရိုက်ရတာကို အတိုင်းမသိပျော်ပါတယ်။ ကျွန်တော် အရွေးခံရတယ်ဆိုပြီး ရတီကအစ်မက ဖုန်းဆက်တော့ အရမ်းပျော်ပါတယ်။ အရမ်းပျော်လွန်းလို့ အော်တာကို ဖုန်းထဲကနေ အစ်မလည်း ကြားမှာပါ။ မမိုးယုက ကျွန်တော့်ကို ရွေးလိုက်တဲ့အတွက် အရမ်းလည်း ဝမ်းသာပါတယ်။ Form တင်မယ့် သူငယ်ချင်းတွေလည်း Form တင်ကြပါလို့။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ကြိုက်တဲ့ အနုပညာရှင်ဆိုတာ လူတိုင်းမှာ ရှိကြတာပါပဲ။ ကိုယ် ကံကောင်းရင် ကိုယ်ကြိုက်တဲ့ အနုပညာရှင်နဲ့ တရင်းတနှီးတွေ့ပြီး ဓာတ်ပုံရိုက်ခွင့်ရမှာလေ။ အဲဒီတော့ Form တင်မယ့် သူငယ်ချင်းတွေအနေနဲ့ တွေဝေမနေဘဲ ကိုယ်ကြိုက်တဲ့ အနုပညာရှင်နဲ့ ရိုက်ဖို့ ဖိတ်ခေါ်ထားတာတွေ့ရင် Form တင်ဖြစ်အောင်တင်ပါလို့ တိုက်တွန်းချင်ပါတယ်။

**သီတာစိုး**



# glamorous girl

Model - Yu Thandar Tin/ Make Up - Nyi Nyi Maung (Sanchaung)/Hair Style -Kyaw Htet (Nyi Nyi Maung - Sanchaung)
Jewellery - Emerald Boutique House/Dress - Emerald Boutique House/Photo - Ko Naing (Popular)
graphic design htun htun lin



"ရတနာ" ပစ္စည်းဆိုတာ မိန်းကလေးတွေ အတွက် ရှိသင့်ရှိထိုက်တဲ့ ပစ္စည်းထဲမှာ ပါဝင်တယ် ဆိုတာကို ငြင်းလို့ရမယ်မထင်ပါဘူးနော်။ ပင်ကို အလှရှိပြီးသား မိန်းကလေးတစ်ယောက်ဟာ လုပခေတ်မီတဲ့ အဝတ်အစားနဲ့အတူ လုပမှုကိုပိုပြည့်စုံစေမယ့် အဆင်တန်ဆာ ရတနာပစ္စည်းလေးတွေနဲ့ဆို သူ့ရဲ့အလှကစွဲမက်ဖွယ်အတိနဲ့ ပြည့်စုံလှပသွားမှာပါ။ မော်ဒယ်သရုပ်ဆောင် ယုသန္တာတင် ဝတ်ထားတဲ့ ရတနာလေးတွေဟာ ဒီဇိုင်းဆန်းပြီး ပေါ့ပါးတဲ့ ပုံစံလေးတွေမို့ ရတနာပစ္စည်းကို ဒီဇိုင်းဆန်းဆန်းနဲ့ ပေါ့ပေါ့ပါးပါး ဝတ်ချင်သူများအတွက် ဒီကဏ္ဍလေးကို တင်ပြပေးလိုက်ပါတယ်နော်။

သီတာစိုး


Asian Fame Media Group
MEDIA GROUP



## glamorous girl

Model - Yu Thandar Tin/ Make Up - Nyi Nyi Maung (Sanchaung)/Hair Style -Kyaw Htet (Nyi Nyi Maung - Sanchaung)
Jewellery - Emerald Boutique House/Dress - Emerald Boutique House
Photo - Ko Naing (Popular)

Asian Fame Media Group



## glamorous girl

Model - Yu Thandar Tin/ Make Up - Nyi Nyi Maung (Sanchaung)/Hair Style -Kyaw Htet (Nyi Nyi Maung - Sanchaung)
Jewellery - Emerald Boutique House/Dress - Emerald Boutique House
Photo - Ko Naing (Popular)

Asian Fame Media Group



# glamorous girl

Model - Yu Thandar Tin/ Make Up - Nyi Nyi Maung (Sanchaung)/Hair Style -Kyaw Htet (Nyi Nyi Maung - Sanchaung)
Jewellery - Emerald Boutique House/Dress - Emerald Boutique House
Photo - Ko Naing (Popular)

Asian Fame Media Group
af MEDIA GROUP



# glamorous girl

Model - Yu Thandar Tin/ Make Up - Nyi Nyi Maung (Sanchaung)
Hair Style -Kyaw Htet (Nyi Nyi Maung - Sanchaung)
Jewellery - Emerald Boutique House/Dress - Emerald Boutique House
Photo - Ko Naing (Popular)

Asian Fame Media Group


Asian Fame Media Group
af MEDIA GROUP



# Modern Mom



Model - One & Nyan Phone Zarni @ Phit Phit Tone,
Photo - Ko Naing (Popular), Arranged by Phyoe Su Po Po

လောကကြီးထဲမှာ
အလှပဆုံးမိန်းမသားကို
ပြပါဆိုရင်တော့
အဲဒီမိန်းမသားက
မိခင်တစ်ယောက်ပဲ
ဖြစ်ပါလိမ့်မယ်။
သားအပေါ် ချစ်ခင်မှု၊
ခင်ပွန်းအပေါ် ယုယမှုတွေနဲ့
ပျော်ရွှင်ဖွယ်ကမ္ဘာငယ်လေးကို
သူမရဲ့လက်တစ်စုံ၊ နှလုံးသားတစ်စုံနဲ့
ဖန်တီးနေကြသူတွေပါ။
ဒါကြောင့် မိခင်တွေအတွက်
ရည်ရွယ်ပြီး Modern Mom
ကဏ္ဍလေးကို စတင်
တင်ဆက်လိုက်ပါပြီ။
ဒီလမှာတော့ မေမေဝမ်းနဲ့
သားသားလေး ဖစ်ဖစ်တုန်တို့ရဲ့
ချစ်စဖွယ် ကြည်နူးဖွယ်
ပုံရိပ်လေးတွေကို
ရတီ ပရိသတ်ကြီးအတွက်
ပုံဖော်ပေးလိုက်ပါတယ်။

af MEDIA GROUP
Asian Fame Media Group

# Modern Mom

Model - One & Nyan Phone Zarni @ Phit Phit Tone,
Photo - Ko Naing (Popular),
Arranged by Phyoe Su Po Po



Asian Fame Media Group




# Modern Mom

Model - One & Nyan Phone Zarni @ Phit Phit Tone,
Photo - Ko Naing (Popular), Arranged by Phyoe Su Po Po



# Modern Mom

Model - One & Nyan Phone Zarni @ Phit Phit Tone,
Photo - Ko Naing (Popular),
Arranged by Phyoe Su Po Po

Asian Fame Media Group




# Fashionable Hair Style

Model - Nan Su Yati Soe
Hair Stylist - Ah Hong / Zar Chi (Li Li)
Location - Li Li Beauty Centre
Hair Care Series - AQUOS
Photo - Ko Naing (Popular)
Arranged By Yu Ya Eain



ခန္ဓာကိုယ်ပေါ်က ကောင်းခြင်းတွေ အကြောင်းတွေးကြရင် ဆံပင်ရဲ့ကောင်းခြင်းကိုလည်း ဘေးဖယ်ထားလို့ မရပါဘူး။ ဆံကေသာဆိုတာ လူသားတစ်ဦး အတွက် ဒုတိယမျက်နှာတစ်ခု ဆိုရင်လည်း မမှားပါဘူး၊ မိမိရဲ့အလှမှာ အစိတ်အပိုင်းတစ်ခုလို မရှိမဖြစ်တဲ့ ဆံနွယ်လေးတွေကို ကျန်းမာ သန်စွမ်းပြီး ထာဝရလှပစွာရှင်သန်နေဖို့ ဘယ်လိုမြတ်နိုးတန်ဖိုးထား ထိန်းသိမ်း စောင့်ရှောက်သင့်တယ်ဆိုတာ သေချာတာပေါ့။ ဒါကြောင့် Aquos Cosmetic & Professional Hair Care Seri တွေကို ဂျပန်နိုင်ငံမှ တိုက်ရိုက်တင်သွင်းပြီး မြန်မာတစ်ပြည်လုံးကို ဖြန့်ဖြူး ပေးနေသော Angel Pearl Trading Co.Ltd ၏ပံ့ပိုးမှု၊ သရုပ်ဆောင် နန်းဆုရတီစိုးနှင့် ရတီဝိုင်းတော် သားများ၊ ဓာတ်ပုံပညာရှင် ကိုနိုင်(ပေါ် ပြူလာ) တို့မှ စာဖတ်ပရိသတ်ကြီး အတွက် အလှတစ်ခု ဖြည့်ဆည်း ပေးလိုက်ပါတယ်။



လီလီအလှပြင်ခန်းမကို နန်းဆုရောက်လာတော့ အလှတစ်မျိုးစီ ကွဲပြားခြားနားမှုကိုသိရအောင် မှုရင်းအလှကို ပထမဆုံး မှတ်တမ်းတင်ရပါတယ်။


ခေါင်းလျှော်ရန် အသင့်ဖြစ်ပြီဆိုတာနဲ့ Aquos အမှတ် တံဆိပ် နမ်းအနက်အဆီအနစ်မှ အခြေခံ၍ ထုတ်လုပ်ထားပြီး သံလွင်ဆီနှင့် ဖော်စပ်ထားသော Perm Shampoo ကို အသုံးပြုကာ နိုပ်နယ်ပေးပြီး ခေါင်းလျှော်ပေးရပါတယ်။ လျှော်ပြီးတဲ့အခါ ဆံပင်သားလေးတွေ ပျော့ပျောင်းနူးညံ့သွားအောင် Conditioner ကို ဆံပင်သားထဲကို စိမ့်ဝင်တဲ့အထိ နိုပ်နယ်ပေးပြီးမှ ရေဖြင့်စင်အောင် ဆေးချရပါတယ်။

ဆံပင်ကို Towel နှင့်သုတ်ပြီး ဆံပင်အားဖြည့်ဆေး Vitamin Spray နှင့် ဆံပင်သားအနှံ့ ဖျန်းပေးပါ။

Dryer ဖြင့် ဆံပင်သားများ ခြောက်သွေ့သည်အထိ မှုတ်ပေးပြီး မိမိပြုလုပ်လိုသော ဆံပင်ဒီဇိုင်းများ ပိုမိုပေါ်လွင် စေရန် Aquos မှ Spring Serum ကိုလိမ်းပြီး ပုံသွင်းပေး ရမှာဖြစ်ပါတယ်။









Asian Fame Media Group
MEDIA GROUP





Asian Fame Media Group
af MEDIA GROUP




# Fashionable Hair Style

မိမိနှစ်သက်ရာ ပုံသွင်းပြီးသောအခါ လှပနေသော ဆံနွယ်အခွေအလိပ်များ တောက်ပအသက်ဝင်နေစေရန်အတွက် Shine Sprayကို ဖျန်းပေးလိုက်ပြီဆိုရင် ထင်ထားတာထက်ပိုတဲ့ အလှတရားကို မြင်တွေ့ခွင့်ရပါပြီ။ ခုဆိုရင် နန်းဆုရဲ့သဘာဝအလှနဲ့ ဖန်တီးထားတဲ့ ဆံကေသာအလှတရားကို ယှဉ်ကြည့်လိုက်တဲ့အခါ အံ့ဩဖွယ်ရာ ထူးခြားလှပနေတာကို မြင်တွေ့ကြရမှာပါ။

Asian Media Group




Asian Fame Media Group

နိုင်ငံတစ်နိုင်ငံရဲ့ ယဉ်ကျေးမှုကို ကိုယ်စားပြုတဲ့ အရာတွေထဲမှာ ဝတ်စားဆင်ယင်မှုဟာလည်း အပါအဝင် ဖြစ်ပါတယ်။ ကျွန်မတို့ နိုင်ငံမှာလည်း ကိုယ်ပိုင်ယဉ်ကျေးမှု ဆိုတာ ရှိပြီးသားဖြစ်တဲ့အတွက် နိုင်ငံကိုကိုယ်စားပြုတဲ့ မြန်မာ့ဝတ်စားဆင်ယင်မှုကလည်း ကျွန်မတို့အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာတစ်ခုပါ။ အခုလိုခေတ်ကြီးမှာ ကျွန်မတို့နိုင်ငံရဲ့ ယဉ်ကျေးမှုကို ထိန်းသိမ်းဖို့အတွက် အလွန်အရေးကြီးပါတယ်။ ဒါကြောင့် မြန်မာဝတ်စုံ လေးတွေကို ခေတ်လည်းမီ၊ ရိုးရာလည်း မပျောက်အောင် ဒီဇိုင်းထွင်ပြီး ဝတ်လိုရတယ်ဆိုတာကို ပြသချင်တဲ့အတွက် ဒီကဏ္ဍလေးကို တင်ဆက်ပေးခဲ့တာပါရှင်။

# ထိန်းသိမ်းဆန်းသစ် မြန်မာ့အလှဝတ်

မော်ဒယ်- ခင်လေးနွယ်၊ မိတ်ကပ်- ညီညီမောင် (စမ်းချောင်း)
ဒီဇိုင်နာ- မမဇွဲ (Zu Zu Collection)၊ လက်ဝတ်ရတနာ- ညီညီမောင် (စမ်းချောင်း)
ဓာတ်ပုံ- ကိုနိုင်(ပေါ်ပြူလာ)

**သီတာစိုး**



Asian Fame Media Group



# ထိန်းသိမ်းဆန်းသစ် မြန်မာ့အလှစစ်

မော်ဒယ်-ခင်လေးနွယ်၊မိတ်ကပ်-ညီညီမောင်(စမ်းချောင်း)/ဒီဇိုင်နာ-မဇူဇူ(Zu Zu Collection)၊လက်ဝတ်ရတနာ-ညီညီမောင်(စမ်းချောင်း)
ဓာတ်ပုံ-ကိုနိုင်(ပေါ်ပြူလာ)

# ထိန်းသိမ်းဆန်းသစ် မြန်မာ့အလှစစ်



Asian Fame Media Group
MEDIA GROUP

မော်ဒယ်–ခင်လေးနွယ်၊မိတ်ကပ်–ညီညီအောင်(စမ်းချောင်း)/ဒီဇိုင်နာ–မဇူဇူ(Zu Zu Collection)၊လက်ဝတ်ရတနာ–ညီညီအောင်(စမ်းချောင်း)
ဓာတ်ပုံ–ရဲနိုင်(ပေါ်ပြူလာ)

**မြန်မာဝတ်စုံလေးဝတ်ပြီး ရိုက်ရတဲ့ အပေါ် ခင်လေးရဲ့ ခံစားချက်က...**

မြန်မာဝတ်စုံလေးဝတ်လိုက်ရတော့ ကျက်သရေရှိသွားတာပေါ့နော်။ မြန်မာနိုင်ငံမှာရှိတဲ့ မိန်းကလေးတွေက မြန်မာဝတ်စုံဝတ်လိုက်ရင် အားလုံးကျက်သရေရှိပြီး လှပသွားကြတာပါပဲ။ အခုလို မြန်မာဝတ်စုံလေးဝတ်ပြီး ရိုက်ရတာကိုလည်း ခင်လေးသဘောကျကျေနပ်မိပါတယ်။ မြန်မာဝတ်စုံလေးတွေဟာ ခင်လေးတို့ မြန်မာနိုင်ငံနဲ့ရော မြန်မာအမျိုးသမီးလေးတွေနဲ့ပါ အလိုက်ဖက်ဆုံး ဝတ်စုံလေးတွေပါ။

**ခုခေတ်မှာ မြန်မာအမျိုးသမီး တော်တော်များများက မြန်မာဝတ်စုံဝတ်ရမှာကို သိပ်မနှစ်သက်ကြဘူးလေ။ မြန်မာဝတ်စုံဟာ နေရထိုင်ရကျပ်တယ်လို့ ပြောနေကြတဲ့အပေါ် ခင်လေး ဘယ်လိုအကြံပေးချင်ပါသလဲ။**

မြန်မာဝတ်စုံက နေရာတကာဝတ်ရင် အဆင်မပြေဘူးထင်ပြီး မဝတ်ကြတာနေမှာပါ။ သူ့နေရာနဲ့သူတော့ ဝတ်သင့်တာပေါ့နော်။ ဘုရား တက်ရင်လည်း မြန်မာဝတ်စုံဝတ်ရမယ်ပေါ့။ လူကြီးတွေရဲ့ပွဲကို သွားမယ်ဆိုရင်လည်း မြန်မာဝတ်စုံလေးတွေနဲ့ဆို ပိုတင့်တယ်တာပေါ့နော်။ လူငယ်ပိုင်းတွေကတော့ ဟိုသွား၊ ဒီသွားဆိုတော့ Fancy ပုံစံလေးတွေ ဝတ်ဖြစ်တာ များတာပေါ့လေ။

**ဘယ်အချိန်အခါတွေမှာ မြန်မာဝတ်စုံကို နှစ်သက်စွာဝတ်ဆင်တတ်လဲ။**

မြန်မာဝတ်စုံဝတ်ပြီး တက်ရမယ့်ပွဲတွေဆိုရင် ဝတ်ပါတယ်။ ဘုရားကျောင်းတက်ရင်လည်း မြန်မာဝတ်စုံဝတ်ပြီး တက်ပါတယ်။

**မြန်မာဝတ်စုံကို အဓိပ္ပာယ်ဖွင့်ဆိုပါဆိုရင် ...**

အင်း...အများကြီးတော့ မပြောတတ်ပါဘူး။ မြန်မာဝတ်စုံကတော့ ကြည့်လိုက်ရင် ကျက်သရေရှိတယ်။ မျက်စိအေးတယ်။ ဝတ်လိုက်ရင်လည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိစေတယ်လို့ ထင်ပါတယ်။

သီတာစိုး



Asian Fame Media Group

# အရသာရှိသော အသစ်တွေကို ခံစားပါဆိုတဲ့ YUMMY ROOKIE

OTO-KO NAING (POPULAR)



ဂီတအနုပညာဆိုတာ လူတစ်ယောက်ရဲ့ စိတ်ခံစားမှုအပြောင်းအလဲများစွာကို ဖြစ်စေပါတယ်။ သီချင်းတစ်ပုဒ်ဟာ လူတစ်ယောက်ကို ပျော်ရွှင်တက်ကြွစေသလို ဝမ်းနည်းနာကျင်မှုတွေကိုလည်း ပေးစွမ်းနိုင်ပါတယ်။ ဂီတရှိမှ လူတွေ အသက်ရှင်နိုင်မယ်လို့ ရဲရဲ့ဝံ့ဝံ့ စွာကြွေးကြော်သူတွေရှိသလို ဂီတဆိတ်သုဉ်းရင် လူတွေအသွားနိုင်တယ်လို့လည်း တင်စားတတ်ကြပါတယ်။ ဒါကြောင့်လည်း Music Plus Yati ဆိုတဲ့ ကဏ္ဍလေးမှာ ဂီတရင်ခုန်သံတွေကို စဉ်ဆက်မပြတ် ခံစားနိုင်ဖို့ အားထုတ်ရင်း ဒီတစ်ပတ် ယမ်မီရိုကီဆိုတဲ့ အဆိုတော် တစ်ယောက်ကို ရတီပရိသတ်နဲ့ မိတ်ဆက်ပေးပါရစေ။

**မိုးသောက်ကြယ်**

Asian Fame Media Group
af MEDIA GROUP


Asian Fame Media Group
MEDIA GROUP

**အနုပညာအကြောင်းမမေးခင် ယမ်မီရိုကီဆိုတဲ့ နာမည်ဖြစ်ခဲ့ပုံလေး ပြောပြပေးပါဦး။**

ယမ်မီရိုကီဆိုတဲ့ နာမည်လေးရှိတာတော့ ကြာပြီပေါ့နော်။ အနုပညာလုပ်မယ်ဆိုပြီး နာမည်တွေရွေးရင်း နောက်ဆုံးဒီနာမည်လေးပဲ ပြန်သုံးဖြစ်သွားတာပါ။

**နာမည်ရဲ့အဓိပ္ပာယ်လေး ပြောပြပေးပါလား။**

Yummy ဆိုတာ အရသာလို့ အဓိပ္ပာယ်ပေါ်ပြီး Rookie ဆိုတာ အသစ်ပါ။ ကျွန်တော်က အားလုံးကို အသစ် အသစ်တွေပဲ ခံစားစေချင်လို့ ရည်ရွယ်ခဲ့တာပါ။

**ဂီတလမ်းကြောင်းပေါ် ရောက်ခဲ့ပုံလေး . . .**

ကျွန်တော်က မန္တလေးမှာ နေတာလေ။ အဲဒီတော့ မန္တလေးမှာ သီချင်းဆိုမယ်ဆိုပြီး သီချင်းတွေစစုရင်း sample ခွေလေး စပြီးထုတ်ဖြစ်တယ်။ အဲဒီအခွေထုတ်ပြီးမှ မန္တလေးက ဂီတညီအစ်ကိုတွေက ဆက်ပြီးတော့ လုပ်စေချင်တာနဲ့ 'အဖြူရောင်' ဆိုတဲ့ စီးရီးလေးထုတ်ဖြစ်သွားတာပါ။ ဒီအခွေစီစဉ်တာတော့ နှစ်နှစ်ကြာသွားတယ်။

**အခုလို 'အဖြူရောင်'ဆိုတဲ့ စီးရီးအယ်လ်ဘမ်တစ်ခုထွက်ဖို့ ဘယ်လိုကြိုးစားအားထုတ်ခဲ့ရလဲ။**


မန္တလေးက တေးရေးညီအစ်ကိုတွေရဲ့ ဝိုင်းဝန်းအားပေးမှုကြောင့် ဒီအခွေလေး ထုတ်ဖြစ်တယ်။ အခွေထွက်မလာခင်မှာ တော်တော်လေး ကြိုးစားခဲ့ရတယ်။ ပထမဆုံး သီချင်းတွေစုရတယ်။ ဂီတညီအစ်ကိုတွေနဲ့ပေါင်းပြီး သံစဉ်တွေရှာရတယ်။ နောက် စတူဒီယိုမှာ အစမ်းသွင်းရတယ်။ အခက်အခဲတွေတော့ အများကြီးပေါ့ဗျာ။ နောက်ဆုံး အားလုံးရဲ့ ဝိုင်းဝန်းပံ့ပိုးမှုကြောင့် ဒီအဆင့်ထိ ရောက်လာခဲ့တာပေါ့နော်။

**စီးရီးအတွက် ကြိုးစားနေတုန်း တွေ့ကြုံရတဲ့ ခက်ခဲမတွေကကော။**

ခုနကပြောသလိုပေါ့။ ခက်ခဲမှုတွေကတော့ အစုံပေါ့ဗျာ။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုမျိုး ရန်ကုန်လာပြီး စီစဉ်ဖို့ဆိုတာကလည်း ကျွန်တော့်မှာ အဆက်အသွယ်မရှိဘူး။ အသိလည်း မရှိဘူးလေ။ ဒီလိုနေရင်းနဲ့မှ ကိုကြီးကျော်တို့၊ ကိုရသတို့နဲ့ တွေ့ဖြစ်ပြီး သူတို့ရဲ့ ကူညီမှုကြောင့် အခွေထုတ်ပြီးတဲ့အထိ ကျော်ဖြတ်နိုင်ခဲ့တာပေါ့။

**မန္တလေးမှာ နေတာဆိုတော့ ရန်ကုန်ဂီတလောကထဲဝင်ရောက်ဖို့ ဘယ်လိုကြိုးစားခဲ့ရလဲ။**

နယ်မှာနေတဲ့သူတစ်ယောက်က ရန်ကုန်မှာ စီးရီးထုတ်ဖို့ဆိုတာ မလွယ်ဘူးလေ။ နေရာရော၊ အဆက်အသွယ်ရော တစ်ယောက်မှ မရှိဘူးလေ။ ပထမဦးဆုံးတော့ သူငယ်ချင်းတွေရဲ့အခွေထဲမှာ featuring ဝင်ဆို ဖြစ်ခဲ့တယ်။ အဲဒီလိုဆိုရင်းနဲ့မှ ကိုကြီးကျော်ကတစ်ဆင့် ကိုရသတို့နဲ့သိပြီး အခုလို လုပ်ဖြစ်သွားတာပါ။ ကိုကြီးကျော်ဆိုတာ (K.G.K) ကို ပြောတာပါ။



MUSIC PLUS YATI

**'အဖြူရောင်' အယ်လ်ဘမ်ထဲက ယမ်မီအနှစ်သက်ဆုံး၊ အားအရဆုံးသီချင်းရှိရင် သီချင်ပါတယ်။**

ကျွန်တော်ကလည်း အားရတယ်၊ ကြိုက်တယ်။ နားထောင်ပြီးတဲ့ ပရိသတ်ကလည်း ကြိုက်ကြတာနဲ့ ထပ်တူကျတာ 'အဖြူရောင်' ဆိုတဲ့ အပုဒ်ပါ။

**ယမ်မီအားကျတဲ့ ကိုယ့်အရှေ့က အဆိုတော်တွေရှိခဲ့ရင် . . . . .**

အားလုံးကို ကြိုက်ပါတယ်။ ကိုယ်ဆိုတာ က R & B ဆိုပေမယ့် ရက်ပ်လည်း ကြိုက်တယ်။ Hip Hop လည်း ကြိုက်တယ်။ ပြည်တွင်း၊ ပြည်ပ အဆိုတော်အားလုံးကို ကြိုက်ပါတယ်။



Aelan Fame Media Group



**ဂီတလမ်းကြောင်းမှာ ဘယ်လိုဂီတပုံစံကို နှစ်သက်လဲ။ ယမ်မီ ရပ်တည်သွားမယ့်လမ်းကြောင်းလေးလည်း သိချင်ပါတယ်။**

ကျွန်တော် ကြိုက်တာကတော့ အကုန်ပေါ့။ ပုံစံအစုံ နားထောင်တယ်။ အခုနက ပြောသလို Rock, Rap, Hip Hop, Slow rock, Pop, R & B တွေအားလုံး ကြိုက်တယ်။ ဒါပေမဲ့ ကိုယ့်အသံနဲ့ လိုက်ဖက်မယ့်ပုံစံကို ရွေးလိုက်တော့ R & B ဖြစ်နေတယ်။ ဒီလမ်းကြောင်းက ကျွန်တော်နဲ့အလိုက်ဖက်ဆုံးဖြစ်မယ် ယုံကြည်လို့ ရွေးဖြစ်သွားတာပါ။

**နားထောင်ပြီးတဲ့ ပရိသတ်တွေက 'သော့ခတ်မထားနဲ့' သီချင်းကို ကြိုက်ကြတယ်လို့ သိရတယ်။ ယမ်မီအနေနဲ့ ဘယ်လိုခံစားရလဲ။**

အဲဒါက ကိုရသရေးထားတဲ့ သီချင်းလေးပေါ့နော်။ ကျွန်တော့်အသံနဲ့လည်း လိုက်ဖက်အောင် ချိန်ကိုက်ပြီး ရေးထားတာဆိုတော့ အဆင်ပြေသွားတာပေါ့နော်။ ရေးထားတဲ့ စာသားလေးကလည်း နည်းနည်းဆန်းတယ်။ သံစဉ်ကလည်း လန်းတယ်။ အဲဒီအတွက် ကိုရသကို အရမ်းကျေးဇူးတင်ပါတယ်။

**အဖြူရောင်စီးရီးထဲမှာ ပါဝင်ရေးသားထားတဲ့ အနုပညာရှင်တွေက ......**

မန္တလေးကဆို ကိုဝိုင်း၊ ကိုအောင်ဇေယျ၊ Game Boy၊ ပြီးတော့ ကျွန်တော်ကိုယ်တိုင်၊ ရန်ကုန်မှာကျတော့ ကိုရသ၊ J Me၊ ဝေယံတို့က ရေးပေးထားတာပါ။

**Featuring ကိုရော ဘယ်သူတွေ အားဖြည့်ထားသေးလဲ။**

ကိုရသ၊ ဇင်မင်း (YBMB)၊ Game Boy၊ သီရိဆွေ၊ အိမ့်ချစ်တို့က featuring ကို ပါဝင်အားဖြည့်ထားတာပါ။

**DVD မှာ ကိုယ်တိုင်ပါဝင်သရုပ်ဆောင်ရတာရော ဘယ်လိုခံစားရလဲ။ အခက်အခဲရော ရှိလား။**

သရုပ်ဆောင်တဲ့နေရာမှာတော့ သရုပ်ဆောင်တစ်ယောက်မဟုတ်တဲ့အတွက် အခက်အခဲတွေအများကြီး ရှိပါတယ်။ အဆင်ပြေကြည့်ကောင်းအောင် ဒါရိုက်တာတွေကလည်း သင်ပြပေးတော့ ကြည့်ရတာ အဆင်ပြေသွားတာပေါ့နော်။

**ယမ်မီရဲ့ သီချင်းတစ်ပုဒ်ထဲမှာ စိတ်ဝေဒနာရှင်တွေလို သရုပ်ဆောင်ထားတာ အသစ်တစ်ယောက်အနေနဲ့ ပြောစရာမရှိအောင် ပီပြင်တယ်လို့ ပရိသတ်တွေ ဝေဖန်တာတွေ့ရတယ်။ အဲဒီအကြောင်းလေး ပြောပြပေးပါဦး။**

အဲဒီသီချင်းလေးက DVD မှာ အသစ်ထည့်ထားတဲ့ သီချင်းလေးပါ။ ကိုဂျေးမီ ရေးပေးထားတာလေ။ အဲဒီသီချင်းကို မမီရှဲလ် (ဒါရိုက်တာမီရှဲလ်) ရဲ့ အိုင်ဒီယာပါ။ အဲဒီသီချင်းကို ရိုက်မယ်ဆိုတုန်းက ကြိုပြောတယ်လေ။ ဒီသီချင်းထဲမှာ သရုပ်ဆောင်ထားတာတွေကလည်း သူငယ်ချင်းတွေချည်းပဲဆိုတော့ တစ်ယောက်နဲ့တစ်ယောက် မရှိန်တော့ဘဲ လွတ်လွတ်လပ်လပ်နဲ့ အကောင်းဆုံးကြိုးစားဖြစ်သွားတာပါ။

**ဒါရိုက်တာတွေက မမီရှဲလ်အပြင် ဘယ်သူတွေပါဝင်ရိုက်ကူးပေးသေးလဲ။**

ဒါရိုက်တာတွေကတော့ မမီရှဲလ်၊ မခင်သီတာခိုင်၊ ကိုရဲမြင့်သူ၊ ကိုသုံးပေါင်၊ ပြီးတော့ မန္တလေးက ကိုအောင်ဇေယျ၊ ကိုကောင်းမြတ်တို့ ပါဝင်ထားပါတယ်။

**အဖြူရောင်စီးရီးထွက်ပြီးတဲ့နောက် ဆက်လျှောက်မယ့် ဂီတလမ်းကြောင်းပေါ်က ခြေလှမ်းလေးကိုလည်း သိချင်ပါတယ်။**


သီချင်းတွေနဲ့ပဲ ဂီတလောကထဲမှာ စီးမျောသွားမှာပါ။ Second ခွေအတွက်လည်း စီစဉ်နေပါပြီ။ Group တွေထဲမှာနဲ့ သူငယ်ချင်းတွေရဲ့

Asian Fame Media Group

အခွေထဲမှာ featuring ဆိုပေးဖို့အတွက်လည်း ရှိတယ်။ ကိုယ်ဆိုနေတဲ့ လမ်းကြောင်းအပြင် ကိုယ်နိုင်တဲ့ဘက်ကလည်း ကြိုးစားသွားမှာပါ။

**ဂီတလမ်းကြောင်းပေါ်ကနေ သရုပ်ဆောင်လမ်းကြောင်းပေါ်ကို ခြေချဖို့အစီအစဉ် ရှိ၊ မရှိ သိချင်ပါတယ်။**

သရုပ်ဆောင်ဖို့တော့ အခုထိ အစီအစဉ် မရှိသေးပါဘူး။ အခု DVD မှာ သရုပ်ဆောင်ဖြစ်တယ်ဆိုတာကလည်း ကိုယ့်သီချင်းရဲ့ အဓိပ္ပာယ်ကို ကိုယ်ကိုယ်တိုင် ပါဝင်ပုံဖော်ချင်တာကြောင့်ပါ။ ဒါရိုက်တာတွေရဲ့ တိုက်တွန်းမှုကြောင့်လည်း သရုပ်ဆောင် ဖြစ်သွားတာပါ။ သရုပ်ဆောင်တစ်ယောက်လိုတော့ မကျွမ်းကျင်သေးပါဘူး။



**ယမ်မီဒီလို အောင်မြင်တဲ့ထိ ပံ့ပိုးပေးသူ က .....**

ကျွန်တော်တို့မှာ မောင်နှမလေးယောက်ရှိတယ်။ အဲဒီထဲမှာ ကျွန်တော်က တတိယမြောက်ပါ။ ကျွန်တော်တစ်ယောက်တည်း ဂီတဝါသနာပါတာ။ ကျန်တဲ့သူတွေကတော့ ဝါသနာမပါဘူး။ ကျွန်တော့်ကိုတော့ အားပေးကြတယ်။ အဓိကကတော့ အမေပေါ့။ မိဘတွေရဲ့ ပံ့ပိုးမှုမပါဘဲနဲ့တော့ ဒီအဆင့်ထိ ရောက်လာမှာမဟုတ်ဘူး။ ဒါကြောင့် မိသားစုကိုလည်း ကျေးဇူးတင်ပါတယ်။

**သီချင်းသံစဉ်တွေက ....**

ကိုယ်ပိုင်သံစဉ်တွေပါ။

**ယမ်မီ့အနေနဲ့ အားပေးကြမယ့် ပရိသတ်တွေနဲ့ ပါဝင်အားဖြည့်သူတွေကို ကျေးဇူးတင်စကားလေးပြောပေးပါဦး။**

ဒီအခွေလေးဖြစ်လာဖို့အတွက် ရန်ကုန်က တေးရေးတွေရော၊ မန္တလေးက ဝါသနာရှင် တေးရေးတွေပါ ဝိုင်းပြီးကူညီပေးလို့ အောင်မြင်တာပါ။ မန္တလေးကသူတွေကလည်း မန္တလေးက အဆိုရှင်ထွက်လာတယ်ဆိုတာမျိုးလေးလည်း ဖြစ်စေချင်ကြတယ်။ ဒါကြောင့် အားလုံးက ဝိုင်းပြီး ကူညီပေးကြတယ်။ စီးရီးခွေထဲမှာ သီချင်း ၁၄ ပုဒ်ပါတယ်။ အဲဒီ ၁၄ ပုဒ်လုံးကို တစ်ပုဒ်နဲ့တစ်ပုဒ် မတူအောင်၊ မထပ်အောင် သေသေချာချာ စီစဉ်ရေးသားပြီး ကွဲပြားတဲ့ သရုပ်ဆောင်မှုတွေနဲ့ ကြိုးစားထားပါတယ်။ DVD ထဲက သရုပ်ဆောင်ထားတာတွေကိုလည်း မခင်သီတာခိုင်က သင်ပြပေးပါတယ်။ အခွေထဲမှာ သူရိုက်ပေးထားတာ ၉ ပုဒ်ပါတယ်။ ရိုက်နေတုန်း သူသင်ပေးထားတဲ့ စကားတစ်ခွန်းရှိတယ်။ ကိုယ့်အကြိုက်ချည်းပဲ ကြည့်လို့မရဘူး။ ပရိသတ်အတွက်လည်း ထည့်စဉ်းစားပေးရမယ်။ ကိုယ်လုပ်ချင်တာရှိရင် ပရိသတ်ဘက်က ဝင်ပြီးစဉ်းစားပါလို့ ပြောပါတယ်။ ဒါကြောင့် ဒီအခွေရိုက်နေတဲ့ အချိန်မှာ ပရိသတ်တစ်ယောက်အနေနဲ့လည်း ဝင်ခံစားပြီး ကြည့်တယ်။ အဘက်ဘက်ကနေ ဝေဖန်ကြည့်ပြီး ပရိသတ်အတွက် စေတနာထားပြီး အကောင်းဆုံး ကြိုးစားထားပါတယ်။ ဒီ့အတွက်လည်း ပရိသတ်ရင်ထဲ တစ်ခုခုရောက်မယ်လို့ ယုံကြည်နေပါတယ်။ အားပေးကြတဲ့၊ အားပေးကြမယ့် ပရိသတ်တွေကိုလည်း အထူးပဲကျေးဇူးတင်ပါတယ်။ ကျွန်တော့်ကိုလည်း ဝေဖန်ပေးကြပါဦးလို့ .....။

**မိုးသောက်ကြယ်**

Asian Fame Media Group
MEDIA GROUP



# Hits of THE SEASON

Model - Kaung Htet Zaw, No No K
Foot Wear - Ipanema
Dress - GIORDANO
Photo - Ko Naing (Popular)

မိုးရာသီရဲ့သရုပ်ကတော့ ပီပြင်လာပါပြီ။ တစ်ခါတလေမှာ မိုးနဲ့အတူလေပါ တွဲပါလာတတ် တာမို့ ဒီမိုးဒီလေကို ဖြတ်သန်းဖို့ ပြင်ဆင်တဲ့အခါ မှာ လုံခြုံခိုင်ခံ့မှုရှိဖို့ဆိုတာ မဖြစ်မနေ စဉ်းစားရမယ့်အရာပါ။ မိုးရာသီဖက်ရှင် တစ်ခုက ဆွဲဆောင်မှုရှိတဲ့အပြင် လုံခြုံစိတ်ချမှုရှိရင်လည်း အကောင်းဆုံးပေါ့။ ဒါကြောင့် ရတီရဲ့ Hits of the Season ကဏ္ဍလေးမှာ ကောင်းထက်ဇော်နဲ့ နိုနိုကေတို့ ရာသီနဲ့လိုက်အောင် ဘယ်လိုအသုံးအဆောင်တွေကို သုံးစွဲကြမလဲ ဆိုတာ ဖက်ရှင်ကဏ္ဍအဖြစ် တင်ပြပေး လိုက်ပါတယ်။

**ယုယအိမ်**

Asian fame Media Group
MEDIA GROUP



## Hits of THE SEASON

Model - Kaung Htet Zaw, No No K
Foot Wear - Ipanema
Dress - GIORDANO
Photo - Ko Naing (Popular)

Asian Fame Media Group


Hits of
THE SEASON
Model - Kaung Htet Zaw, No No K
Foot Wear - Ipanema
Dress - GIORDANO
Photo - Ko Naing (Popular)



# Hits of THE SEASON

Model - Kaung Htet Zaw, No No K
Foot Wear - Ipanema
Dress - GIORDANO
Photo - Ko Naing (Popular)

Asian Fame Media Group



Hits of THE SEASON

Model - Kaung Htet Zaw, No No K, Foot Wear - Ipanema, Dress - GIORDANO, Photo - Ko Naing (Popular)



Asian Fame Media Group



Asian Fame Media Group


NYAN LIN AUNG'S
PROFILE
As told by himself
arranged by ThidaSoe
photo - Ko Naing (Popular)
Asian Fame Media Group

## Confidence

ကျွန်တော်သိတဲ့ ယုံကြည်မှုကတော့ ကိုယ်မှားနေရင်လည်း မှားနေတယ်၊ မှန်နေရင်လည်း မှန်နေတယ်ဆိုပြီး ယုံကြည်မှုရှိရှိနဲ့ ပြောတတ်ဖို့ လိုပါတယ်။ သီချင်းစဆိုတုန်းကတော့ စင်ကြောက်တာပေါ့နော်။ ပရိသတ်ကိုလည်း ကြောက်တာပေါ့။ နောက်ပိုင်းကျတော့ ကိုယ့်ဘက်က ဘယ်လောက်ပဲ ပြင်ဆင်ထားပေမယ့် စက်ချို့ယွင်းမှု ဒါမှမဟုတ် အကြောင်းတစ်ခုခုကြောင့် ချို့ယွင်းတာတွေလည်း ရှိတာပဲလေ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိပေမယ့် ဘေးနားကနေ အတိုက်အခိုက်တွေကတော့ ရှိနေတာပါပဲ။ ယုံကြည်မှုရှိတာကတော့ အကောင်းဆုံးပေါ့။ လူငယ်တွေလည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိဖို့ လိုအပ်ပါတယ်။

## Discipline

ကျွန်တော်ကတော့ စည်းကမ်းသိပ်မရှိပါဘူး။ ကျွန်တော်က တစ်ဦးတည်းသောသားဆိုတော့ အိမ်က အမြဲလိုက်လုပ်ပေးနေတဲ့ အတွက် ကျွန်တော်က စည်းကမ်းသိပ်မရှိချင်ဘူး။ (ရယ်လျက်)။ သူငယ်ချင်းတွေကလည်း အကုန်လိုက်လုပ်ပေးတယ်လေ။

## Time

အချိန်နဲ့ ပတ်သက်ပြီး ငါးမိနစ်တောင် နောက်ကျလို့ မရတဲ့လူကို တွေ့ဖူးတယ်။ ကျွန်တော် အချိန်နဲ့ပတ်သက်ပြီးတော့ စိတ်ထဲမှာ အရမ်းမနှစ် ထားပါဘူး။ အချိန်နဲ့ တစ်ပြေးညီ အလုပ်လုပ်နိုင်ရင်တော့ အကောင်းဆုံးပါ။

## Parents

ငယ်ငယ်တုန်းကတော့ အရမ်းဆိုးတယ်ဗျ။ အလုပ်လုပ်တဲ့အချိန်ကစပြီး မိဘကို ရိုသေတတ်လာတယ်။ လူငယ်တွေကို မိဘနဲ့ ပတ်သက်ပြီး ဘယ်လောက်ပဲပြောပြော ကိုယ်တိုင် ခံစားမိမှ မိဘကို ချစ်တတ်လာမှာပါ။ မိဘနဲ့ ပတ်သက်ပြီး စိတ်ခံစားမှုက ကိုယ်တိုင်ခံစားရမှ သိမှာပါ။

## Love

ကျွန်တော်ကတော့ အချစ်နဲ့ ပတ်သက်ရင် ၅၂၈ ကိုပဲ ဦးစားပေးဖြစ်မယ်ထင်တယ်။ ရည်းစားမထားဘဲ နေတာကြာခဲ့ပြီဆိုတော့ မိဘနဲ့ သူငယ်ချင်းတွေကိုပဲ ဦးစားပေးဖြစ်နေပါတယ်။

## Hatred

ကိုယ့်ကို မုန်းအောင်လုပ်ရင်တော့ မုန်းမှာပေါ့နော်။ ကျွန်တော်က သည်းခံတတ်တယ်။ လူတိုင်းနဲ့လည်း တည့်အောင် ပေါင်းပါတယ်။ အခုထိတော့ မုန်းရမယ့်သူ မရှိသေးပါဘူး။

## Life

အသက် ၁၉၊၂၀ တုန်းကတော့ အလုပ်လုပ်မယ်။ ပြီးရင် မိဘကို ရှာကျွေးမယ်ပေါ့။ ကြီးလာတော့ မိန်းမယူမယ်လို့ တွေးလိုက်ရင် အများကြီးဖြစ်သွားရော၊ ဘာတွေမှန်း မသိတော့ဘူး။ ဘဝဆိုတာထပ်ပြောင်းသွားရော။ နောက်ထပ် တခြားဟာ စဉ်းစားရင်လည်း ဘဝက ထပ်ပြောင်းသွားပြန်တယ်။ ကျွန်တော့်အတွက် ဘဝဆိုတာ တော်တော်အပြောင်းအလဲများပါတယ်။ အနာဂတ်မှာတော့ ဘဝကို အဆိုတော်အဖြစ်နဲ့ အေးအေးချမ်းချမ်း နေသွားဖို့ပဲ ရှိပါတယ်။ ကျန်တာတော့ မစဉ်းစားထားပါဘူး။

## Friendship

သူငယ်ချင်းက ကျွန်တော့်ဘဝမှာ တော်တော် အရေးပါပါတယ်။ ကျွန်တော် ကြိုက်တဲ့သူကလည်း သူငယ်ချင်းပဲ။ ဒီ ညဏ်လင်းအောင်ဆိုပြီး ဖြစ်လာတာကလည်း 'သူငယ်ချင်း'ကြောင့်ပဲလေ။ ပြီးတော့ ကျွန်တော်က သူငယ်ချင်း အရမ်းခင်တယ်။ တစ်ဦးတည်းသောသားဖြစ်တဲ့ ကျွန်တော့်အတွက် သူငယ်ချင်းက မရှိမဖြစ်ပါ။

## Books

ကျွန်တော် ငယ်ငယ်ကတည်းက စာဖတ်ပျင်းပါတယ်။ ဝတ္ထုတစ်အုပ်တောင် ပြီးတဲ့အထိမဖတ်ဖူးဘူး။ စာဖတ် အရမ်းအားနည်းတယ်။

## Motto

လက်ကိုင်ဆောင်ပုဒ်ရယ်လို့တော့ မဟုတ်ပါဘူး။ ကိုယ်စိတ်ထားကောင်းရင် ကိုယ့်အပေါ် သူစိတ်ထားပြန်ကောင်းမှာပါလို့ ပြောချင်ပါတယ်။



Asian Fame Media Group
MEDIA GROUP



# NYAN LIN AUNG'S PROFILE

As told by himself

photo - Ko Naing (Popular)




Asian Fame Media Group

af MEDIA GROUP

## Collections

ကျွန်တော် မျက်မှန်စုဆောင်းတတ်ပါတယ်။ မျက်မှန်ကို အရမ်းကြိုက်ပါတယ်။ နောက်ထပ် စုဆောင်းဖြစ်တာကတော့ အခွေပါ။ ထွက်သမျှ အခွေ အကုန်ဝယ်ပါတယ်။ အခုအထိ မြန်မာကား တွေကို ဆိုင်ကနေ ငှားကြည့်နေတုန်းပါပဲ။

## Sports

အားကစားလုပ်တယ်လို့တော့ မဟုတ်ပါဘူး။ ကျွန်တော် ဘီလီယက်တော့ ထိုးပါတယ်။ ကျွန်တော် သူများတွေလို ဘောလုံးပွဲဝါသနာမပါ ဘူးဗျ။ ဘောလုံးပွဲ မကြည့်ဘူး။

## On Arts

အနုပညာနဲ့ ပတ်သက်တဲ့ အရာအားလုံးဟာ စိတ်ကို နူးညံ့စေပါတယ်။ စီးပွားရေးသမားကျ တော့ ဦးနှောက်သုံးရတယ်။ ကျွန်တော်တို့ အနု ပညာသမားကျတော့ စိတ်နဲ့ လုပ်ရတာလေ။ စိတ်ခံစားမှုက အရေးကြီးပါတယ်။

## Other Hobbies

အခွေကြည့်မယ်၊ ဂိမ်းဆော့မယ်၊ ဘီလီယက် ထိုးမယ်၊ ဒါတွေကတော့ ကျွန်တော့်ရဲ့ အနုပညာ မဟုတ်တဲ့ တခြားဝါသနာပေါ့။

## Favourite Food

ကျွန်တော် စားလို့ရတာမှန်သမျှ အကုန်စား ပါတယ် (ရယ်လျက်)။ အကြိုက်ဆုံးကတော့ ကြေးအိုးပါ။ ကြေးအိုးကို ဝက်သားနဲ့စားရတာကို ကြိုက်ပါတယ်။ ကျွန်တော် ကြက်သားလုံးဝမစား ပါဘူး။ လုံးဝမကြိုက်လို့ပါ။ ငယ်ငယ်တုန်းက ကျောင်းတွေမှာရောင်းတဲ့ ခေါက်မုန့်လည်း ကြိုက် ပါတယ်။

**သီတာစိုး**



# NYAN LIN AUNG'S PROFILE

As told by himself

photo - Ko Naing (Popular)

Asia Fame Media Group



# Versatile People ကျားပေါက်

စီစဉ်သူ – ယုယအိမ်
ဓာတ်ပုံ – ကိုနိုင် (ပေါ်ပြူလာ)


လူတစ်ယောက်ဟာ လူရယ်လို့ဖြစ်လာပြီဆိုတည်းက အစွမ်းအစကိုယ်စီနဲ့ပါ၊ သူ့ရဲ့စွမ်းဆောင်မှု ကြိုးစားမှု ရည်ရွယ်ရာ မျှော်မှန်းရာ အရောက်သွားခဲ့တဲ့ ခြေလှမ်းတွေလည်း စိတ်လိုက်ကျဲလိုက်နေမှာပါ။ လူတစ်ယောက်ဟာ ဘဝတစ်ခုမှာ အောင်မြင်တာ မဆန်းပေမယ့် တစ်ခုထက် ပိုပြီးနှစ်ခု၊ သုံးခု အောင်မြင်လာပြီဆိုရင်တော့ ဆန်းသွားပါပြီ။


လောကမှာ လူဖြစ်လာကြတာချင်းတူတူ တစ်ခုထက်ပိုပြီး အောင်မြင်နေတဲ့ လူတစ်ယောက်အကြောင်း ရတီစာဖတ်ပရိသတ်ကြီးအတွက် တင်ပြပေးလိုက်ပါတယ်။

သူကတော့ ဆရာဝန်၊ တေးရေး၊ တေးဆို၊ စာရေးဆရာ၊ ကာတွန်းတွေလည်းဆွဲ၊ ပန်းချီတွေလည်းရေး Big Bag Band နဲ့ အမည်နာမည်ကို တည့်ဆောက်ခဲ့တဲ့ ကျားပေါက် ဖြစ်ပါတယ်။

**- ကျားပေါက်က သူ့ဘဝနဲ့ ဂီတနီးစပ်ကျွမ်းဝင်ခဲ့ရမှုနဲ့ ပတ်သက်ပြီး**

- အဖေက တောင်ငူမှာ တီးဝိုင်းရှိတော့ ကျွန်တော် ၆ နှစ်သားလောက်မှာ ဒရမ်စတီးတယ်။ ကျွန်တော် ၇ တန်းလောက်ကစပြီး မြဝတီမှာ သီချင်းဆိုချင်တဲ့သူတွေအပြင် သီချင်းသွင်းတာလေးတွေပါ စတူဒီယိုသေးသေးလေးတွေမှာ ဒရမ်လိုက်တီးတယ်။ ၁၀ တန်းအောင်ပြီးမှ သီချင်းစဆိုဖြစ်တာ သီချင်းဆိုဖြစ်ခဲ့ရတာကလည်း အဲဒီအချိန်မှာ Big Bag Band က ရှိပြီးသား ဒီနာမည်ကလည်း ကျွန်တော်ပဲပေးခဲ့တာ။ ထူထောင်တာကတော့ ကျွန်တော့်သူငယ်ချင်းပေါ့။ နောက် ကျွန်တော်သွားချင်တဲ့ လမ်းကြောင်းနဲ့ သူတို့ရပ်တည်ချင်တဲ့လမ်းကြောင်း ကွဲပြားမှုတွေ ပေါ်လာတဲ့အခါကျတော့ အဆင်မပြေမှုလေးတွေ ဖြစ်လာတယ်။





ရန်ဖြစ်တာစကားများတာ မဟုတ်ဘူး။ တချို့တေးဆိုတွေနဲ့လည်း အဆင်မပြေဘူး။ ကျွန်တော် Big Bag အတွက်ရေးထား တီးထားတဲ့ အခွေအတွက် အဆိုသမားတစ်ယောက်ရှာနေတုန်း ဒီမိုခွေလေးကို အဖေ နားထောင်မိရာကနေ အခွေထုတ်ဖြစ်သွားတာ။ တကယ်တော့ ကျွန်တော်က တီးဝိုင်းကို ဦးဆောင်ချင်တဲ့သူ။

**- Punk (ပန့်) တေးဂီတနဲ့ ပတ်သက်ပြီး**

- ကျွန်တော်သီချင်းဆိုတော့ ကော်ပီတွေ စဆိုခဲ့တာ ကျွန်တော်တအားကြိုက်တဲ့ ကျွန်တော် အရမ်းဆိုချင်တဲ့ Punk ဂီတကို ဘယ်သူမှ ကျယ်ကျယ်ပြန့်ပြန့် မသိကြသေးဘူး။ ရန်ကုန်လောက်ပဲ သိကြတာ တစ်နိုင်ငံလုံး အနေအထားနဲ့တော့ မသိသေးဘူး။ ကျွန်တော်လျှောက်ချင်တဲ့ လမ်းကို ဖြစ်အောင်လျှောက်ခဲ့တာ အဖေကလည်း အားလုံးပံ့ပိုးပေးတယ်။ ကျွန်တော်သီချင်းသွင်းရင် စတူဒီယိုမှာ ကိုယ်တိုင်လိုက်စောင့်ပြီး သင်ပြပေးပါတယ်။

**- ကျားပေါက်ဆိုတဲ့ အမည်နာမကို စတင်တည်ဆောက်ခဲ့ရတဲ့ ဘဝအစအကြောင်း**

- ကျွန်တော့်ဂီတအစတုန်းက လူလက်မခံတာပေါ့။ တချို့ အန်ဒါဂရောင်းက လူတွေက ကျွန်တော်တို့ကို ရေပေါ်ဆီလိုလို ဘာမှမတိုက်ရမခိုက်ရဘဲနဲ့ ကံကောင်းလို့ အခွင့်သင့်လို့ ဂီတလောကမှာ နေရာရလာတယ်လို့ ထင်ကြပြောကြတဲ့သူတွေရှိကြပါတယ်။ ကျွန်တော်စပြီး တက်လာတဲ့အချိန်တုန်းကလည်း သာသာယာယာတော့ မဟုတ်ခဲ့ပါဘူး။ ကျွန်တော် စင်ပေါ်စတက်တုန်းက နည်းပေါင်းစုံနဲ့ စော်ကားတာခံစားခဲ့ရတယ်။ တချို့ဆို တစ်ခုခုနဲ့ ပစ်ပေါက်တာမျိုး နားငြီးတယ်ပေါ့ဗျာ လျှောက်အော်နေတယ်ပေါ့။ ကျွန်တော် စိတ်ထဲမှာ တစ်သက်လုံး အဲလိုပဲဖြစ်သွားမလားလို့တောင် ထင်ခဲ့တာ၊ ဒီလိုပဲလာမှာပဲ၊ လာခဲ့လည်း ကိုယ့်ဂီတနဲ့ကိုယ့်လမ်းကိုတော့ အတိမ်းအစောင်းမခံဘူးဆိုတဲ့ စိတ်ကတော့ရှိတယ်။ ဒုတိယ အခွေကျတော့ လူတွေက နည်းနည်းပြောင်းလဲသွားတယ်။ ပြန်လက်ခံလာကြတယ်ပေါ့နော်။

**- ဘဝလမ်းကြောင်းမှာ တစ်ခုထက်ပိုပြီး အောင်မြင်လာတဲ့ ဖြစ်စဉ်တရားရဲ့ မေးခွန်းလေးကိုတော့**

- တကယ်တော့ ကျွန်တော်လိုချင်တာက အောင်မြင်တယ်ဆိုတာထက် ကျွန်တော်လုပ်ချင်တာ တစ်ခုခုကို လုပ်လိုက်ရတာကို ကျွန်တော်လိုချင်တာ၊ အောင်မြင်ခြင်း၊ ကျဆုံးခြင်းက အပယိကပဲ ကျွန်တော်သွားချင်တာက ကျွန်တော်

Asian Fame Media Group




Asian Fame Media Group
af MEDIA GROUP




လုပ်ချင်တဲ့ အနုပညာတစ်ခုကို အများ ရှေ့မှာချပြချင်တာ စိတ်ထဲမှာ တခြားအပိုမရှိဘူး၊ လူကြိုက်တယ်ဆိုတာကတော့ ကောင်းပါတယ်။ စာရေးဖြစ်ခဲ့တာလည်း အဲလိုပဲ၊ ကျွန်တော်ပြောချင်တဲ့ ကိစ္စတွေက သီချင်းတစ်ခုအနေနဲ့ မလုံလောက်ဘူး။ စာအနေနဲ့ ရေးပြမှပဲရတော့မယ့် ပုံစံဖြစ်လာတယ်။ စာရေးပြန်တော့လည်း ထုတ်ပေးမယ့်သူက ပေါ်လာတယ်။ အဲဒီလိုနဲ့ပဲ ထုတ်ဖြစ်သွားတာ၊ ပန်းချီကသီးခြားကြီးဆွဲတာတော့ မဟုတ်ဘူး။ ကျွန်တော် ဆွဲထားပြီးသား ပန်းချီကားလေးတွေကို ကျွန်တော်နဲ့ ညီအစ်ကိုလို လည်းဖြစ်နေတဲ့ မျက်ချယ်က ကိုလင်းလင်းက သူ့အမေကလည်း ပန်းချီဆွဲတယ်။ သူတို့ ပန်းချီပြပွဲ စုလုပ်မယ်၊ ကလေးတွေလည်းပါမယ်ဆိုပြီးလုပ်ကြတာ ကလေးတွေကတောင် ကိုယ့်ထက်ကောင်းသေးတယ်။ အဲဒီလိုစုဆွဲပြီးတင်ကြတော့ ကျွန်တော့်ပန်းချီကား ၂ကားပါသွားတာ၊ အောက်က ကျွန်တော့် နာမည်ဆိုတော့ သိတဲ့လူတော့ သိသွားကြတယ်။ တကယ်တော့ ပန်းချီထက် တကယ်ပို လုပ်ဖြစ်တာက ကာတွန်းပါ။ ကာတွန်းကတော့ ငယ်ငယ်လေးတည်းက ဆွဲဖြစ်တာ ဆွဲထားတာလေးတွေလည်း ရှိတယ်။ ဒီအရွယ်ရောက်တော့ စာရေးတယ်။ စာရေးတော့ အသိဂျာနယ်တစ်ခု၊ သူငယ်ချင်းလုပ်တာပဲ။ သူကစာမူတောင်းတယ်၊ ခက်တာက ကျွန်တော်က အဲလောက်စာမရေးနိုင်ဘူး။ သူများတွေက ဘာအကြောင်းရှိရှိ ရေးလိုက်ရင် ကောင်းသွားတယ်လေ၊ ရေးလည်းရေးနိုင်တယ်။ ကျွန်တော်က တစ်လနေမှ တစ်ပုဒ်လောက်တောင်မှ ပြီးချင်မှပြီးတာ။ အပတ်တိုင်း ထုတ်မှာဆိုတော့ အဆင်မပြေဘူး။ ကာတွန်းထည့်မလား ငါဆွဲတဲ့ကာတွန်းလေးတွေရှိတယ်ပြောတော့ သူကထည့်မယ်ဆိုပြီး ထည့်တယ်။ ထည့်ပြီးသိပ်မကြာပါဘူး။ အဲဒီ ဂျာနယ်လည်းပြုတ်သွားတယ်။ အခု မိုနိုလေးတို့ My Music ကပြန်ဆက်သွယ်ပြီး ကာတွန်းလေးတွေပြန်ဆွဲဖြစ်တာ။

**- ဆရာဝန်တစ်ယောက်အနေနဲ့ လုပ်ဖြစ်ခဲ့တာအပေါ်**

- ဟောက်ဆာဂျင်ပြီးတော့ မိန်းမရတယ်။ ပြီးတော့ ကျွန်တော်ဆေးခန်း ၂ နှစ်လောက် စွဲစွဲမြဲမြဲ ထိုင်လိုက်တယ်။ ထိုင်လိုက်ပြီးတော့မှ ကျွန်တော် သဘောပေါက်သွားတယ်။ ကျွန်တော်ကြီးလာမှပဲ ထိုင်ချင်တော့တယ်။ အခုလူတွေက အပြင် သီချင်းဆိုတဲ့ ကျားပေါက်နဲ့ ဆရာဝန်လုပ်နေတဲ့ ကျားပေါက် မကွဲသေးဘူးဖြစ်နေတယ်။ အဲဒီတော့ နှစ်ခုလုပ်လိုက်တဲ့အခါ တစ်ဖက်က အားနည်းချက်ရှိရင် တစ်ဖက်ကိုထိခိုက်မှာ၊ ဒါကြောင့် တစ်ခုပဲ အရင်လုပ်မယ်ဆိုပြီး သီချင်းကိုလုပ်ဖြစ်တာ အလုပ်နှစ်ခုက တခြားစီဖြစ်နေတာလည်းပါတယ်။

Asian Fame Media Group
af MEDIA GROUP

## Versatile People

**- ကျားပေါက်ထုတ်ခဲ့ပြီးတဲ့ အခွေနဲ့ ရေးခဲ့ပြီးတဲ့ ဝတ္ထုနဲ့ပတ်သက်ပြီး**

- ကျွန်တော်ထွက်ခဲ့တဲ့အခွေတွေက ဗီလိန်၊ AD 3000၊ အိပ်ရာဝင်သီချင်းများ၊ တယ်လီပန့်၊ ဝမ်းအလဲဗင်း၊ ၅ ခွေပါ။ ဝတ္ထုက ၂ အုပ်ပဲရှိပါသေးတယ်။ အဲဒါကလည်း ဝတ္ထုတိုတိုလေးတွေကို ပေါင်းပြီးထုတ်တာ ပထမတစ်အုပ်က 'ပစ်မှတ်အပြင်ဘက်မှ စကားလုံးများ'၊ ဒုတိယစာအုပ်က 'ကြောင်တက်နင်းသွားသော စန္ဒရားခလုတ်များ' အုပ်ပါ။ ကာတွန်းကတော့ ဆွဲဖြစ်တယ်။ ဘယ်ကိုမှ မပေးရသေးတဲ့ အသစ်ဆွဲထားတာ ရတီအတွက် အမှတ်တရ ပေးလိုက်မယ်။

**- ခုလိုအောင်မြင်မှုတွေ ပိုင်ဆိုင်နိုင်အောင် အနား မှာ ပါရမီဖြည့်ပေးနေတဲ့ ကျားပေါက်ရဲ့ အိမ် ထောင်ဖက် ရွေးချယ်ဖြစ်ခဲ့ပုံလေးကိုတော့**

- ရွေးချယ်ဖြစ်ခဲ့တာကတော့ သူ့အမေက ကျွန်တော်တို့ရဲ့ ဒန်တယ်က ပရော်ဖက်ဆာ။ သူ့သမီးဆီလာရင်းနဲ့တွေ့တာ၊ ပထမတော့ သူငယ်ချင်းပေါ့နော်။ ဘဝမှာရေရှည်လည်း လက်တွဲလို့ရမယ်၊ နားလည်မှုလည်း အပြည့်အဝရှိတယ်ဆိုတာ ယုံကြည်လို့ ရွေးချယ်ခဲ့တာပါ။

**- အင်္ဂလန်မှာသီချင်းဆိုရင်း အခွေအတွက်ဆွေးနွေးဖြစ်ခဲ့တဲ့ အကြောင်းကို ကျားပေါက်ရဲ့ အပြော**

- ကျွန်တော်နာဂစ်ပြီးတော့ အင်္ဂလန်မှာ သီချင်းဆိုဖို့ ဖြစ်လာတယ်။ အဲဒီအချိန်မှာ ကျွန်တော့်မှာ အင်္ဂလိပ်လို ရေးထားတီးထားတဲ့ အင်္ဂလိပ်သီချင်း ၁၂ ပုဒ်လောက်ရှိတယ်။ စုထားတာ။ အဲဒါလေးတွေ ယူသွားတယ်။ အဲဒီအချိန်တုန်းက အင်တာနက်တို့ အီးမေးတို့နဲ့ သီချင်းတွေပို့ဆိုလို့မရဘူး။ ကိုယ်လည်း သွားရမယ့်အတူတူ ဆိုပြီး ယူသွားတာ။ ကိုယ်ရောက်တဲ့ အချိန်မှာ ကိုယ်ကြိုက်တဲ့ ရက်ကော့တွေဆီ ဆက်သွယ်တာ တော်တော်များများက ရီဂျက်လုပ်တယ် လာမတွေ့နဲ့ မအားဘူး။ အီးမေးပဲပို့ဖို့ပြောတယ်။ နောက်တစ်ယောက်ကတော့ မြန်မာပြည်ကဆိုတော့ လိုလိုလားလားကို လက်ခံတယ်။ ဖြစ်ချင်တော့ သူက လန်ဒန်မှာမဟုတ်ဘူး။ နောက်တစ်မြို့ကို သွားရမယ်။ သွားပေးရတာပေါ့နော်။ သူတို့က ဘာအကြံပေးလဲဆိုတော့ ဝိုင်းနဲ့လာပြီး တီးပြစေချင်တာ၊ လန်ဒန်ကို လူလေးငါးယောက်နဲ့လာပြီး တီးပြဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူး။ အခွေကတော့ နားမထောင်ဘူး မဟုတ်ဘူး၊ နားထောင်မယ်၊ ကိုယ့်အတွက် အခွင့်အလမ်းနည်းတယ်။ လန်ဒန်အတွင်းထဲမှာ သူ့ကိုလာပေးထားတဲ့ အခွေတွေက သူ့တစ်ရပ်စာလောက်ရှိတယ်။ ကျွန်တော့်အခွေကိုလည်း အဲဒီထဲကိုပဲ ထည့်လိုက်တယ်။ သူတို့ဆီကိုတောင်ဝိုင်းနဲ့လာတီးဆိုပြတဲ့လူတိုင်းကိုတောင် လက်မခံတာ၊ ကျွန်တော်တို့အတွက်က မျှော်လင့်ထားဖို့ သိပ်မဖြစ်နိုင်တော့ဘူး။ ကျွန်တော့်စိတ်ကူးက ကျွန်တော်တို့ ဘာတွေလုပ်ထားတယ်ဆိုတာ နိုင်ငံခြားရက်ကော့တစ်ခုကိုသွားပြချင်တာ အဲဒီကနေဆက်ပြီးတော့ မြန်မာသီချင်းတွေလုပ်လာတယ်၊ အခု ကျွန်တော့်တစ်ဖွဲ့လုံးနဲ့ ကျွန်တော်စကားပြော ဖြစ်တယ်။ ကျွန်တော် သီးသီးခြားခြားလေးလည်း လုပ်ချင်ပြီး၊ Big Bag နာမည်နဲ့ မြန်မာလိုရော၊ အင်္ဂလိပ်လိုရော မလုပ်ချင်ဘူး။ အင်္ဂလိပ်လိုလုပ်ဖို့အတွက် သီးခြားဝိုင်းတစ်ခုလုပ်မယ်ဆိုပြီး အင်္ဂလိပ်သီချင်းတွေအတွက် လက်ရှိ Big Bag ကလူတွေနဲ့ပဲ နောက်တီးဝိုင်း တစ်ခုထပ်ဖွဲ့ထားတယ် 'BLOOD SUGAR POLITIK' ဆိုတဲ့နာမည်နဲ့ ကျွန်တော်တို့လုပ်ချင်တဲ့နောက်ဂီတပုံစံတစ်ခုအနေနဲ့ အင်္ဂလိပ်လိုဆိုတာ။ ဒီမှာ အဲဒါကို အရင်အခွေထွက်မယ် အင်္ဂလန်မှာရီဂျစ်စတာလုပ်ပြီး အခွေထွက်မှာထက် ဒီမှာအခွေထွက်လိုက်တာက တစ်နိုင်ငံလုံးသိတဲ့ ရီဂျစ်စတာပဲလေ မြန်မာပြည်မှာထုတ်ထားတာ၊ ကျွန်တော်အဲဒီလိုပဲ လုပ်လိုက်တယ်။ နောက်တော့မှ အွန်လိုင်းကရောင်းဖို့ ဆက်ပြီး စဉ်းစားမယ်။



Asian Fame Media Group



- SIR ဖွဲ့စည်းဖြစ်ခဲ့မှုအပေါ်မှာ . . .

- SIR ကပြောရင်းဆိုရင်းနဲ့ လုပ်ဖြစ်သွားတာပါ။ ကျွန်တော်တို့ အစတည်းက စီစဉ်ထားတာရှိတယ်။ တီးဝိုင်းတွေ အများကြီးစုပြီး တိုးထွက်ချင်တာ၊ တီးဝိုင်းအများကြီးနဲ့လည်း ကိုယ်မစနိုင်တော့ ကိုယ်နဲ့ စိတ်တူကိုယ်တူရှိတဲ့ တီးဝိုင်းလေးဝိုင်းလောက်စုပြီး လုပ်လိုက်တာ SIR ကလည်း ခုဆိုရင် ဂီတလမ်းကြောင်းပေါ် ဆက်လျှောက်နေပါပြီ။

- ကျားပေါက်ဖန်တီးမယ့် ဂီတသစ်ကိုမေးကြည့်တဲ့အခါ

ဂီတသစ်ဆိုတာကလည်း Big Bag ကိုပဲ အခြေခံထားတာပါ။ ဘာကြောင့်လဲဆိုတော့ Big Bagနဲ့ပရိသတ်နဲ့က အရမ်းကို အသားကျ သွားပြီ၊ ကျွန်တော်တို့ အသံကြားတာနဲ့ Big Bag ဆိုတာကို သိနေကြတဲ့ ပရိသတ်အတွက် Big Bag ရဲ့ ပုံရိပ်ကို ဖျောက်ဖျက်လို့မရသလို ပြောင်းလဲလိုက်လို့လည်း မဖြစ်ဘူး။ Big Bag ပရိသတ်အတွက် Big Bag ဆိုတာ ရှိကိုရှိနေရမယ်။ ဒါကြောင့် ကျွန်တော် လုပ်ချင်တာတစ်ခု အတွက် အသစ်ဖန်တီးဖို့ BLOOD SUGAR POLITIK ကို ဖွဲ့စည်းခဲ့တာ။

- ကျားပေါက်ကရှေ့ဆက်မယ့် ဂီတနဲ့ဘဝ အတက်အကျ ခွဲခြားမှုနဲ့ပတ်သက်ပြီး

- ကျွန်တော့်အနေနဲ့ နောက်ဆိုရင် သီချင်းက အရမ်းကြီးဆိုဖြစ်တော့မှာ မဟုတ်ဘူး။ ဆိုကောင်းတိုင်း ဆိုလို့ရတာမျိုးလည်း မဟုတ်ဘူး။ ကျွန်တော်လည်း အကြာကြီးလုပ်လာခဲ့ပြီးပြီဆိုတော့ နောက်က လူငယ်ခြေတက်တွေကိုလည်း ကျွန်တော်တို့က နေရာပေးရမယ်။ နောက်ပိုင်း BLOOD SUGAR POLITIK နဲ့ ကိုယ်လုပ်ချင်တဲ့ ဂီတလေးတွေကိုလုပ်ဖြစ်မယ်နဲ့တူတယ်။ ပြီးရင်တော့ အပြင်စီးပွားရေးတစ်ခုတော့ လုပ်ဖြစ်လိမ့်မယ်။ စာရေးမယ်။ စာရေးရတာကို ကြိုက်တယ်။ ရေးရင်းနဲ့ကို ရေးဖြစ်လာတာ။

**- ကျားပေါက်ထဲထဲဝင်ဝင်နဲ့ ရင်းနှီးမှုအရဆုံး အရာတွေကတော့ ပို့မော်ဒန် . . .**

စာပေဘက်မှာက ပို့မော်ဒန်တို့ ရီရယ်လစ်ဇင်တို့ဆိုတာတွေရှိတယ်။ ကျွန်တော်ပိုပြီး ထဲထဲဝင်ဝင်ပြောဖြစ်ခဲ့တာက ပို့မော်ဒန်ဘက်ကပိုများတယ်။ ဆရာသစ္စာနီတို့၊ ဆရာဇော်ဇော်အောင်တို့နဲ့ ခဏခဏဝင်ထွက်ဖြစ်တယ်။ နောက်ကိုကျော်စိုး၊ အဓိကကျွန်တော့်ကို တွန်းအားပေးတာက ကိုကျော်စိုး (မင်းခိုက်စိုးစံ)။ တွေ့တာနဲ့ ရေးရေးနဲ့ တွေ့တိုင်း ပြောတာ။ သူ့ကြောင့် ကျွန်တော်ပိုရေးဖြစ်လာတာ စာရေးချင်တဲ့စိတ်နဲ့ ကာတွန်းရေးချင်တဲ့ စိတ်ကတော့ လွှမ်းမိုးနေတတ်တယ်။

**- ဘယ်လမ်းကြောင်းပေါ်မှာပဲ ဖြစ်ဖြစ်၊ကျားပေါက် ကျားပေါက်လို့ အားပေးကြတဲ့ ပရိသတ်အတွက် မှတ်မှတ်ရရ စကားလေးပြောပေးပါဦးဆိုတော့**

- သီချင်းနဲ့ ပတ်သက်တဲ့ပရိသတ်က ရှိုးတွေမှာ အဆက်မပြတ်တွေ့နေကျဆိုတော့ သိပ်ပြဿနာမရှိပေမယ့် စာဖတ်ပရိသတ်အတွက်တော့ ပြောချင်တယ်။ မှတ်မှတ်ရရ ကျွန်တော်နဲ့ တိုက်ရိုက်တွေ့ပြီး ပြောကြတာ ၆ ယောက်လောက်ရှိတယ်။ ကျွန်တော်ရေးတာတွေကိုတော့ ကြိုက်တယ်။ ဒါပေမဲ့ ရေးတာသိပ်နည်းတယ်။ သူတို့က နေရာတော်တော်များများမှာ တွေ့ချင်ဖတ်ချင်တာ၊ ကျွန်တော့်စာတွေကို သရဖူစာအုပ်မှာပဲ တွေ့ရတယ်။ ဒီတစ်လ သရဖူစာအုပ်မှာရေးပြီးသွားရင် နောက် ဘယ်သူ့အတွက်မှ ရေးလို့မရတော့ဘူး။ ကျွန်တော့်မှာ တွန်းအားအရမ်းနည်းတယ်။ ကျွန်တော်က သရဖူထဲမှာပဲပါပြီး သရဖူကပဲ ကျွန်တော့်ကို စာအုပ် ပြန်ထုတ်ပေးတာ။ အဲဒါလေးကို ကျွန်တော်က တောင်းပန်ချင်တာ၊ ကျွန်တော်က စာရေးနည်းနည်းကျဲတယ်။များများရေးနိုင်အောင်လည်း ကြိုးစားပါမယ်လို့ ပြောချင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရတီ စာဖတ်ပရိသတ်ကြီးအတွက် တစ်ခုထပ်ပိုပြီး အောင်မြင်အောင်ကြိုးစားခဲ့တဲ့ 'ကျားပေါက်'ကိုယ်တိုင်က စိတ်ရှည် ပျော်ရွှင်စွာဖြေကြားပေးခဲ့ပါတယ်။ ကျားပေါက် တစ်ယောက်၊ ခုထက်ပို၍ အောင်မြင်သောလမ်းမပေါ်မှာ ချစ်ဇနီး စုလှဲ့ဝင်း၊ ချစ်သမီး အမရာထူးလွင်တို့နဲ့အတူ အဆုံးမရှိ လျှောက်လှမ်းနိုင်ပါစေလို့ . . .**

**ယုယအိမ်**

Asian Fame Media Group




Asian Fame Media Group

# နိုင်ငံတကာ ပညာရေးအခွင့်အလမ်းများ

ဗညားမြတ်အောင်

နိုင်ငံတကာအဆင့်မီ ပညာရေးလေ့လာမယ်ဆိုရင် အကောင်းဆုံးက ဗြိတိန်နဲ့အမေရိကန်ကို သွားဖို့ အများအားဖြင့် စဉ်းစားကြပါတယ်။ ကမ္ဘာပေါ်ရှိနိုင်ငံအသီးသီးက ကျောင်းသားအများစုက ဒီနိုင်ငံ ၂ ခုကို သွားရောက်လေ့လာဆည်းပူးကြတာဖြစ်ပါတယ်။ ခုချိန်ထိက ဒီ ၂ နိုင်ငံကို သွားတာများပါတယ်။ ခုနောက်ပိုင်းမှာ ဂျပန်၊ တရုတ်၊ ဩစတြေးလျနဲ့ ဥရောပနိုင်ငံများကိုလည်း သွားရောက်လေ့လာကြတာ တွေ့ရပါတယ်။ ဗြိတိန်နိုင်ငံပညာရေးစနစ်က ယနေ့အထိ ဆက်လက်ဦးဆောင်နေဆဲဖြစ်တာကို တွေ့ရပါတယ်။

ဗြိတိန်နိုင်ငံရဲ့ ပညာရေးစနစ်ဟာ ကမ္ဘာမှာ ဦးဆောင်နေဆဲဖြစ်လို့ အမေရိကန်နိုင်ငံ အပါအဝင် တစ်ကမ္ဘာလုံးက ဗြိတိသျှပညာရေးစနစ်နဲ့ သင်ကြားတဲ့ကျောင်းတွေ ပုံတူကူးယူပြီး အထက်တန်း၊အလယ်တန်း၊ မူလတန်း ကျောင်းများ သာမက တက္ကသိုလ် ကောလိပ်များကိုလည်း ပုဂ္ဂလိကကျောင်းများ ဖွင့်လှစ်သင်ကြားနေကြတာကို တွေ့ရပါတယ်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအဖို့ ငွေကြေးမတတ်နိုင်သူတွေ အိုးမကွာ အိမ်မကွာသင်ကြားဖို့ အခွင့်အရေး ရရှိလာကြပါပြီ။



မြန်မာနိုင်ငံမှာလည်း ပညာရေးကဏ္ဍကို ဖွင့်လှစ်ပေးလာတဲ့အတွက် ပုဂ္ဂလိကကျောင်းများ နိုင်ငံတကာအဆင့်မီ ဖွင့်လှစ်လာတာကို အားပါးတရ တွေ့ရှိရပါတယ်။

အခုလို ပုဂ္ဂလိကကျောင်းတွေ ဖွင့်လှစ်သင်ကြားခွင့် ရတဲ့အတွက် ဗြိတိန်၊ အမေရိကန်နဲ့ ဥရောပနိုင်ငံတွေမှာ သွားရောက်သင်ကြားတဲ့ ကုန်ကျမှုတွေလျှော့ချနိုင်တဲ့ အစီအစဉ်တို့တွင် မိမိနိုင်ငံ၌ တစ်နှစ်၊ နှစ်နှစ်အထိ ကောလိပ်အဆင့် ပညာရေးသင်ကြားမှုရယူပြီး နောက်ဆုံးတစ်နှစ်၊ နှစ်နှစ်ကိုတော့ ဗြိတိန်နဲ့ အမေရိကမှာ သွားတက်ရောက်နိုင်သလို စင်ကာပူ၊ မလေးရှားနဲ့ ဟောင်ကောင်တက္ကသိုလ်တွေမှာ သွားတက်တာမျိုးတွေလည်း ရှိနေပါတယ်။ ဒီနိုင်ငံတွေမှာ အစအဆုံးတက်ရောက်မယ်ဆိုရင် ကျောင်းသားတစ်ဦးဟာ တစ်နှစ်အတွက် ကျောင်းလခ၊ နေထိုင်စားသောက်စရိတ်တွေ စုစုပေါင်း တစ်ဦးကို တစ်နှစ်ဗြိတိသျှပေါင် ၁၄၀၀၀ ကနေ ၂၅၀၀၀ အထိကုန်ကျနိုင်သလို၊ အမေရိကန်နိုင်ငံမှာ US ဒေါ်လာ ၁၂၀၀၀ ကနေ သုံးရင်သုံးသလောက် ကုန်ကျနိုင်ကြောင်း သိရှိရပါတယ်။ တစ်လကို ၁၅ သိန်းထက် မနည်းကုန်ကျနိုင်ပါတယ်။ မြန်မာနိုင်ငံမှာဖွင့်တဲ့ကျောင်းကို တက်မယ်ဆိုရင်တော့ တစ်ဦးကို ကျပ် ၃ သိန်းကနေ ၅ သိန်းအထိ ကုန်ကျနိုင်မှာ ဖြစ်တယ်။ တက်ရောက်သင်ကြားမယ့်ဘာသာပေါ်မှာ မူတည်ကွာခြားနိုင်ကြောင်းလည်း သိရှိရပါတယ်။

မြန်မာနိုင်ငံမှာ ဖွင့်လှစ်တဲ့ Myanmar Noble College ရဲ့ System Integrator အဖြစ် တာဝန်ယူ ဆောင်ရွက်နေသူ ဦးသုတအောင်နဲ့တွေ့ဆုံစဉ် ၎င်း၏ပြောပြချက်အရ Myanmar Noble College လို ပုဂ္ဂလိကကျောင်းတွေမှာ British Education System အတိုင်း သင်ကြားနိုင်ပြီး စရိတ်စကအပြင် အနောက်နိုင်ငံများတွင် ကြုံတွေ့ရမယ့် Cultural Shock ရုတ်ခြည်းတွေ့ရှိရမယ့် ယဉ်ကျေးမှုစရိုက် အပြောင်းအလဲ အခက်အခဲတွေကို ဒီမှာတင် ကြိုတင်လေ့လာပြင်ဆင်နိုင်ကြောင်း ရှင်းပြခဲ့ပါတယ်။ အထူးသဖြင့် ငယ်ရွယ်နုနယ်သူတွေ မရင့်ကျက်မီ မှားယွင်း တဲ့စရိုက်လက္ခဏာတွေကို အတုယူမမှားဖို့ အရေးကြီးကြောင်းသိရပါတယ်။"ဒီမှာတင်ကျွန်တော်တို့ကNative Speaker တွေနဲ့ အင်္ဂလိပ်ဘာသာစကားကို နားရည်ဝအောင် စာတွေ့လက်တွေ့ ပြုစုပျိုးထောင်ပေးတာ အလွန်ပင်အကျိုးရှိပါတယ်" လို့



Asian Fame Media Group



သူက ပြောပြပါတယ်။ အနောက်နိုင်ငံတွေမှာ Scholar တွေ ကြုံတွေ့ကြမယ့် အခက်အခဲတွေ၊ ပြဿနာတွေကို မကြုံအောင် သင်ကြားလေ့ကျင့်ပေးတာ အတော်ကို အောင်မြင်တယ်လို့ ရှင်းပြပါတယ်။

"ဒီမှာ ပုဂ္ဂလိက ကျောင်းတွေ အများအပြား ပေါ်လာပါတယ်။ ဒါပေမဲ့ တချို့ကျောင်းတွေလည်း ဟိုမှာရှိတဲ့ ကျောင်းတွေနဲ့ ချိတ်ဆက်ထားတယ်။ Approved Centre ရတယ်ဆိုပေမယ့် တချို့လည်း သိပ်ခိုင်ခိုင်မာမာ မရှိကြပါဘူး။ ကောင်းတာက Edexcel Exam Centre ရဲ့ စစ်ဆေးကြပ်မတ်မှုရှိတဲ့ စနစ်မျိုးကသာ ခိုင်မာမှုရှိပြီး ဒီမှာသင်မယ်ဆိုရင် ကလေးတွေအတွက် ခိုင်မာတဲ့သင်ကြားမှုစနစ်မျိုး ရှိဖို့လိုတယ်" လို့ ဆိုပါတယ်။

Myanmar Noble College မှာ Engineer ဘာသာရပ်၊ Business နဲ့ IT ဘာသာရပ်တွေပါ သင်ကြားနိုင်ပြီး Engineer ဘာသာရပ်ဆို၊ Civil၊ Electrical၊ Electronic နဲ့ Mechnical ဘာသာရပ်တွေကို သင်ကြားနိုင်မှာဖြစ်တယ်လို့ ဆိုပါတယ်။ အားသာချက်တစ်ရပ်အနေနဲ့ ဗြိတိန်နိုင်ငံမှာ လေ့လာဆည်းပူးလာခဲ့တဲ့ မြန်မာဆရာဆရာမများနဲ့ တိုက်ရိုက်သင်ကြားခွင့်ရပြီး Native Teacher များနဲ့ သင်ကြားခွင့်ရတာ အင်မတန်ကောင်းကြောင်း ၎င်း၏ အဆိုအရသိရပါတယ်။

ဆရာတွေကို Edexcel က Centre (England) မှ လာရောက်လေ့ကျင့်ပြီး ကြပ်မတ်နေမှ ကလေးတွေအတွက် ခိုင်ခိုင်မာမာအုတ်မြစ်ချပေးနိုင်မှာဖြစ်လို့ ဒီလိုပဲလုပ်နိုင်မှ အခြေခိုင်မာမှာဖြစ်တယ်လို့ ဆိုပါတယ်။ "ကျွန်တော်တို့နိုင်ငံမှာ အဓိကအခက်အခဲက ကျောင်းသားဗဟိုပြုလေ့လာရေးဆိုပေမယ့် လက်တွေ့သင်ကြားရေးမှာ ကျောင်းသားတွေအပိုင်းက ပြုပြင်ဖို့ရော၊ ဆရာတွေအပိုင်းက ပြုပြင်ဖို့ပါ စိန်ခေါ်မှုတွေ အများအပြားရှိနေပါတယ်။ ဒီကိစ္စကို ကျွန်တော်တို့ အလေးထားပြီး လေ့ကျင့်ပျိုးထောင်နေတာပါဟု ဆိုပါတယ်။ ကျွန်တော်တို့က "နိုင်ငံတကာ သင်ကြားလေ့လာမှုကို သွားတယ်ဆိုတဲ့နေရာမှာ ကျောင်းသားကိုယ်တိုင် ဖတ်ရှုလေ့လာ ဆင်ခြင်သုံးသပ်ပြီး ပညာရပ်ကို ထဲထဲဝင်ဝင်လေ့လာနိုင်မှ စဉ်းစားတွေးခေါ်တဲ့ အလေ့အကျင့်ရမှာပါ။ ဒီလိုလုပ်ဖို့ ဖတ်ကြားလေ့လာဖို့ 'e library' လို အခွင့်အလမ်းတွေ ဖန်တီးပေးဖို့လိုပါတယ်။ ဒီလိုလုပ်ပေးတဲ့နေရာမှာ Computer နဲ့ ဖတ်ကြားလေ့လာတတ်ဖို့၊ ဆရာနဲ့ကျောင်းသား Computer, Internet တွေနဲ့ ကြားခံလေ့လာဖို့ အလေ့အထများကိုလည်း ပျိုးထောင်ပေးရပါတယ်" လို့ ဦးသုတအောင်က ဆိုပါတယ်။

ဦးသုတအောင်က England နိုင်ငံမှာ မဟာသိပ္ပံဘွဲ့ကို Management Research ဘာသာရပ်နဲ့ ဘွဲ့ရပြီး ပါရဂူဘွဲ့စာတမ်းတင်ဖို့ သုတေသနပြုလုပ်နေသူဖြစ်ပြီး မြန်မာနိုင်ငံက ကျောင်းသားများကို နိုင်ငံတကာကျောင်းတွေ တက်ရောက်ဖို့ ကူညီပျိုးထောင်နေသူ ပညာရေးဥယျာဉ်မှူး တစ်ယောက် ဖြစ်ပါတယ်။

England နိုင်ငံ University of Reading တက္ကသိုလ်က ကျောင်းဆင်းပြီး Myanmar Noble College မှာ နည်းပြတာဝန်ထမ်းဆောင်နေသူ Ms Irida Hysenbelli အနေနဲ့ "မြန်မာကျောင်းသားတွေ Myanmar Noble College မှာ အားပါးတရသင်ယူ လေ့လာနေတာတွေ့ရတော့ အတော်ပဲဝမ်းသာပါတယ်။ ယခုလို နိုင်ငံတကာကျောင်းမျိုးရှိမယ်လို့ မထင်မိဘူး၊ အဓိကသင်ကြားပေးရမယ့် ကိစ္စက ကလေးတွေဟာ မြန်မာ့ယဉ်ကျေးမှုအရ ရှက်ရွံ့တတ်တာကိုဖျောက်ပြီး ဆရာနဲ့အကျွမ်းတဝင် မေးမြန်း၊ လေ့လာစူးစမ်းမှုတွေ တိုးတက်လာအောင် လေ့ကျင့်ပေးရင် ကလေးတွေ အရှိန်အဟုန်နဲ့ တိုးတက်လာနိုင်ပါတယ်" လို့ ဆွေးနွေးပါတယ်။

Myanmar Noble College ရဲ့ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေကျော်မြင့်ကို တွေ့ဆုံပြီး မြန်မာကျောင်းသားတွေရဲ့ တိုးတက်မှုအခြေအနေကို လေ့လာမေးမြန်းရာမှာ "ကလေးတွေက ဒီမှာ တိုးတက်မှု အားရပါတယ်၊ ကျောင်းသားဗဟိုပြုလေ့လာရေးမှာ ကျောင်းသားအပိုင်းက အဓိကပါပဲ၊ ဒါပေမဲ့ ကျောင်းသား၊ ဆရာနဲ့ မိဘ ကဏ္ဍ ၃ ရပ်စလုံး ပူးပေါင်းဆောင်ရွက်ရမှာပါပဲ။ အင်္ဂလိပ်စာသင်ကြားမှုကိုတော့ နည်းမျိုးစုံနဲ့ စီစဉ်ပေးပါတယ်။ စာပေ သင်ကြားလေ့ကျင့်ပေးရာမှာ ကျောင်းစာသင်ခန်းတစ်ခုတည်းတင် လေ့လာလို့ခုခေတ်မှာ မလုံလောက်ပါဘူး။ ပြင်ပလေ့လာရေး၊ လုပ်ငန်းခွင်လေ့လာရေးတွေပါ ဆောင်ရွက်ပေးရပါတယ်။ ဒါမှ သူတို့တွေ သင်ကြားလေ့လာမှုမှာ ဘက်စုံတိုးတက်ပါတယ်။ ဒီ့ပြင်အားကစား၊ အနုပညာရပ်တွေပါ အားတဲ့ အချိန်မှာ ပျိုးထောင်ပေးပါတယ်။ နိုင်ငံတကာမှာလည်း ဘက်စုံသင်ကြားမှုတွေနဲ့ သွားနေတာပါ"လို့ ဆိုပါတယ်။

Myanmar Noble College ၏ ပါမောက္ခတစ်ဦးဖြစ်သူ ဒေါက်တာထွန်းထွန်းဝင်းကလည်း "ကျွန်တော်တို့ဆီမှာ ဆရာတွေက မဟာဘွဲ့ရဆရာတွေနဲ့ ပါရဂူဘွဲ့ရတွေ များပါတယ်။ ကလေးတွေကို ဆရာ၊ တပည့်ဆက်ဆံမှုအပြင် မိဘနဲ့သားသမီးကို ကျောင်းတွင်းကျောင်းပြင် ဆက်ဆံရေးအမျိုးမျိုးနဲ့ ပြုစုပျိုးထောင်ရပါတယ်။ ကျွန်တော်တို့ သင်ကြားရေးစနစ်ကို ဘက်စုံစနစ်နဲ့ ပျိုးထောင်နေပါတယ်" လို့ ပြောကြားသွားပါတယ်။

နိုင်ငံတကာပညာရေးသင်ကြားမှုနဲ့ ပတ်သက်လို့ Myanmar Noble College ရဲ့ သင်ကြားမှုကဏ္ဍကို တစေ့တစောင်း လေ့လာတွေ့ရှိမှုကို မြန်မာကျောင်းသားများ ဖတ်ရှုလေ့လာ အကျိုးများစေကြောင်း တင်ပြလိုက်ပါတယ်။

**ဗညားမြတ်အောင်**

Asian Media Group



# သူတို့ပြောတဲ့ P

စကားလုံးတစ်ခုတိုင်း အကျရာ တစ်ခုတိုင်းမှာ တန်ဖိုးရှိတဲ့ အနက် အဓိပ္ပာယ်တွေ၊ ကိုယ်စားပြုတဲ့ အဓိပ္ပာယ်တွေရှိနေပါတယ်။ ဒါကြောင့် အကျရာတွေရဲ့အနက် အဓိပ္ပာယ်တချို့ကို ဖော်ထုတ်ရင်း သူတို့ပြောတဲ့ P ဆိုတဲ့ ကဏ္ဍလေးကို တင်ဆက်ပေးလိုက်ပါတယ်။

ဖြိုးစုပိုပို



## ဒါရိုက်တာမင်းထင်ကိုကိုကြီး

### Patent

**Patent** ဆိုတာ အမှန်တော့ copy right ပဲပေါ့။ မူပိုင်ခွင့်ကို ပြောတာပဲပေါ့။ စာအုပ်တစ်အုပ်ကို လှန်လိုက်တာနဲ့ copy right နဲ့ ပတ်သက်တဲ့ logo လေး တွေ့ရလိမ့်မယ်။ ဒီနိုင်ငံမှာတော့ copy right နဲ့ပတ်သက်ပြီး ပြောလာကြတာကတော့ သိပ်မကြာသေးပါဘူး။ ဒီနိုင်ငံမှာ copy right နဲ့ ပတ်သက်ပြီး အလေးထားတာ နည်းနေသေးတယ်။ အားနည်းနေသေးတယ်။ ကိုယ့် ပြည်တွင်းက ဖန်တီးထားတဲ့အရာ ဥပမာ - သီချင်းတွေ၊ ရုပ်ရှင်တွေ၊ ဗီဒီယိုတွေကိုလိုက်ပြီး copy လုပ်တာမျိုးတော့ မရှိပေမယ့် နိုင်ငံခြားက သီချင်းတို့၊ ရုပ်ရှင်တို့ကိုတော့ copy တွေ ကူးကြတယ်။ စာအုပ်ဆိုရင်လည်း ဘာသာပြန်တွေပေါ့နော်။ ကျွန်တော်တို့လည်း ဘာသာပြန်ကို တန်ဖိုးထားပြီး ဖတ်ခဲ့ရတာပဲလေ။ ကိုယ်တိုင်မှ original တွေ မဖတ်နိုင်ခဲ့တာလေ။ စာပေဘက်မှာတော့ ဘာသာပြန်ကိစ္စတွေပဲ ရှိတာပါ။ သီချင်းတွေကျတော့ melody အကုန် copy လုပ်တာမျိုး၊ စာသားလေးတွေပဲ ပြောင်းတာမျိုးအပြင် တချို့ကစာသားတွေပါ ဘာသာပြန်ပြီး သူ့အတိုင်းနီးပါးလောက် copy လုပ်ထားတာတွေ ရှိတယ်။ ဒါက အခု studio သီချင်းတွေတင် မဟုတ်ပါဘူး။ ဟိုးအရင်ကတည်းက မြန်မာသံသီချင်းတွေထဲမှာကို copy လုပ်မှန်းမသိရအောင် copy လုပ်ထားခဲ့တဲ့ သီချင်းတွေ ရှိခဲ့ပါတယ်။ ကျွန်တော်က မြန်မာ့အသံမှာ အလုပ်လုပ်ခဲ့ဖူးတော့ ဒါတွေကို သိခဲ့ရဖူးတယ်။ သီချင်းတွေကို အဲဒီလို copy လုပ်ခဲ့တာက ၁၉၆၀ လောက်တည်းက စခဲ့တဲ့အလေ့အထဆိုတော့ အခုဆိုရင် နှစ်ပေါင်းမနည်းတော့ဘူး။ copy သီချင်းတွေကိုပဲဆိုပြီး အဆိုတော်တွေလည်း အများကြီး ပေါ်ပေါက်ခဲ့ပြီးပြီ။ အခု လက်ရှိလည်း ရှိဆဲပဲပေါ့။ ရုပ်ရှင်ဘက်မှာလည်း ဒီလိုပဲ။ ကျွန်တော်တောင်မှ 'အမျှင်' ဆိုတဲ့ ကားက ကိုရီးယားကားလေးကို ကြိုက်လို့ ပြန်ရိုက်ခဲ့တာ။ ဒါပေမဲ့ တစ်ပုံစံတည်းတော့ မဟုတ်ဘူး။ Camera Angle ကအစ တူအောင် ရိုက်ကြတဲ့သူတွေ ရှိပါတယ်။ ကျွန်တော်က ကျောရိုးလေးယူပြီး တခြား idea နဲ့ပြောင်းပြီး ရိုက်ခဲ့ဖူးတယ်။ အဲဒီလိုရုပ်ရှင်တွေကို ပြန်ပြီး copy ရိုက်တာတွေကလည်း ဟိုးအရင်ကတည်းက ရှိခဲ့တဲ့ကိစ္စတွေပါပဲ။ စာအုပ်တွေအနေနဲ့ဆိုရင်တော့ ကျွန်တော်တို့ကြိုက်တဲ့ ဆရာကြီးသခင်ဘသောင်းတောင်မှ 'ပန်းသာမစာဥ'ဆိုတဲ့ စာအုပ်က copy ဖြစ်လိမ့်မယ်လို့ ဘယ်သူမှ မသိခဲ့ကြဘူး။ ကျွန်တော်တို့အရမ်းကြိုက်ခဲ့တာ။ ဆရာကြီးက မြန်မာမှုကို တအားနိုင်နင်းပြီး မြန်မာမှုပြုတာ တအားတော်တာလေ။ နောက်မှ သိကြရတာက ဒါကဘာသာပြန်ခဲ့တာ copy လုပ်ခဲ့တာဆိုတာ သိရတာလေ။

Asian Prime Media Group




# သူတို့ပြောတဲ့ P

အဲဒီတော့ မြန်မာမှုပြုမယ်ဆိုလည်း ဆရာကြီးလို လုံးဝမြန်မာမှုပြုတာမျိုးပေါ့။ ဒါမှမဟုတ် ဒါက ဘာသာပြန်ပါဆိုပြီး ရေးသားတာမျိုးပေါ့။ သေချာကို ရှင်းပြထားပြီး ဘာသာပြန်ရေးတာမျိုးပေါ့။ အဲဒါတွေက ကောင်းပါတယ်။ ဒါပေမဲ့ တချို့ကကျတော့ copy လုပ်ထားပြီး ကိုယ်တိုင် ရေးသလိုလိုပေါ့လေ၊ ဒီလိုကိစ္စလေးတွေလည်း ရှိပါတယ်။ ကမ္ဘာအသိုင်းအဝိုင်းထဲကိုဝင်ပြီး စီးပွားရေး၊ လူမှုရေးတွေလုပ်ကြတော့မယ်ဆိုရင် ဒီဉာဏပစ္စည်းပိုင်ဆိုင်မှုတို့ ဉာဏပိုင်ဆိုင်မှုတို့ကို တန်ဖိုးထားရတော့မယ်။ သူများဟာကိုလည်း တန်ဖိုးထားရမယ်။ ကိုယ့်ပိုင်ဆိုင်မှုကိုလည်း ကာကွယ်နိုင်အောင် လုပ်ရတော့မယ်။ သူများဟာ ထိမယ်ဆိုလည်း တန်ရာတန်ကြေးနဲ့ ပေးပြီး ထိကြမယ်။ ကိုယ့်ပစ္စည်းလည်း သေချာကာ ကွယ်ရမယ်။ copy right နဲ့ပတ်သက်ပြီး မြန်မာပြည်မှာ တော်တော်ကို လုပ်ယူရဦးမှာပါ။ သူများဟာတွေကို copy လုပ်ခဲ့ကြတဲ့အကျင့်က နှစ်တော်တော်ကြာအောင် စွဲနေခဲ့တာကိုး ဗျ။ ဒါကတော့ ethical အရ စောင့်ထိန်းရတာမျိုးတွေကို သိထားရမယ့်အပိုင်းတွေလည်း ရှိတယ်။ လူ့ကျင့်ဝတ်အရ မလုပ်သင့်တာတွေရှိသလို လုပ်သင့်တာတွေလည်း ရှိတယ်လေ။

## Peace

**Peace** က ငြိမ်းချမ်းရေးပေါ့။ ငြိမ်းချမ်းရေးဆိုတာ အမျိုးမျိုးရှိတယ်။ လူတစ်ဦးချင်းစီရဲ့ ငြိမ်းချမ်းရေး၊ မိသားစုရဲ့ငြိမ်းချမ်းရေး၊ ပတ်ဝန်းကျင်ငြိမ်းချမ်းရေး၊ နိုင်ငံတစ်နိုင်ငံ ငြိမ်းချမ်းရေး။ အဲဒါတွေအားလုံးက သီးခြားစီရှိနေပြီး တစ်ခုနဲ့ တစ်ခုအပြန်အလှန် ဆက်စပ်ပြီး ကမ္ဘာကြီးရဲ့ ငြိမ်းချမ်းရေးဆိုတာ ဖြစ်လာမှာပေါ့။ ကိုယ့်ရဲ့ ငြိမ်းချမ်းရေးအတွက် တခြားလူကို မငြိမ်းချမ်းအောင် လုပ်ပြီး ရတဲ့ငြိမ်းချမ်းရေးကလည်း စစ်မှန်တဲ့ ငြိမ်းချမ်းရေး မဟုတ်ဘူး။ ကျွန်တော်တို့နိုင်ငံမှာဆိုရင် လူမျိုးပေါင်း ၁၃၅ မျိုးကျော် ရှိတယ်ပေါ့။ အဲဒီလူမျိုးတွေအားလုံး ငြိမ်းချမ်းမှ တကယ့် ငြိမ်းချမ်းရေး ဖြစ်မှာပေါ့။ peace ဆိုတာက နိုင်ငံရဲ့အရေးကိစ္စဖြစ်နေတော့ peace က နိုင်ငံရေး ဖြစ်နေတာပေါ့။ ဘာလို့လဲဆိုတော့ လူတစ်ဦး တစ်ယောက်တိုင်းက နိုင်ငံမှာနေကြတာကိုး။ လူတစ်ဦးချင်းစီရဲ့ ငြိမ်းချမ်းရေးဆိုတာကလည်း နိုင်ငံရဲ့ငြိမ်းချမ်းရေးဆီကို သွားမှာလေ။ ကိုယ်ပဲ ငြိမ်းချမ်းပြီး သူများမလုံခြုံတဲ့ ငြိမ်းချမ်းရေးမျိုးတော့ မယူချင်ပါနဲ့ပေါ့။

## Pioneer

**Pioneer** ဆိုတာက ဘယ်သူမှ မလုပ်တာကို မလုပ်သေးတာကို စလုပ်တဲ့သူပေါ့လေ။ ဒါပေမဲ့ pioneer လို့ သတ်မှတ်ခံရတဲ့သူတိုင်းကတော့ သူတို့ကိုယ်သူတို့ pioneer ဖြစ်ချင်လို့ လုပ်ဆောင်မှုတွေ ထလုပ်ကြတာ မဟုတ်ဘူး။ သူတို့ရဲ့ အလုပ်ကို သူတို့အလေးထားပြီး လုပ်ခဲ့ကြတာပါ။ ပြီးတော့ သူတို့ကို pioneer အဖြစ်သတ်မှတ်ခံရတာပေါ့နော်။ ဥပမာ - ကျွန်တော်တို့မြန်မာပြည်မှာဆိုရင် ဗိုလ်ချုပ်အောင်ဆန်းပေါ့။ သူက မြန်မာ့လွတ်လပ်ရေး အတွက် pioneer ပဲ။ ဗိုလ်ချုပ်ကတော့ သူ pioneer ဖြစ်ချင်လို့ မြန်မာပြည်လွတ်လပ်ရေးရအောင် လုပ်ခဲ့တာ မဟုတ်ဘူးဗျ။ မြန်မာပြည်ကြီးကို လွတ်လပ်စေချင်တဲ့ ဆန္ဒနဲ့ပဲ လုပ်ခဲ့တာလေ။ အဲဒီလိုပဲ လျှပ်စစ်မီးကို တီထွင်ခဲ့တဲ့ အယ်ဒီဆင်တို့ တွေးခေါ်ပညာရှင်ကြီးတွေဖြစ်ကြတဲ့ ပလေတိုတို့ ဘာတို့ကလည်း pioneer ပဲလေ။ ဘာသာရေးဘက် မှာဆိုလည်း ခရစ်တော်တို့၊ ကျွန်တော်တို့ရဲ့ ဗုဒ္ဓမြတ်စွာဘုရားတို့က pioneer ပဲ။ အားလုံးက pioneer ဖြစ်ရမယ်ဆိုတဲ့ စိတ်နဲ့ လုပ်ခဲ့ကြတာ မဟုတ်ဘူး။ လူတွေ သံသရာက လွတ်မြောက်စေချင်လို့ လူတွေမီးအလင်းကို ရစေချင်လို့ ဒီလို စေတနာတွေနဲ့ပဲ လုပ်ခဲ့ကြတာပါ။ အခုဆိုလည်း ဒေါ်အောင်ဆန်းစုကြည်က human right ဆိုတဲ့ စကားလုံးကို မြန်မာပြည်မှာ သူကစပြီးပြောတယ်။ ဒီမိုကရေစီလမ်းကြောင်းကို သူက စပြီးဦးဆောင်တာလေ။ ဒါဆို သူလည်း pioneer ပဲပေါ့။ လောကမှာတော့ pioneer တွေက ရှိနေမှာပါ။ ဒီလို pioneer တွေကြောင့်ပဲ လူ့ပတ်ဝန်းကျင်မှာ ပြောင်းလဲမှုတွေ ရှိရှိလာခဲ့တာပေါ့။ ဒါကြောင့် pioneer တွေ ရှိသင့်တယ်လို့ ကျွန်တော်တော့ မြင်တယ်။

Asian Fame Media Group



စာရေးဆရာမ ဂျူး

## Pioneer

**Pioneer** ဆိုတာ သိပ္ပံပညာတစ်ခုခုကို တီထွင်လိုက်တာ၊ နယ်မြေသစ်တစ်ခုခုကို ရှာဖွေလိုက်တာကို pioneer လို့ ခေါ်တာပေါ့။ ခရစ္စတိုဖာကိုလံဘတ်ဆိုလည်း သူရှာတုန်းကတော့ အိန္ဒိယတိုက်ကို ရှာတာပဲ။ ဒါပေမဲ့ တကယ်တွေ့တော့ အမေရိကတိုက်ကို တွေ့ခဲ့ရတယ်။ ဘာပဲဖြစ်ဖြစ် တစ်ခုခုကို စပြီးရှာဖွေတွေ့ရှိတာ တစ်ခုခုကို စပြီးတီထွင်လိုက်ရင် ဒါက pioneer ပဲပေါ့။ ဒါကတော့ ဆရာမ အမြင်ပေါ့လေ။ Pioneer ဆိုတာကလည်း လူငယ်တွေပဲ။ လူငယ်ထက်စာရင် လူကြီးတွေမှာက pioneer စိတ် နည်းသွားတယ်။ လူငယ်တွေက စွန့်စားချင်ကြတယ်။ လူငယ်တွေမှာက နှောင်ကြိုးတွေ ကင်းကြတယ်လေ။ နှောင်ကြိုးဆိုတာက တစ်ခုခုကို စွန့်စားတော့မယ်ဆိုရင် နောက်ကနေ တုပ်နှောင်ထားတဲ့ အရာပေါ့။ လူငယ်တွေမှာက အဲဒီလိုတုပ်နှောင်ထားတာတွေ ကင်းတယ်။ အဲဒီတော့ လုပ်ချင်ကိုင်ချင်တဲ့ စိတ်၊ လုပ်ရဲတဲ့စိတ်၊ စွန့်စားရဲတဲ့စိတ်က လူငယ်တွေမှာ ပိုများတယ်။ လူကြီးတွေမှာကျတော့ အခြေအနေ အရပ်ရပ်ကို သုံးသပ်တဲ့စိတ်က များတယ်။ ဒါကြောင့် လူငယ်တွေက pioneer ဖြစ်နိုင်ခြေ ပိုများတယ်။ Pioneer ဆိုပေမယ့် မကောင်းတာကို လုပ်တာတော့ မဟုတ်ဘူးပေါ့။ ဥပမာ - ဘိန်းဖြူထိုးတာကို pioneer လုပ်လို့မရဘူးပေါ့။ ကိုယ်လုပ်မယ့်အရာက ကောင်းမှုဖြစ်မှာလေ။ ကိုယ်လုပ်တဲ့ အရာတိုင်းကိုလည်း ကောင်းတယ်လို့ပဲ လူတိုင်းက တွေးနေတတ်ကြတာလေ။ ဒါပေမဲ့ အဲဒီလို လုပ်မယ့်လူမရှိခဲ့ရင်လည်း pioneer ဘယ်ဖြစ်တော့မှာလဲနော်။ ကိုလံဘတ်လို pioneer မရှိခဲ့ရင် ပြီးတော့ google လိုမျိုးမရှိခဲ့ရင် ကမ္ဘာကြီးက တစ်ယောက်နဲ့တစ်ယောက် သိစရာ၊ ကမ္ဘာကြီးအကြောင်း သိစရာအကြောင်း မရှိတော့ဘူးလေ။

## Peace

**Peace** ဆိုတော့ ငြိမ်းချမ်းရေးပေါ့နော်။ အများအားဖြင့် လူတွေလက်ခံထားတာကတော့ ငြိမ်းချမ်းရေးဆိုတာ လူတွေပဋိပက္ခ မဖြစ်ကြဘူး။ စစ်တွေမဖြစ်ကြဘူးဆိုရင် ငြိမ်းချမ်းတယ်ပေါ့။ အဲဒီလို အခြေအနေတစ်ခုကို ငြိမ်းချမ်းတယ်လို့ ယေဘုယျအားဖြင့် လက်ခံထားကြတယ်။ ဒါပေမဲ့ ငြိမ်းချမ်းရေးမှာ သေချာပြောမယ်ဆိုရင် နှစ်ခုခွဲလို့ ရပါတယ်။ စစ်မဖြစ်ဘူး။ အမုန်းတွေ မရှိကြဘူး။ ပဋိပက္ခမရှိဘူးဆိုရင် negative peace လို့ ခေါ်တယ်။ ဥပမာ - အစိုးရနဲ့ လက်နက်ကိုင်တပ်ဖွဲ့တွေနဲ့ ငြိမ်းချမ်းရေးယူထားတဲ့ အခြေအနေပေါ့။ ဒါက negative peace ။ ဒါပေမဲ့ တကယ်နက်နက်နဲနဲခွဲ့ရင် peace မှာ positive peace ဆိုတာ

Asian Fame Media Group

## သူတို့ပြောတဲ့ P

**ရန်ကုန်မှာစစ်မဖြစ်ဘူး။ရန်ကုန်က မြစ်ကြီးနားနဲ့ဝေးတယ်။ဒါကြောင့် ရန်ကုန်မှာငြိမ်းချမ်းတယ်လို့ ပြောလို့ရတယ်။ဒါပေမဲ့ဒါက Negative Peaceပဲပေါ့။**

လည်း ရှိသေးတယ်။ အဲဒါက ဘယ်လိုလဲဆိုတော့ လူတွေမမုန်းကြပေမယ့် ခပ်ခွာခွာနေကြတာက ငြိမ်းချမ်းရေးအစစ် မဟုတ်သေးဘူး။ တစ်ယောက်နဲ့တစ်ယောက်ပူးပေါင်းပြီး ကိုယ့်ပတ်ဝန်းကျင်ကို ဘာတွေလုပ်ကိုင်ပေးနိုင်မလဲ။ တစ်ယောက်အရည်အချင်းကို တစ်ယောက်က လက်ခံပြီး ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်မယ်။ တစ်ယောက်မျက်နှာကို တစ်ယောက်ကကြည့်ပြီး ပြုံးနိုင်မယ်။ မေတ္တာတရားထားနိုင်မယ်ဆိုရင် ဒါက Positive Peace ပေါ့။ Peaceful Mild လို့ခေါ်တာပေါ့။ စိတ်တွေကပါ ငြိမ်းချမ်းနေရတာပေါ့။ ပြီးတော့ ရန်ကုန်မှာ စစ်မဖြစ်ဘူး။ ရန်ကုန်က မြစ်ကြီးနားနဲ့ ဝေးတယ်။ ဒါကြောင့် ရန်ကုန်မှာ ငြိမ်းချမ်းတယ်လို့ ပြောလို့ရတယ်။ ဒါပေမဲ့ ဒါက Negative Peace ပဲပေါ့။ ရန်ကုန်ကလူတွေက မြစ်ကြီးနားက လူတွေကို လူအား၊ စိတ်အား၊ ငွေအားနဲ့ ကူညီပေးရင် ဒါက Positive Peace တည်ဆောက်တာပဲပေါ့။ တကယ်တော့ အိမ်ရှေ့ပူတော့ အိမ်နောက် မချမ်းသာ ဆိုသလိုပေါ့။ကိုယ်နဲ့မဆိုင်ဘူးလို့ တွေးလို့မရဘူးလေ Negative Peace ကတော့ နံပါတ်တစ် လိုအပ်မှုပဲ။ Negative Peace က ပြီးမှ Positive Peace ကို တက်ရမှာပေါ့။ အခုခေတ် လူငယ်တွေမှာ ကူညီလိုမှုတွေ ပရဟိတစိတ်တွေ ရှိပါတယ်။



### Patent

**Patent** ဆိုတာကတော့ ကိုယ်ဖန်တီးလိုက်တဲ့ ကိုယ်တီထွင်လိုက်တဲ့အရာတစ်ခုခုကို တခြားသူတွေမသုံးအောင် ကိုယ်တစ်ဦးတည်းသုံးလို့ရအောင် နိုင်ငံတော်အစိုးရက ချမှတ်ထားတဲ့ဥပဒေအရနဲ့ ပိုင်ဆိုင်ခွင့်ပေါ့။ ဘာလို့လဲဆိုတော့ ကိုယ်ရဲ့ဖန်တီးမှု၊ တီထွင်မှုက နှစ်ပေါင်းများစွာ အချိန်တွေ ကုန်ချင်ကုန်ထားမယ်။ စိတ်ပင်ပန်းမှုတွေ များခဲ့မယ်။ ငွေကြေးကုန်ကျမှုတွေ ရှိခဲ့မယ်ပေါ့။ အဲဒီအတွက် ကိုယ့်ရဲ့ပိုင်ဆိုင်ခွင့်ကို အစိုးရဆီတင်ပြီး ပိုင်ဆိုင်မှုကို ထိန်းသိမ်းတာပေါ့။ ဒါက ပြောရင် Copy Right ပဲပေါ့။ ဒါက ပစ္စည်းတစ်ခုခု၊ နည်းလမ်းတစ်ခုခု ဖြစ်နိုင်တာပေါ့။ သူများမပိုင်အောင် မရောင်းအောင် မှတ်ပုံတင်ထားတာကို Patent လို့ ခေါ်တာပေါ့။ မြန်မာပြည်မှာက Burma Patent Right ဆိုတာကို အင်္ဂလိပ်ခေတ်က စခဲ့တာပေါ့။ ဒုတိယကမ္ဘာစစ်မဖြစ်ချင်ကပေါ့။ အခုချိန်ထိ ကမ္ဘာမှာ နိုင်ငံတိုင်းမှာ Patent Right မရှိသေးဘူး။ တစ်ကမ္ဘာလုံးမှာ နိုင်ငံပေါင်း ၁၃၀ လောက်မှာပဲ ရှိသေးတယ်။ အဲဒီထဲမှာ တို့မြန်မာပြည်ပါခဲ့တယ်။ ဒါပေမဲ့ Patent Acts ရှိတာက တစ်ပိုင်း၊ ဒါကို Laws In Forcement လို့ခေါ်တဲ့ ထပ်ပြီးရှင်သန်နေအောင် လုပ်တာက တစ်ပိုင်းပေါ့။ ဆရာမသိသလောက်တော့ 1957 ပတ်ဝန်းကျင်လောက်မှာ Patent Acts တစ်ခုထပ်ပြီး ချမှတ်တယ် ပြောတယ်။ မြေနဲ့ပတ်သက်တဲ့ Patent တွေကတော့ အရင်တည်းက ရှိခဲ့တာပါ။ ဒါကို ဂရန်လို့ခေါ်တယ်လေ။ မြန်မာပြည်မှာ Patent Right ဆိုတာက ဒီမြေဂရန်တွေက စခဲ့တာပဲ။ ဒီတော့ မြေနဲ့ပတ်သက်ပြီး ရှင်သန်နေပေမယ့် တခြားကိစ္စတွေမှာတော့ Patent Right က ရှိတာပဲ ရှိတယ်၊ မရှင်သန်နေဘူးပေါ့။ အခုနောက်ပိုင်းမှာတော့ လူတွေပြောလာကြပါပြီ။ Movie တို့ သီချင်းတို့က အဓိကပေါ့။ အနုပညာကိစ္စတွေပေါ့လေ။ ဆရာမတို့စာရေးဆရာတွေ ဆရာမတွေကတော့ သိပ်ပြီးပြဿနာမဖြစ်ကြဘူး။ ကိုယ်ရေးထားတဲ့စာကိုလည်း ဘယ်သူကမှ သူရေးတာပါဆိုပြီး မပြောကြဘူး။ ဥပမာ - သီချင်းဆိုရင်လည်း ဒီသီချင်းက ဘယ်သူပိုင်မလဲ၊ ဆိုသူကလားရေးသူက လားဆိုတဲ့ အငြင်းပွားစရာတွေ ဖြစ်လာတာပေါ့။ တီထွင်မှုမှာဆိုရင်လည်း ဂျပန်က ဓာတ်အားပေးစက်ရုံတည်တယ်။ ပြီးတော့ ပတ်ဝန်းကျင်မှာ လေထုညစ်ညမ်းမှုမရှိအောင် လျှပ်စစ် ဓာတ်အား ထုတ်နိုင်တယ်။ ဒါကို ဆရာမတို့ မြန်မာပြည်က လိုချင်တယ်ဆိုပါတော့။ ဒါဆိုရင် သူတို့က နည်းပညာကို ရောင်းမလားဆိုတာမျိုးပေါ့။ အပြန်အလှန် သဘောတူညီမှုတွေနဲ့ တရား ဝင်ယူမှရမယ်။ ဒါမျိုးတွေပေါ့။ နောက်ပြီး တစ်ခါ တလေမှာ Patent Right ဆိုတာက Human Right နဲ့ ဆက်စပ်နေတတ်သေးတယ်။ ဥပမာ-ဓာတ်ပုံဆရာ တစ်ယောက်က မိဘမဲ့ကလေးကို ဒါမှမဟုတ် HIV ကူးစက်ခံထားရတဲ့ကလေးကို ဒါမှမဟုတ် မိန်းကလေးငယ်တစ်ယောက်ယောက် ကို ဓာတ်ပုံရိုက်ခဲ့တယ်ဆိုပါတော့။ ဒီဓာတ်ပုံကို Patent Right အရ ဓာတ်ပုံဆရာက ပိုင်ပါတယ်။ ဒါပေမဲ့ အရိုက်ခံလိုက်ရတဲ့သူတွေအတွက် နစ်နာမှုတွေ ကတော့ ရှိပြီပေါ့။ ကာယကံရှင်ရဲ့ ခွင့်ပြုမှု ရပြီးမှ ရိုက်ခဲ့ရင်တော့လည်း တစ်မျိုးပေါ့လေ။ အမှန်တော့ ဓာတ်ပုံ အရိုက်ခံရတဲ့ သူတွေမှာလည်း Patent Right ဆိုတာ ရှိသင့်တယ်လို့ ဆရာမ တော့ မြင်တယ်။

Asian Fame Media Group



## သူတို့ပြောတဲ့ P

### ဒီဇိုင်နာ မပုံ့ (My Favourite)

### Pioneer

**Pioneer** ဆိုတာ စပြီးတီထွင်တာပေါ့။ စွန့်ဦးတီထွင်တယ်။ အရင်ဆုံး စွန့်စားပြီး တီထွင်ရင် Pioneer ပေါ့။ ကမ္ဘာမှာတော့ fashion လောကမှာ အရင်ဆုံး ဒီဇိုင်းစထွင်တယ်ဆိုတာမျိုးတွေ ရှိတာပေါ့။ ဒီပုံစံကို ဒီ brand က စလုပ်လိုက်ပြီဆိုတာမျိုးပေါ့။ အစ်မတို့ မြန်မာပြည်မှာကျတော့ အဲဒီလို ဒီဇိုင်းတစ်ခုကို စပြီးထွင်ဖို့ မတူအောင် ထွင်လိုက်ဖို့ဆိုတာ တော်တော်ခက်တယ်။ ဘာလို့လဲဆိုတော့ မြန်မာပြည်က client တော်တော်များများက ဒီဇိုင်းတစ်ခုကို ဆွဲပြီဆိုရင် တော်တော်နဲ့ပြောင်းဖို့ လက်မခံချင်ကြဘူး။ ပြီးတော့ ဒီဇိုင်းအသစ်ကို ဝတ်ရင်လှပ့ါမလား ဆိုတဲ့ ယုံကြည်မှုလည်း လျော့တတ်တယ်။ ဒီဇိုင်းအသစ်ကို ပြောင်းပြီးမြင်ဖို့က ကျတော့လည်း မျက်စိတွေက ခက်ခဲနေတတ်တယ်။ ကမ္ဘာမှာက နှစ်ကုန်သွားရင် နောက်ဒီဇိုင်းတစ်ခု ခေတ်စားတယ်။ ဒီမှာကကျတော့ ကြိုက်ပြီးသားဟာကိုပဲ စွဲနေတတ်တယ်။ အရောင်ကအစပေါ့။ ဒီအရောင်ဆိုရင် ဒီအရောင်ပဲ။ မင်္ဂလာဆောင်ဆိုလည်း ဒီအရောင် ဒီပုံစံဆိုရင် ဒီအတိုင်းပဲ။ ထပ်ပြီးကွန့်ဖို့ ဆန္ဒမရှိကြဘူး။ အဲဒီတော့ အစ်မတို့က ဒီဇိုင်းတစ်ခုကို ထွင်ချင်တယ်ဆိုရင် celebrities တွေကို ထွင်ပေးပြီး ဆင်ရတယ်။ အကယ်ဒမီပွဲတို့ ဘာတို့မှ ထွင်ပြီးချုပ်ပေးရတယ်။ အဲဒါတွေကို ကြည့်ပြီးမှ လှတယ်ဆိုပြီး client တွေက design သစ်တွေကို ဝတ်ကြလေ့ရှိတာပေါ့။ ကမ္ဘာမှာတော့ design အသစ်ထွင်မယ်ဆိုရင် collection ဆိုပြီး show ပွဲကြီးလုပ်လိုက်တာပေါ့။ ဒီမှာကတော့ အဲဒီလို show ပွဲလုပ်ဖို့ဆိုတာကလည်း မလွယ်ဘူးလေ။ ဒီနိုင်ငံမှာတော့ design တစ်ခုကို Pioneer အနေနဲ့ ထွင်ချင်တယ်ဆိုရင် ဖောက်ရတာတော့ ခဲယဥ်းတယ်။ ကမ္ဘာမှာတော့ Pioneer Designer တွေဆိုရင်တော့ အီတလီက များတယ်။ နောက်ပိုင်း ပြင်သစ်ကလည်း ရှိလာတယ်။ အာရှမှာဆိုရင်တော့ ဂျပန်က designer တွေ ရှိနေတယ်။ တီထွင်မှု ဆန်းသစ်မှုတွေကတော့ ရှိနေရမှာပါ။



### Patent

**Patent** က မူပိုင်ခွင့် ခေါ်မှာပေါ့။ အစ်မတို့ ရဲ့ designer လောကမှာတော့ ဒါကမရှိဘူးလို့ပြောရလိမ့်မယ်။Design ကိုပေါ့လေ။ Brand Name ကတော့ မရဘူးပေါ့။ Brand Name မှာတော့ Copy Right ရှိတာပေါ့။ Channel ဆိုလည်း Channel ရဲ့ logo ကို ယူလိုက်ရင်တော့ တရားစွဲလို့ရတယ်။ ဒါပေမဲ့ design ပိုင်းမှာတော့ reference ယူလို့ ရပါတယ်။ အကုန်ပုံတူကူးရင်တော့ copy ပေါ့။ ဒါပေမဲ့ reference လုပ်ရုံ လောက်ဆိုရင်တော့ ဘာမှပြောပိုင်ခွင့် မရှိပါဘူး။ ဥပမာ ရှေ့တိုနောက် ရှည် skirt တွေ ခေတ်စားတယ်ဆိုရင် brand လေးငါးခုကနေ ဒီလို skirt ပုံစံတွေကို ဆင် တူယိုးမှားလေးတွေ ထွက်လာတာပဲ။ ကာလာဆိုလည်း အခု

Asian Fame Media Group






ခေတ်စားတာက peach color ဆိုရင် အဲဒီ peach color တွေကို brand လေး၊ ငါးခုက ထွက်လာတာပဲ။ Reference လုပ်လို့ရတယ် ဆိုပေမယ့် အကုန်အတိအကျ ယူ လိုက်ရင်တော့ ကိုယ့်သိက္ခာအရရော၊ လူတွေရဲ့ ကျင့်ဝတ်အရရော မလုပ်သင့်ဘူးပေါ့။ ကိုယ့်ဒီဇိုင်းကို မှတ်ပုံတင်မတင်ထားဘူးဆိုရင်လည်း ကိုယ်ပိုင်တယ်လို့ ပြောလို့မရပြန်ဘူးပေါ့။ ဒီဇိုင်းနာတွေကလည်း ကိုယ်ထွင်သမျှ ဒီဇိုင်းတွေ အားလုံးကို ဘယ်သူမှ မှတ်ပုံတွေမတင်နိုင်ကြဘူးလေ။ ဘယ်လိုလုပ်လို့ ရမလဲဆိုတော့ brand တစ်ခုလုပ်ပြီး အဲဒီ brand name ကိုတော့ မှတ်ပုံတင်ထားလို့ ရတာပေါ့။ ဒါပေမဲ့လည်း ကိုယ့်ဒီဇိုင်းကို လူတွေက လာချုပ်ပြီး လူတွေအများကြီး ဝတ်ကြတယ်ဆိုတော့လည်း ကိုယ့် ဒီဇိုင်းရဲ့ အောင်မြင်မှုလို့ ပြောလို့ရပြန်ရောပေါ့။

## Peace

**Peace** က ငြိမ်းချမ်းရေးပေါ့။ အဲဒီတော့ ငြိမ်းချမ်းရေးဆိုပြီး စကားကြီးကြီးတော့ အစ်မက မပြောနိုင်ပါဘူး။ အစ်မ သိသလောက်လေးပဲ ပြောရရင်တော့ ငြိမ်းချမ်းရေးဆိုတာကို လူတိုင်းက လိုချင်ကြတာပဲ။ မိသားစုဆိုလည်း မိသားစုတွင်းမှာ ငြိမ်းချမ်းချင်ကြတာပဲလေ။ ကိုယ်ကဖက်ရှင်ဆိုင်လေးလုပ်တယ်ဆိုတော့ ဆိုင်က ဝန်ထမ်းတွေနဲ့ အစ်မနဲ့ ပြီးတော့ ဝန်ထမ်းတွေအချင်းချင်းလည်း ငြိမ်းချမ်းချင်ကြတာပဲပေါ့။ တစ်နိုင်ငံလုံးက လူတွေက အစ်မလို စိတ်မျိုးပဲရှိကြတာပါ။ အခု မြန်မာပြည်မှာဆိုရင် နေရာတော်တော်များများက ငြိမ်းချမ်းနေပေမယ့် တချို့နေရာတွေမှာကျတော့ မငြိမ်းချမ်းရှာကြဘူး။ စစ်ဘေးတွေ သင့်နေကြတယ်။ အားလုံးက ငြိမ်းချမ်းနေရင်တော့ အကောင်းဆုံးပဲလေ။ ဒါကြောင့် အစ်မဆိုရင်လည်း အခု စစ်ဘေးသင့်နေတဲ့ သူတွေကို တတ်နိုင်သလောက် လှူတာလေးတွေ လုပ်ပေးပါတယ်။ အစ်မတို့ သူငယ်ချင်းတွေစုပြီး လှူကြတာပါ။ အစ်မတို့ ဝင်ရောက်လို့ရတဲ့ နေရာကနေ ငြိမ်းချမ်းရေးအတွက် ဝင်ကူတာပါ။ အစ်မတို့ designer Group MFDG စုဖြစ်ကြတယ် ဆိုတာလည်း ဒီဇိုင်းနာတွေအချင်းချင်း Peace လုပ်ကြတာပါပဲ။ အရင်တုန်းကဆိုရင် ဒီဇိုင်းနာတွေက အချင်းချင်း မစည်းလုံးနိုင်ကြဘဲ အချင်းချင်း ပြိုင်ကြဆိုင်ကြနဲ့ပေါ့။ အခုလို အဖွဲ့လေးဖွဲ့ဖြစ်သွားတော့ အခြေအနေက ပြောင်းသွားတယ်။ တစ်လကို တစ်ကြိမ် (သို့မဟုတ်) နှစ်ကြိမ် တွေ့ဖြစ်ကြပြီး ဒီဇိုင်းပိုင်း အခြေအနေတွေ အခက်အခဲတွေကို ဆွေးနွေးတိုင်ပင်ဖြစ်ကြတယ်။ တစ်ယောက်ကို တစ်ယောက်က ကူညီပေးကြတယ်။ ကိစ္စတစ်ခုခု ဖြစ်လာခဲ့ရင် အားလုံးဆွေးနွေးပြီး ဖြေရှင်းကြတယ်။ ပြီးတော့ international က ကျတော့လည်း အစ်မတို့နိုင်ငံမှာ ဒီလို group လေးရှိတယ်ဆိုတာ သိသွားတော့ သူတို့ဆီမှာလုပ်တဲ့ ပွဲတွေကို လှမ်းဖိတ်တယ်။ အဲဒါဆိုရင် အစ်မတို့က အလှည့်ကျစနစ်နဲ့ ပွဲတွေသွားကြတယ်။ ဒါက Peace ဖြစ်လာတဲ့အတွက် ရလာတဲ့ အခွင့်အရေးတွေပေါ့။ ဒါကြောင့် Peace ဆိုတာက ဘယ်အဖွဲ့အစည်းမှာမဆို ရှိကိုရှိနေရမယ့် အခြေအနေတစ်ရပ်လို့ အစ်မတော့ မြင်ပါတယ်။

**ဖြိုးစုပိုပို**

Asian Fame Media Group







Asian Fame Media Group
MEDIA GROUP

# ဒေသသင်္ကေတ

လှမြင့်ဆွေ

## ရခိုင်တို့ရဲ့ နောက်ဆုံးရှေးဟောင်းမြို့တော်

မြန်မာနိုင်ငံအနောက်ဘက်၊ ကမ်းရိုးတန်းဒေသက ရခိုင်တိုင်းရင်းသားတွေဟာ သမိုင်းကြောင်းအရှည်ဆုံး ၊ စည်းလုံးညီညွတ်မှုအရှိဆုံးနဲ့ ရာဇဝင်မှတ်တမ်းတိတိကျကျအရှိဆုံး လူမျိုးစုဖြစ်တယ်လို့ သမိုင်းလေ့လာသူတွေက ဆိုကြပါတယ်။ ရခိုင်တိုင်းရင်းသားတွေဟာ မိသားစုထဲမှာ 'အဖ' ကိုအကြီးအကဲထားသလို မိသားစုထဲကပေါက်ဖွားလာတဲ့ အကြီးဆုံးကိုအကြီးအကဲထားပြီး ဩဇာခံယူတတ်တဲ့လူမျိုးတွေ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ရှေးခေတ်ကတည်းကရခိုင်ဘုရင်တွေဟာ သားစဉ်မြေးဆက်အလိုက် အမွေဆက်ခံ နန်းတက်လေ့ရှိကြပါတယ်။ နန်းလုပွဲဆိုတာ မရှိသလောက်ရှားပါတယ်။ ခေတ်အဆက်ဆက် ရခိုင်ပြည်ကို အုပ်ချုပ်ခဲ့ကြတဲ့ ရခိုင်မင်းဆက်တွေကတော့ ဘီစီ ၃၃၂၅ မှ ဘီစီ ၁၅၀၇ အထိ ၊ ပထမဓညဝတီ ခေတ် ၊ ဘီစီ ၁၅၀၇ မှ ၅၈၀ ထိ၊ ဒုတိယဓညဝတီခေတ် ၊ ဘီစီ ၅၈၀ မှ အေဒီ ၃၂၆ ထိ ၊ တတိယဓညဝတီ ခေတ်၊ အေဒီ ၃၂၇ မှ ၈၁၈ ထိ၊ ဝေသာလီကျောက်လှေခါးခေတ် ၊ အေဒီ ၈၁၈ မှ ၁၄၃၀ ထိ လေးမြို့ခေတ်၊ အေဒီ ၁၄၃၀ မှ ၁၇၈၄ ထိ မြောက်ဦးခေတ်တို့ပဲဖြစ်ပါတယ်။

မြောက်ဦးဟာ ရခိုင်ဘုရင်တွေရဲ့ နောက်ဆုံးရှေးဟောင်း သမိုင်းဝင် မင်းနေပြည်တော်ဖြစ်တာမို့ မြောက်ဦးမြို့နဲ့ ပတ်ဝန်းကျင်အနီးတစ်ဝိုက်မှာ နန်းတော်မြို့ရိုးတွေ ၊ ကျုံးခံတပ်တွေ ၊ နောက်ဆုံးရခိုင်ဘုရင်မင်းဆက်တွေ တည်ထားလှူဒါန်းခဲ့ကြတဲ့ သမိုင်းဝင်ရှေးဟောင်းဘုရား ၊ ပုထိုးစေတီတွေ ၊ ရှေးဟောင်းယဉ်ကျေးမှုလက်ရာ အများအပြားတွေကို ဒီကနေ့တိုင်အောင်တွေ့မြင်နေရပါတယ်။





Asian Fame Media Group
MEDIA GROUP








Asian Fame Media Group

သမိုင်းဝင်မြောက်ဦးမြို့ ပတ်ဝန်းကျင်ဒေသတစ်ခုလုံးဟာ ထူထပ်နက်ရှိုင်းတဲ့ တောင်တန်း ၊ တောင်စွယ် နဲ့ လွင်ပြင်ကျယ်နေရာတွေမှာ စေတီ ၊ ဘုရား ၊ ဂူ ၊ ကျောင်း အများအပြားတည်ဆောက်ခဲ့တာကို ကြည့်ခြင်းအားဖြင့် ရှေးမြောက်ဦးဘုရင်တွေနဲ့ မြောက်ဦးသူ၊ မြောက်ဦးသားတွေဟာ ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု ကိုင်းရှိုင်းတဲ့သူတွေဖြစ်တယ်ဆိုတာ ထင်ရှားလှပါတယ်. . ဒီကနေ့မြောက်ဦးတစ်ဝိုက်မှာ မရှင်းလင်းနိုင်သေးတဲ့ မြောက်မြားစွာသော စေတီ ၊ ဘုရား ၊ ပုထိုးတွေဟာ ဆူး ၊ ခြုံနွယ်တွေ ဖုံးလွှမ်းနေဆဲပဲဖြစ်ပါတယ်. . "သဇင်ပန်းခိုင် ၊ တမြိုင်မြိုင် ၊ ရခိုင်ဘုရားပေါင်း " ဆိုတဲ့စကားနဲ့အညီ ဗုဒ္ဓသာသနာတော်ကျယ်ပြန့်ထွန်းကားခဲ့တဲ့ မြောက်ဦးအပါအဝင် ရခိုင်ပြည်နယ်တစ်ခုလုံးဟာ ရှေးဟောင်းသမိုင်းဝင် ရှေးဟောင်းယဉ်ကျေးမှုလက်ရာတွေနဲ့ ပြည့်လို့နေတာကြောင့် ရခိုင်လူမျိုးတွေရဲ့ မြင့်မားလှတဲ့ သမိုင်းအဆင့်အတန်းနဲ့ အရေးပါလှတဲ့ ယဉ်ကျေးမှုအရင်းအမြစ်များရဲ့ မြင့်မြတ်မှုကို ပြသနေတာဖြစ်တယ်လို့ ဆိုရမှာဖြစ်ပါတယ်. . . ။



မြောက်ဦးမြို့ဟောင်းမှာထင်ရှားတဲ့ သမိုင်းဝင်ဘုရားစေတီတွေကတော့ သျှစ်သောင်း (ခေါ်) ရန်အောင် ဇေယျပုထိုးတော်ကြီး ၊ ကိုးသောင်းပုထိုးတော်ကြီး ၊ ထုက္ကန့်သိမ်ပုထိုးတော်ကြီး ၊ လေးမျက်နှာစေတီ ၊ ရတနာမာန်အောင်စေတီ ၊ မင်္ဂလာမာရ်အောင်စေတီ ၊ ဇိနမာရ်အောင်စေတီ ၊ ရတနာပုံစေတီ ၊ ဝေသာလီဘုရားကြီး၊ ဘုရားပေါ်ဘုရားကြီး ၊ ရီတံခါးဘုရားကြီး ၊ ပန်းကုံးသိမ် ၊ ရွှေကြာသိမ်ပုထိုးနဲ့ အခြားထင်ရှားကျော်ကြားတဲ့ ဘုရားစေတီ ၊ ပုထိုးတော်တွေပဲဖြစ်ပါတယ်. . . ။

မြောက်ဦးမြို့ဟာ ကြွင်းကျန်ရစ်ခဲ့တဲ့ နန်းတော် ၊ မြို့ရိုး ၊ စေတီ ၊ ပုထိုးတွေနဲ့ ပြည့်လျှမ်းပြီးနေသလို မြောက်ဦးပတ်ဝန်းကျင်မှာလည်း သမိုင်းဝင်တဲ့မြင်ကွင်းကျယ် ပုံရိပ်တွေဟာ မြောက်မြားစွာရှိနေသေးတာလည်း ကျွန်တော်တို့အပါအဝင် ဗဟုသုတရှာဖွေကြတဲ့ နိုင်ငံခြားခရီးသွားဧည့်သည်များအတွက် လေ့လာစရာများ မကုန်ခန်းနိုင်အောင် ရှိတယ်လို့ ဆိုရမှာဖြစ်ပါတယ်.











Asian Fame Media Group



ရခိုင်ရာဇဝင်သမိုင်းတွေရဲ့အဆိုအရ တတိယဓညဝတီခေတ်ဦးမှာ ရခိုင်ဘုရင် စန္ဒသူရိယမင်းဟာ အိန္ဒိယနိုင်ငံ ၊ မဇ္ဈိမဒေသမှာ ဗုဒ္ဓဘုရားရှင်ပွင့်တော်မူတာကိုကြားရတဲ့အတွက် မနောမိဋ္ဌာန်နဲ့ ပင့်ဖိတ်ခဲ့ရာမှာ ဗုဒ္ဓဘုရားရှင်ဟာ သက်တော် ၅၅ နှစ် ၊ ဝါတော် ၂၀ ၊ မဟာသက္ကရာဇ် ၁၂၃ခုနှစ် ကဆုန်လ (ဘီစီ ၅၅၄) မှာ ရာဇဂြိုဟ်ပြည်မှ တပည့်ရဟန်းအပါး ၅၀၀ ခြံရံပြီး ဓညဝတီ ရခိုင်ပြည်ကို ကြွချီတော်မူလာခဲ့တယ်လို့သိရပါတယ်။ စန္ဒသူရိယမင်းဟာ ဗုဒ္ဓဘုရားရှင်ကိုကြည်ညိုတော်မူတဲ့အတွက် အမြဲတစေကိုးကွယ်နိုင်ရန် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ တည်ထားကိုးကွယ်ခဲ့ရာမှ ဗုဒ္ဓသာသနာတော်ဟာ ထွန်းကားပြန့်ပွားခဲ့တာဖြစ်ပါတယ်။

ရခိုင်တိုင်းရင်းသားတွေရဲ့ ရိုးရာယဉ်ကျေးမှုဆိုင်ရာ ဓလေ့ထုံးစံတွေထဲမှာ တန်ခူးလမှာပြုလုပ်တဲ့ 'ရီလောင်းပွဲ' (သင်္ကြန်ရေပက်ကစားခြင်း)ဟာ အထူးစိတ်ဝင်စားဖို့ကောင်းပါတယ်. . . ရခိုင်တိုင်းရင်းသားတွေဟာ ဗုဒ္ဓဘာသာဝင်များပီပီ ရေပက်ကစားခြင်းမပြုလုပ်မီမှာ ဗုဒ္ဓဘုရားရှင်ကို "ဘုရား ရီချိုးပွဲ" (ဘုရားရေ သပ္ပာယ်ပွဲ) ပြုလုပ်ပြီးမှ ရေကစားမှုကိုစတင်တာဖြစ်ပါတယ်. . ဘုရားရေသပ္ပာယ်ဖို့ လိုအပ်တဲ့ အမွှေးနံ့သာ တွေဖြစ်တဲ့ နံ့သာဖြူ နံ့သာနီ၊ ကရမက်၊ အမွှေးရနံ့တွေကို သွေးဖို့ "နံ့သာသွေးည" ဆိုပြီး သင်္ကြန်အကြိုနေ့မှာ ရပ်ကွက်ထဲက မိန်းမကြီး၊ မိန်းမငယ်တွေဟာ ကိုယ့်အိမ်ကနေ သနပ်ခါးကျောက်ပျဉ်တို့၊ နံ့သာဖြူ နံ့သာနီ၊ ကရမက်စတာတွေကို ယူဆောင်လာကြပြီး ပျော်ပျော်ပါးပါး နံ့သာတွေကို စုပေါင်းသွေးကြပါတယ်. . အဲဒီအချိန်မှာ ကာလသားလူငယ်၊ လူရွယ်ယောကျ်ားလေးတွေက ရိုးရာဂီတဟန်နဲ့ တီးမှုတ်ကခုန်ကြပါတယ်. .။ နောက်တစ်နေ့'ဘုရားရီချိုးနေ့'မှာတော့ ဘုရားကျောင်းကန်ကို သွားရောက်ကြပြီး ဘုရားဆင်းတုတော် တွေကို ရေသပ္ပာယ်ခြင်း၊ အမွှေးနံ့သာတို့နဲ့ ဖျန်းပက်ခြင်း စတဲ့အလှူဒါနတွေ ပြုလုပ်ကြတာဖြစ်ပါတယ်. . .။ ဒီရိုးရာဓလေ့ဖြစ်တဲ့ 'ဘုရားရီချိုးပွဲ'ကို ရန်ကုန်ရောက် ရခိုင်သူရခိုင်သားတွေဟာ နှစ်စဉ် ရန်ကုန်မြို့၊ သိမ်ဖြူကွင်းမှာ ကျင်းပလေ့ရှိကြပါတယ်. . .












Asian Fame Media Group



ရခိုင်ပြည်နယ်မှာ နေထိုင်ကြတဲ့လူမျိုးတွေထဲမှာ ရခိုင် ၊ မရမာကြီး ၊ မြို (ခေါ်) ခမီ၊ ဒိုင်းနက် ၊ သက် ၊ ကမန် ၊ လင်းကဲ ၊ အနူး ၊ ရှမ်းဒူး ၊ ခေါင်စိုချင်းနဲ့ ဗမာလူမျိုးတွေရှိကြပေမယ့်လည်း အများဆုံးကတော့ ရခိုင်လူမျိုးတွေပဲ ဖြစ်ပါတယ်. . ရခိုင်လူမျိုးတွေဟာ အရပ်ဒေသကွဲပြားပေမယ့် 'ရခိုင်လူမျိုး' ဆိုတဲ့အမည်ကိုပဲ တညီတညွတ်တည်း လက်ခံထားကြတာဖြစ်ပါတယ်. . အင်္ဂလိပ်ကိုလိုနီလက်ထက်တုန်းက စကားသံ ၊လေယူလေသိမ်း နည်းနည်းကွာခြားတာကို အခွင့်ကောင်းယူပြီး ရခိုင်သား ၊ ရမ်းဗြဲသား ၊ မာန်အောင်သား၊ ချောင်းသား ၊ သံတွဲသား စသဖြင့် ဒီရခိုင်တစ်မျိုးတည်းကိုပဲ လူမျိုးကွဲပြားနေသလို နယ်ချဲ့တွေက နာမည်အမျိုးမျိုးတပ်ပြီး ခေါ်ခဲ့တာဖြစ်ပါတယ်. . အမှန်တော့ဒါဟာ နယ်ချဲ့ကိုလိုနီတွေရဲ့ သွေးခွဲဖို့အကြံနဲ့ မှားယွင်းနာမည်တပ်တာမို့ ရခိုင်လူမျိုးအားလုံးက လက်မခံခဲ့ကြပါဘူး. . ရခိုင်လူမျိုးတစ်မျိုးတည်းအဖြစ်သာ သတ်မှတ်ထားတာဖြစ်ပါတယ်. . . ။

မြောက်ဦးမြို့ဟောင်းကို လာရောက်နိုင်တဲ့လမ်းကြောင်းတွေကတော့ ရန်ကုန်ကနေ စစ်တွေကို အမ်းတောင်ကြားလမ်း ဒါမှမဟုတ် တောင်ကုတ်တောင်ကြားလမ်းကသွားတဲ့ ကားလမ်းခရီးဖြစ်ဖြစ် ရန်ကုန်ဆိပ်ကမ်းကနေ စစ်တွေကို သင်္ဘောကြီးတွေနဲ့သွားတဲ့ ရေကြောင်းလမ်းခရီးဖြစ်ဖြစ် ၊ ရန်ကုန်လေဆိပ်ကနေ စစ်တွေလေဆိပ်ကိုသွားတဲ့ လေကြောင်းလမ်းခရီးဖြစ်ဖြစ်သွားနိုင်ပြီး စစ်တွေကနေ မြောက်ဦးကိုတော့ ကားနဲ့ဖြစ်ဖြစ် ၊ စက်လှေ ၊ မော်တော်ဘုတ်နဲ့ဖြစ်ဖြစ် သွားလို့ရပါတယ်. . ဒါပေမဲ့ ရခိုင်ဒေသဟာ မိုးရွာသွန်းမှု များပြားပြီး စိုစွတ်တဲ့နေရာဖြစ်တာကြောင့် ပွင့်လင်းရာသီဖြစ်တဲ့ အောက်တိုဘာဆန်းကနေ မေလအကုန်ထိသာ သွားလို့အသင့်တော်ဆုံး ဖြစ်တယ်လို့ဆိုရမှာ ဖြစ်ပါတယ်. . . ။

ဘယ်လိုပဲဖြစ်ပါစေ . . မြောက်ဦးမြို့ဟာ ရခိုင်တိုင်းရင်းသားတွေရဲ့ " ဒေသသင်္ကေတ " ဖြစ်တဲ့အတွက် ပြည်ပကခရီးသွားတွေသာမက ပြည်တွင်းက ကျွန်တော်တို့တိုင်းရင်းသားတွေအားလုံးပါ ရခိုင်ပြည်ကို သွားရောက်ကြဖို့ တိုက်တွန်းပါရစေ. . ■



Asian Fame Media Group
af MEDIA GROUP



# Beyond the Women

## Dr . Thet Thet Khine

ခမ်းနားတဲ့ပြင်ဆင်မှုတွေနဲ့ တင့်တယ်နေတဲ့ အိမ်ကြီးရဲ့ ဧည့်ခန်းအဝင်ကနေ ဖော်ရွေတဲ့ အပြုံးနဲ့ ဆီးကြိုနေသူ သူမကတော့ ရင့်ကျက်တည်ငြိမ်စွာ ကျက်သရေရှိရှိ လှပနေသူ ဒေါက်တာသက်သက်ခိုင်ပါပဲ... ရွှေနန်းတော် ရတနာ ရွှေဆိုင်ရဲ့ပွဲ့ကိုင်ရှင်တစ်ဦးဖြစ်တဲ့ ဒေါက်တာသက်သက်ခိုင်ရဲ့ဘဝစကားတွေကို နားထောင်ကြည့်တဲ့ အခါမှာတော့....

ဖြိုးစုပိုပို

Asian Fame Media Group

**အရင်ဆုံး အစ်မရဲ့ ငယ်ဘဝလေးကို ပြောပြပါဦး ....**

ကျွန်မတို့က မိုးကုတ်ကပေါ့။ ကျွန်မတို့မှာ မောင်နှမ ၃ ယောက်ရှိတယ်။ အစ်ကိုရယ်၊ အစ်မရယ်၊ အစ်မကတော့ ထွန်းအိန္ဒြာဗိုပေါ့၊ ကျွန်မက အငယ်ဆုံးပေါ့။ မောင်နှမတွေက တစ်နှစ်ကြီး တစ်နှစ်ငယ်တွေဆိုတော့ အဖော်တွေနဲ့ ကြီးခဲ့ရတာပေါ့။ ကျွန်မက ငယ်ငယ်တုန်းကတော့ အေးတယ်၊ စကားပြောလေ့မရှိဘူး၊ မျက်နှာလည်း တည်တယ်၊ အငယ်ဆုံးဆိုတော့ အမေကိုလည်း ကပ်တယ်၊ ငယ်ဘဝမှာတော့ သိပ်ပြီးထူးခြားခဲ့တာ မရှိပါဘူး။

**အစ်မရဲ့ ဆရာဝန်ဖြစ်အောင် ကြိုးစားခဲ့ရတဲ့ ကြိုးစားမှုနဲ့ ဆေးကျောင်းတက်ခဲ့တဲ့ အမှတ်တရလေးကိုလည်း ပြောပြပေးပါလား။**

ကျွန်မ ၁၆ နှစ်နဲ့ ဆယ်တန်းအောင်ခဲ့တာပေါ့။ ဆယ်တန်းအောင်တော့ ဆေးလိုင်းမိပြီး တက်ရမယ်ဆိုတော့ ကျွန်မတို့က မိုးကုတ်ကဆိုတော့ မန္တလေးမှာ သွားတက်ရတယ်။ အစိုးရအဆောင်မှာ နေရတယ်။ စောစောက ပြောခဲ့သလိုပေါ့၊ ကျွန်မက အငယ်ဆုံး၊ အမေကိုကပ်ခဲ့တော့ ကျွန်မ ဆေးကျောင်းစတက်တဲ့အချိန်မှာ အမေနဲ့ခွဲရတော့ မပျော်ဘူး။ အမေနဲ့ခွဲရတာကိုပဲ တော်တော်လေး ကြိုးစားအားထုတ်ခဲ့ရတယ်။ ၁၀ တန်းမှာ ဆေးကျောင်းဝင်အောင် ကြိုးစားတာ ကတော့ ကျွန်မမိဘတွေက ပညာရေးကို အရမ်း အားပေးတဲ့သူတွေပေါ့။ ပညာတတ်မှဆိုတဲ့အသိကို သွင်းပေးခဲ့တော့ ကျွန်မ ကြိုးစားခဲ့တာပေါ့။ ဆေးကျောင်းစတက်တော့ အမေနဲ့ခွဲရလို့ မပျော်ဘူးဆိုခဲ့ပေမယ့် ကျောင်းတက်တာကြာလာတော့ အဆောင်က သူငယ်ချင်းတွေနဲ့လည်း ညီအစ်မအရင်းတွေလို အရမ်းခင်သွားကြပြီး ပျော်လာတာပေါ့။ ကျောင်းတက်တာ အရမ်းပျော်လာတော့ ဘာဖြစ်လဲဆိုတော့ အရမ်းအေးတဲ့ ကျွန်မကနေ စကားတွေ အရမ်းပြောလာတယ်။ အပေါင်းအသင်းတွေ ရှိလာခဲ့တယ်။ ဆေးကျောင်းတက်တုန်းက အမှတ်တရဆိုရင်တော့ အမေနဲ့ခွဲရတဲ့ ဝမ်းနည်းမှုနဲ့ အရမ်းအေးတာကနေ အပေါင်းအသင်းတွေရလာခဲ့တာက အမှတ်တရတွေပေါ့။



**ဆရာဝန်ဘဝနဲ့ ရွှေဆိုင်ပိုင်ရှင်ဘဝဆက်စပ်မှုရဲ့ ဘဝအစကိုလည်း ပြောပြပေးပါဦး။**

ကျွန်မတို့က ဗမာထုံးစံအတိုင်းပေါ့။ မိဘစကားနားထောင်ခဲ့တာပေါ့။ ဒါပေမဲ့ ကျွန်မမိဘက ကျွန်မကို ဆရာဝန်လုပ်စေချင်တာပါ။ ကျွန်မလည်း ဝါသနာပါပါတယ်။ ဒါပေမဲ့ ကျွန်မ Final Part (I) အထိ မန္တလေးမှာတက်တယ်။ Final Part (II) ကျတော့ ရန်ကုန်ပြောင်းခဲ့ရတယ်။ အဲဒီမှာ ကိုအောင်ကျော်ဝင်းနဲ့တွေ့တယ်။ တွေ့ပြီးတော့ ကျောင်းလည်းပြီး House Surgeon လည်း ဆင်းပြီးတော့ လက်ထပ်ဖြစ်ခဲ့ကြတယ်။ အိမ်ထောင်ပြုပြီးတော့ ကိုအောင်ကျော်ဝင်း မိဘတွေက စီးပွားရေးတစ်ခု ထူထောင်ပေးမယ်။ ဘာလုပ်ချင်လဲမေးတော့ ကိုအောင်ကျော်ဝင်းက ရွှေဆိုင်လုပ်ချင်တယ်။ ကျွန်မလည်း မိုးကုတ်ကဖြစ်တော့ ဒါတွေနဲ့တော့ သိပ်မဝေးဘူး။ အဲဒါနဲ့ပဲ မိဘတွေရဲ့စကားကို နားထောင်ဖြစ်ပြီး ရွှေဆိုင်လုပ်ငန်းလုပ်ဖြစ်ခဲ့တာပေါ့။ နားထောင်ဖြစ်ခဲ့တာကလည်း လူကြီးတွေရဲ့စကားကလည်း နားထောင်ချင်စရာဖြစ်တယ်။ ဒါ မိဘကနေ အရင်းအနှီးထုတ်ပေးပြီး ကိုယ့်ကို သေချာ မြေတောင်မြှောက်ပေးတာပေါ့။ ဒါပေမဲ့ တစ်ဖက်ကကျတော့လည်း ကိုယ့်ပညာကို မဆုံးရှုံးချင်တဲ့စိတ်က ရှိနေခဲ့တယ်။ ဒီပညာကိုသင်ပြီးခါမှ အသုံးမချရတော့လည်း စိတ်ထဲတစ်မျိုးတော့ ဖြစ်မိတာပေါ့။ အိမ်ထောင်ကျပြီး ၃၊ ၄ နှစ် လောက်ကတော့ ‘ငါ ဆရာဝန် မလုပ်မိဘူး’ ဆိုပြီး စိတ်နှစ်ခွနဲ့ နောင်တရသလို ဖြစ်ခဲ့တယ်။ စိတ်နှစ်ခွနဲ့ဖြစ်ပြီး ကိုအောင်ကျော်ဝင်းရဲ့ ဦးဆောင်မှုနောက်ကိုပဲ အသာလေး လိုက်ဖြစ်ခဲ့တာပေါ့။ ကိုယ် လုံးဝမရည်ရွယ်ထားတဲ့ ဘဝကို လျှောက်နေရတော့လည်း စိတ်အား မထက်သန်မိခဲ့ ဘူးပေါ့။ ကိုအောင်ကျော်ဝင်း ကကျတော့လည်း သူ့အမေက ရတနာတွေ အရောင်းအဝယ်လုပ်တာကို အရမ်းဝါသနာပါတယ်။ ပြီးတော့ သူက သားအငယ်ဆုံးဆိုတော့ သူ့အမေနား အရမ်းကပ်တယ်။ အရမ်းကပ်ပြီး ပစ္စည်းတွေရွေးပေးတာတို့၊ ဝိုင်းစဉ်း စားပေးတာတို့ လုပ်ရင်း သူက ဒါတွေကို ဝါသနာပါ နေခဲ့တာပေါ့။ အဲဒါကြောင့် စီးပွားရေးလုပ်ဆိုတော့ သူက ရွှေဆိုင်ဖွင့်ဖို့ကိုပဲ ရွေးချယ်ဖြစ်ခဲ့တာပေါ့။

**ရွှေနန်းတော်ဆိုင် စဖွင့်ဖြစ်ခဲ့တဲ့အကြောင်းကိုလည်း ပြောပြပေးပါဦး။**

စောစောက အဆက်ပေါ့။ မိဘတွေက တည်ထောင်ပေးခဲ့ပေမယ့် ဆိုင်နေရာရွေးတာတို့၊ ဆိုင်နာမည်ရွေးတာတို့ လုပ်ငန်းလည်ပတ်တဲ့ operation တို့ကတော့ ကိုယ်တွေကိုယ်တိုင်ပဲပေါ့။ နေ့စဉ်နဲ့အမျှ ပန်းထိမ်အပ်တာတို့၊ စာရင်းစစ်တာတို့နဲ့ နေ့တိုင်းအလုပ်ကတော့ ကိုယ်တိုင်လုပ်ခဲ့ကြတာပါ။ ဝန်ထမ်းလိုလာတော့လည်း ဝန်ထမ်းရွေး

Asian Fame Media Group

တာတို့ဘာတို့ရော၊ အားလုံးကတော့ ကိုယ်တွေပဲ စိတ်တိုင်းကျလုပ်ခဲ့တာပါ။ စလုပ်တုန်းကတော့ အောက်ခြေသိမ်းအလုပ်ကအစ ကိုယ်တိုင်ပဲ လုပ်ခဲ့တာ၊ နောက်ပိုင်း လုပ်ငန်းတွင်ကျယ်လာတော့မှ ဝန်ထမ်းတွေခန့်ပြီး ကိုယ်ကတော့ Management ပိုင်းလောက်ပဲ ကိုင်တွယ်တော့တယ်၊ နေ့တိုင်း အလုပ်ကိုတော့ ဝင်မလုပ်တော့ဘူးပေါ့။

**အစ်မတို့ရဲ့ လုပ်ငန်းအစအချိန်လေးတွေမှာ မှတ်မှတ်ရရဖြစ်ခဲ့ရတဲ့ ကိစ္စလေးတွေရှိခဲ့ဖူးလား။**

မှတ်မှတ်ရရဆိုရင်တော့ ကျွန်မဘဝက တစ်ထစ်ပြီးတစ်ထစ် ပြောင်းခဲ့တာပေါ့။ ခုနက ပြောသလိုပေါ့။ ငယ်ငယ်တုန်းက ကျွန်မက အရမ်းအေးတယ်၊ နောက် ဆေးကျောင်းတက်တော့ အပေါင်းအသင်းတွေ ရှိလာတယ်၊ house ဆင်းတော့ လူနာတွေနဲ့ ဆက်ဆံတတ်လာခဲ့တယ်၊ သွက်လာတယ်ပေါ့၊ ဒါပေမဲ့ ဒီရွှေဆိုင်လုပ်တော့မှ ပိုပြီးသွက်လက်လာခဲ့တာပါ။ ကျွန်မတို့လုပ်ငန်း အစ အချိန်လေးမှာတော့ ကျွန်မက လုံးဝမရည်ရွယ်ခဲ့တဲ့ စီးပွားရေးကိုလုပ်ရတော့ ဘဝရဲ့ ဆေးစက်ချရာမှာ အရုပ်ထင်ရသလို ဖြစ်နေခဲ့တာပေါ့။ အဲဒီအချိန်တုန်းက စိတ်ကလည်း နှစ်ခွဖြစ်နေခဲ့တာကိုး၊ အကောင်းဆုံးဖြစ်အောင်တော့ လုပ်ခဲ့ပါတယ်။

**စလုပ်တဲ့အချိန်တုန်းက ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲတွေရှိခဲ့ရင်လည်း ပြောပြပေးပါဦး။**

အခက်အခဲတွေကတော့ ရှိခဲ့တာပေါ့နော်။ ဒါပေမဲ့ အခက်အခဲတွေက ကောင်းသောခက်ခဲခြင်းမျိုးတွေဆိုရင် ပိုမှန်ပါလိမ့်မယ်၊ ကျွန်မတို့နှစ်ယောက်လုံးကဆရာဝန်တွေဖြစ်တယ်။ ပြီးတော့ ကျွန်မတို့နှစ်ယောက်လုံးရဲ့ မိဘတွေကလည်း ကျောက်ကုန်သည်တွေပေါ့၊ အဲဒီတော့ ကျွန်မတို့နှစ်ယောက်လုံးက စီးပွားရေးနဲ့တော့ သိပ်ပြီးမစိမ်းဘူး၊ ဒါပေမဲ့ ကျွမ်းကျင်မှုတော့ မရှိခဲ့ဘူးပေါ့။ ငယ်တာလည်း ပါတာပေါ့။ ဒီတော့ ပြဿနာတွေ အမျိုးမျိုးတော့ တွေ့တာပဲ။ အဲဒီ ပြဿနာတွေကို ဖြေရှင်းရင်းနဲ့ပဲ အတွေ့အကြုံတွေ၊ ရင့်ကျက်မှုတွေ ဖြည့်လာရတာပေါ့။ သိသိသာသာ အခက်အခဲကတော့ ကျွန်မတို့ ရွှေနန်းတော်က စဖွင့်ပြီးပြီးချင်းပဲ Customer တွေ တအားလာတယ်။ အဲဒီတော့ အလုပ်မနိုင်ဘူး၊ အလုပ်က မြန်မြန်ကြီးကြီးလာပြီး ကိုယ်ကကျတော့ အတွေ့အကြုံနုနေတယ်။ အဲဒီတော့ မနည်းကို လိုက်ဖြေရှင်းနေရတာပေါ့၊ လုပ်ငန်းကြီးထွားမှုက ရှေ့ရောက်ပြီး ကိုယ်က နောက်မှာကျန်နေသလို ဖြစ်နေခဲ့တာပေါ့။ ဒါကြောင့် ကျွန်မတို့ ရွှေနန်းတော် စလုပ်တုန်းက အခက်အခဲဆိုရင်တော့ ကျေနပ်စရာ ကောင်းတဲ့ အခက်အခဲလို့ပဲ ပြောချင်ပါတယ်။

**အဲဒီလိုတွေ့ခဲ့ရတဲ့ အခက်အခဲတွေကို ဘယ်လိုရင်ဆိုင်ဖြေရှင်းခဲ့ပါသလဲ။**

အဲဒီတုန်းကတော့ Management တွေ ဘာတွေလည်း နားမလည်ခဲ့ဘူး၊ ဒီအတိုင်း





လုံးပန်းနေခဲ့တာပေါ့။ အဲဒီလိုလုပ်ရင်းနဲ့ ကျွန်မတို့ ကလေးယူဖို့စီစဉ်တော့ ကျွန်မတို့အိမ်ထောင်ကျတာက ၉၄ ခုနှစ်၊ ကျွန်မ ၂၆ နှစ်ကျော်ကျော်လောက်ပေါ့။ အဲဒီတော့ ကလေးမယူဘဲ ၃၊ ၄ နှစ်လောက် အလုပ်ပဲ လုပ်ခဲ့ကြတယ်။ နောက်တော့ အကြောင်းအမျိုးမျိုးနဲ့ ကျွန်မတို့ကလေးမရဘူးပေါ့။ အဲဒီတော့ ကျွန်မတို့နှစ်ယောက်က ဆေးပညာအကူအညီနဲ့ ကလေးယူဖို့တိုင်ပင်ပြီး စင်ကာပူကို သွားတယ်။ ၉၉ မှာ သမီးကိုယ်ဝန်ရသွားတယ်။ ကိုအောင်ကျော်ဝင်းက ကျွန်မကို စင်ကာပူမှာပဲ အေးအေး ဆေးဆေးနေဖို့ထားခဲ့ပြီး သူကတော့ ဒီမှာလုပ်ငန်းတွေ ပြန်လုပ်တာပေါ့။ အဲဒီမှာ ကျွန်မက အလုပ်မလုပ်ရတော့ အချိန်တွေ ပိုနေတာပေါ့။ ဒီမှာတုန်းကတော့ အလုပ်တွေနဲ့ပဲ ထွေးလုံးနေခဲ့ရင်း အချိန်တွေက ကုန်သွားတော့ စာအုပ်တွေဘာတွေလည်း ဖတ်ချိန်မရခဲ့ဘူး။ အဲဒီတော့ ကိုယ်ဝန်နဲ့နားနေတုန်းမှာ ကျွန်မ စာအုပ်တွေ ဖတ်ဖြစ်ခဲ့တယ်။ Management နဲ့ ဆိုင်တဲ့ စာအုပ်တွေပေါ့။ အဲဒီ စာအုပ်တွေဖတ်ရင်းနဲ့မှ ကျွန်မသိခဲ့ရတာက အလုပ်တွေအကုန်လုံးကို ကိုယ်က လုပ်စရာမလို ဘူး။ ကိုယ်ကိုယ်တိုင် လုပ်ရမှာတွေရှိသလို ဝန်ထမ်းတွေကိုလည်း ခွဲဝေပြီး တာဝန်ပေးရမယ်။ သူတို့ကို skillful ဖြစ်အောင် train ပေးရမယ်။ အဲဒါတွေသိသွားပြီးမှ ကျွန်မက ပြန်ပြီးအသုံးချရ တာပေါ့။ အဲဒီတော့ စောစောက မနိုင်မနင်းဖြစ် နေတဲ့ကိစ္စတွေက ပြေလည်သွားခဲ့တာပေါ့။ အဓိကကတော့ ကျွန်မဆီက ဝန်ထမ်းတွေက တော်ကြလို့ ဒီပြဿနာတွေက ပြေလည်သွားခဲ့တာပါ။

**အစ်မတို့ရဲ့ လုပ်ငန်းကို တစ်ခုကနေနှစ်ခု စသဖြင့် တိုးချဲ့လာနိုင်အောင် အောင်မြင်မှုတွေ ရခဲ့တယ်။ အဲဒီလို အောင်မြင်မှုတွေရဲ့ လျှို့ဝှက်ချက်ကရော ဘာတွေပါလဲ။**

လျှို့ဝှက်ချက်ကတော့ ဦးဆောင်မှုပေါ့။ ပြီးတော့ Management ကောင်းကောင်းလေးပေါ့။ ပြီးတော့ စေတနာပေါ့။ စေတနာဆိုတာမှာ ကိုယ့်ရဲ့ Customer တွေအပေါ်မှာရော ဝန်ထမ်းတွေအပေါ်မှာရော စေတနာထားတယ်။ အဲဒီ



Asian Fame Media Group




စေတနာတုံ့ပြန်မှုတွေကြောင့်ပဲ ကျွန်မတို့အောင်မြင်ခဲ့တာပါ။ Leadership Style မှာလည်း အများကြီး ရှိတယ်။ ဘယ်ပုံစံနဲ့ရယ်လို့တော့ မရှိဘူး။ ဒါပေမဲ့ ကျွန်မတို့က ဝန်ထမ်းတွေကို နွေးထွေးတဲ့ပုံစံနဲ့ပဲ ဦးဆောင်တယ်။ သူတို့ရဲ့ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ မိသားစုအရေးကိစ္စအားလုံး တိုင်ပင်ဖြေရှင်းပေး တယ်။ ပြီးတော့ အလုပ်ထဲမှာလည်း ကိုယ့်ရဲ့ ညီအစ်ကိုမောင်နှမလိုပဲ ဆက်ဆံတယ်။ ပိုင်ရှင် ရယ်၊ ဝန်ထမ်းရယ်လို့ဆိုပြီး ခွဲခြားမဆက်ဆံဘူး။ လစာတွေ ဘာတွေဆိုလည်း ကျွန်မတို့ပေးနိုင် သမျှ ပေးတယ်။ Market ထဲမှာ ဝန်ထမ်းတစ် ယောက်ကို ဘယ်လောက်ပေးတယ်ဆိုတာကို ကျွန်မတို့ နားမထောင်ဘူး။ ကျွန်မတို့ ပေးနိုင် သလောက်ပေးတယ်။ ဝန်ထမ်းတွေကလည်း ဒါတွေကိုနားလည်တော့ ကျွန်မတို့အပေါ်မှာ ပြန်ပြီး စေတနာတုံ့ပြန်တယ်။ အဲဒီစေတနာတွေကပဲ အောင်မြင်မှုရဲ့ လျှို့ဝှက်ချက်ပဲပေါ့။

**နွေးထွေးတဲ့ပုံစံနဲ့ Leading လုပ်တဲ့ အစ်မတို့လုပ်ငန်းရဲ့ Management Style ကိုလည်း သိပါရစေ။**

ကျွန်မက Management စာအုပ်တွေဖတ်တော့ သိခဲ့ရတဲ့အတိုင်းပေါ့။ ကိုယ်တိုင်လုပ်ရမယ့် အလုပ်နဲ့ ကိုယ့်ဝန်ထမ်းတွေကို လုပ်ခိုင်းရမယ့် အလုပ်ဆိုတာတွေကို ခွဲတတ်ခဲ့တာပေါ့။ ခက်ခဲသိမ်မွေ့တဲ့အလုပ်တွေကိုတော့ ကိုယ်ကဆုံးဖြတ်ပေါ့။ ထင်သာမြင်သာဖြစ်မယ့် အလုပ်တွေကိုတော့ ဝန်ထမ်းတွေကို လုပ်ခိုင်းပေါ့။ အဲဒီတော့ ဝန်ထမ်းတွေကကျတော့လည်း လုပ်ပိုင်ခွင့်တွေရတော့ အလုပ်လုပ်ရတာ ပျော်တာပေါ့။ အရာအားလုံးကို ပိုင်ရှင်ကို တင်ပြနေစရာမလိုတော့ဘူးပေါ့။ ကျွန်မရဲ့ Management Style ဆိုရင်လည်း နွေးနွေးထွေးထွေး ဆွေးနွေး တိုင်ပင်ခြင်းနဲ့ပဲ Manage လုပ်တာပါ။ လွတ်လွတ် လပ်လပ်ပဲ ဆွေးနွေးဆုံးဖြတ်ခွင့် ပေးတာပါ။

**အမျိုးသမီးအများစုက ကိုယ့်ရဲ့ခင်ပွန်းနဲ့အတူ ဒိုးတူပေါင်ဖက်လှုပ်ရှားရုန်းကန်ဖို့ထက် မှီခိုချင်စိတ်တွေက ပိုပြီးရှိနေတတ်ကြတယ်။ အဲဒီအပေါ်မှာ အစ်မဘယ်လို သုံးသပ်ချင်ပါသလဲ။**

ကျွန်မလည်း အိမ်ထောင်ပြုပြီးတော့ ၃၊ ၄ နှစ်အတွင်းမှာတော့ ကိုယ်မရည်ရွယ်ခဲ့တဲ့ စီးပွားရေးကို လုပ်ခဲ့ရတော့ အမျိုးသားအပေါ်မှာပဲ ကျွန်မကိုယ်တိုင်လည်း မှီခိုမိခဲ့တာပေါ့။ အဲဒါကလည်း ကျွန်မက စိတ်နှစ်ခွဖြစ်နေခဲ့တာကိုး။ ဆရာဝန် မလုပ်မိခဲ့လေခြင်းဆိုပြီး နောင်တကလည်း ရမိခဲ့တာလေ။ ကျွန်မတို့ငယ်ငယ်ကတည်းက ကျွန်မတို့အဖေက ကျွန်မတို့ကို ပြောတဲ့စကားရှိတယ်။ အဲဒါက ဘာလဲဆိုတော့ သူများကိုအားကိုးရတာက သစ်ကိုင်းခြောက်ကို ခိုစီးရသလိုပဲတဲ့။ ဘယ်အချိန် ပြုတ်ကျမလဲမသိနိုင်ဘူးတဲ့။ အဲဒီစကားကလည်း ငယ်ငယ်တည်းကကြားခဲ့ပြီး မျက်စိထဲမှာ ကွင်းကွင်းကွက်ကွက် မြင်တယ်။ သူများဆီကရတဲ့ တစ်ကျပ်ထက်စာရင် ကိုယ့်အားကိုယ်ကိုးပြီးရတဲ့ တစ်မတ်က ပိုပြီးခိုင်မာတယ်လို့ လက်သင့်ခံတယ်။ ဒါကို ကျွန်မတို့မောင်နှမတွေက ယုံကြည်တယ်။ အဲဒါကြောင့်လည်း ကိုယ့်ဘွဲ့နဲ့ကိုယ် ကိုယ့်ခြေထောက်ပေါ် ရပ်ချင်ခဲ့တာပေါ့။ ပစ္စည်းဥစ္စာဆိုတာမျိုးက မခိုင်မြဲဘူး။ ဘယ်အချိန် ပျက်စီးမလဲ မသိနိုင်ဘူး။ ပညာကတော့ အဲဒီလို မဟုတ်ဘူး။ 'ပညာရွှေအိုး လူမခိုး' ဆိုတဲ့အတိုင်းပေါ့။ ပညာကိုပိုပြီး အားကိုးတယ်၊ ပညာနဲ့ပဲ စီးပွားရှာချင်ခဲ့တာပေါ့။ ကျွန်မပြောချင်တာက အမျိုးသမီးအများစုကိုပေါ့။ မှီခိုချင်တာထက် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ဖို့ ကြိုးစားသင့်တယ်ပေါ့။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ရမယ်ဆိုတာလည်း ကိုယ့်အိမ်ထောင်ဖက်နဲ့ပခုံးချင်းယှဉ်ရမယ်ပြောတာ မဟုတ်ပါဘူး၊ တစ်ဖက်တစ်လမ်းကနေ ကူညီပေးနိုင်တဲ့ အိမ်ရှင်မအဖြစ် ကြိုးစားဖို့ ပြောချင်ပါတယ်။ မောင်တစ်ထမ်း မယ်တစ်ရွက်ဆိုတဲ့ စကားလိုပေါ့နော်။

**လုပ်ငန်းတစ်ခုကို ဦးဆောင်မယ့် အမျိုးသမီးတစ်ယောက်မှာ ဘယ်လိုအရည်အချင်းမျိုးတွေ ရှိထားသင့်ပါသလဲ။**

လုပ်ငန်းအပေါ်တော့ မူတည်လိမ့်မယ်။ ကျွန်မဆိုရင်တော့ လုပ်ငန်းကို အမျိုးသားနဲ့ ဒိုးတူပေါင်ဖက် ဦးဆောင်နေတယ်။ ဒါပေမဲ့လည်း ကျွန်မမှာ ဘာအရည်အချင်းရှိလဲဆိုတော့လည်း ကျွန်မကိုယ်တိုင်လည်း စဉ်းစားကြည့်ရတော့မယ်၊ အရည်အချင်းဆိုတာကတော့ ချရေးရင်တော့ ကုန်နိုင်မယ် မထင်ဘူး။ ရှိသင့်တဲ့ အရည်အချင်းရှိရမယ့် အရည်အချင်းဆိုပြီးတော့ပေါ့။ ကျွန်မမှာလည်း အဲဒီလောက်အရည်အချင်း မပြည့်ဝပါဘူး။ အဓိက ကျွန်မအတွက်ကတော့ စိတ်ဓာတ်အင်အားပဲ၊ စိတ်ဓာတ်အင်အားကြံ့ခိုင်မှုပေါ့။ နောက် လုပ်ချင်တာကို ဖြစ်အောင်လုပ်ရမယ်။ တစ်ခါတလေမှာ လုပ်ချင်တာတွေ မလုပ်ရတာလည်း ရှိနိုင်တာပဲလေ။ ကျွန်မလိုပေါ့နော်။ အဲဒီအခါကျတော့ ကိုယ်လုပ်နေတာတွေကိုလည်း ဖြစ်အောင်လုပ်နိုင်ဖို့လိုတယ်။ စိတ်ဓာတ်ပြင်းထန်ရင် တော်ရုံအခက်အခဲကို ကျော်လွှားနိုင်တာပေါ့။



**တချို့က လုပ်ငန်းသာလုပ်ချင်ကြပေမယ့် အရှုံးတွေအခက်အခဲတွေကိုတော့ ကြောက်ကြတယ်၊ အဲဒီအပေါ် အစ်မ ဘာများဆွေးနွေးချင်ပါသလဲ။**

လုပ်ချင်တယ်တို့ ဖြစ်ချင်တယ်တို့ကတော့ လွယ်ပါတယ်။ တကယ်တမ်းဖြစ်အောင် လုပ်ဖို့ကပဲ ခက်တာပေါ့။ ဖြစ်အောင်လုပ်ဖို့ကျတော့လည်း အနစ်နာခံတာမရှိဘဲ မဖြစ်ပြန်ဘူး။ လွယ်လွယ်နဲ့ရတာဆိုတာ ရှားတယ်။ အရမ်းကံကောင်းတဲ့သူဆိုရင်တော့ တစ်မျိုးပေါ့။ အင်္ဂလိပ်စကားပုံလည်း ရှိတယ်လေ။ No Pain, No Gain ဆိုတာလေ။ အခက်အခဲကျော်လွှားမှုကတော့ ရှိရမှာပေါ့။ ဖြစ်ချင်တယ်ဆိုတာကတော့ နှုတ်ဖျားလေးက ပြောလို့ရတယ်။ ဖြစ်အောင်လုပ်ဖို့ကျတော့ အရည်အချင်းကလိုတာတော့ အရှုံးတွေအခက်

Asian Fame Media Group

အခဲတွေကိုကျော်မှ အောင်မြင်ခြင်းဆိုတာက တွေ့ရမှာပေါ့နော်။

**စီးပွားရေးနယ်ပယ်အတွက် တစ်အားဖြစ်ခဲ့ပေမယ့် ဆေးလောကအတွက်တော့ ဆရာဝန်ကောင်းတစ်ဦး ဆုံးရှုံးခဲ့ရမှုအပေါ်မှာရော အစ်မဘယ်လို သုံးသပ်မိပါသလဲ။**

မှန်ပါတယ်။ ပြောရရင်တော့ Opportunity Cost ဆိုတာမျိုးပေါ့။ ဒီဟာကိုလုပ်လိုက်တဲ့အတွက် နောက်ဟာကို လုပ်နိုင်ရဲ့သားနဲ့ မလုပ်ရတော့ဘူးလေ။ ဒါက ဆုံးရှုံးမှုပဲပေါ့။ တိုင်းပြည်က ဒီဆရာဝန်ကို ပျိုးထောင်ပေးထားတယ်။ ကျွန်မနဲ့ ကျွန်မအမျိုးသားဆိုရင် ၂ ဦးပေါ့။ ဒါပေမဲ့ ဒီဆရာဝန်(၂)ဦးက ကျန်းမာရေး စောင့်ရှောက်မှုဘက်ကိုမလာဘဲ စီးပွားရေးသမားတွေ ဖြစ်ကုန်တယ်။ စီးပွားရေးသမား အနေနဲ့ကျတော့ ကျွန်မတို့ လုပ်ငန်းတွေ အောင်မြင်လေလေ ဝန်ထမ်းတွေရဲ့ စားဝတ်နေရေးကိုလည်း ပြေလည်စေတယ်။ ပြီးတော့ ကျွန်မတို့က ဝန်ထမ်းတွေကိုလည်း သင်တန်းတွေ ဘာတွေတက်ခိုင်းတော့ ဝန်ထမ်းတွေရဲ့ တိုးတက်ရာတိုးတက်ကြောင်းကိုလည်း ဖြစ်စေတယ်။ ပြီးတော့ စီးပွားရေးတစ်ခုအနေနဲ့လည်း နိုင်ငံကို ကျွန်မတို့က အခွန်တွေဘာတွေဆောင်တယ်။ ဒီအခွန်ငွေတွေကလည်း နိုင်ငံအသုံးစရိတ်အနေနဲ့ ပြန်ပြီး လည်ပတ်နေတော့ ဒီလိုနည်းတွေနဲ့တော့ နိုင်ငံအပေါ် အကျိုးရှိစေတယ်။ ဒါပေမဲ့ ဆေးလောကမှာတော့ အကျိုးမပြုနိုင်တော့ဘူးပေါ့။

**ဆရာဝန် မလုပ်ခဲ့မိဘဲ စီးပွားရေးပဲ လုပ်ခဲ့တဲ့အတွက် နောက်ပိုင်းမှာရော နောင်တတို့ ဘာတို့ဖြစ်တာရှိသေးလား။**

အခုတော့ မရှိတော့ပါဘူး။ ကိုယ့်စီးပွားရေးကို ကိုယ်အောင်မြင်အောင်လုပ်နေတာက ကိုယ်နဲ့အတူတူ ကိုယ့်ရဲ့ဝန်ထမ်းတွေတိုးတက်ရေးအတွက်ပါရှိတယ်ဆိုတာ သိလာတော့ အလုပ်လုပ်ရတာ ပီတိဖြစ်လာခဲ့တယ်။ နောက် တစ်ခုကလည်း Customer ကို အကျိုးပြုတာတွေပေါ့။ ရွှေဆိုတာမျိုးက ငွေပိုရင်လုပ်ကြသလို ငွေလိုရင် ပြန်လာရောင်းကြတော့ လူတွေရဲ့ အခက်အခဲကို တစ်ဖက်တစ်လမ်းက ကူညီပေးတဲ့လုပ်ငန်းလို့ သိသွားတော့လေ။ Customer တွေရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးရင်းနဲ့ ဝန်ဆောင်မှုပေးတော့ နောက်ပိုင်းမှာတော့ နောင်တမရတော့ပါဘူး။

**အစ်မက လေးစားအားကျတဲ့ ပုဂ္ဂိုလ်ဆိုရင် ဘယ်သူတွေပါလဲ။**

ကျွန်မမှာ အဲဒီလို တစ်ဦးတစ်ယောက်ကိုပဲ လေးစားတာမျိုးအားကျတာမျိုးတော့ မရှိပါဘူး။ ဘာလို့လဲဆိုတော့ နယ်ပယ်တိုင်းမှာ အထူးတော်တဲ့သူ၊ ထူးချွန်တဲ့သူတွေက ရှိနေတော့လေ။ ဒီနယ်ပယ်မှာတော့ သူ့ကို လေးစားအားကျပေမယ့် နောက် နယ်ပယ်ရောက်တော့ နောက် လေးစားရမယ့်သူက ရှိနေတယ်လေ။ တစ်ဘဝလုံးအတွက်



ကျွန်မတို့ ငယ်ငယ်ကတည်းက ကျွန်မတို့ အဖေက ကျွန်မတို့ကို ပြောတဲ့ စကားရှိတယ်။ အဲဒါက ဘာလဲဆိုတော့ သူများကို အားကိုးရတာက သစ်ကိုင်းခြောက်ကို ခိုစီးရသလိုပဲတဲ့။ ဘယ်အချိန် ပြုတ်ကျမလဲ မသိနိုင်ဘူးတဲ့။ အဲဒီ စကားကလည်း ငယ်ငယ်တည်းက ကြားခဲ့ပြီး မျက်စိထဲမှာ ကွင်းကွင်းကွက်ကွက် မြင်တယ်။ သူများဆီကရတဲ့ တစ်ကျပ်ထက်စာရင် ကိုယ့်အား ကိုယ်ကိုးပြီးရတဲ့ တစ်မတ်က ပိုပြီးခိုင်မာတယ်လို့ လက်သင့်ခံတယ်။

■

တစ်သမတ်တည်း လေးစားတဲ့သူတော့ မရှိဘူးပေါ့။ အများအကျိုးကိုလုပ်တဲ့ သူကိုတော့ ပိုလေးစားတာပေါ့။

**ကိုင်စွဲထားတဲ့ ဒဿနလေးရော ရှိလားအစ်မ။**

ဒဿနရယ်တော့ မဟုတ်ဘူးပေါ့။ ကျွန်မအမြဲ စိတ်ထဲမှာနှလုံးသွင်းထားတာတော့ ရှိတယ်။ ဘုရားဟောစကားလေးပါ။ အဲဒါကတော့ 'ကံကံ၏ အကျိုး' ဆိုတာပေါ့။ ကုသိုလ်ကံရဲ့ အကျိုးဆိုတာလည်းရှိတယ်။ အကုသိုလ်ကံရဲ့ အကျိုးလည်းရှိတယ်။ ဒီကံတစ်ခုမြောက်ဖို့ကကျတော့ အချက် ၂ ချက်ပါရတယ်။ အဲဒါကတော့ စေတနာ၊ စေတနာမှာ ကောင်းစေလိုတဲ့စေတနာ၊ မကောင်းစေလိုလည်း စေတနာပဲပေါ့။ ဒါပေမဲ့ တစ်ခါတလေမှာ မရည်ရွယ်တာမျိုးလည်းရှိတယ်။ ဥပမာ ကျွန်မလမ်းလျှောက်သွားရင်း အကောင်လေးတစ်ကောင်ကို တက်နင်းမိရင်း သူသေသွားတယ်။ ကျွန်မကတော့ သူ့ကိုသေစေလိုတဲ့ စေတနာမရှိဘူး။ ဒါပေမဲ့ ပြုလုပ်မှုတော့ ဖြစ်သွားတယ်။ ကျွန်မတို့က စေတနာရော၊ ပြုလုပ်မှုဆိုတဲ့ သင်္ခါရရောပေါင်းမှ ကံဆိုတာ မြောက်တာပေါ့။ ကျွန်မပြောချင်တာက ပြုလုပ်မှုတွေကတော့ ရှိနေမှာပဲ၊ အရေးကြီးတာက စေတနာပဲ၊ ပြုလုပ်မှုတွေကတော့ လူတိုင်း ပြုလုပ်နေကြတာပဲ။ အလုပ်မလုပ်တဲ့သူတော့ မရှိဘူးလေ။ စေတနာလေးတော့ ထားပါပေါ့။ ကိုယ့်မိသားစုအပေါ်၊ ကိုယ့်ဝန်ထမ်းအပေါ်၊ ကိုယ့်ရဲ့ဖောက်သည်တွေအပေါ်၊ ကိုယ့်ပတ်ဝန်းကျင်အပေါ်မှာ ကောင်းတဲ့စေတနာလေးတော့ထားဖို့ကတော့ ကျွန်မလက်ကိုင်ထားတဲ့ ဒဿနလေးပေါ့။ ဒါက ဘုရားဟောပါ။ ကျွန်မတကယ်ယုံကြည်တယ်။ တကယ်လည်း ကျင့်သုံးပါတယ်။

**အစ်မက CSR (Coporate Social Responsibilities) ကို နှံ့စပ်သူဆိုတော့ CSR, CSC (Coporate Social Contribution) နဲ့ donation အလှူဒါနတို့ရဲ့ ကွဲပြားတဲ့အချက်တွေကို ရှင်းပြပေးပါဦး။**

မေလ (၁) ရက်နေ့က မြန်မာပြည်ကို UN က Secretary General မစ်စတာ ဘန်ကီမွန်းလာတယ်။ UN က ဘာလုပ်နေလဲဆိုတော့ UN Global Compact ဆိုပြီးလုပ်နေတယ်။ အဲဒါကလည်း Principle ၁၀ ချက်နဲ့ လုပ်နေတာ။ အဲဒီ ၁၀ ချက်ကို ခြုံလိုက်ရင် နောက်ဆုံး ၄ ချက်ပဲရှိတယ်။ နံပါတ်တစ်က လူ့အခွင့်အရေးပေါ့။ ကိုယ့်အလုပ်ထဲမှာ လုပ်နေတဲ့သူတွေက လူသားတွေဖြစ်နေတော့ လူ့အခွင့်အရေးပေးရမယ်။ နောက်တစ်ခုက Labour တွေဖြစ်တဲ့အတွက် Labour Rights ဆိုတဲ့ အလုပ်သမားအခွင့်အရေးတွေ ပေးရမယ်။ နံပါတ်သုံးကတော့ ကိုယ်စီးပွားရေးလုပ်လိုက်တာ စီးပွားတော့ ဖြစ်သွားတယ်။ ဒါပေမဲ့ ပတ်ဝန်းကျင်ကို ထိခိုက်သွားတာမျိုးပေါ့။ အဲဒါမျိုးမဖြစ်ရဘူး၊ ကိုယ့်အကျိုးစီးပွားလည်း ဖြစ်ရမယ်။

Asian Fame Media Group

ပတ်ဝန်းကျင်လည်း မထိခိုက်ရဘူးဆိုတဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းပါမယ်ဆိုတာပေါ့။ နောက်ဆုံးကတော့ လာဘ်ပေးလာဘ်ယူကိစ္စတွေ၊ လာဘ်စားမှုကိစ္စတွေ မပြုပါဘူးဆိုတာပေါ့။ ဒီလို Principles ၁၀ ချက်ရှိတယ်။ အဲဒါတွေကို ကတိပြုပြီး စီးပွားရေးလုပ်ရင်း လူတွေကိုလည်း လေးစားမယ်။ အလုပ်သမားတွေကိုလည်း လေးစားမယ်။ ပတ်ဝန်းကျင်လည်း မထိခိုက်အောင် လုပ်မယ်။ လာဘ်ပေးလာဘ်ယူလည်း မရှိအောင် လုပ်မယ်။ အားပေးအားမြှောက်မပြုဘူးပေါ့။ ဒါက UN ကဦးဆောင်တဲ့ Principles တွေပေါ့။ နောက်ပြီး World Bank ကလည်း ပြောတာပဲ။ ပထမတော့ ကိုယ့်စီးပွားရေးကို အောင်မြင်အောင် လုပ်ပေါ့။ ကိုယ့်စီးပွားရေးကို အောင်မြင်အောင်လုပ်တာက ခုနက ကျွန်မပြောခဲ့သလိုပေါ့။ ကိုယ့်ဆီက အလုပ်သမားတွေရဲ့ ဘဝကို အောင်မြင်စေတာနဲ့ အတူတူပဲပေါ့။ နောက်တစ်ဆင့်တက်သွားရင်တော့ ပတ်ဝန်းကျင်ကို ထိခိုက်နစ်နာမှုတွေမဖြစ်စေရဘူးပေါ့။ ထိခိုက်နစ်နာမှုတွေဖြစ်ရင် Legal Compliance ဆိုတာမျိုးတွေပေါ့။ တိုင်းပြည်က လိုအပ်လို့ ချမှတ်ထားတဲ့ ဥပဒေကိုလိုက်နာပြီး ကိုယ့်ပတ်ဝန်းကျင် မထိခိုက်အောင် လုပ်တာက အပြင်လူကို မထိခိုက်စေဘူးပေါ့။ တတိယအဆင့်ကကျတော့ Ethical Responsibilities ဆိုတာပေါ့။ အလုပ်သမားအခွင့်အရေးပေးတာတို့ ခွဲခြားဆက်ဆံမှုကင်းတာတို့ပေါ့။ အခုဆိုရင် ပြောလာပြီလေ။ HIV Positive တွေကို အလုပ်ပေးခန့်ပါ။ အလုပ်ထဲမှာလည်း ခွဲခြားဆက်ဆံမှု မလုပ်ပါနဲ့ဆိုတာပေါ့။ ဒါတွေက ဥပဒေနဲ့ ပြဋ္ဌာန်းထားတာတော့ မဟုတ်ဘူး။ ဒါပေမဲ့ လူသားတစ်ယောက်အနေနဲ့ လူမှုရေးတာဝန်ထမ်းဆောင်တဲ့အနေနဲ့ လုပ်သင့်တယ်။ နောက်ဆုံးအဆင့်ကတော့ ကိုယ့်အိတ်ထဲက ပိုက်ဆံနဲ့ လှူဒါန်းတာပေါ့။ ခုနက ပြောခဲ့တာတွေက ကိုယ့်စီးပွားရေးလုပ်ရင်း လူမှုရေးလုပ်တာတွေပေါ့။ အခုနောက်ဆုံးကျမှ လှူဒါန်းမှုပေါ့။ အဲဒါတွေက ရေတွင်းတူးပေးတာတို့ ကျောင်းဆောက်လှူတာတို့ သစ်ပင်တွေ စိုက်တာတို့ပေါ့။ ကိုယ့်စီးပွားရေး အပြင်ကိုထွက်ပြီး ကိုယ့်ပတ်ဝန်းကျင်ကို ကောင်းကျိုးပြုတာပေါ့။ ဒါကတော့ အမြင့်ဆုံးပဲ။ ရှိကြပါတယ်။ စီးပွားလည်းရှာတယ် အပြင်မှာလည်း လှူကြတန်းကြတယ်။ ဒါပေမဲ့ ကျွန်မတို့က စီးပွားရှာတဲ့အချိန်မှာတော့ CSR , CSC ဆိုတဲ့ လူမှုရေးတာဝန်တွေကို မေ့ထားတတ်ကြတယ်။ ပြီးတော့မှ စီးပွားရှာလို့ရလာတဲ့ ပိုက်ဆံနဲ့မှ လူမှုရေးတာဝန်တွေကို ထမ်းဆောင်ကြတော့ စီးပွားရေးနဲ့ လူမှုရေးက သီးခြားစီဖြစ်နေတာပေါ့။ အဲဒီလိုမဟုတ်ဘဲ စီးပွားရှာရင်းနဲ့လည်း ကုသိုလ်ယူလို့ရပါတယ်။ ကျွန်မတို့ မြန်မာတွေက လုပ်ကြပါတယ်။ မစိမ်းပါဘူး။ CSR နဲ့ CSC ဆိုတာကို မသိကြတာဘဲ ရှိပါတယ်။ အဲဒါကြောင့် စီးပွားရှာရင်းလူမှုရေး လုပ်တာကလည်း ကုသိုလ်ရပါတယ်။ လှူလိုက်မှ၊ တန်းလိုက်မှ ကုသိုလ်ရတာ မဟုတ်ပါဘူး။





**အစ်မတို့ဆိုင်က ရတနာပစ္စည်းတွေရဲ့ Designတွေကို ဘယ်လိုအချက်တွေအပေါ် အဓိကထားပြီး ဖန်တီးထားပါသလဲ။**

Design ဆိုရင်တော့ သင်ယူရတာပေါ့လေ။ ကျွန်မတို့ဆီမှာ Design ပညာ တကယ်ကိုတော်ပြီး ပါရမီရှိတဲ့ Designer တွေရှိကြပါတယ်။ အနုပညာကို သူတို့သိကြတယ်။ ဒါပေမဲ့ Product Design ကို မသိကြဘူး။ ဒါကကျတော့ Real Art ဖြစ်သွားတာကိုး။ Industrial Design ဖြစ်သွားတာကိုး။ ကျွန်မတို့ဆီက ပန်းချီဆရာတွေကကျတော့ အနုပညာကို သိတယ်။ ဒါပေမဲ့ တကယ့် Market အခြေအနေကိုတော့ မသိကြဘူး။ ဒါကိုကျတော့ ကျွန်မတို့က ပြောပေးရတာပေါ့။ အတူပူးပေါင်းပြီး လုပ်ရတာပေါ့။ Market ထဲမှာ ဘာတွေကြိုက်နေပြီ၊ ဘာတွေခေတ်စားနေတယ်၊ ဒါကိုတော့ ကျွန်မတို့က ပြောပြရတာပေါ့။ သူတို့ဆွဲတဲ့ပုံတွေကိုလည်း ကျွန်မတို့က ပြန်ပြီး သုံးသပ်ကြတာပေါ့။ ပန်းချီဆရာ ၄၊ ၅ ယောက်ရှိတော့ တစ်ယောက်ဆွဲတဲ့ပုံဆိုရင် ကျန်တဲ့ ၃၊ ၄ ယောက်ကလည်း ဘယ်လိုပြင်ရင်တော့ ပိုပြီး လှသွားမယ်ဆိုတာ ဝိုင်းပြီး အကြံပေးကြတာပေါ့။ ပြီးတော့ ကျွန်မတို့က Design တစ်ခုကိုလှရုံနဲ့ မဟုတ်ဘူး၊ တကယ်ကို သုံးနိုင်ဦးမှလေ။ ဥပမာ မလိုအပ်ဘဲ ရွှေတွေမထူအောင်၊ ပြီးတော့ ရွှေပါးလွန်းတော့လည်း စိန်တွေမခိုင်ဘူး။ အဲဒီတော့ အဲဒီအစွန်းနှစ်ဖက်လွတ်အောင် ဖန်တီးထားတာပေါ့။ Customer တွေလည်း ဝယ်နိုင်အောင်ပေါ့။ ပြီးတော့လည်း ကျွန်မတို့ နိုင်ငံခြားတွေဘာတွေသွားရင်လည်း Jewell Catalogue တွေဝယ်လာပြီး ပန်းချီဆရာတွေကို လေ့လာခိုင်းတယ်။ နိုင်ငံတကာမှာ ဘာတွေခေတ်စားနေပြီ ဆိုတာတွေကို လေ့လာစေတာပေါ့။ ကျွန်မတို့ကတော့ Design Team ကိုတော့ နေ့စဉ်နဲ့အမျှ ဖြည့်ဆည်းပေးနေတာပေါ့။ Team Work အနေနဲ့ပဲ ကျွန်မတို့က ပူးပေါင်းဆောင်ရွက်ကြတာပါ။

**ကမ္ဘာ့ဈေးကွက်မှာရော မြန်မာ့ရွှေနဲ့ ရတနာတွေရဲ့ ဈေးကွက်အခြေအနေက ဘယ်လိုရှိနေပါသလဲ။**

ဒါလေးကိုတော့ ကျွန်မ အထူးဆွေးနွေးချင်ပါတယ်။ ကျွန်မတို့က Exhibition အနေနဲ့ ပြပွဲတွေအနေနဲ့တော့ နိုင်ငံခြားကို သွားလို့ရတယ်။ စီးပွားကူးသန်းကနေ OGL ဆိုတဲ့ Open



Asian Fame Media Group

General Lincens ဆိုတာ ထုတ်ပေးတယ်။ ဥပမာ ကျွန်မကပြပွဲကို OGL နဲ့ ၁၀ ခုထုတ်သွားတယ်။ ပြပွဲမှာ ၄ ခုရောင်းခဲ့ရတယ်ဆိုရင် အဲဒီ ၄ ခုရဲ့အခွန်ကို ဆောင်ရတယ်။ အဲဒီလိုမျိုးပဲရှိတယ်။ တကယ်လို့ အဲဒီပြပွဲမှာ ကျွန်မပစ္စည်းတစ်ခုခုကို နိုင်ငံခြားက Export Buyer က Design ကြိုက်လို့ အခု ၅၀ မှာချင်တယ်၊ ၁၀၀ မှာချင်တယ်ဆိုရင်ကျတော့ ဒီမှာ ပြန်ပြီးထုတ်လုပ်ပြီး၊ ပြန်ပြီး Export လုပ်တာမျိုးကျတော့ အဲဒီလို ဥပဒေမရှိထားဘူး။ အဲဒီတော့ ကျွန်မတို့ မြန်မာတွေက နောက်တန်းတော့ ကျနေတာပေါ့။ ဥပမာ ဟောင်ကောင်လိုမျိုး Jewellary Show၊ ဆိုရင် တစ်ကမ္ဘာလုံးကလာတာ Europe ရော၊ US ရော၊ အာဖရိကရော လာတယ်။ ဒါပေမဲ့ ကျွန်မတို့ မြန်မာတွေက သိပ်ပြီးမတိုးနိုင်ဘူး။ ဘာလို့လဲဆိုတော့ Policy အရ ခွင့်ပြုထားတာမရှိဘူး။ Trade Policy မရှိတော့ ကျွန်မတို့မှာ အခွင့်အရေးတွေ ဆုံးရှုံးတာပေါ့။ တကယ်ဆိုရင် ကျွန်မတို့မှာ Natural Resource တွေလည်းရှိတယ်။ သဘာဝသယံဇာတတွေရှိတယ်။ လူအင်အားတွေ ရှိတယ်။ ပန်းထိမ်ဆရာတွေရှိတယ်လေ။ ကျောက်သွေးတတ်တဲ့သူတွေလည်း ရှိတယ်။ ပန်းချီဆရာတွေလည်းရှိတယ်။ ဒါပေမဲ့ ကမ္ဘာ့ဈေးကွက်ထဲ ဝင်ဖို့ကျတော့ ကျွန်မတို့ကို ဥပဒေအရ ခွင့်မပြုထားဘူး။ ဒါကြောင့် ကျွန်မတို့ကို ဥပဒေအရ ခွင့်ပြုပေးသင့်ပါတယ်။ ဒါမှ ကျွန်မတို့ ကုန်သည်တွေက လျှောက်လှမ်းပြီး Success Story ဆိုတဲ့ ဘယ်သူကတော့ မိတ်ရသွားပြီ၊ ဘယ်လောက် Order ရသွားတယ်ဆိုတဲ့ သတင်းမျိုးကြားနိုင်မှာလေ။ ဒါဆို ကိုယ့်နိုင်ငံမှာလည်း နိုင်ငံခြားဝင်ငွေတွေ တိုးနိုင်မှာပေါ့။ ကျောက်အရိုင်းအတိုင်းရောင်းလို့ ၁၀၀ ရမယ်ဆိုရင် ကုန်ချောအဆင့်ဖြစ်တဲ့ လက်ဝတ်ရတနာ အနေနဲ့ဆိုရင် ၂၀၀ ဆိုလည်း ဟုတ်မယ်။ ၃၀၀ ဆိုလည်း ဟုတ်မယ်လေ။ ငွေပိုရနိုင်တာပေါ့။ လူတွေရဲ့ အလုပ်အကိုင်အခွင့်အလမ်းလည်း ပိုရသွားတာပေါ့။

**မြန်မာပြည်က Natural Resource ပေါများတယ်နော်။ ဒါပေမဲ့ ကမ္ဘာမှာစင်ကာပူလိုနိုင်ငံမျိုးက Human Resource နဲ့ တိုးတက်သွားတာဆိုတော့ နိုင်ငံတစ်ခုမှာ Human Resource နဲ့ Natural Resource ဘယ်ဟာက ပိုပြီးအရေးကြီးပါသလဲ။**

Human Resource ကတော့ ဘယ်နိုင်ငံမှာမဆို တိုးတက်အောင် မတော်တော်အောင် လုပ်ယူရမှာပါ။ Natural Resource ကတော့ မရှိလည်း ဘာမှမတတ်နိုင်ဘူးလေ။ ရှိခဲ့ရင်လည်း နိုင်ငံမှာရှိတဲ့ လူတွေက အသုံးကျမှပဲ ဒီသဘာဝသယံဇာတပစ္စည်းတွေကို တိုးပွားအောင် လုပ်နိုင်မှာပေါ့။ သဘာဝသယံဇာတတွေကတော့ ပေါများပါရဲ့၊ ဒါပေမဲ့ လူတွေ Human Resource တွေက မတော်ဘူးဆိုရင်လည်း ဆုံးရှုံးကုန်မှာပေါ့နော်။ Economy လို့ပြောလိုက်ရင် ၄ မျိုးရှိတယ်။ နံပါတ်တစ်က Agriculture Base ဆိုတဲ့ စိုက်ပျိုးရေးကို အခြေခံတဲ့စီးပွားရေးပေါ့။ နံပါတ်နှစ်ကတော့ Resource Base ပေါ့။ Resource ကတော့ Natural Resource လည်း ဖြစ်နိုင်တယ်။ Human Resource လည်း ဖြစ်နိုင်တယ်ပေါ့။ နောက်တစ်ခုကတော့ Industrial Base Economy ပေါ့။ စိုက်ပျိုးရေးလုပ်ရင်းတိုးတက်လာခဲ့ရင် စက်ရုံအလုပ်ရုံတွေ များလာတယ်။ စားသောက်ကုန်တွေဆိုရင်လည်း စိုက်ပျိုးပြီးရင် ထုတ်လုပ်ရတဲ့ Processing ဆို တာရှိရမှာလေ။ Food Processing Factory ပေါ့။ စက်မှု လုပ်ငန်းတွေပေါ့။ ကျောက်သံပတ္တမြားတွေ၊ ကျွန်းသစ်တွေက Natural Resource တွေပေါ့။ အဲဒါတွေလည်း ပြန်ပြီး Processing ဆိုတာတွေကို ဖြတ်ရဦးမှာပဲပေါ့။ ကျွန်းဆိုလည်း ပရိဘောဂ တွေဖြစ်အောင် လုပ်တာပေါ့နော်။ ဒါတွေက Industrial Base ပေါ့။ နောက်ဆုံးကတော့ Knowledge Base Economy ပေါ့။ အသိပညာပေါ့၊ စင်ကာပူဆိုရင် လူတွေကို တော်အောင် လုပ်ထားတော့ တစ်တိုင်းပြည်လုံး အတိုင်းအတာနဲ့ လူတွေက တော်ကြတော့ Knowledge Base Economy ပေါ့။ ဂျပန်ဆိုရင်လည်း Industrial Base Economy ကနေ Technology တွေ တအားမြင့်တော့ ဒါလည်း Knowledge Base အဆင့် ရောက်သွားတာပေါ့။ အမေရိကားဆိုရင်လည်း g-mail တို့ google တို့ Facebook တို့စသဖြင့် Technology တွေတအား များလာတော့ ဒါလည်း Knowledge Base Economy ပေါ့။ ဒါကြောင့် ကျွန်မတို့ တိုင်းပြည် အနေနဲ့ဆိုရင် Agriculture Base ဆိုလည်း ဟုတ်တယ်။ Resource Base လည်း ဖြစ်တယ်။ အဲဒါတွေကို ကျွန်မတို့က Industrial Base ဖြစ်အောင် ကြိုးစားရမှာ အဲဒီလိုကြိုးစားမှ တစ်ချိန်ကျရင် Knowledge Base Economy အဖြစ် ချီတက်နိုင်မှာပေါ့။ တိုင်းပြည်တစ်ခုမှာ အဲဒီလိုဖြစ်ဖို့က ဥပဒေက အရေးအကြီးဆုံးပဲ။ Human Resource မြင့်အောင်က တိုင်းပြည်က လုပ်ကိုလုပ်ရမှာ Budget အရလည်း ပညာရေးမှာ လုံလောက်အောင် သုံးတာမျိုး ရှိရမှာပေါ့။ တိုင်းပြည်တစ်ပြည်က ပညာရေးမှာ invest လုပ်ရမှာပဲလေ။ Natural Resource ကျတော့လည်း ခုနက ပြောသလိုပဲ ပေါ့။ ကုန်ကြမ်းတွေထက် ကုန်ချောတွေဖြစ်အောင် ကြိုးစားလုပ်ရမှာလေ။ ကျောက်အရိုင်းအတိုင်းမဟုတ်ဘဲ လက်ဝတ်ရတနာအဆင့် ဖြစ်မှ ကျွန်းလုံးကြီးတွေအတိုင်းမဟုတ်ဘဲ ပရိဘောဂတွေထုတ်လုပ်ပြီးမှ ရောင်းသင့်တာပေါ့။ ဒီအဆင့်ဆင့်တွေကိုဖြတ်ရင် ဒါကို ကျွန်မတို့က Value added process လို့ခေါ်တယ်။ ဒီအဆင့် ကိုဖြစ်အောင်လုပ်သင့်တယ်။ ဒါဆို ကျွန်မတို့ နိုင်ငံရဲ့ နိုင်ငံခြားဝင်ငွေ Income တွေလည်း ပိုပြီး မြင့်တက်လာမှာပေါ့။ ဒါကတော့ Policy က ခွင့်ပြုမှ ဖြစ်မှာတွေပေါ့။ ဒါကြောင့် Human Resource နဲ့ Natural Resource ဘယ်ဟာ အရေးကြီးလဲ ဆိုရင်တော့ နှစ်ခုလုံးကတော့ အရေးပါတယ်။ ဒါပေမဲ့ လူတွေကတော့ ပိုပြီး အရေးကြီးတာပေါ့။ ဘာလို့လဲဆိုတော့ တိုးတက်အောင်လုပ်ရမှာက လူသားတွေဖြစ်နေတာကိုး။ ဒါက မိဘဆီက အမွေရသလိုပေါ့။ အမွေတွေကို တိုးပွားအောင် မလုပ်နိုင်ဘဲ ဒီအတိုင်းထိုင်စားလိုက်ရင် အချိန်တန်တော့ ကုန်သွားမှာပဲလေ။ အမွေတွေကို တိုးပွားအောင် လုပ်နိုင်ရမယ်။ ကျွန်မတို့ နိုင်ငံက Natural Resource သဘာဝသယံဇာတတွေ ပေါများနေတယ်ဆိုတာ မှန်ပေမယ့် ဒါကိုပဲ ရေးကြီးခွင်ကျယ်လုပ်ပြီး ပြောနေရင်တော့ မှားလိမ့်မယ်။ ဒါတွေကို ဘယ်လိုအကျိုးရှိရှိ အသုံးချပြီး ကိုယ့်နိုင်ငံချမ်းသာအောင် လုပ်နိုင်မလဲ ဆိုတာက မှ အရေးကြီးတာလေ။



**အခုလက်ရှိမြန်မာပြည်ရဲ့ စီးပွားရေးလုပ်ငန်းအပေါ်မှာရော အစ်မအမြင်က ဘယ်လိုရှိပါသလဲ။**

ဥပဒေတွေတော့ ကျွန်မနားမလည်ပါဘူး။ ဒါပေမဲ့ စီးပွားရေး လုပ်နေတဲ့သူအနေနဲ့ ပြောရရင်တော့ တခြားနိုင်ငံတွေ တခြားသူတွေလုပ်နေရတဲ့ စီးပွားရေးလွတ်လပ်မှုမျိုးတော့ ကျွန်မတို့နိုင်ငံက စီးပွားရေး လုပ်ငန်းရှင်တွေ မရကြသေးပါဘူး။ ဥပဒေတွေ အများကြီးကို ဖြေလျှော့ပေးဖို့လိုနေသေးတယ်။ Import , Export ဆိုရင်လည်း အကောက်ခွန်ဌာနက တာဝန်ရှိတဲ့ သူတွေက စီးပွားရေးသမားတွေကို တတ်နိုင်တဲ့ အကူအညီမျိုးတွေပေးဖို့ လိုနေသေးပါတယ်။

**အစ်မက စီးပွားရေးလုပ်ငန်းရှင်နဲ့ အိမ်ရှင်မ ဘဝနှစ်ခုကြားမှာ ညီညွတ်မျှတနေဖို့ အစ်မ ဘယ်လိုအချိန်ပေး ဆောင်ရွက်ပါသလဲ။**

ပွင့်ပွင့်လင်းလင်း ဝန်ခံရရင်တော့ ကျွန်မက အိမ်ရှင်မကောင်းတစ်ယောက် မဟုတ်ပါဘူးရှင်။ ကျွန်မက အပြင်မှာ စီးပွားရေးပဲ လုပ်ချင်တာပါ။ အိမ်မှာဆိုရင်တော့ ကျွန်မ ဘာမှမလုပ်ပါဘူး။

Asian Fame Media Group

ကျွန်မမှာ သမီးလေးရှိတယ်။ ကျွန်မက မိခင်တစ်ယောက်ဖြစ်တော့ သမီးလေးရဲ့ အသိဉာဏ်၊ ခံယူချက်တွေ မှန်ကန်ဖို့နဲ့ လမ်းမှန်ဖို့တော့ ကျွန်မ အလေးထားပြီး လုပ်ပါတယ်။ သမီးနဲ့ပတ်သက်ပြီးတော့ အမြဲဂရုစိုက်ဖြစ်ပေမယ့် အိမ်မှုကိစ္စတွေတော့ ဘာမှမလုပ်ဖြစ်ပါဘူး။

**အစ်မရဲ့ သမီးလေးအပေါ်မှာရော ဘာတွေမျှော်လင့်ထားတာ ရှိပါသလဲ။**

မိဘတိုင်းကတော့ ကိုယ့်သားသမီးကို ဆင်စီးပြီးမြင်းရံတာပဲ မြင်ချင်ကြတာလေ။ ကျွန်မလည်း ကောင်းတာတွေပဲ ဖြစ်စေချင်တာပေါ့လေ။ ဒါပေမဲ့ ဘာဖြစ်ရမယ်ဆိုတာကတော့ သူ့ရဲ့ဝါသနာနဲ့ သူ့ရဲ့ ကံ၊ ဉာဏ်၊ ဝီရိယနဲ့လည်း ဆိုင်သေးတာကိုး။ အခု သမီးကတော့ ၁၂ နှစ်ကျော် ၁၃ နှစ်ထဲမှာပေါ့။ အဲဒီတော့ သူ့ရဲ့အတွေးအခေါ်လေးတွေကတော့ အခု နည်းနည်းတော့ လူကြီးဆန်လာပြီ။ ကျွန်မရော သူ့အဖေရောကတော့ သူ့ကို မိဘပဲဆိုပြီး အတင်းအကျပ်လုပ်ခိုင်းတာမျိုး ဘယ်တော့မှ မလုပ်ပါဘူး။ သူဖြစ်ချင်တာကိုပဲ ကျွန်မတို့က ဝိုင်းပြီးဖြည့်ဆည်းပေး၊ တည့်မတ်ပေးတာပါ။ သမီးက စာတော့အရမ်းမကြိုးစားဘူး။ ဒါပေမဲ့ အမှတ်တွေကကျတော့လည်း above average တော့ရတယ်။ အညံ့ကြီးလည်း မဟုတ်ဘူးပေါ့။ ပညာရေးနဲ့ပတ်သက်ပြီးတော့ ကျွန်မကတော့ သူ့ကို ပညာရွှေအိုး လူမခိုးဆိုတာမျိုး ပညာရေးက အဓိကကျတယ် ဆိုတာမျိုးတော့ သွန်သင်ဆုံးမပါတယ်။ အမိန့်တွေဘာတွေ ချမှတ်တာမျိုးတော့ မရှိပါဘူး။ သမီးကတော့ သူက တစ်ဦးတည်းသောသမီးဆိုတော့ မိဘလုပ်ခဲ့တဲ့ လုပ်ငန်းကို ဆက်လုပ်ရမယ်ဆိုတာတော့ သူသိတယ်။ သမီးက မနှစ်က သူ့ကျောင်းအားရက်မှာ စက်ရုံမှာ internship အလုပ်သင် ကူတယ်။ အလုပ်ခိုင်းရင်လည်း လုပ်တယ်။ အလုပ်မခိုင်းတော့လည်း စက်ရုံထဲမှာ ဘောလုံးထွက်ကန်တယ်။ အဲဒီတော့ သူက ဝန်ထမ်းတွေနဲ့ သူနဲ့ ဆက်ဆံရေးက အရမ်းကောင်းတယ်။ ပန်းထိမ်မှာဆိုရင်လည်း ဖယောင်းနဲ့ မိုလ်ျိုးတာတို့ဘာတို့ သူလုပ်တတ်တယ်။ လက်ရာမကောင်းပေမယ့် ဆွဲကြိုးထိုးတာတို့၊ ဆွဲသီးလေးလုပ်တာတို့တော့ သူလုပ်တတ်သွားတယ်။ ဒီနှစ် ၇ တန်း ကျောင်းအားရက်က June, July နှစ်လပေါ့။ အဲဒီနှစ်လမှာတော့ သူ့အဖေရဲ့ PA လုပ်မယ်ဆိုပြီး သူပြောထားတယ်။ သူ့အဖေမှာ PA တွေရှိပေမယ့် သူက ခိုင်းတာအကုန်လုပ်ပါမယ်ဆိုပြီး ကတိပေးထားတယ်။ အဲဒီတော့ ကျွန်မတို့ကလည်း သူ့အဖေရဲ့ PA တွေနဲ့ သူ့ကိုအပ်ထားပါတယ်။ သူတို့က သင်ပေးလိမ့်မယ်ပေါ့။ အလုပ်ကိုတော့ သူစိတ်ဝင်စားပါတယ်။




**ဒီဘက်နှစ်တွေအတွင်းမှာ စီးပွားရေးလောကထဲကို လူငယ်အမျိုးသမီးလုပ်ငန်းရှင်တွေ ဝင်လာတာ တွေ့နေရတယ်။ အဲဒီအပေါ် အစ်မ ဘယ်လိုဆွေးနွေးချင်ပါသလဲ။**

အဲဒါ ကောင်းတဲ့ trend ပေါ့။ ကောင်းတဲ့ခေတ်ရေစီးကြောင်းလို့ ကျွန်မက မြင်ပါတယ်။ အမြင်နည်းနည်းနောက်ကျသူဆိုရင် မိန်းကလေးက အိမ်မှာပဲနေကြမှာလေ။ ဒါမျိုးအမြင်ကို ကျွန်မကတော့ လက်သင့်မခံဘူး။ ကိုယ့်ဒူးကိုယ်ချွန်ပြီး စီးပွားရေးလောကထဲ ဝင်လာတယ်ဆိုတော့ ဒါက သတ္တိရှိတဲ့ မိန်းကလေးတွေလို့ ပြောလို့ရတယ်။ ကျွန်မကတော့ ဝမ်းသာတယ်။

**နိုင်ငံရဲ့ ယဉ်ကျေးမှုတွေအရ အမျိုးသမီးလုပ်ငန်းရှင်တွေက အခက်အခဲတွေကို ပိုတွေ့ရတယ်လို့ သိရပါတယ်။ ဟုတ်ပါသလား အစ်မ။**

ကျွန်မမှာတော့ အမျိုးသမီးဆိုပြီးတွေ့ရတဲ့ သီးသန့်အခက်အခဲဆိုတာမျိုး မရှိပါဘူး။ ကျွန်မ အလုပ်လုပ်လာတာလည်း ၁၁ နှစ်ကျော်ပြီလေ။ ဒါကလည်း ကျွန်မက ကိုအောင်ကျော်ဝင်းနဲ့ပဲ ဒိုးတူပေါင်ဖက်လုပ်လို့ ဖြစ်နိုင်တာပေါ့။ ဒါပေမဲ့ ပတ်ဝန်းကျင်မှာတော့ ကြားနေရတာတွေ ရှိတယ်။ အခုခေတ်မှသာ အမျိုးသမီးတွေ ဝန်ကြီးဖြစ်တယ်တို့၊ သမ္မတရဲ့အကြံပေးတို့ ဖြစ်ကြတာလေ။ အရင်တုန်းကတော့ Public Sector က Glass Ceiling ခေါ်တာပေါ့။ အပေါ်ရောက်တာနဲ့ ရာထူးတိုးဖို့ အမျိုးသမီးတွေအတွက် ပိုခက်လာတာပေါ့။ အခုတော့ ခေတ်ကတော့ နည်းနည်းပြောင်းလာပါပြီ။ အရင်လို မဟုတ်တော့ပါဘူး။

**စီးပွားရေး လောကထဲကို ဝင်လာမယ့် အမျိုးသမီးတွေအတွက် စကားလက်ဆောင်လေး ပြောပေးပါဦး။**

စကားလက်ဆောင် ဆိုရင်တော့ နေရာတိုင်းမှာ စေတနာလေးနဲ့လုပ်ကိုင်ဖို့ ပြောချင်ပါတယ်။ ဘာမဆို စေတနာလေးထားပေါ့။ Customer ကို service ပေးတာပဲဖြစ်ဖြစ်၊ ဝန်ထမ်းတွေကို အုပ်ချုပ်ရင်လည်း ဝန်ထမ်းတွေအပေါ် ကောင်းစေလိုတဲ့ စေတနာနဲ့ အုပ်ချုပ်တာပေါ့။ စေတနာပါရင် အောင်မြင်ဖို့က လွယ်တယ်။ နောက်တစ်ခုကတော့ အလုပ်လုပ်ရင်တော့ အခက်အခဲဆိုတာတွေက တွေ့ရမှာပဲ။ အဲဒီအခက်အခဲတွေ ပြေလည်နိုင်ဖို့ ဖြေရှင်းဖို့ဆိုရင် အရည်အချင်းက လိုတာပေါ့။ အဲဒီ အရည်အချင်းတွေရဲ့အစက စိတ်ဓာတ်ကြံ့ခိုင်မှုပဲ။ ဒါကြောင့် စိတ်ဓာတ် ကြံ့ခိုင်မှုလေးနဲ့ စေတနာလေးရှိဖို့ပဲ လိုပါတယ်။ အဲဒါဆိုရင် အောင်မြင်မှုက မခက်တော့ဘူးပေါ့။

**ရွှေနန်းတော်ရဲ့ ရှေ့ခရီးလေးကိုလည်း ပြောပြပေးပါဦး။**

ကျွန်မရဲ့ ပုဂ္ဂလိကယူဆချက်ကတော့ မြန်မာပြည်ရဲ့ စီးပွားရေးက ကောင်းလာတော့မယ်ပေါ့။ ကောင်းလာခဲ့ရင် လူတွေရဲ့ Purchasing Power လည်း တက်လာမယ်ပေါ့။ ဒါဆို ကျွန်မတို့ အလုပ်လည်း ကောင်းပြီပေါ့။ Multiplayer Facts ဆိုတာပေါ့။ သူများကောင်းရင် ကိုယ်လည်း ကောင်းတယ်ဆိုတာလေ။ အဲဒါကြောင့် ကျွန်မက တရုတ်တန်းက ဆိုင်အပြင် Shopping မှာ စဖွင့်ခဲ့တာပေါ့။ Shopping Culture ကလည်း အခု မြန်မာပြည်မှာ စနေပြီလေ။ Shopping ကို အပန်းဖြေမှုအနေနဲ့ Family holiday အဖြစ် လုပ်နေတဲ့ခေတ်ကိုရောက်နေပြီလေ။ ဒါကြောင့် တခြား Shopping တွေမှာ ထပ်ပြီးဖွင့်သွားဖို့ ရှိပါတယ်။ နောက်တစ်ခုကတော့ နိုင်ငံတကာကို export လုပ်ချင်တယ်။ မြန်မာပြည်မှာပဲလုပ်ပြီး မြန်မာပြည်မှာရောင်းတဲ့ မြန်မာကျပ်ငွေပဲ ရှာနေတာမျိုးမဟုတ်ဘဲ နိုင်ငံတကာကို ထိုးဖောက်ပြီး နိုင်ငံခြားငွေလည်း တိုးအောင်ရှာချင်သေးတယ်။ ဒါပေမဲ့ အဲဒါလုပ်ဖို့က ဥပဒေက ခွင့်ပြုပေးမှ ဖြစ်မှာလေ။ အခုတော့ တိုင်းပြည်က စနစ်သစ်နဲ့သွားတာက ၁၄ လ၊ ၁၅ လလောက် ရှိပြီ။ ပြောင်းသင့်တာတွေလည်း ပြောင်းကုန်ပါပြီ။ ကျွန်မတို့ စီးပွားရေးသမားတွေအတွက်လည်း ဥပဒေပြောင်းပေးတာတွေ ဖြေလျှော့ပေးတာတွေ ဖြစ်လာနိုင်ပါတယ်။ လွှတ်တော်မှာ မူကြမ်းတွေဘာတွေတင်ဖို့ ကကျတော့လည်း လွှတ်တော်က ဝန်ကြီးတွေက တကယ့်စီးပွားရေးလုပ်နေတဲ့သူတွေ မဟုတ်ဘူးဆိုတော့ နည်းနည်းတော့ စိတ်ရှုပ်ရလိမ့်မယ်လို့ ကျွန်မတော့ မြင်တယ်။

ဖြိုးစုပိုပို

Asian Fame Media Group



# မရေးမကောင်း ရေးမကောင်း

## အပေါ်တ်လား အပုပ်လား



ညီညီတို့တော့ တစ်နေ့တစ်နေ့ ကြားနေမြင်နေရတဲ့ ခေတ်ကာလ အခြေအနေတွေကို တော်တော်လေး လိုက်မမီနိုင်အောင် ဖြစ်နေရတယ်ဗျာ။ သီချင်းခေါင်းစဉ်ကိုက အချစ်အကြောင်းနဲ့ ပတ်သက်တယ်။ သရုပ်ဆောင်နေကြတာတွေက ပွတ်လိုက်သပ်လိုက်၊ နောက်ဆုံးရေချိုးခန်းထဲထိ ရောက်သွားပြီး အရှုအရှိုက် အမော အဟိုက်တွေနဲ့ လုပ်ပြနေတဲ့ ဆယ်ကျော်သက်အဆိုတော်လေးနဲ့ သရုပ်ဆောင်ပြနေတဲ့ မိန်းကလေးဟာ ဗမာတွေတဲ့ဗျာ။ မျက်နှာစိမ်းမိန်းကလေးတစ်ယောက်က ဒီလောက်ထိ ရဲတင်းစွာသရုပ်ဆောင်ရဲတာကို ညီညီတော့ အတော့်ကို အံ့အားသင့်မိတယ်ဗျာ။ အိပ်ရာထဲ လေးဖက်ထောက် တွားလာတာလည်းပါရဲ့၊ မိန်းကလေးက လျှာကိုထုတ်ထုတ်ပြပြီး ငရုတ်သီးစပ်နေတာလားမသိ၊ သူ့လျှာကိုသူ တဝှေ့ဝှေ့ တဝိုက်ဝိုက် လုပ်ပြနေတာလည်း တော်တော်စိတ်လေစရာပါ။ ညီညီကတော့ MTV အမည်ခံ ညစ်ညမ်းသီချင်းသရုပ်ဖော်လို့ပဲ ရဲရဲတင်းတင်း ပြောလိုက်ချင်ပါတယ်။ ယူလာပြတဲ့ သူငယ်ချင်းကို ဒါ တရားဝင်ဖြန့်တာလားလို့ မေး ကြည့်တော့၊ မဟုတ်ဘူး၊ အင်တာနက်ပေါ် တင်ထားတာဆိုပဲ။ ညီညီ့စိတ်ထဲ တရားဝင်ဖြန့်တာ ထက်စာရင် တော်သေးတယ်လို့ တွေးယူမိသွားတယ်။ ဟုတ်တယ်လေ. . ဒီလို အခွေမျိုးကိုလည်း ဘယ်ဆင်ဆာမှ တရားဝင်ဖြန့်ခွင့်ပြုမှာ မဟုတ်တာ သေချာပါတယ်။ နာမည်နှစ်လုံးထပ်နဲ့ အဆိုတော်ဒီကောင်လေးကို မေးချင်သား။ မင်းဒီလို လုပ်နေတာ အဟုတ်သတင်းနဲ့ ကျော်ကြားချင်တာလား။ အပုပ်သတင်းနဲ့ ကျော်ကြားချင်တာလားလို့လေ။ ခက်တာက ဒီချာတိတ်က အဟုတ်နဲ့ကျော်ဖို့က အချိန်ပေးရတယ်ဗျ၊ အပုပ်နဲ့ကျော်ဖို့က မြန်တယ်လို့ များပြောလာရင် ညီညီလည်း ဘယ်လို ပြန်ပြောရပါ့။ ပရိသတ်တို့ရေ ဝိုင်းဝန်းပြုပြင်ပေးကြပါဦးကွယ်တို့။

Asia Fame Media Group
MEDIA GROUP



## အဖေသည်းလား သမီးကဲလား

တစ်နေ့သ၌ ရွာမျက်နှာဖုံးအလှမင်းသမီးလေး နီလာဂွက်ထော်တည်းဟူသော သူကြီးသမီးတစ်ဦးသည် ရွာမှာ ကျင်းပသော ပျော်ပွဲကြီးတွင် မီးကုန်ယမ်းကုန် ပျော်ပါးခဲ့လေ၏။ နီလာဂွက်ထော်သည် ဖခင်၏တင်းကျပ်သော စည်းကမ်းများကို ဖောက်၍ ကာလသားများနှင့် ထန်းရည်တို့ကို အတူသောက်သုံးကာ မူးယစ်လေသည်။ အူရှိုင်းဖြစ်သောကြောင့် ကချင်တိုင်းက ခုန်ချင်တိုင်းခုန်ကာ လွတ်ချင်တိုင်းလွတ်သွားသည်မှာ မိမိအကျီကိုပင် မိမိဆုတ်ဖြဲသည်အထိ ဖြစ်သွားသောကြောင့် နီလာဂွက်ထော်၏အကျီတို့သည် ဆုတ်ရာဖြဲရာများဖြင့် အတွင်းသားများပင် ပေါ်သည်အထိ ဖြစ်ကုန်လတ္တံ့။ ထိုသတင်းသည် ဖခင်၏နားသို့ပေါက်ကြားသောအခါ သူကြီးမှာ သူ့မျက်နှာအိုးမဲသုတ်သည်ဆိုပြီး ဆွေ့ဆွေ့ခုန်လေသည်။ သူကြီးတွင် သွေးတိုးရောဂါရှိသောကြောင့် ရှိသမျှအောက် သွေးအပေါ်သို့ တဒိုင်းဒိုင်းတက်ကုန်ကာ မျက်နှာကြီးလင်ဗန်းလောက်ဖြစ်လျက် ဝုန်းခနဲ လဲလေ၏။ နီလာဂွက်ထော်မှာ ချစ်လှစွာသော ဖခင်ကြီး၏ဖြစ်အင်ကိုမြင်ရချိန် မခံစားနိုင်ဖြစ်သွားကာ မျက်နှာလေး မုန့်လင်မယားလောက်ဖြင့် မိခင်ကို တောင်းပန်လေသည်။ "နီလာက ဘာလုပ်လို့လဲလို့၊ နီလာလုပ်တာလေး မဖြစ်စလောက်ကို အလကားပုံကြီးချဲ့နေကြတယ်၊ နီလာက ထန်းရည်ကလေး မြည်းမိတာ၊ နည်းနည်းပါးပါးလေး ခုန်မိပေါက်မိတာ၊ အကျီတွေပြဲတယ်ဆိုတာလည်း အကုန်လုံး ချွတ်လိုက်တာမှ မဟုတ်တာပဲကို" လို့ အိညှောင့်အိညှောင့် ဖြေရှင်းသတဲ့။ ထိုအခိုက် သတိရလာတဲ့ ဖခင်ကြီးဟာ သမီးဖြစ်သူရဲ့ ဘာလုပ်လို့လဲလို့ဆိုတဲ့စကားကိုအကြား၊ ဝုန်းခနဲ ထပ်မေ့လဲသွားလိုက်တာ တစ်ရွာလုံးနှာနှပ်ယူရတဲ့အထိ ဖြစ်ကုန်ပါတော့သတဲ့။ ဒါ ညာညာ လောလောဆယ် ဖတ်မိနေတဲ့ ဟာသဝတ္ထုလေးပါ။ ညာညာလည်း ခဏတော့တွေပြီး စဉ်းစားသွားမိတယ်။ ဒီပွဲမှာ နီလာ ဂွက်ထော်မှားလား၊ ရှက်တတ်တဲ့ အဖေသူကြီးက အဖြစ်သည်းတာလား၊ အဖေနားရောက်အောင် သတင်းပေးခဲ့တဲ့ ပတ်ဝန်းကျင်မှားလား။ ညာညာ့ကို ဝိုင်းပြီးစဉ်းစားပေးကြပါကုန်။

# Funny Photo

















Asian Fame Media Group





# ကြိုက်တာကျွေး၊ တည့်အောင်ပေါင်း

ညောညောတို့က မီဒီယာလောကမှာနေတာဆိုတော့ သတင်းပလင်းကလည်း အစုံကြားရပါတယ်။ အခုလည်း ဘုန်းကြီးဝတ်သွားပြီဖြစ်တဲ့ မင်းသားကြီးတစ်ယောက်နဲ့ တော်တော်တူတဲ့ ဇာတ်ပို့ဇာတ်ရံ တစ်ယောက်က ဂျာနယ်မှာ ရင်ဖွင့်သတင်းကိုကြားရတာ ဗီဒီယိုလောက ရှေ့ရေး အတော့်ကိုရင်လေးသွားမိပါတယ်။ ဒီဇာတ်ပို့ကြီးက အကယ်ဒမီဆုရ ဒါရိုက်တာတစ်ဦးနဲ့ တွေ့တဲ့အခါ သူ့ကို ခေါ်ရိုက်ပါဦးလို့ စကားခြွေမိသတဲ့။ ဒီအခါ ဒါရိုက်တာကြီးက ရှုတင်မန်နေဂျာနဲ့ တည့်အောင်သာပေါင်းပါဗျာလို့ ပြန်ပြောသတဲ့လေ။ ဒီစကားက နှစ်ဦးတည်းတွေ့တဲ့အခိုက် နှစ်ကိုယ်ကြားပြောတာဆိုရင် ပြဿနာမရှိပေမယ့် စာမျက်နှာထက်တင်လိုက်တဲ့အခါကျတော့ ကြားရကြားရ နားဝမှာ မသက်သာဖြစ်ရပါတယ်။ ဒါရိုက်တာ ဆို တာ ဇာတ်တစ်ခုကောင်းဖို့အရေး ဘယ်သူ့မျက်နှာမှမကြည့်ဘဲ လိုက်ဖက်တဲ့ဇာတ်ရုပ်ကို ရွေးရသူမဟုတ်ဘူးလား။ အခုတော့ လက်လွတ်စပယ်ပြောလိုက်တဲ့ အပြောက ရှုတင်မန်နေဂျာနဲ့ပဲဆိုင်သလိုလို၊ ဇာတ်ပို့ဇာတ်ရံသရုပ်ဆောင်တွေက ကိုယ့်အနုပညာ ကိုယ်ရဲရဲ မကိုးစားနိုင်တော့ဘဲ ရှုတင်မန်နေဂျာကိုပဲ ကပ်ဖား ရပ်ဖားလုပ်ရတော့မလို ခက်ပဲခက်ရချည်သေးရဲ့ အရပ်ကတို့ရေ။ အနုပညာ လောကမှာ ဒီလိုပြဿနာမျိုးတွေ တကယ်တမ်းဖြစ်နေ တယ်ဆိုရင်တောင် သူများအထင်သေးအောင် စာမျက်နှာထက်က မဖွင့်ဟကြပါနဲ့လို့ ညောညောကတော့ ဆန္ဒပြုမိပါရဲ့။ ဒီပုံအတိုင်း ဆက်သွားမယ်ဆိုရင်တော့ မြန်မာ့အနုပညာ ကမ္ဘာကျော်ဖို့တော့ အတော်လေးနီးစပ်ပြီထင်ပါရဲ့၊ အဟွပ် အဟွပ် အဟွပ်။





# နောက်နေတာလား

ညက်ညက်သူငယ်ချင်း အယ်ဒီတာဘော်ဒါတစ်ယောက် ထိုင်နေကျ လက်ဖက်ရည်ဆိုင်ကို ဒေါ်ကြီးမောကြီးရောက်လာပါတယ်။ သူက ဂျာနယ်အယ်ဒီတာပါ။ ဘာဖြစ်လို့လဲဆိုတော့ သူ့တိုက်ကိုရောက်လာတဲ့ အင်တာဗျူးတစ်ခုကိုဖတ်ပြီး ဒေါ်ကြီးမောကြီး ဖြစ်လာရပါသတဲ့။ ဘာတွေများပါလို့လဲလို့ စပ်စုမိတော့ မော်ဒယ်လက်သစ်တစ်ယောက်ကို အင်တာဗျူးဆရာလက်သစ်က မေးမြန်းထားလိုက်တာ မနက်အိပ်ရာထရင် မျက်နှာအရင်သစ်လား၊ သွားအရင်တိုက်လား၊ မျက်နှာသစ်ရင် ဆပ်ပြာသုံးလား၊ ထမင်းစားပြီးရင် လက်ဖက်ရည်သောက်သလား၊ ကော်ဖီသောက်သလား၊ အဝတ်အစား ဘယ်နှစ်စုံရှိလဲ၊ မီးပူတိုက် ဝတ်လား၊ ထမင်းစားပြီးရင်ကော သွားတိုက်သေးလားဆိုတာတွေက ပါသေးသတဲ့။ ညက်ညက်တို့လည်း သူ့စကားကိုအကြား ဝိုင်းရယ်မောပြီး အလုပ်မှာ မကျွမ်းကျင်သေးလို့ဖြစ်မှာပါ၊ နောက်တော့ အလုပ်က သင်သွားမှာပေါ့လို့ ဝိုင်းဝန်းဖျောင်းဖျလိုက်တော့ သူက ဒေါ်ကြီးမောကြီးနဲ့ "ငါ ဒေါသဖြစ်တာ ဗျူးတဲ့ကောင်ကို မဟုတ်ဘူး၊ သူက ငါ့တိုက်ပိုင်လည်း မဟုတ်ဘူး၊ အပြင်ကနေ လာလာပေးနေတာ၊ ငါသုံးချင်မှသုံး ဖြစ်တယ်၊ ငါတကယ် ဒေါသဖြစ်နေတာက ဒီအသုံးမကျတဲ့ မေးခွန်းတွေကို ဂျာနယ်မှာ ပါချင်စိတ်တစ်ခုတည်းနဲ့ အဖြေပေးနေတဲ့ ဟိုမော်ဒယ်မကို ဒေါသဖြစ်တာ" တဲ့လေ။ ညက်ညက်တို့လည်း ဒီတော့မှ အရယ်တွေရပ်ပြီး မျက်နှာလေးတွေ အီလည်လည် ဖြစ်သွားတယ်။ ဘေးနားမှာ ထိုင်နေတဲ့ သူငယ်ချင်းတစ်ယောက်ကတော့ မကြားတကြား ပြောလိုက်တာက

"ဒါတွေမမေးလို့ ဘာမေးရမှာလဲ၊ ဘာမှ မဖြစ်သေးတဲ့သူကို ဘာမဟုတ်တဲ့မေးခွန်းတွေ မေးမှ ဖြေတဲ့သူကလည်း ဖြေစရာရှိမှာပေါ့၊ အဆန်းလား" တဲ့လေ။ သူပြောတော့လည်း ဟုတ် တုတ်တုတ်ပဲ။

Asian Fame Media Group



# ဖောင်းလိုက်ပိန်လိုက်

ညက်ညက်တို့လည်း ခေတ်နဲ့မျက်ခြည်မပြတ်အောင် ထွက်သမျှ မဂ္ဂဇင်း ၊ ဂျာနယ်တွေကို ဖတ်ဖြစ်ပါတယ်။ တစ်လောဆီက နည်းပညာဂျာနယ်တစ်ခုဆို အတွင်းသတင်း မဖတ်ရသေးဘဲနဲ့ကို မျက်နှာဖုံးနဲ့တင် အတော်လေးဖမ်းစားထားခဲ့တာလေ။ နာမည်နှစ်လုံးနဲ့ မော်ဒယ်လ်မတစ်ယောက်ဆို သူ့ရဲ့ ဖွံ့ဖွံ့ထွားထွား ကဏ္ဍများကို လှစ်ဟကာပြထားတာမို့ ညက်ညက်တို့ဆို မိန်းမသားချင်းပင် ဖြစ်လင့်ကစား မျက်နှာဖုံးကိုပဲ ပါးစပ်အဟောင်းသား ကြည့်ဖြစ်နေတော့တာကလား။ ညက်ညက်ကတော့ တွေးပါတယ်။ နည်းပညာဂျာနယ်နဲ့ ဒီမျက်နှာဖုံး ဘာဆိုင်လို့လဲဆိုတော့ မြန်မာနိုင်ငံမှာ နည်းပညာတွေ တိုးတက်ဖွံ့ထွားလာတာကို မော်ဒယ်မလေးနဲ့ နိမိတ်ပုံပြထားလေတယ်လို့ မှတ်ယူပါတယ်။ အခုတစ်ခါ ဘာတွေပြုကုန်ပြန်လဲဆိုတော့ မနေ့တစ်နေ့ကထွက်တဲ့ ဂျာနယ်တစ်စောင်မှာတော့ ဒီမော်ဒယ်မလေးကို အင်တာဗျူးသတင်း အတိုလေးပါလာပါတယ်။ သတင်းစာသားတွေကတော့ ဆံပင်ပုံစံနဲ့ အပေါ်ပိုင်း အနေအထား လုံးဝပြောင်းလဲသွားတဲ့ မော်ဒယ်မလေးဆိုပြီး ပါလာပါတယ်။ သတင်းရေးသူက ဓာတ်ပုံကို ကြည့်ပါလို့လည်း အတိအကျညွှန်းဆိုလိုက်တာမို့ ညက်ညက်လည်း ဘာတွေများ ပြောင်းလဲသွားလဲ ပူးတွဲပြထားတဲ့ ဓာတ်ပုံကို ပြူးပြဲကြည့်ရ တော့ တာပေါ့။ အား လား လား . . မြင်ပြီ အရပ်ကတို့ရေ။ မြင်ပြီ။ ဟိုတစ်လောက ဖွံ့ဖွံ့ထွားထွား၊ အခုတော့ အဲ့ဒါတွေ အကုန်ပျောက်ဘယ်ရောက်ကုန်ပါလိမ့်။ ဒါမျိုးဆိုတာ ဥုံဖွလုပ်ပြီး အခုဟင်းချိုအခုချဉ်ဟင်းပြောင်းလဲပစ်လို့ရသလား။ ညက်ညက်လည်းလိုက်လို့ကို မမီတော့ပါဘူး။



# Funny Photo











ပြေးထား ကောင်လေး



Asian Fame Media Group

# HOROSCOPE

ဒေါက်တာမြတ်သစ် (မန္တလေး)







## ကရကဋ်ရာသီ

(ဇွန် ၂၂ မှ ဇူလိုင် ၂၂ ကြား မွေးဖွားသူများ)

သင့်အတွက် နာမည်ရအကျိုးရှိ ကံကောင်းလာစေလိမ့်မည်။ သားချင်းတို့အပေါ် ကူညီမှုပြုရတတ်သည်။ ပညာရေး - ဆရာကောင်းတွေ့စေသည်။ ထီထိုးခြင်း ပြုသင့်သည်။ ပြည်ပအရောင်းအဝယ် အခြေအနေ အဆင်ပြေပါလိမ့်မည်။ လူမျိုးခြားနှင့် စပ်တူအကျိုးပြုလိမ့်မည်။ အရေးအငှားကိစ္စ သတိထားသင့်ပေသည်။ စာချုပ်အတုကိစ္စ လိုက်လံရှင်းရတတ်ပေသည်။ ပြည်ပပညာရေးကိစ္စ လာမည့်နှစ်တွင် အဆင်ပြေပါလိမ့်မည်။ အချစ်ရေး - အဆင်ပြေမည်။ အိမ်ထောင်ရေး - သာယာမှုနည်းမည်။

**ယတြာ။ ။ ဆပ်ပြာ လှူပါ။**

Asian Fame Media Group

## သိဟ်ရာသီ

(ဇူလိုင် ၂၃ မှ ဩဂုတ် ၂၂ ကြား မွေးဖွားသူများ)

သင့်အတွက် ဝမ်းနည်း ပူဆွေးမှုတို့ကို စဉ်းစားနေရမည့် အချိန် မဟုတ်တော့ပေ။ လူသစ်၊ စိတ်သစ်ဖြင့် အသစ် ပြန်ကြိုးပမ်းသင့်ပေသည်။ အထက်လူကြီးများ၏ ငြိုငြင်ခြင်း၊ အငြိုးထားခြင်း ခံရတတ်သည်။ အကျိုးစီးပွား ပျက်ပြားမှု များပြားစေတတ်ပေသည်။ အကြွေးနွံထဲ နစ်စေလိမ့်မည်။ လက်ရှိအရပ်ဒေသ စွန့်ခွာလို စိတ် ကြီးမားနေလိမ့်မည်။ ပညာရေး - အခက်အခဲ ကြုံစေမည်။ ဆရာများနှင့် အဆင်မချောဖြစ်စေလိမ့်မည်။ အိမ်ထောင်ရေး - ကသီလင်တ ကြုံစေမည်။ သားသမီးတို့မှအစ တကွဲတပြား နေရတတ်သည်။ အချစ်ရေး - တွဲတိုင်းမတည်မြဲ ဖြစ်နေမည်။ ခရီးသွားရင်း ပြဿနာဖြစ်တတ်၊ အမှုအခင်း ရင်ဆိုင်ရတတ်၍ အထူးသတိပြုသင့်ပေသည်။ ကျန်းမာရေးတွင် အရေးပေါ် ခွဲစိတ်ခြင်း ကြုံတတ်သည်။ မြေ၊ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်မှု ကောင်းမည်။ သားသမီးအတွက် စိတ်ညစ်ရတတ်သည်။

**ယတြာ။ ။ ရေအိုး၊ ရေခွက်တို့ စာသင်ကျောင်းတွင် လှူပေးပါ။**

## ကန်ရာသီ

(ဩဂုတ် ၂၃ မှ စက်တင်ဘာ ၂၂ ကြားမွေးဖွားသူများ)

သင့်အတွက် ပျော်ရွှင်ချမ်းမြေ့မှုရရှိစ ပြုလာမည်။ စေတနာမှန်သော အကျိုးကို ခံစားရတတ်ပေသည်။ အလုပ်အကိုင် နေရာကောင်းတွင် ဆက်ရှိစေတတ်သည်။ တပည့်မိတ်ဆွေပေါ်များစေမည်။ အနုပညာ အလုပ်တို့ အကျိုးပေးမည်။ စီးပွားတစ်စတစ်စ တိုးတက်မှု ရှိလာစေနိုင်ပေသည်။ တစ်ခုလပ်၊ မုဆိုးမများ အရမ်းစွံတတ်သော ကာလတစ်ခု ဖြစ်လိမ့်မည်။ အပျိုကြီး၊ လူပျိုကြီးတို့ အိမ်ထောင်ရေးကိစ္စ စဉ်းစားရတတ်သည်။ မွေးစား သားသမီး အကျိုးပြုစေမည်။ စိုက်ပျိုးရေး လုပ်ငန်းတချို့ အဆင်ပြေစေမည်။ ပဲစင်းငုံ၊ မြေပဲ အကျိုးပေးသော်လည်း နမ်း၊ ဝါ စသည်တို့အတွက် စိတ်မောရပေမည်။ ပညာရေး ကံကောင်းပါလိမ့်မည်။ လုပ်ငန်းတွင်းမှ မိမိအား ဝိုင်း၍အကဲခတ်စောင့် ကြည့်ခြင်းခံရတတ်သည်။ လျှို့ဝှက်ရင်ခုန်စရာကိစ္စ တစ်ခု ဝင်လာတတ်၏။ ဒူး၊ ခါး၊ ခြေမျက်စိခိုက်မိတတ်၍ သတိပြုပါ။ စာရေးရန် စိတ်ကူးအကောင်အထည်ပေါ်မည်။

**ယတြာ။ ။ မွေးနံ့တူ သစ်ပင် ၉ ပင် စိုက်လှူပေးပါ။**

## တူရာသီ

(စက်တင်ဘာ ၂၃ မှ အောက်တိုဘာ ၂၂ ကြား မွေးဖွားသူများ)

သင့်အတွက် ထင်ရှား အောင်မြင်မှုကြောင့် ပြိုင်ဘက်များ ပို၍ များပြားလာစေလိမ့်မည်။ လုပ်ငန်းတွင်း အခက်အခဲတို့ တစ်စတစ်စ ကြုံလာလိမ့်မည်။ တာဝန်နှင့်လစာ မမျှတမှုကြောင့် အလုပ် ရွှေ့ပြောင်းရန် စိတ်ကူးမိတတ်ပေသည်။ အလုပ်သစ်မှ ကမ်းလှမ်းခြင်း ခံရတတ်သည်။ အသုံးစရိတ် ကြီးမှုကြောင့် အိမ်မိသားစုမှ မိမိကို အမြင်မကြည် ဖြစ်စေတတ်ပေသည်။ ချစ်ရသူနှင့် ဆုံစည်းသော်လည်း လက်ထပ်၍မရ ဖြစ်နေလိမ့်မည်။ ပညာရေး - မကြိုးစားချင်။ ထို့ကြောင့် အချိန်မီပြုပြင်သင့်သည်။ မိခင် ကျန်းမာရေး ညံ့စေတတ်သည်။ အပျိုကြီး၊ လူပျိုကြီးတို့သဘောကျသူ တွေ့တတ်သည်။ သို့သော် လက်ထပ်ရေးကိစ္စ စကား အချေအတင် ပြောရတတ်သည်။ မိခင်မှ ဆန့်ကျင်ခြင်းကြုံမည်။ မြေ၊ ကား၊ စက်အဝယ်မှား၍ စိတ်ညစ်ရတတ်သည်။ အမွေကိစ္စပြဿနာ ရှုပ်တတ်သည်။

**ယတြာ။ ။ အဖြူရောင်ပစ္စည်း လှူပေးပါ။**

## ဗြိစ္ဆာရာသီ

(အောက်တိုဘာ ၂၃ မှ နိုဝင်ဘာ ၂၂ ကြား မွေးဖွားသူများ)

သင့်အတွက် အလုပ်ကြိုးစားမှု နာမည်ရမည်။ အချိန်ပိုဆင်း လုပ်ကိုင်ပေးရတတ်သည်။ တင်ရှိနေသောအကြွေး တစ်စတစ်စ ပေးဆပ်နေရတတ်သည်။ မိခင်ကျန်းမာလာသော်လည်း ဆေးခန်း ဆေးရုံပြသမှုနှင့် ဆေးသောက်ခြင်း မကင်းနိုင်သေးပါ။ တစ်နေရာမှ တစ်နေရာ၊ အလုပ်သွားလုပ်ရာ၌ ဝေးသော်လည်း ဆက်လက် ကြိုးစားနေရတတ်ပေသည်။ ပညာရေး - ဆက်၍ ကြိုးစားရပေဦးမည်။ မိဘအပေါ် တာဝန်ကျေပွန်မည်။ ထီထိုးပါ။ ၅၊ ၁၊ ၇ ဂဏန်း ဦးစားပေးသင့်ပေသည်။ အချစ်ရေး - လွန်လွန်ကဲကဲ ရင်ခုန်ရတတ်သည်။ အိမ်ထောင်သည်တို့ ဖောက်ပြန်မှု များသော၊ အပျော်လွန်သော ကာလ ဖြစ်ပေသည်။ ပြည်ပ ပညာရေး - စတိုင်ပင်ရရန်ရှိမည်။ ကြိုးစားဖြေဆို သင့်သည်။ ဘွဲ့လွန်ပါရဂူဘွဲ့အတွက် အဆင်ပြေမည်။ ကိုယ်ကျင့်သိက္ခာကို ပြုပြင်ထိန်းသင့်ပေသည်။ ဆရာတော်များ ဆုံးမမှုနာခံသင့်သည်။

**ယတြာ။ ။ သံဃာကို ဟင်း လောင်းလှူပါ။**

## ဓနုရာသီ

(နိုဝင်ဘာ ၂၃ မှ ဒီဇင်ဘာ ၂၁ ကြား မွေးဖွားသူများ)

သင့်အတွက် စိတ်ဓာတ်ပိုင်း မြှင့်တင်နိုင်ရန် အရေးကြီးသည်။ သဘောထား သေးသိမ်ခြင်း မရှိသင့်ပါ။ အလုပ်ထဲ ပြဿနာ တစ်ခုပြီး တစ်ခု တက်စေတတ်သည်။ ဘေးဒုက္ခအမျိုးမျိုးကို ရင်ဆိုင်ရတတ်ပေသည်။ သူများကိစ္စထဲတွင်လည်း ဝင်မပါသင့်ပါ။ အိမ်ထောင်ဖက် အပြုအမူကို မကျေနပ်၍ တိတ်တိတ် ရည်းစားထားမိတတ်သည်။ သားသမီး ဆေးရုံ၊ ဆေးခန်းရောက်၍ စိတ်ညစ်ရလိမ့်မည်။ လူလိမ်လူညာ အဝင်မခံသင့်ပါ။ ကျန်းမာရေးတွင် ခွဲစိတ်ကုသခံရတတ်သည်။ အချစ်ရေးတွင် ငယ်ရွယ်သူ၊ အရွယ်မရောက်သေးသူကို တွဲမိ၍ ဒုက္ခတွေ့စေတတ်ပေသည်။ ဖခင် အကူအညီဖြင့် ရပ်ဝေးခရီး အဆင်ပြေပါလိမ့်မည်။ ထီဆုကြီးပေါက်စေတတ်သည်။ ပေါက်ကွဲပစ္စည်းနား မနေသင့်ပါ။

**ယတြာ။ ။ မျက်နှာသုတ်ပဝါ တစ်ခု အမှတ်တရ လက်ဆောင်ပေးပါ။**

## မကာရရာသီ

(ဒီဇင်ဘာ ၂၂ မှ ဇန်နဝါရီ ၂၀ ကြား မွေးဖွားသူများ)

သင့်အတွက် တင့်တယ် ဂုဏ်ရှိသော အကျိုးရှိစေသော အလုပ်တို့ကို ဆောင်ရွက်ရတတ်သည်။ ခရီးထွက် လုပ်ကိုင်ရသော အစီအစဉ်တို့ အောင်မြင်စေတတ်ပေသည်။ အဆင်ပြေချောမွေ့သော စီးပွားရေးတို့ ခံစားရတတ်ပါသည်။ ပညာရေး - စိတ်တူသောသူနှင့်သာ တွဲ၍ စာကျက်မှတ်သင့်ပေသည်။ ထီနှင့် ပတ်သက်၍ အကျိုးရှိစေနိုင်သည်။ ၃၊ ၅၊ ၉ ဂဏန်းတို့ အကျိုးပေးပါမည်။ စိုက်ပျိုးရေး လုပ်ငန်းမှ ပဲစင်းငုံ၊ ကုလားပဲ အခြေအနေ ကောင်းစေတတ်သည်။ နမ်းဈေးတို့ တစ်စတစ်စ ပြန်ကောင်းလာပါမည်။ အချစ်ရေး - တစ်ယောက်နှင့် တစ်ယောက် အထင်မှားစေတတ်ပေသည်။ အိမ်ထောင်ရေးပိုင်းတွင် အိမ်ထောင်ဖက်အပေါ် အမုန်းတရား ကြီးမားလာစေနိုင်ပါသည်။ ဖခင်အတွက် အမှတ်တရ တစ်ခု ဆောင်ရွက်ပေးရတတ်သည်။ သဘာဝ ဘေးအန္တရာယ်ရှိ၍ အသွားအလာ သတိပြုပါ။

**ယတြာ။ ။ ပဲကောက်ညှင်းပေါင်း မွေးနေ့တွင် သံဃာကို လှူပေးပါ။**

Asian Trance Media Group




## ကုမ်ရာသီ

(ဇန်နဝါရီ ၂၂ မှ ဖေဖော်ဝါရီ ၁၈ ကြားမွေးဖွားသူများ)

သင့်အတွက် အပြင်ပန်းအားဖြင့် ပျော်ရွှင်မှုရရှိ၍ စိတ်ချမ်းသာနေသည်ဟု ထင်ရသော်လည်း စိတ်သောကအပူမှာ တငွေ့ငွေ့ တောက်လောင်ဆဲဖြစ်စေလိမ့်မည်။ သဘောထားကြီးသော အလုပ်မှာ မလွယ်ကူကြောင်း တစ်စတစ်စ နားလည်လာပေမည်။ လူတို့၏ အတွင်းစိတ်သဘောမှာ မိမိထင်သလို မဟုတ်နိုင်ကြောင်း သဘောပေါက်ပေလိမ့်မည်။ စီးပွားရေးမှာ ခပ်ပါးပါးလေးသာလျှင် အကျိုးအမြတ်ရှိနေပြီး ဂုဏ်ရှိခြင်းကြောင့်သာ လုပ်ကိုင်နေရတတ်ပေသည်။ အစုစပ်စီးပွား အကျိုးရှိစေမည်။ သယ်ယူပို့ဆောင်ရေး၊ လောင်စာ၊ ဟိုတယ်၊ ကျောက်မျက်ရတနာ စသည် အလုပ်တို့ အကျိုးပေးပါမည်။ အချစ်ရေး -ထင်ထင်ပေါ်ပေါ် မတွဲရဲသောဘဝ ရှိစေတတ်သည်။ အိမ်ထောင်ရေး အခြေအနေ - ရေပေါ်ဆီဖြစ်နေတတ်ပေသည်။ ပညာရေး - များစွာတိုးတက်မှုရှိပေမည့်အပြင် ဘွဲ့လွန်အတွက် အထူးကြိုးစားသင့်သည်။ လုပ်ငန်း ၂ မျိုး၊ ၃ မျိုးမှ အောင်မြင်မည်။

**ယတြာ။ ။ ဗယာကြော် ၉ ခု လှူပေးပါ။**




## မိန်ရာသီ

(ဖေဖော်ဝါရီ ၁၉ မှ မတ် ၂၀ ကြားမွေးဖွားသူများ)

သင့်အတွက် လုပ်ငန်းနှင့် ပတ်သက်၍ တစ်ခုခု လိုနေသည်ဟု ခံစားရတတ်ပေသည်။ အများအပေါ် အကောင်းမြင်ဝါဒဖြင့် မြင်သင့်သည်။ ဆရာသမားဟောင်း၏ လျှို့ဝှက်စွာအကူအညီ တောင်းခြင်းတို့ ကြုံတွေ့စေမည်။ အလုပ်အကိုင်အသစ် ပေါ်ပေါက်လာစေနိုင်သည်။ အကုန်အကျ အထူးပင် များပြားနေတတ်ပေသည်။ ပညာရေး - ထူးချွန်သောအုပ်စုထဲ ပါဝင်လာနိုင်သည်။ ထီထိုးရာတွင် ၃၊ ၆၊ ၉ ဂဏန်း ဦးစားပေးသင့်သည်။ အိမ်ထောင်ဖက်ကြောင့် ဆွေမျိုးအချင်းချင်း စိတ်ဝမ်းကွဲစေတတ်ပါသည်။ အချစ်ရေး - အပြန်အလှန် အရွဲ့တိုက်ခြင်းကြုံစေမည်။ ပြည်ပခရီး သွားလာခြင်း အကျိုးရှိမည်။ ဟိုတယ်လုပ်ငန်းတို့ အကျိုးရှိစေတတ်သည်။ သင်္ဘောလုပ်ငန်း၊ လောင်စာဆီတွဲ၍ လုပ်သင့်သည်။ ကျန်းမာရေးတွင် ကျောက်ကပ်၊ ဒူး၊ ခါး သတိပြုသင့်ပေသည်။

**ယတြာ။ ။ သက်န်းလှူပေးပါ။**




## မိဿရာသီ

(မတ် ၂၁ မှ ဧပြီ ၂၀ ကြားမွေးဖွားသူများ)

သင့်အတွက် လုပ်ငန်းတွင် နောင့်ယှက်ဒုက္ခပေးသူနှင့် ရင်ဆိုင်ရတတ်သည်။ လက်အောက်တို့ ဒုက္ခပေးလာမှုကို ခံရသောကာလ ဖြစ်တတ်သည်။ ဂုဏ်သိက္ခာရှိရှိ သိက္ခာကျစေတတ်သည်။ သွေးထွက်သံယိုမြင်သည်။ အလုပ်နားခြင်း၊ ပြုတ်ခြင်း ကြုံစေတတ်သည်။ ပညာရေး အဆင်ပြေစေမည်။ ထီပေါက်ရန် မြင်သည်။ မိမိအတွက် ကြိုးစားမှုအသီးအပွင့်ကို ခံစားရမည်။ မိဘအကြီးအကဲအတွက် အရေးပေါ် ကျန်းမာရေးကိစ္စ ဆောင်ရွက်ပေးရတတ်ပေသည်။ ငွေကြေးပိုင်းကူညီသူ တွေ့ရတတ်ပေသည်။ အကြွေး၊ အရှုံးရောဂါရှိသူတို့ ကုသမှုပိုင်းတွင် တိုးတက်မှုရှိမည်။ အချစ်ရေး - အဆင်မပြေတတ်ပေ။ တရုတ်လုပ်လျှပ်စစ်ပစ္စည်း သတိထားသုံးပါ။

**ယတြာ။ ။ ပုတီး ၇ ပတ်စိပ်ပါ။**




## ပြိဿရာသီ

(ဧပြီ၂၁ မှ မေ ၂၁ ကြားမွေးဖွားသူများ)

မိမိအတွက် ယခင်အခြေအနေ ရောက်ရှိလာရန်အတွက် တော်တော်ကြိုးစားရယူရလိမ့်မည်။ အမြင့်ပိုင်း ရောက်ရှိနေသူတို့အတွက် ရုပ်ပျက်ဆင်းပျက် ကျဆင်းမသွားရန် တော်တော် ရှုန်းကန်ရတတ်သည်။ ယုံကြည်မှုဖြင့် သန့်ရှင်းစွာ ကြိုးစားပေးပါ။ ငွေကြေး၊ စီးပွားလုပ်ငန်းတွဲစပ် စုပေါင်း၍ ကြိုးစားမှုအောင်မြင်ပေမည်။ ထီထိုးပေးပါ။ မယားဘက်မှ အမျိုးအနွယ်တို့ ဒုက္ခပေးလာတတ်၍ သတိထားပါ။ ခွဲစိတ်မွေးဖွားမှု အဆင်ပြေပါလိမ့်မည်။ ပညာရေး ထူးချွန်မည်။ ခရီးဝေး အဆင်ပြေအောင်မြင်မှု ရရှိစေမည်။ အချစ်ရေး - အခြေအနေ မကောင်းနိုင်သေးပါ။ အပြောအဆို သတိထားပါ။ အိမ်ထောင်ရှင်တို့ လိင်ကိစ္စကြောင့် နာမည်ပျက်တတ်သည်။

**ယတြာ။ ။ ခန်းဆီး ၅ ခု လှူပေးပါ။**




## မေထုန်ရာသီ

(မေ ၂၂ မှ ဇွန် ၂၁ ကြားမွေးဖွားသူများ)

သင့်အတွက် အပြောအဆိုကြောင့် ပြင်မရသော အမှားကို ရင်ဆိုင်ရတတ်ပေသည်။ အများ၏ ယုံကြည်မှုလက်ရှိအတိုင်း အခြေအနေမှ ကျဆင်းတတ်သည်။ ပညာရေး - စာရေးစာဖတ် အဆင်ပြေမည်။ ခရီးဝေး အထူး အောင်မြင်မည်။ အတိုက်အခံနှင့် အချေအတင် စကားပြောရတတ်သည်။ ထင်သလောက် မအောင်မြင်နိုင်သေးပါ။ ယောက်ျားလေးများ၏ စိတ်ဝင်စားမှုကို ခံရတတ်သည်။ ပြည်ပခရီး အကျိုးရှိမည်။ အမွေ အမှုအခင်းကိစ္စ ခွဲဝေခံစားရရှိမှု ကြုံစေတတ်သည်။ တပည့်များ အနေမတတ်မှု တပည့်သစ်ဒုက္ခပေးခြင်း ကြုံစေမည်။ ဘွဲ့လွန်အဆင်ပြေမည်။ ဝယ်ယူသော မြေအရောင်းအဝယ် အဆင်ချောမည်။

**ယတြာ။ ။ စာအုပ် လှူပေးပါ။**

(၇) ရက်သားသမီးများ
၂၀၁၂ July လအတွက် ကံစမ်းထီထိုးရန်
အားကောင်းသောဂြိုဟ်များမှာ

ပထမပတ်
စနေဂြိုဟ် (၇)၊ အင်္ဂါဂြိုဟ် (၃)

ဒုတိယပတ်
ကြာသပတေးဂြိုဟ် (၅)၊ သောကြာဂြိုဟ် (၆)

တတိယပတ်
ကိတ်ဂြိုဟ် (၉)၊ အင်္ဂါဂြိုဟ် (၃)

စတုတ္ထပတ်
သောကြာဂြိုဟ် (၆)၊ တနင်္လာဂြိုဟ် (၂)
တို့ဖြစ်သည်။

**ဒေါက်တာမြတ်သစ် (မန္တလေး)**
**ဖုန်း-၀၂၇၃၇၉၄**

Asian Frame Media Group
MEDIA GROUP



## ခုနစ်စဉ်ကြယ်သတို့သမီး

ကြယ်မျက်လုံးတွေ တဖျပ်ဖျပ်လက်
ပါးချိုင့်လေးတွေပေါ်တိုင်း
မှန်တိုင်းထန်စေခဲ့သူရယ်...

"မိုနာလီဇာတောင် မနာလိုဘူး"တဲ့
ဒါဗင်ချီက ဆိုတယ်
အသိနောက်ကျလေခြင်းလို့
ရင်ခေါင်းသံကြီးနဲ့ လှိုက်ခနဲငိုတယ်...

မငိုနဲ့လေ
နတ်သမီးက
နှစ်ဆယ်ရာစုနှောင်းပိုင်းမှာမှ နတ်သက်ကြွေတာ

ဟော ဟိုမှာကြည့်
သဝန်တိုမှုအပြည့်နဲ့
ကောင်းကင်ရဲ့ သက်တံတွေ
မဲ့ပြုံးပြုံးနေကြတယ်...

အလင်း



## နတ်ထွက်စာ

'ဘာကြောင့်လဲ'လို့မေးပြီး
'ဆင်ခြေမပေးနဲ့'လို့ ပြောတယ်
ဖြစ်ပုံက အဲဒီလို စတယ်
'အကျိုးလိုလို့ ညောင်ရေသွန်း'တဲ့ကိစ္စ
မဏ္ဍပ်တိုင် ခဏခဏ တက်ပြမှတော့
ငါငိုပြနေလည်း အပိုပဲ
မရဲဘဲ ကွဲပြဲမစီးခဲ့ပါဘူး
ရဲရဲကြီးကို ခေါင်းငုံ့ခံရလွန်းလို့
မြေကြီးကလွဲပြီး ဘာမှမမြင်တော့ဘူး
မရှိတဲ့ ရေဘူးလည်း မပေါက်ခဲ့ပါဘူး
နင်ပြောတဲ့ရေလည်း မရှိပါဘူး
နင် အလဲထိုးဖို့ ရည်ရွယ်ထားမှန်းသိရင်
ဒီကြိုးဝိုင်းထဲကို ငါမဝင်ခဲ့ဘူး
ရှိပြီးတော့ မသိတာမဟုတ်ဘူး
သိရက်နဲ့ ဘာမှမရှိလို့
ခိုးလိုးခုလုဖြစ်နေရတာ
"ထားလိုက်ပါတော့"ဆိုလို့
ငါရင်ထဲမှာ အပြည့်ထည့်ထားပါတယ်
တံတားအဖြစ်ခင်းထားတဲ့
ငါ့ရဲ့ဘဝကို နင်းဖြတ်ပြီးမှ
စိတ်တိုင်းမကျတော့ရင်...
ခပ်မွဲမွဲ ဇာတ်ပို့အဖြစ်တောင်မှ
ငါ့အသုံးမကျတော့ဘူးထင်ရင်...
နင်ပြောနေကျ ပုံပြင်တွေထဲက
ငါ့ကို...
ထုတ်သာထုတ်ပစ်လိုက်ပါတော့

စည်သူ(ဘန်းယဉ်)

af MEDIA GROUP
Asian Fame Media Group



# အငွေ့ပြန်ရေဒီယို

လွင်ပြင်များရဲ့ အနားသတ်ကောက်ကြောင်းထဲ
တိမ်တွေအလေအလွင့်။
ပုဝင်ရည်တွေအငွေ့ပြန်သွားတဲ့ရာသီမှာ
ငါပျိုးခဲ့သမျှ စံပယ်တွေနွမ်းခြောက်ခြောက်။
ဒီရေနိုးအထ အရွေ့အလျားမှာ
သောင်နဲ့ဝေးသောဗေဒါငယ် ဝဲလည်လည်။
ရွာရိုးလေးရဲ့ အဝေးမျှော်အလွမ်းထဲ
နတ်ဆိုးဖန်ဆင်းသော အဆိပ်သီးတွေအဆုပ်လိုက်။
ပြန်မလာတော့တဲ့ မနေ့ကရာသီအခင်းအကျင်းမှာ
တွဲဆက်မယ့်လက်ကလေးနှစ်ဖက်ရဲ့ အခွင့်ဟာ ပါးလျလို့။
ရှုံးခဲ့မိသော မျက်နှာမရ ခရမ်းရင့်ရောင်ညနေမှာ
အသံတိတ်သွားတဲ့ ရေဒီယိုဟာ
အိပ်မက်အဆုံးရဲ့ ခလုတ်ကို နှိပ်လိုက်တယ်။ ။

ကောဇော်မိုး



# သစ်တောများ

မိုးကောင်းကင်ထံပါးမှာ ခိုနားနေတဲ့သူတို့ရဲ့
အလွမ်းတွေ
ပင်လယ်ရဲ့တွင်းနက်ထဲမှာ ခိုအောင်းနေတဲ့ သူတို့ရဲ့
အလွမ်းတွေ
အလွမ်းတွေက တောင်တန်းတစ်ခုစာမကတော့
သူတို့ရဲ့ ပျောက်ဆုံးသွားတဲ့ ခြေရာများ
ကမ္ဘာမြေရဲ့ တစ်နေရာရာမှာ ရှိနေမလား
သူတို့ အဲဒီလို ဆန္ဒတစ်စုံတစ်ရာနဲ့ လောကအရှုပ်ထုပ်ထဲမှာ
ရှင်သန်နေရဲ့ . . . ။


အလင်းစတချို့ မွေးဖွားလာတဲ့အခါ
သူတို့ရဲ့ ခွန်အားတွေ စိမ်းလန်းလို့
အလင်းစတချို့ ပြိုကျတဲ့အခါ
သူတို့ရဲ့ မာန်မာနတရားတွေ ငုပ်လျှိုးသွားကြ
တရွေ့ရွေ့သွားနေတဲ့ စက္ကန့်တံတွေနဲ့အတူ
ပိုမိုရင့်ကျက်လာတဲ့ အသက်ဝိညာဉ်
မြို့ပြများမှာ သူတို့ရဲ့ အရိပ်အငွေ့တွေ
သိပ်မတွေ့ရဘူး . . . ။

ငြိမ်းချမ်းမှု အေးရိပ်ကို အပိုင်ပေးတဲ့
ငြိမ်သက်စိမ်းလန်းတဲ့ အဖြူရောင်နှလုံးသားနဲ့
ထာဝစဉ် မတ်တတ်ရပ်နေတဲ့ သူတို့ဟာ
လောကဖြေဆေးတစ်ခွက်
ဖြစ်နေတာဟာ အံ့သြစရာကောင်းတဲ့ ပန်းချီကားတစ်ချပ်ပါ
ဒါပေမဲ့
တဖြည်းဖြည်း ပါးလျားလာတဲ့
သူတို့ရဲ့ဘဝတွေဟာ

ရင်တွင်းဆန္ဒဖွင့်ဟခွင့်မရှိတဲ့ ရုပ်သေးရုပ်ဖြစ်လို့
လူတွေပြုသမျှ ခံနေရတာ
မျက်ရည်ကျစရာ ကောင်းတဲ့ကဗျာ။
သူတို့အတွက်
စာနာညှာတာမှု ပန်းပွင့်များ
လောကကြီးက ပေးဖို့ စဉ်းစားထားရဲ့လား ။ ။

မင်းထက်သားညီ(တောင်ငူ)

Asia Frame Media Group



## ရတီသို့ ... တမ်းချင်း

စာပေဗဟုသုတ အနုသုခုမတွေနဲ့
အစဉ်ထာဝရ လန်းဆန်းနေတဲ့ ရတီရေ...
မင်းနဲ့ငါ မိတ်ဆွေဖြစ်တာ ကြာခဲ့ပေမယ့်
ငါရေးတဲ့ ကဗျာတစ်ပုဒ်
စာမျက်နှာမှာ ဖွင့်ထုတ်ခွင့်မရခဲ့ဘူးနော်...

လကုန်ရက်တိုင်းမှာ
မင်းကိုထွေးပိုက်ရင်း စိတ်မကောင်းဖြစ်ခဲ့ရတာ
လပေါင်းများစွာပါ ရတီ
ငါ့ခံစားချက်တွေက ဘာသာမဲ့နေလို့လား
ငါ့စကားလုံးတွေက ရိုးရှင်းလွန်းနေလား
ငါ့ကဗျာက ဝါးတားတားဖြစ်နေသလားလို့
တွေးရင်း ရှက်တော့ရှက်မိတယ် ရတီ ...

ဟိုတစ်ခါက အချစ်အကြောင်း၊ ဟိုတစ်ခေါက်က ဘဝအကြောင်း
ဟိုအကြောင်းရေး ဒီအကြောင်းဖွဲ့
ဒါပေမဲ့ လမ်းလွဲနေတုန်းပဲ
တစ်ခါ နှစ်ခါ သုံးခါမကတဲ့ ကျရှုံးခြင်းကို ရခဲ့ပေမယ့်
သက်ပြင်းကို အကြိမ်ကြိမ်ချ၊ အားယူကာ ပြန်ထရင်း
မင်းကို အစဉ်ထာဝရ မမုန်း၊ အပြုံးလေးနဲ့ ယုံကြည်နေဆဲ...

တစ်ဖက်က မျှော်လင့်ချက်၊ တစ်ဖက်က ကလောင်တစ်ချောင်း
အသွင်တစ်မျိုးပြောင်းပြီး
မနက်ဖြန်ဆိုတာ ရှိနေသရွေ့
လှပတဲ့ မင်းဥယျာဉ်ဆီ... ငါ...
အရောက်လှမ်းခဲ့မယ်... ရတီ...

မိုးရိပ်ကဗျာ (ရွှေကူ)




## ညီမျှခြင်း မဖြစ်တဲ့လူ

ကြားတာတွေစုဆောင်း
မမြင်ရတဲ့အကြောင်းတွေကို
ထင်ရာတွေပြော··· မှန်တယ်ဆိုတဲ့ သဘောတွေနဲ့
ခေါင်းညိတ်လို့ နားထောင်ကြတယ်။
တချို့က မှန်ပေမယ့် မှား
တချို့က မှားပေမယ့် မှန်
လက်ဖမိုးနဲ့ လက်ဖဝါးကို တစ်ဖက်ဆီကကြည့်ရင်
သဘာဝမကျတဲ့ ငြင်းခုံမှုတွေနဲ့
စကားလုံးတိုက်ပွဲတွေ ဆင်နွှဲ···
အရည်မရ အဖတ်မရ
ငါဆိုတဲ့ အတ္တနဲ့··· အရှုံးဆိုတာ ဝန်မခံရဲကြဘူး
ငါဆိုတဲ့ အတ္တနဲ့··· မှားတယ်လို့ ထုတ်ဖော်မပြောကြဘူး။
ပြိုင်ပွဲတစ်ခုရဲ့ ရလဒ်က
အနိုင်၊ အရှုံး သရေ···
မသေဆုံးတဲ့ ဦးနှောက်တွေနဲ့ အသုံးပြုတတ်မယ်ဆိုရင်···
တစ်နေ့နိုင်ရင် တစ်နေ့ရှုံးမယ်
တစ်နေ့ရှုံးရင် တစ်နေ့နိုင်မယ်
အလှည့်အပြောင်းတွေနဲ့ ဘဝဆိုတဲ့ မတည်မြဲတဲ့ နိယာမအကြောင်းကို··
သရေဆိုတဲ့ ညီမျှခြင်းကို သုံးတတ်ကြမယ်ဆိုရင်ဖြင့်
ပုထုဇဉ် လူသားတွေဟာ
အပြစ်ကင်းတဲ့သူရှိရဲ့လားလို့ မေးကြည့်ချင်တယ်။

စောအိကျော်းနှင်း(ရွှေဘို)

Asian Fame Media Group
af MEDIA GROUP



# ရင်ခွင်ဦး

နတ်မရတဲ့ ဆူးတစ်ချောင်း
အထပ်ထပ်ငါ နတ်ခဲ့
သိနေလျက် မြင်ရခက်
မဖြေသာ ရင်ခွင်ဦးမှာ
အိပ်တန်းပြန်ခက်လို့
ဘယ်စခန်းမှာ နားခိုရမလဲ
ငါ့ရဲ့ အလွမ်းတွေ
အချိန်ရှိတိုင်း တမြည့်မြည့်နဲ့
အလွမ်းကွန်ရက်ထဲ စီးဆင်းမျောပါ
တထိတ်ထိတ်ခုန်နေတဲ့ ရင်ခုန်သံ
မျှော်လင့် တောင့်တ
တွေ့ရနိုးနိုး ပြောရနိုးနိုး
တွေဝေမိန်းမော ရေတွက်စဉ်းစား
အပ်ကြောင်းထပ် အလွမ်း
ငါ့ ရင်ထဲတိုးဝှေ့
နှလုံးသားမှာ အားငယ်တွေးတောမှုအောက်မှာ
သူ စိမ်းသွားမှာလည်း စိုး
သူ မုန်းသွားမှာလည်း စိုး
စိုးရွံ့မှုများစွာနဲ့
စကားလုံးတွေ အသက်မပါ
လှို့ဝှက်တဲ့ အချစ်မျိုးနဲ့
တိတ်တခိုး ခံစားရတာကို သူလေးသိပါစေ...

ကျော်ကြီး



# "လူ"

ဖယောင်းတိုင်လိုပဲ
ဦးခေါင်းကဖြို့ချတယ်
ဒီလိုနဲ့ပြိုပြိုကျလာတာ
တောက်ပချိန်တွေနည်းသထက်နည်း
အလင်းဆိုတာလည်း
တစ်ချိန်မှာ ဗလာ
ဒီစည်းစိမ်ချော်ရည်ပူတွေကို
ပြတင်းတစ်ခုရဲ့ ဟိုဘက်မယူနိုင်တဲ့
အဲဒီလိုအပူသည်ဘဝ
ထွန်းညှိလိုက်
ငြိမ်းသတ်လိုက်
လင်းလိုက် မှောင်လိုက်
လဲကျလိုက် ပြန်ထလိုက်
နာဖျားလိုက်ကောင်းလိုက်
ဒီလိုနဲ့ပဲ ကမ္ဘာမှာ
နောက်ဆုံးဆိုတာကို စောင့်နေကြတာလေ။

ချိတ်ကောက်(မြို့လှ)

ကဗျာချစ်သူ၊ ကဗျာဝါသနာရှင်မည်သူမဆို **'ဖူးနုသစ်လွင်ကဗျာဥယျာဉ်'**ကဏ္ဍသို့ လိပ်မူပြီး ကဗျာများပေးပို့နိုင်ပါသည်။ ကဗျာပေးပို့ရာတွင် ကလောင်အမည်၊ အမည်ရင်း၊ နိုင်ငံသားကတ်ပြားအမှတ်၊ ပညာအရည်အချင်း၊ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာနှင့် **ဖုန်းနံပါတ်**ကို အပြည့်အစုံထည့်ပေးပါရန်။ (ရွေးချယ်ခံရသည့် စာမူရှင်များကို စာမူခ ချီးမြှင့်မည်ဖြစ်ပါကြောင်း)

Asian Fame Media Group



ဝတ္ထုတိုရသ

"ကဲ ဘာပြောဦးမလဲ၊ ဘယ်လို ရှင်းချင်သေးလဲ၊ ညည်းတို့လုပ်ပုံ မလွန်ဘူးလို့များ ကိုယ့်ကိုယ်ကိုယ် ထင်နေသေးလား၊ အံ့ဩပါရဲ့၊ ညည်းတို့ တစ်ယောက်ကို သုံးသောင်းစီ ပေးထားတာ သိပ်ကို နည်းနေလို့လား၊ ဘာအလုပ်တွေများ ပင်ပင်ပန်းပန်း ငါခိုင်းနေလို့လဲ။ တခြားအလုပ်တွေကို တောင် လျှော့ပြီး ငါ့အဖေကို ပိုဂရုစိုက် စေချင်လို့ အဖေ့နားမှာ ထားတာ။ အဖေ့ကို အစားအသောက်၊ ဆေးဝါး ကအစ မှန်စေချင်လို့ နေ့စဉ်စာရင်း ဇယားနဲ့ လုပ်ပေးထားတာ၊ ခု ငါ့အဖေ ဆေးရုံပြန်တက်ရတာ နင်တို့ကြောင့်၊ နင်တို့ ငါ့အဖေနား လင်အကြောင်း၊ ရည်းစားအကြောင်းတွေပဲ တွတ်ထိုး ပြောနေကြတာ၊ ငါ့အဖေ ယိုင်နဲ့နဲ့ ဖြစ် လာတာ နင်တို့ကြောင့်။ ပုံမှန်မကျွေး၊ ပုံမှန်ဆေးမတိုက်နဲ့၊ တိုက်တဲ့ဆေးတွေ ကတော့ နေ့တစ်လုံး ညတစ်လုံး ပုံမှန်

ဝတ္ထုတိုရသ



Asian Fame Media Group

ကုန်လို့ အဖေ့ဝမ်းထဲတော့ မရောက်ဘူး။ နင်တို့ တော်တော်လုပ်ရက်ကြပါလား။ ငါကတော့ နိုင်ငံခြားကနေ ပိုက်ဆံအကုန်ခံပြီး အဆင့်ဆင့်မှာရနဲ့။ ဟမ် နင်တို့ကတော့ တောက၊ ရွာက ကျန်ခဲ့တဲ့ အဖေ၊ အမေတွေကို ကျေးဇူးဆပ်ချင်လို့ ငါ့အဖေကို တိုက်မယ့် ဆေးတွေကို ခိုးခိုးပေးတာပေါ့ ဟုတ်လား။ နင်တို့ မိဘတွေကတော့ တောမှာ နိုင်ငံခြား ဆေးကောင်းတွေ သောက်ပြီး ဒေါင်ဒေါင်မြည်လို့ ငါ့အဖေကိုတော့ သေချင် သေပစေပေါ့ ဟုတ်လား၊ အေး နင်တို့နှစ်ကောင်လုံးကိုလည်း ကြည့်မရတာ ကြာပြီ၊ မနက်ဖြန်ပြန်ကြ၊ အထုပ်ကိုယ်စီထုပ်ထားကြ၊ ငါ့ အဖေ ရှိတဲ့အခန်းထဲလည်း လုံးဝမဝင်ရဘူး၊ နင်တို့ အဝတ်အစားနဲ့ နင်တို့ ပိုင်ဆိုင်တဲ့ ပစ္စည်းပဲထည့်ကြားလား၊ မြမူနဲ့ ဟေမာ မနက်ဖြန်ကစပြီး အဖေ့အခန်းကို နင်တို့ဝင်တော့၊ နင်တို့ကို အစကစပြီး ပြန်သင်ပေးမယ်၊ ဒီလအတွက် ဈေးကြီးတဲ့ ငါ့အဖေဆေးတွေ ခိုးတဲ့အတွက် လစာအပြည့်မရဘူးမှတ်၊ သွား"

ကျွန်မ ဒေါသဖြစ်လွန်းလို့ ကိုယ်တွေလက်တွေ တဆတ်ဆတ်တုန်လာတယ်။ မြမူကို ရေတစ်ခွက်ယူခိုင်းရင်း သောက်လိုက်ရတယ်။ မနက်ဖြန်ကစပြီး ဟေမာကို အဖေနဲ့ထားပြီး နပ်(စ်)တစ်ယောက် ငှားမယ်။ မြမူကတော့ ထမင်းဟင်းချက်။ သူလည်း ကျွမ်းလာပါပြီ။ ကျွန်မအိမ်မှာ မြမူနဲ့ ဟေမာက အစောဆုံးရောက်တာ၊ နောက်တော့ ဉမ္မာထွေးနဲ့ နန်းသီရောက်လာတယ်။ သူတို့လေးယောက်က တစ်ရွာတည်း အရင်ကလည်း ရွာမှာ အလုပ်အတူတူ လုပ်ခဲ့ကြသူတွေ။ လူလိုတော့ ဉမ္မာနဲ့ နန်းသီတို့ ဟေမာတို့ အဆက်အသွယ်နဲ့ပဲ ခေါ်လိုက်တာ။

သူတို့နှစ်ယောက်ကို အိမ်သန့်ရှင်းရေး၊ အဝတ်လျှော်၊ သစ်ပင်ရေလောင်း၊ ခွေးအစာကျွေးပေါ့။ အဖေလည်း လေဖြတ်ပြီး အိပ်ရာထဲ ဗုန်းဗုန်းလဲရော၊ သူတို့နှစ်ယောက်ကို အဖေ့နားမှာ ကြီး


ကျွန်မ နန်းသီအထုပ်ကို
အရင်ဖောက်လိုက်တယ်။
ဘုရားစာအုပ်နှစ်အုပ်ကို
ကျွတ်ကျွတ်အိတ်နဲ့ထုပ်
ထားတယ်။
ပါတိတ်ထဘီအဟောင်း
တစ်ထည်၊ ကျွန်မပေးထားတဲ့
ပါတိတ်ထဘီပါပဲ၊ ထဘီကို
ကိုင်လိုက်စဉ်မှာ......

ကြပ်စေခဲ့တယ်။ ကျန်တဲ့နှစ်ယောက်က သူတို့အလုပ်တွေပါ လုပ်ရတော့ ဖတ်ဖတ်ကိုမောလို့ ပေမာနဲ့မြမူက ဘာမှ မပြောကြပါဘူး၊ လုပ်ဆို လုပ်လိုက်ကြတာပါပဲ။

ဥမ္မာနဲ့ နန်းသီက အဖေ့နား ရောက်သွားတော့ သက်သာသွားတာပေါ့။ နေကြာစေ့လေး စားလိုက်၊ စာအုပ်လေးဖတ်လိုက်၊ အဖေ့အတွက် တရားခွေနားထောင်ရအောင် ပေးထားတဲ့ဟာကို သီချင်းခွေဖွင့်လိုက်နဲ့ ဒီလောက်တော့ မြင်ပေမယ့် သိပ်တော့ မပြောမိသေးဘူး။ အားနေရင်တောင် အရင် ကိုယ်လုပ်နေကျ အိမ်သန့်ရှင်းရေးလေးတောင် လုပ်မပေးချင်ကြတော့ဘူး။

တစ်ရက်ကတော့ အဘိုးစားဖို့ Super market က ဝယ်လာတဲ့ ဂျယ်လီပူတင်းဘူးကို ရေခဲသေတ္တာထဲက ထုတ်ပြီး အဘိုးကျွေးခါနီး သူ့ပါးစပ်ထဲ တစ်ဇွန်းမောက်မောက် ခပ်ထည့်လိုက်တာကို မြင်လိုက်တယ်။ ကျွန်မကို မြင်တော့ ပါးစပ်ပိတ်ရင်း တုံ့ခနဲဖြစ်သွားတဲ့ ဥမ္မာကို

"နင့်ပါးစပ်ထဲ ကဟာတွေပြီး အောင်မျိုချလိုက်" လို့ပြောပြီး ဆူပြောပြီးမှ ရှန်းထွက်လာခဲ့တယ်။ ထွက်လာခဲ့ပေမယ့် စိတ်ကမချ။ မြမူနဲ့ပေမာကို မှာခဲ့ပေမယ့် သူတို့ကလည်း အဖေ့အခန်းထဲဝင်နေတာ မဟုတ်တော့ မမြင်နိုင်၊ အိမ်မှာက အစ်ကိုကနိုင်ငံခြားမှာ သူ့မိသားစုနဲ့ ကျွန်မနဲ့ဖေဖေ၊ နောက် ဖေဖေရဲ့ဆုံးသွားတဲ့ ညီရဲ့သမီးလေးက ခြောက်တန်း၊ မွေးစားထားတာ၊ နောက် သူတို့လေးယောက်၊ ဒါပဲ။ ဖူးဖူးလေးက ကျွန်မနဲ့ အိပ်တယ်။



ရုံးမသွားခင် ကျောင်းပို့က လုပ်ရသေးတယ်။ မိဘနှစ်ယောက်လုံး မရှိတော့ဘဲ ခိုကိုးရာမဲ့ခဲ့တဲ့ ကလေးလေးကို အဖေရော ကျွန်မရော သနားခဲ့တယ်။ ဖေဖေရဲ့ ပင်စင်။ ကျွန်မရဲ့ လစာ။ ကိုကိုပို့တဲ့ ငွေကြေးနဲ့ တစ်အိမ်လုံး လည်ပတ်နေရတာ၊ တစ်ခါတစ်ခါ ကျပ်သွားပေမယ့် ဖေဖေ့ကျန်းမာရေးအတွက်ကိုတော့ အရင်ကတည်းက ငွေစုစာအုပ်လုပ်ပြီး ဘဏ်ထဲမှာ သီးခြားထည့်ထားခဲ့တယ်။ အရင်က ဖေဖေက ဂျစ်လေးတစ်စီး ရှိတယ်။ ဆီထုတ်ထုတ်ပြီး ကျွန်မကို မုန့်ဖိုးပေးသေးတာ၊ အဲဒီ မုန့်ဖိုးကိုလည်း ဖေဖေ့ဘဏ်စာအုပ်လေးထဲပဲ ထည့်စုခဲ့တယ်။ ဖေဖေ့ကျန်းမာရေးအတွက် စုတဲ့ငွေဆယ်သိန်းကျော်ကျော် ရခဲ့တယ်။

မနှစ်ကမှစပြီး ဖေဖေလေဖြတ်လို့ ဆေးရုံစတက်ရတယ်။ ဒီနှစ်ထဲမှာ တစ်ခါပြန်တက်ရတယ်။ ဘဏ်စာအုပ်လေးထဲက ငွေများစုရတာသာ ကြာခဲ့တာ၊ သုံးလိုက်ရတော့ ခဏလေးပဲ။ ခုတစ်ခေါက်ကတော့ ဖေဖေ သတိကောင်းကောင်းမရတော့ဘူး။ အိပ်ရာပေါ်ပဲ အမြဲလှဲနေတော့တယ်။ အစားကလည်း နည်းနည်းပဲ။ အဓိက နိုင်ငံခြား အားဆေးကောင်းတွေကို ကိုကို့ဆီက မှာတိုက်ရတယ်။ အရင်တစ်ခေါက်တုန်းက အဲဒီအားဆေးတွေနဲ့ ပြန်ထူထောင်လာတာဆိုတော့ အစာမစားတဲ့ ဖေဖေအတွက် ဆေးပဲအားကိုးရတယ်။ အားဆေးတွေကို နှစ်မျိုးတိုက်ရတယ်။ မနက်တစ်ကြိမ်၊ ညတစ်ကြိမ် ဒီဆေးတွေက အစာစားချင်စိတ်ကိုလည်း ဖြစ်စေတယ်။ ဒါပေမဲ့ ဒီတစ်ခေါက် ဖေဖေ့ပုံစံက ထူးခြားမလာဘူး။ ခေါင်းပဲ ယမ်းနေတယ်။ ထမင်းကလည်း ဇွန်းသေးနဲ့ သုံးဇွန်းလောက်ပဲ။ ကျန်တဲ့ ဖျော်ရည်တွေတော့ သောက်တယ် ပြောတာပဲ။

ဒါနဲ့ ရေခဲသေတ္တာထဲက စပရိုက်ဘူးကြီးကို ကြည့်လိုက်တော့ ဘူးရဲ့ သုံးပုံတစ်ပုံကျော်ကျော်တောင် လျော့နေတယ်။ ဒါဆို ဖေဖေ တော်တော် သောက်တာပဲဆိုပြီး ဝမ်းသာသွားသလိုပေမယ့် ချက်ချင်းမယုံသလို ဖြစ်သွားတယ်။ ပူတင်းတောင် ခိုးစားသေးတာ၊ ဒီအရေလည်း သူတို့မသောက်ဘူးလို့ မပြောနိုင်ဘူး။ ဖေဖေက ဘာမြင်တာမှတ်လို့၊ သူ့ဘာသူ အိပ်နေတာ၊ မယုံပေမယ့် မပြောသေးဘူး။ အခြေအနေစောင့်ကြည့်လိုက်တယ်။ ညနေကျ ဖူးဖူးက စပရိုက်သံဘူးလေး ဝယ်လာတယ်။

ဖူးဖူးက ဘိုးဘိုးကြီး သောက်မှာလားဆိုပြီး ပါးစပ်နားတော့ပေးတယ်။ ဖေဖေက တော်ပြီ သူမကြိုက်ဘူးလို့ ပြောတယ်။ ဒါနဲ့ ကျွန်မက ဖေဖေကြိုက်တယ်လေ၊ ဖေဖေသောက်တဲ့ ဒီအရေနဲ့အတူတူပဲဆိုပြီး ရေခဲသေတ္တာထဲက ဘူးကြီးယူပြတော့ ဖေဖေက မျက်လုံးလေးကို ရှုံ့ကြည့်ရင်း

"ဖေဖေမသောက်ဘူး သမီး" တဲ့။

ကျွန်မ သိလိုက်သလို ဟိုနှစ်ကောင်လည်း မျက်နှာပျက်ပြီး တောင်လုပ်တာလိုလို၊ မြောက်လုပ်တာ လိုလိုနဲ့ . . .

"အေး အဖေမသောက်ဘဲနဲ့ ဘာလို့ လိမ်ပြောတာလဲ"

"အဘိုးက သောက်မယ်ပြောလို့ ဖန်ခွက်ထဲထည့်တာ မသောက်ဘူးဆိုတော့ ပြန်ထည့်ရခက်သွားလို့"

"ဩော် ဒီပုလင်းထဲကို ဒီဖန်ခွက်ထဲက ဒီအရေကို ဒီလိုဝင်အောင် ထည့်ရတာ ခက်သလား၊ နင်တို့နော်၊ ငါ့ပါးစပ်နဲ့ တွေ့တော့မယ်"

"သမီးရယ် သူတို့သောက်ချင်လို့ နေမှာပေါ့"

ဖေဖေက ဖော့ဖော့ဖေးဖေး ဝင်ပြောတယ်။

"သောက်လို့ရတယ်၊ ဖေဖေ မသောက်တာကို ဖေဖေသောက်တာလို့ ညာပြောတာကို မကြိုက်တာ၊ သမီးက ဆရာဝန်လာရင် ဖေဖေ ဘာစားတယ်၊ ဘာသောက်တယ်၊ ဆီးဘယ်လောက်သွားတယ် ဆိုတာကစ မှတ်ပြီး ပြောရတာလေ။ သူတို့က အမှားတွေမှတ်တော့ အမှားတွေ ပြောမိတော့ ဘယ်ကောင်းမလဲ။ နင်တို့နှစ်ယောက် သေချာသတိထားနေကြားလား"

"ဟုတ်ကဲ့"

"ပြောရင် ဟုတ်ကဲ့ ဟုတ်ကဲ့၊ နင်တို့တောမှာ ဒီလိုစပရိုက်မပြောနဲ့၊ ရေတောင် ရေကြည်သောက်ရရဲ့လား။ နင်တို့လေးယောက်လုံးကို ဝယ်ကျွေးသင့်တဲ့ဟာ မှန်သမျှ ငါဝယ်ကျွေးတယ်။ ဒါတင် မဟုတ်ဘူး၊ နင်တို့ လစာအသားတင်၊ တီဗီက လာသမျှ Lotion တွေ၊ မိတ်ကပ်တွေ နင်တို့ ဝယ်လိမ်းနိုင်ကြတယ်။ နင်တို့ ပိုက်ဆံနဲ့မို့ ငါ ဘာမှ မပြောပါဘူး။ အေး လွန်ကဲပြီး ငါ့ခေါင်းလျှော်ရည်ဘူးကို ခိုးထားတာ၊ လစ်ရင် လစ်သလို ငါ့ရဲ့ ရေချိုးဆပ်ပြာကို ယူသုံးတာတွေ မသိဘူးထင်လို့လား၊ နင်တို့ ရေချိုးခန်းထဲက ထွက်လာ



Asian Family Media Group
MEDIA GROUP

ရင် အနံ့တွေ ထောင်းထောင်းထနေတာ၊ ဒီအိမ်မှာ ပစ္စည်းတွေပေါပေမယ့် ဘယ်နား ဘယ်ပစ္စည်း ငါအကုန်မှတ်မိတယ်။ နင်တို့ဆပ်ပြာအသုံးအဆောင်တွေ သီးသန့်ရှိပြီးသား။ ခု နင်တို့နှစ်ယောက်လုံး ဝတ်ထားတဲ့အင်္ကျီဆို မြန်မာပြည်က အပေါစား ထင်မနေနဲ့၊ ငါ့အစ်ကိုနဲ့ ယောင်းမက ပေးထားတာ၊ မတော်တော့လို့ နင်တို့ကို အသစ်အတိုင်းပဲ ပေးထားတာ၊ ငါ ဖူးဖူးအတွက် ချန်ထားရင် ရသားပဲ၊ နိုင်ငံခြားဖြစ်စစ်စစ်တွေ ခါးပေါ်တင်၊ ခေါင်းပေါ်တင်ကြပြီး မြန်မာပီသရမယ့် စေတနာစစ်စစ်တွေက ဘယ်ရောက်သွားပြီတုံး၊ ဟိုနှစ်ယောက်ဆို နင်တို့နှစ်ယောက်ထက် ပင်ပန်းတယ်၊ ဒါပေမဲ့ ဘာအတွန့်တက်တာမှ မရှိဘူး။ နင်တို့မှာ ခု ရေပေါ်ဆီတွေလို ဖြစ်နေပြီ ကဲ ဖေဖေ အိပ်တော့ နားဦးနေဦးမယ်၊ ဖေဖေ အနားယူနေတုန်း တစ်ယောက်က ကြမ်းတိုက်၊ တစ်ယောက်က ခြံထဲကအပင်တွေ အကုန်ရေလောင်း"

နှစ်ယောက်သား မခုတ်တတ်တဲ့ ကြောင်တွေလို ကုပ်ကုပ်နဲ့ ထွက်သွားကြတယ်။ ပြောရတာလည်း မောတယ်။ အဖေ့နားစောင့်ရလို့သာပဲ ရေချိုးပြီး အလှပြင်ဆင်နေတာ မပြီးတော့ဘူး။ ဒါမျိုးတွေဆိုတာ အရင်ကတည်းက ဖေဖေ့ဖို့ ထမင်းနဲ့ဟင်း စီမံပေးရတာကိုက စပယ်ရှယ်ပဲ။ ဖေဖေ့ကို စားစေချင်တာကိုး၊ ငါးလေးတစ်မျိုး၊ ကြက်လေးတစ်မျိုးနဲ့ ဟင်းချိုလေးအမျိုးမျိုးနဲ့ ဖေဖေကျန်သမျှ မီးဖိုချောင်ထဲမရောက်ဘူး။ အခန်းထဲတင် ကုန်တာ။ ကိုကိုက ဖေဖေအားရှိအောင် စားနိုင်တာလေး မုန့်တွေအမျိုးမျိုး ပို့ပေးတယ်။ ဖေဖေက စားလှမှ ဘယ်လောက်စားနိုင်မှာတုံး။ လချီစားရမယ့်ဟာတွေလည်း ရက်နှစ်ဆယ်လောက်နဲ့ ကုန်လိုကုန်နဲ့၊ အဘိုးက သိပ်ကြိုက်တာပဲဆိုတာ ပါးစပ်က မချဘူး။

ဒီအထိကို ကျွန်မခွင့်လွှတ်ပေးလို့ ရသေးတယ်။ နောက် ဒီလိုမလုပ်အောင် ပြောလို့ရသေးတယ်။ အရင်တစ်ပတ်က ဖေဖေကျန်းမာရေးဖောက်လို့ ဆေးရုံတက်လိုက်ရတယ်။ ဆေးရုံမှာ ဆရာဝန်က တိုက်တဲ့ ဆေးတွေ မေးတယ်၊ ဆရာဝန်က တိုက်တဲ့ဆေးတွေကို အားလုံးခဏရပ်ထားပေးပါ။ ဆေးပြောင်းတိုက်မယ်ဆိုပြီး ဆေးအသစ်တွေ ပေးတယ်။ ဖေဖေ ဆေးရုံတက်ရတဲ့ သုံးပတ်ကျော်ကျော်မှာ အိမ်က ဘာဆေးမှ မသောက်ရဘူး။ ကျွန်မ ဖေဖေရဲ့ဆေးတွေကြည့်တော့ အားဆေးတွေ ကယ်စီယမ်အရိုးအားကောင်းစေတဲ့ ဆေးတွေက လျော့နေတယ်။ သိသိသာသာပဲ၊ ဆေးဆိုတော့ စိတ်ထဲမထင်ထားမိတဲ့ အမျိုးအစားဖြစ်နေတယ်။ ဒါနဲ့ သတိရမိတာတွေကို ပြန်စဉ်းစားမိတာ တစ်ခုက သူတို့အိမ်တွေအတွက် ဘာလေးပို့ချင်လို့ပါ၊ ညာလေးပို့ချင်လို့ပါဆိုပြီး နှစ်လတစ်ခါလောက် ပို့ကြတယ်။ ပို့တိုင်းလည်း အခန်းထဲက ထွက်လာရင် ပါကင်က ထုပ်ပြီးသား၊ ဘာတွေလဲလို့ မေးရင်၊ ပုဆိုးနွမ်းချောက်၊ ဒါမှမဟုတ် အင်္ကျီအဟောင်း၊ ဒါမှမဟုတ် တဘက်၊ စာအုပ်နဲ့ အမျိုးမျိုးပဲ၊ ကျွန်မလည်း တစ်ခါမှတော့ ဖောက်စစ်တဲ့အလုပ်ကို မလုပ်မိဘူး။

ဒီတစ်ကြိမ်တော့ မဖြစ်တော့၊ သူတို့ပို့မယ်ဆိုတဲ့ ပြောသံကြားနေရတယ်။ ထင်တာ မမှားဘူးဆိုရင်တော့ သူတို့အိမ်တွေအတွက် ဖေဖေ့အားဆေးတွေကို ဝေပုံကျခွဲဝေပြီး ပို့နေနိုင်တယ်။ မဟုတ်ရင် သူတို့သောက်မလား၊ ဒီလောက် အားကောင်းမောင်းသန် ကောင်မနှစ်ကောင်လုံး ဆေးသောက်ရမှာ ကြောက်တယ်၊ မဖြစ်နိုင်ဘူး။ ဒီကိစ္စကို ဖမ်းမှဖြစ်မယ်။

ကျွန်မ ရုံးမသွားဘဲ ခွင့်ယူထားတဲ့ တစ်ရက်မှာ ထမင်းစားခန်းမှာ ကျွန်မကို တွေ့တော့ နန်းသီက အံ့သြသွားတယ်။

"မမ ဒီနေ့ရုံးမသွားဘူးလား"

"အေး မသွားဘူး"

"နင်တို့ ဘယ်သွားမလို့လဲ၊ လက်ထဲမှာ အထုပ်နဲ့"

"ဟို အမေတို့ဆီ ပို့မလို့ပါ"

"ဩော် ဒီတစ်ခေါက် ဘာတွေလဲ၊ တော်တော်ပို့ရတယ်နော်၊ နင်တို့မိဘတွေက ဝမ်းသာမှာပဲ"

"ကျွန်မ ပါတိတ်အဟောင်းတစ်ထည်နဲ့ အမေမှာတဲ့ ဘုရားစာအုပ်ပါ"

ဥမ္မာကလည်း အခန်းထဲက ထွက်လာတာ အထုပ်ကိုင်လျက်မို့ တန်းမိသွားတယ်။ ပြန်ဝင်လို့လည်း မရဆိုတော့ ကျွန်မတို့နားရောက်လာတယ်။

"ဥမ္မာရော ပစ္စည်းပို့မလို့လား"

"ဟုတ် အစ်မ ကျွန်မမောင်လေးအတွက် ကျောင်းစိမ်းအင်္ကျီပါ"

"ဩော် နင်တို့ သွားပို့မနေနဲ့တော့၊ နေ့လယ်စာစားချိန်လည်း နီးနေတော့၊ ငါလည်း စာတိုက်သွားမှာ ပေးခဲ့မယ်"

စာတိုက်က ကျွန်မတို့လမ်းထိပ်တင်ဆိုတော့ အရင်က သူတို့နှစ်ယောက် ခြေလျင်လျှောက်ပြီး သွားပို့နေကျ။ ဒီနေ့တော့ မတိမ်းမယိမ်း အထုပ်ကိုယ်စီနဲ့ နှစ်ထုပ်လုံး ကျွန်မရှေ့မှာ၊ သူတို့နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကြည့်လိုက်တာ တွေ့ရတယ်။ ထွက်သွားမလို့ လုပ်တုန်း၊ ကျွန်မက နန်းသီကို အံဆွဲထဲက ကတ်ကြေးယူခိုင်းလိုက်တယ်။ နန်းသီက ခပ်လေးလေးခြေလှမ်းတွေနဲ့ ကျွန်မကို ကတ်ကြေးလှမ်းပေးတယ်။

"နင်တို့ နှစ်ယောက်လုံး နေဦး"

"နင်တို့တွေ ပစ္စည်းပို့တိုင်း ဘယ်တော့မှ ဖွင့်မကြည့်ခဲ့ဘူး၊ နင်တို့ကို ယုံကြည်စိတ်ရှိခဲ့လို့ အခု ဒီအထုပ်နှစ်ခုလုံးကို နင်တို့ရှေ့ ဖွင့်မယ်၊ ယုံကြည်စိတ်နည်းသွားလို့၊ ဒီအထဲမှာ ငါလိုချင်တဲ့ အဖြေပါခဲ့ရင်တော့ နင်တို့ကံပဲ"

ကျွန်မ နန်းသီအထုပ်ကို အရင်ဖောက်လိုက်တယ်။ ဘုရားစာအုပ်နှစ်အုပ်ကို ကျွတ်ကျွတ်အိတ်နဲ့ ထုပ်ထားတယ်။ ပါတိတ်ထဘီအဟောင်းတစ်ထည်၊ ကျွန်မပေးထားတဲ့ ပါတိတ်ထဘီပါပဲ၊ ထဘီကို ကိုင်လိုက်စဉ်မှာ

■

**အခြေအနေချင်းမျှဴး**
**တစ်ကြောင်းပေါ်ရှိတဲ့သူချင်း**
**တူတာတောင်စိတ်ဓာတ်တွေ**
**မတူလို့ခုလိုဖြစ်တာ။ရေသာခို၊**
**အချောင်နေချင်တဲ့**
**စိတ်ဓာတ်နဲ့**

■



Asian Fame Media Group

အထဲမှာ ခပ်လုံးလုံးပုလင်းတစ်လုံး လျှောကျလာတယ်။ လိမ့်သွားတဲ့ ပုလင်းလေးကို ဖမ်းယူလိုက်ပြီး အဖုံးဖွင့်လိုက်စဉ်မှာ ဖေဖေရဲ့ အားဆေးတောင့်ညိုညိုတွေ ထွက်ကျလာတယ်။

ကျွန်မလက်ဝါးထဲက ဆေးတွေကိုပြရင်း နောက်တစ်ထုပ် ဆက်ဖောက်လိုက်တယ်။ သူတို့မျက်နှာတွေ ကြက်သေသေနေကြပြီ။ ရင်ခုန်သံတွေကိုတောင် အတိုင်းသား ကြားနေရသလိုပဲ။ သေချာပါပြီ ဥမ္မာ့အထုပ်မှာလည်း ကျွန်မ ခပ်သွက်သွက် ဖောက်လိုက်တယ်။ ကျောင်းစိမ်းဝတ်စုံလေးကြားက အထုပ်တစ်ထုပ် ပလတ်စတစ်အိတ်နဲ့ တောင် သေချာထုပ်ပိုးထားလိုက်သေးတယ်။ အိတ်ကိုကတ်ကြေးနဲ့ထိုးဖောက်လိုက်တယ်။ ဖေဖေ့ရဲ့ ဆေးတောင့်တွေ လက်ဝါးထဲ ရောက်လာတယ်၊ ရေလိုက်တော့ အလုံးသုံးဆယ်၊ တစ်မျိုးဆယ့်ငါးလုံးစီ၊ နှစ်ယောက်ပေါင်းတော့ ခြောက်ဆယ်။

ကဲ ဒီအချိန်မှာ ကျွန်မ သူတို့ကို ပွဲမကြမ်းရင် ဘယ်တော့ကြမ်းမလဲ။ ကျွန်မ အဖေ လူမမာကြီး အားအင်ချည့်နဲ့နေတာ သင်းတို့ကြောင့်၊ နှစ်ယောက်သား မျက်ရည်ပေါက်ပေါက်ကျအောင် ဆူပစ်လိုက်တယ်။ ဒေါသကလည်း အစွမ်းကုန် ငယ်ထိပ်ထိ ထွက်သွားတာမို့ သူတို့နှစ်ယောက်လုံးကို မမြင်ချင်တော့ ခါတိုင်းလုပ်နေတာတွေကို လွှတ်ပေးထားတဲ့ဟာတွေ ရှိပေမယ့် ခုလို မလုပ်သင့်တဲ့ ပစ္စည်းကိုတောင် ရအောင်လုပ်ခဲ့တဲ့ သင်းတို့ကို ဘယ်လိုမှ ခွင့်မလွှတ်နိုင်။

"နင်တို့ နှစ်ယောက်လုံး သိပ်တော်နေကြပါလား။ နင်တို့မိဘတွေကို သူများဆေးတွေ၊ ပစ္စည်းတွေကို ခိုးပေးရက်သလား၊ ကုသိုလ်ရမယ်လို့ရောထင်သလား၊ ကြည့်စမ်း၊ နင်တို့ကို အားကိုးတကြီးနဲ့ နင်တို့လက်ထဲ ထားထားတဲ့ ငါ့အဖေ ပိန်လို့၊ လူမမာ ရုပ်ရည်နဲ့ နင်တို့ နည်းနည်းမှ ကိုယ်ချင်းစာစိတ်မရှိဘူးလား၊ ကိုယ့်လိုဘ အတွက်ပဲ ကြည့်ခဲ့တဲ့ နင်တို့အတွက် ထိုက်တန်တဲ့ အပြစ်ကတော့ အလုပ်ဖြုတ်တယ် မနက်ဖြန်ပြန်၊ နင်တို့ အခန်းထဲကို ငါကိုယ်တိုင် ရှာတော့မယ်၊ ဟေမာ"

"ဟုတ်ကဲ့"



မီးဖိုချောင်ထဲကနေ နားစွင့်နေတဲ့ ဟေမာ ပြေးထွက်လာတယ်။

"ဖေဖေ့ကို နေ့လယ်စာကျွေးလိုက်တော့၊ မြမူ ခေါ်လိုက်"

"ဟုတ်ကဲ့"

မြမူရောက်လာတော့

"မြမူ သူတို့အခန်းထဲ နင်နဲ့ ဝင်မယ်၊ သူတို့နှစ်ယောက်ရဲ့ အဝတ်တွေကို ထုတ်ပေးလိုက်၊ နင်တို့ တောနဲ့ ပဲတန်တဲ့ဟာတွေ"

မြမူနဲ့ ကျွန်မ သူတို့အခန်းထဲ ဝင်စစ်တော့ သိပ်ကြာကြာမစစ်လိုက်ရပါဘူး။

ကျွန်မရဲ့ ပဝေသဏ်ဌာန်တုန်းက ပျောက်နေတဲ့ ခေါင်းစည်းကလစ်၊ လက်ကိုင်ပဝါ သုံးထည်၊ မျက်နှာသစ်ဆေးဘူး၊ လက်သည်းနီ တစ်ဘူး၊ နှုတ်ခမ်းနီ နှစ်ဘူး၊ နမူနာ ရေမွှေးပေါက်စဘူး နှစ်ဘူး၊ လည်စည်းပဝါ တစ်ခု အားလုံးကျွန်မဟာတွေ၊ ပစ္စည်းတွေကများတော့ တစ်ခုခုပျောက်သွား ရင် မသိ သာလှဘူး။ ကျွန်မဆီမှာ လက်ဆောင်ရတဲ့ ပစ္စည်းက မနည်းဘူး။ ဒါတွေကို တစ်နေ့တစ်နေ့ ကဲ့ယူပြီး တစ်နှစ် တစ်ခါ ရွာပြန်ရင် ယူသွားကြမှာ။

"မြမူ အဲဒါတွေ အကုန်ထုတ်ခဲ့၊ ဒီမှာ နင်တို့ရဲ့ ခိုး ထားတဲ့ပစ္စည်းတွေ၊ နှစ်ယောက် တစ်ခန်း ပေးထားတော့ အကြံတူချင်း ပေါင်းမိတာပေါ့ ဟုတ်လား၊ မြဲမြဲ မှတ်ထား၊ နင်တို့ ဒီလိုလုပ်နေသရွေ့ ဘဝက ခုလိုပဲဖြစ်နေမှာပဲ၊ ခုဘဝ မှာတောင် သူများအိမ်မှာ အိမ်ဖော် လုပ်ရတာ ဒီလို သူခိုး အလုပ်ပါလုပ်ရင် နောက် အိမ်ဖော်ဘဝတောင်ရောက်မှာ မဟုတ်ဘူး၊ နင်တို့လေးယောက်လုံး တစ်ရွာတည်း၊ မြမူနဲ့ ဟေမာက ငါ့အိမ်မှာ နေတာကြာပြီ။ ဘာပစ္စည်းမှ မပျောက်ဘူး၊စိတ်ချရတယ်။ အခြေအနေချင်း မျဉ်းတစ်ကြောင်းပေါ် ရှိတဲ့ သူချင်းတူတာတောင် စိတ်ဓာတ်တွေ မတူလို့ ခုလိုဖြစ်တာ။ ရေသာခို၊ အချောင်နေချင်တဲ့ စိတ်ဓာတ်နဲ့ ဘယ်လောက်ရှက်ဖို့ ကောင်းလဲ။ ငါသိတာ ကြာပြီ၊ နင်တို့ နှစ် ယောက်ကို အမိဖမ်းချင်လို့ပဲ၊ တစ်နပ်စားဉာဏ်တွေ"

နှစ်ယောက်စလုံး မျက်ရည်တွေ ကျပြီး ဒူးထောက်တောင်းပန်ကြတယ်။ ခုချိန်မှာတော့ မျက်ရည်ကျရုံမှတစ်ပါး ဘာမှမရှိတော့။ လူချင်းတူပြီး အသက်ရှုချင်းကွဲနေကြတဲ့ မျဉ်းတစ်ကြောင်းပေါ်ကလူတွေ အခြေအနေအဆင့်အတန်းတွေ ကွဲပြားသွားတာ ဒါကြောင့်ပဲ။

နောက်နေ့တော့ ဖေဖေ့နားမှာ နပ်(စ်)နဲ့ ဟေမာကို ထားခဲ့ပြီး ရုံးကို စိတ်ချလက်ချသွားနိုင်တော့တယ်။ မနေ့က တစ်နေကုန်လုံးဖြစ်ရတဲ့ ဒေါသစိတ်တွေကြောင့် ညက အိပ်မရသေးတွေလည်း တိုးလို့။ ဒါပေမဲ့ ဒီနေ့ မနက် လန်းလန်းဆန်းဆန်းနဲ့ နိုးထလာရတာ စိတ်ထဲအံ့ဩမိတယ်။

ဖေဖေ့ကို ကိုယ်တိုင်အားဆေးတိုက်တော့ ဖေဖေက တစ်ခါမှ မသောက်ဖူး သောက်နေကျမဟုတ်တဲ့ ဆေးလုံးတွေကို တွေ့လိုက်ရသလို။

"သမီး ဒီဆေးအသစ်တွေ ဖေဖေက သောက်ရမှာလား" တဲ့ ကျွန်မ ခေါင်းညိတ်ပြတော့ ဖေဖေက မညည်းမညူ ဆေးတွေကို ယူပြီးသောက်ရှာတယ်။ ဖေဖေ့ကို သနားလွန်းလို့ ဖြစ်မှ ဖြစ်ရလေ ဖေဖေရယ်လို့ စိတ်ထဲမှာပဲ ညည်းညူလိုက်မိတယ်။

**ချောအိမာန်(မန္တလေး)**



Asian Fame Media Group

ခေတ်စားလာသော **အင်ကြင်းကျောက်**
(သို့မဟုတ်)

# သစ်ဝင်ကျောက်ဖြစ်ရုပ်ကြွင်း

သိန်းပိုင် (M.Engg.Geol.)



Asian Fame Media Group

အင်ကြင်းကျောက်သည် ပတ္တမြား၊ နီလာ၊ ကျောက်စိမ်းတို့ကဲ့သို့ အဖိုးတန်ကျောက်မျက်မျိုး မဟုတ်သော်လည်း ယခုအခါ လူသုံးများလာသော အဆင်တန်ဆာကျောက်တစ်မျိုး ဖြစ်လာပါသည်။ ယခင်က အင်ကြင်းကျောက်ကို လူသိနည်းသဖြင့် အသုံးပြုမှု နည်းခဲ့သော်လည်း ၂၀၀၀ ခုနှစ်ဝန်းကျင်ခန့်မှစတင်၍ ပန်းခြံများ၊ အိမ်ခြံဝင်းများ၊ ရုံးခန်းများ၊ ဟိုတယ်များ၊ စားသောက်ဆိုင်များတွင် သဘာဝအတိုင်း အလှဆင်ထားရှိရာမှ အစပြု၍ နောက်ပိုင်းတွင် အရောင်လှသော၊ အသွင်သဏ္ဌာန်ဆန်းသစ်သော၊ အသားကောင်းသော အင်ကြင်းကျောက်များကို ပုံစံအမျိုးမျိုး သွေး၍ အမှတ်တရပစ္စည်းများ၊ လက်ဝတ်ရတနာများ၊ ရုပ်တုရုပ်ထွင်းများပင် ပြုလုပ်၍ အသုံးပြုလာကြပါသည်။





"အင်ကြင်းကျောက်" ဆိုသည်မှာ အင်ကြင်းပင်မှ ကျောက်ဖြစ်လာသည်ဟု အများက ထင်မြင်ယူဆနေကြသော်လည်း အမှန်မှာ အင်ကြင်းပင်မှသာ ကျောက်ဖြစ်နိုင်သည် မဟုတ်ဘဲ မည်ကဲ့သို့သော အပင်မျိုးမဆို အခြေအနေ အချိန်အခါနှင့် လိုအပ်သော ရာသီဥတု ပတ်ဝန်းကျင် အနေအထားမျိုးတွင် ဆီလီကာဓာတ်ကြွယ်ဝသော မြေပြင်ပေါ်တွင် လဲကျသေဆုံးသွားပြီး နှစ်သန်းချီ ကြာသောအခါ အပင်များသည် ကျောက်ဖြစ် ရုပ်ကြွင်းဖြစ်စဉ်များအတိုင်း ကျောက်ဖြစ်သွားခြင်းသာဖြစ်ပြီး အင်္ဂလိပ်အမည်အားဖြင့် Fossil Wood (သို့) Petrified Wood ဟု ခေါ်ဆို၍ မြန်မာအမည်အားဖြင့် "အင်ကြင်းကျောက်" ဟု ခေါ်ဆိုနေသည့် သစ်ပင်ကျောက်ဖြစ်ရုပ်ကြွင်းများသာ ဖြစ်ပါသည်။ ဥပမာအားဖြင့် ရှေးခေတ် အုန်းပင်နှင့်ထန်းပင်များကဲ့သို့သော အပင်များမှလည်း ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်စဉ်များအတိုင်း ကျောက်ဖြစ်သွားသောအခါ မူလအုန်းပင်နှင့် ထန်းပင်တို့တွင်ရှိသော အပင်တစ်သျှုးပုံစံများအတိုင်းကျောက်ဖြစ်နေသဖြင့် ယင်းအပင်ကျောက်ဖြစ်ရုပ်ကြွင်းများကို မြန်မာတို့က "ထန်းကျောက်"ဟုပင် လွယ်လွယ်ကူကူ ခေါ်ဝေါ်ကြပါသည်။

"ကျောက်ဖြစ်ရုပ်ကြွင်း" ဆိုသည်မှာ ရှေးနှစ်သန်းပေါင်းများစွာက သေကျေပျက်သုဉ်းသွားသော သက်ရှိသတ္တဝါများနှင့် အပင်တို့၏ ကြွင်းကျန်ရစ်သော ရုပ်ကြွင်းများ (သို့) အမှတ်အသားများပင် ဖြစ်ပါသည်။ ထိုကဲ့သို့ပင် ရှေးနှစ်သန်းပေါင်းများစွာက သစ်ပင်များသည် ဆီလီကာဓာတ်ကြွယ်ဝသော မြေပြင်တွင် လဲကျသေဆုံးသွားပြီးနောက် အပင်တစ်ရှူးများတွင် ပါဝင်နေသော မူလဒြပ်ပေါင်းများနေရာတွင် ဆီလီကာများမှ အက်တမ်တစ်ခုချင်း၊ မော်လီကျူးတစ်ခုချင်းစီကို အချိန်ကာလကြာမြင့်စွာ အစားထိုးဝင်ရောက်ခဲ့ပြီး နောက်ဆုံးတွင် မူလသစ်ပင်တစ်ခုလုံးသည် ပုံစံပျက် ဆီလီကာများနှင့် ပြည့်ဝသွားကာ သစ်ပင်ကျောက်ဖြစ်ရုပ်ကြွင်းအဖြစ်သို့ ပြောင်းလဲသွားပါသည်။

**အင်ကြင်းကျောက် အမျိုးအစားများ**

အင်ကြင်းကျောက်များသည် သဘာဝတရားက ပြုပြင်ဖန်တီးပေးထားသော လက်ဆောင်မွန်တစ်ခုဖြစ်ပြီး ထိုကဲ့သို့ ဖြစ်ပေါ်လာရန် နှစ်သန်းနှင့်ချီ၍ ကြာညောင်းခဲ့ပါသည်။ အပင်အမျိုးမျိုးမှ အပင်ကျောက်ဖြစ်ရုပ်ကြွင်းအနေဖြင့် ဖြစ်တည်လာသော အင်ကြင်းကျောက်သည် မူလသစ်ပင်၏ အရွယ်အစားများမှသည် ကျိုးကြေပျက်စီးတိုက်စားသယ်ဆောင်ခံရမှုများကြောင့် ကျောက်စရစ်ခဲအရွယ်ထိအောင် သေးငယ်နိုင်ပါသည်။ အင်ကြင်းကျောက်၏ အရောင်အသားများသည်လည်း နက်မှောင်နေသော အရောင်မှသည် ဖြူကြည်နေသော အရောင်များအထိ ကြားထဲတွင် အဝါရောင်၊ ဝါညိုရောင်၊ နီညိုရောင်၊ အနီရောင်၊ အစိမ်းရောင်၊ နို့နှစ်ရောင်၊ မီးခိုးရောင်၊ အပြာနုရောင်များအထိ အရောင်စုံရှိပြီး အသားမှာလည်း လုံးဝအလင်းပိတ် အသားမှသည် ဖြူကြည်နေသော အလင်းပေါက်အသားများအထိ ရှိပါသည်။ ဆီလီကာ၏ မူလအရောင်သည် အရောင်မဲ့(သို့) အဖြူရောင် ဖြစ်သော်လည်း ဆီလီကာနှင့်အတူ ပါဝင်ဖွဲ့စည်းနေသော အခြားဒြပ်စင်အနည်းငယ်ကြောင့် အင်ကြင်းကျောက်များသည် ယခုကဲ့သို့ အရောင်အမျိုးမျိုးနှင့် ပုံသဏ္ဌာန်အမျိုးမျိုး ဖြစ်နေရခြင်း ဖြစ်ပါသည်။ အင်ကြင်းကျောက်သည် ဆီလီကာများဖြင့် အဓိက ပါဝင်ဖွဲ့စည်းထားသဖြင့် ၎င်း၏ မာဆင့်မှုလည်း "မိုး (Mohr) " ၏ မာဆင့်စကေးအရ (၇)ခန့် ရှိပါသည်။ "ထန်းကျောက်" ဟုခေါ်သော ရှေးခေတ်အုန်းပင်၊ ထန်းပင်ကဲ့သို့သော အပင်မျိုးမှ ဖြစ်လာသည့် ကျောက်များသည်လည်း အင်ကြင်းကျောက်ကဲ့သို့ပင် အရွယ်အစားအမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးနှင့် အရောင်စုံရှိနိုင်သော်လည်း သဘာဝတွင် အင်ကြင်းကျောက်ထက် ပို၍ ရှားပါးပါသည်။ အင်ကြင်းကျောက်အမျိုးစုံကို မြန်မာပြည်အလယ်ပိုင်းနှင့် အထက်အညာဒေသများတွင် နေရာအနှံ့အပြား၌ တွေ့ရှိရပါသည်။

**အသုံးဝင်စွ အင်ကြင်းအလှ**

ရှေးခေတ် ပျူပုတီးအချို့သည် အင်ကြင်းကျောက်များဖြင့်ပြုလုပ်ကာ ၎င်းပုတီးလုံးများအပေါ်တွင် ပုံသဏ္ဌာန်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုး







Asian Fame Media Group



**ကျောက်ဖြစ်ရုပ်ကြွင်းများသည်ကျွန်ုပ်တို့ကမ္ဘာကြီး၏အမှတ်သင်္ကေတအမွေအနှစ်များဖြစ်ပြီးယင်းတို့ကိုဂမ္ဘီရအစီအရင်များတိုးတက်စေရန်အတွက်ယဖ်ပလ္လင်များတွင်ပူဇော်ထားရှိခြင်း၊သဘာဝတရား၏အကာအကွယ်များကိုတိုးတက်ရရှိ၍အန္တရာယ်များမှလွတ်မြောက်နိုင်ခြင်း၊အသက်ရှည်စေခြင်းစသည့်ယုံကြည်ချက်များကြောင့်ကျောက်ဖြစ်ရုပ်ကြွင်းများကိုအဆောင်ကျောက်အနေဖြင့်အသုံးပြုဝတ်ဆင်ကြပါသည်...**

ဖြင့် ဆေးခြယ်ထားခြင်း ဖြစ်ပါသည်။ ယင်းမှာ သမိုင်းမတိုင်မီခေတ်ကတည်းက ရှေးဦးလူသားများသည်လည်း အင်ကြင်းကျောက်များကို ၎င်းတို့၏ အဆင်တန်ဆာများ၊ အသုံးအဆောင်များအနေဖြင့် အသုံးပြုခဲ့ကြသည်ကို ဖော်ပြနေခြင်းဖြစ်ပါသည်။ ယခုအခါ အင်ကြင်းကျောက်များကို ဆောက်လုပ်ရေးလုပ်ငန်းများမှသည် အိမ်အလှဆင်ပစ္စည်းများ၊ လက်ဝတ်ရတနာပစ္စည်းများအထိပင် နေရာအမျိုးမျိုးတွင် ပုံစံအမျိုးမျိုးဖြင့် အသုံးပြုလျက်ရှိပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အိမ်ခြံဝင်းများ၊ မြက်ခင်းများ၊ ဂေါက်ကွင်းများ၊ ဟိုတယ် မျက်နှာစာများတွင် သဘာဝအတိုင်း အင်ကြင်းကျောက်တုံးကြီးများကို ချထား၍ အလှဆင်ထားခြင်း၊ အိုးအိမ်တိုက်တာ ခြံစည်းရိုးများတွင် အလှအပအနေဖြင့် ဆင်မြန်းပြုလုပ်ခြင်း၊ လူလုပ် ရေတံခွန်အကြီးအသေး အရွယ်အစားအမျိုးမျိုးတွင် ထည့်သွင်းအသုံးပြုခြင်း၊ သစ်ပင်ကြီးများပတ်ချာလည်တွင် ဝိုင်းရံထားသည့် အုတ်ခုံများ၊ အဆောက်အဦမျက်နှာစာများတွင် ပန်းထည့်စိုက်သည့် ပန်းစိုက်ဘောင်နေရာများနှင့် အချို့တတ်နိုင်သည့် နေရာများတွင် အင်ကြင်းကျောက် ဥယျာဉ်များကိုပင် သဘာဝအလှအပတစ်ခုအနေဖြင့် ထိန်းသိမ်းတည်ဆောက် ပြသထားပါသည်။

အင်ကြင်းကျောက်များကို အိမ်တွင်းအလှဆင် ပစ္စည်းများအနေဖြင့် အသုံးပြုရာတွင် စားပွဲတင်အရွယ်အစားမှသည် တန်နှင့်ချီ၍ အလေးချိန်ရှိသော အရွယ်အစားများအထိ ပြုလုပ်အလှဆင်ကြပါသည်။ ထိုကဲ့သို့ပြုလုပ်ရာတွင် အင်ကြင်းကျောက်ကို သဘာဝအတိုင်း မဟုတ်ဘဲ အပေါ်ယံအခွံသားကို မှင်စာအဆင့်ဆင့်ဖြင့် တိုက်စား၍ ချွတ်ပစ်လိုက်ပြီး အတွင်းသားကို အရောင်တင်လိုက်သောအခါ ပေါ်ထွက်လာသော အင်ကြင်းကျောက် အတွင်းသား၏ အရောင်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးသည် စိတ္တဇပန်းချီကားတစ်ချပ်(သို့) မော်ဒန်ပန်းပုရုပ်တုတစ်ခုလိုဖြစ်သွားပြီး ဟိုတယ်ဧည့်ခန်းများ၊ ကုမ္ပဏီဧည့်ခန်းများမှသည် အလုပ်စားပွဲ၊ စာရေးစားပွဲများအပေါ်အထိ တတ်နိုင်လျှင်တတ်နိုင်သလို အရွယ်အစားအမျိုးမျိုးကို ဝယ်ယူအလှဆင်ကြပါသည်။

ထို့ပြင် အသားကောင်း၍ အရောင်လှသော ဒီဇိုင်းဆန်းသော အင်ကြင်းကျောက်များကို ပုတီးများ၊ လက်ကောက်များ၊ သော့ချိတ်များ၊ စက္ကူဖိသည့် အတုံးများ (Paper weight) ရုပ်တုရုပ်ထွင်းပုံစံ အမျိုးမျိုးမှသည် နောက်ဆုံးတွင် အင်ကြင်းကျောက်အမှုန့်များ အပိုင်းအစများကို အနုပညာ လက်ရာမြောက်လှသည့် ကျောက်ပန်းချီကားများ ပြုလုပ်ရာတွင် အသုံးပြုနိုင်ပါသေးသည်။

**အင်ကြင်းကျောက်နှင့် ယုံကြည်မှု**

အင်ကြင်းကျောက်သည် ကျောက်ဖြစ်ရုပ်ကြွင်း အမျိုးအစားထဲတွင် ပါဝင်ပါသည်။ နိုင်ငံခြားတိုင်းပြည်များတွင်လည်း ကျောက်ဖြစ်ရုပ်ကြွင်းများနှင့် ပတ်သက်သော ယုံကြည်မှု အယူအဆများရှိပါသည်။ ဥပမာအားဖြင့် ကျောက်မီးသွေးတစ်မျိုးမှဖြစ်လာသော မဟူရာကဲ့သို့ အနက်ရောင် ရှိသည့် "ဂျက်ကျောက် (Jet)" အခွေအရစ်ပုံသဏ္ဌာန် ရှိသော ပင်လယ်ခရုကြီးများမှ ဖြစ်လာသော ကျောက်ဖြစ်ရုပ်ကြွင်းတစ်မျိုးဖြစ်သည့် "အမိုနိုက်ကျောက် (Ammonite)" နှင့် ရှေးခေတ်သစ်ပင် များရှိ သစ်စေးများမှ ကျောက်ဖြစ်ရုပ်ကြွင်း ဖြစ်လာသော "ပယင်းကျောက်"တို့သည် လူသိများထင်ရှားသော ကျောက်ဖြစ်ရုပ်ကြွင်းများ ဖြစ်ပါသည်။ ကျောက်ဖြစ်ရုပ်ကြွင်းများသည် ကျွန်ုပ်တို့ကမ္ဘာကြီး၏ အမှတ်သင်္ကေတ အမွေအနှစ်များ ဖြစ်ပြီး ယင်းတို့ကို ဂမ္ဘီရအစီအရင်များ တိုးတက်စေရန်အတွက် ယဇ်ပလ္လင်များတွင် ပူဇော်ထားရှိခြင်း၊ သဘောဝတရား၏ အကာအကွယ်များကို တိုးတက်ရရှိ၍ အန္တရာယ်များမှ လွတ်မြောက်နိုင်ခြင်း၊ အသက်ရှည်စေခြင်း စသည့်ယုံကြည်ချက်များကြောင့် ကျောက်ဖြစ်ရုပ်ကြွင်းများကို အဆောင်ကျောက်အနေဖြင့် အသုံးပြုဝတ်ဆင်ကြပါသည်။

ထိုနည်းတူစွာပင် ကျောက်ဖြစ်ရုပ်ကြွင်းတစ်မျိုးဖြစ်သော အင်ကြင်းကျောက်သည်လည်း စီးပွားရေးကို အောင်မြင်တိုးတက်စေ၍ အသက်ရှည် ကျန်းမာပျော်ရွှင်စေသည့် အဆောင်ကျောက်တစ်ခု အနေဖြင့် ယုံကြည်ကြပါသည်။ အင်ကြင်းကျောက်၏ မာကျောသည့် သတ္တိများကြောင့် စိတ်ဓာတ်ခွန်အား ကို ပြည့်စုံစေခြင်း၊ မိမိကိုယ်မိမိ ယုံကြည်မှုကို ဖြစ်ပေါ်စေခြင်းတို့ကို ဖော်ဆောင်ပေးနိုင်သည့် အဆောင်ကျောက်အဖြစ်လည်း မှတ်ယူထားကြပါသည်။ အင်ကြင်းကျောက်သည် ရှေးခေတ်သစ်ပင်မှ ကျောက်အဖြစ်သို့ ရောက်သည့်တိုင်အောင် နှစ်သန်းပေါင်းများစွာ ကြံ့ကြံ့ခံတည်ရှိနေနိုင်သော စွမ်းအားတို့ကြောင့် ဤကျောက်မျိုးကို ပိုင်ဆိုင်ထားပါက ဘေးအန္တရာယ်အပေါင်းမှ ကင်းရှင်းခြင်း၊ စိတ်ချမ်းသာပျော်ရွှင်ခြင်း၊ အကြားအာရုံပျောက်ဆုံးမှုကို ကုသနိုင်ခြင်း၊ ဆံပင်ပေါက်ခြင်းကို လှုံ့ဆော်ပေးနိုင်၍ ဆံပင်ကျွတ်ခြင်းမှ ကာကွယ်ပေးနိုင်ခြင်း၊ ကျောရိုးအဆစ်များကို သန်မာစေခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိနိုင်သည်ဟု ဆိုပါသည်။

**သိန်းပိုင်(M.Engg.Geol.)**

Asian Fame Media Group



# ဖိုးကွန့်

## ဘုန်းကြီးကျောင်းသား

— ဝဏ္ဏတိုရသ —

(၁)

ဖိုးကွန့် ဘုန်းကြီးကျောင်းရောက်တာ ကြာပြီပေါ့။ "ဖိုးကွန့်မင်း ဘုန်းကြီးကျောင်းရောက်တာ ဘယ်လောက်ကြာနေပြီလဲ"လို့ မေးသူတိုင်း ဖိုးကွန့်က လက်ကလေးသုံးချောင်း ထောင်ပြလေ့ရှိတယ်။ သဘောကတော့ သုံးနှစ်ပေါ့။ တကယ်က ဘယ်ကလိမ့်မတုံး ရှာထဲက တချို့လူတွေကမေးတိုင်း ဖိုးကွန့်က သူ့လက်ကလေးတွေကို လျှောက်ချိုးကြည့်ပြီး ခေါင်းကို တဗျင်းဗျင်းနဲ့ ကုတ်တော့တာပဲ။ ဘယ်နှနှစ်ရှိမှန်း သူမှမသိတော့တာ။ မရမက ညှစ်လျှောက်မေးရင်တော့ ဖြေရှာပါတယ်။ အမေနဲ့အဖေလာပို့တဲ့ နှစ်ကတဲ့။ မင်းအဖေနဲ့အမေက ဘယ်နှစ်ကလာပို့တာလဲဆိုတော့ ထန်းတွေသီးတဲ့နှစ်ကတဲ့။ ဒါကို ဆရာတော်ဘုရားသိတော့ သူ့တပည့်ကို သင်ပေးရှာတယ်။ ဘယ်သူက အဲဒီလို

Asian Fame Media Group

မေးမေး လက်သုံးချောင်းထောင်ပြပေါ့လေ။ အဲဒီတော့ သူ့ကို အဲဒီလို မေးသူတိုင်း လက်သုံးချောင်းထောင်ပြတော့တာပဲ ဆိုပါတော့။

ဒီလက်သုံးချောင်းကလည်း ကြာပြီပေါ့။ သူထောင်ပြလာတာကိုပဲ နှစ်နှစ်ကျော်ကျော်လောက်ရှိသွားပြီ။ ဒါပေသိ သူက လက်သုံးချောင်းပဲ ထောင်ပြဆဲ။ ရွာထဲက လူတွေကလည်း သူ့ကို စကြနောက်ကြတယ်။ သူစကားပြောပုံ လေယူလေသိမ်းကိုက ရယ်စရာဖြစ်နေတာကိုး။ ပြီးတော့ ရွာသူရွာသားတော်တော်များများက ချစ်လည်းချစ်ကြတယ်။ တစ်ရွာလုံးက အိမ်မှန်သမျှ သူ့မိဘအိမ်လိုဖြစ်နေတာ။ စားအိမ်သောက်အိမ်ချည်းပဲ။ မိဘတွေမရှိတဲ့ တစ်ကောင်ကြွက် တစ်မျက်နှာလေးဆိုပြီး သနားကြတာလည်း ပါတာပေါ့။ အင်မတန် နှမြောပါတယ်ဆိုတဲ့ အပျိုကြီးညီအစ်မဖြစ်တဲ့ ဒေါ်ရွှေသီနဲ့ ဒေါ်ငွေသီညီအစ်မကတောင် ဖိုးကွန့်အတွက်ဆို နှမြောတာမဟုတ်ဘူး။ အိမ်ရောက်လာတာနဲ့ ဘာစားချင်လည်းပြော။ သူတို့အိမ်မှာရှိတာကတော့ ချကျွေးပြီးသား။ အဲဒီ အပျိုကြီးညီအစ်မဆိုတာက သူတူတွေကိုတောင် သဒ္ဓါတဲ့ဟာတွေ မဟုတ်ဘူးရယ်။ တစ်ရွာလုံးက သူတို့ကိုနှမြောလွန်းလို့ 'တုံစိမတွေ' လို့ သမုတ်ကြတာရယ်။

ဖိုးကွန့်ရဲ့ အဖေနဲ့အမေကို ပြောတာလား။ သူတို့မရှိတော့ဘူး။ မရှိတော့ဘူးဆိုတာ ကွယ်လွန်အနိစ္စရောက်သွားတာကို ပြောတာ မဟုတ်ဘူး။ ရွာမှာမရှိတော့တာကို ပြောတာ။ သူတို့ ဘယ်ရောက်လို့ ဘယ်ပေါက်ပြီး ဘာတွေလုပ်နေသလဲဆိုတာ ဒီရွာကလူတွေ ဘယ်သူမှကို မသိကြတာ။ ဖိုးကွန့်လည်း မသိဘူး။ ဖိုးကွန့်ကို မယုံရင် မေးကြည့်။ ဖိုးကွန့် မင်းအဖေနဲ့ အမေ

Asian Fame Media Group
af MEDIA GROUP

ဘယ်သွားလဲလို့။ ဖိုးကွန့်က ပြန်ဖြေလိမ့်မယ်။ ဟိုး အဝေးကြီးမှာလို့။ ဟိုးအဝေးကြီးဆိုတာ ဘယ်မှာလဲလို့မေးရင် သူနေတဲ့ ရွာဦးကျောင်းရှေ့က လမ်းမတန်းတန်းကြီးကို တစ်မျှော်တစ်ခေါ်ကြည့်ပြီး အဲဒီဘက်မှာလို့ ညွှန်ပြလိမ့်မယ်။ ဒါပဲ သူသိတော့တယ်။ ဒီထက်တော့ ဘာဆိုဘာမှ မသိရှာ ဘူး။

ဖိုးကွန့်တို့ မိသားစု ရွာကို ရောက်လာတာလည်း ဟိုလိုလို ဒီလိုလိုနဲ့။ ဖိုးကွန့်အဖေ ကိုစံရွှေက အထုပ်နှစ်ထုပ်ထမ်းလို့။ ဖိုးကွန့်အမေ မမြပုက ဖိုးကွန့်လေး လက်တစ်ဖက်ကဆွဲပြီး တစ်ဖက်က ဟောင်းနွမ်းလို့ အရောင်မရှိသလောက်ဖြစ်နေတဲ့ အိတ်ကလေး တစ်လုံးဆွဲပြီး ရွာကို မယောင်မလည်နဲ့ ရောက်လာခဲ့တာ။ အိမ်မရှိ ယာမရှိ၊ နေစရာမရှိဆိုပါတော့။ ဒါကို ဘကြီးဖိုးဝေက သနားကရုဏာသက်ပြီး သူ့ထန်းတောမှာ ထန်းသမားလုပ်ခိုင်းပြီး နေခွင့်ပေးထားခဲ့တာ။ ဖိုးကွန့်အဖေ ကိုစံရွှေကလည်း လူရိုးလူအကြီး။ ရိုးတာအတာမှ တစ်ဖက်ကမ်းကို လွန်ရောပဲ။ ထန်းသမားဆိုပေမယ့် လို့ ထန်းကိုဟုတ်ဟုတ်ငြားငြား လုပ်တတ်ကိုင်တတ်သူ မဟုတ်။ မမြပုကတော့ ကိုစံရွှေနဲ့စာရင် လည်လည်ဝယ်ဝယ် ရှိတယ်လို့ ဆိုရမယ်။

ဘကြီးဖိုးဝေက အလုပ်မပေးခင်က မေးတယ်။ ဘာအလုပ်လုပ်တတ်သလဲပေါ့။ ဒီတော့ သူက ထန်းတော့ နည်းနည်းပါးပါးတက်တတ်ပါတယ်တဲ့။ အဲဒီလိုဖြေလို့လည်း ဘကြီးမိုးဝေက သူ့ကို ထန်းသမားရာထူးပေးခဲ့တာ။ ဘကြီးဖိုးဝေထန်းတောမှာလည်း ထန်းသမားမရှိဖြစ်နေတာနဲ့ ကွက်တိဖြစ်သွားတာပေါ့။ သူတို့မိသားစုသုံးယောက် ဘကြီးဖိုးဝေထန်းတောမှာပဲ ထန်းရွက်တဲကလေးတစ်လုံးထိုးပြီး နေကြလေရဲ့။

ထန်းပေါ်ချိန်ဆို ကိုစံရွှေက ထန်းတက်၊ မမြပုက ထန်းလျက်ချက်၊ ဖိုးကွန့်က မြေအိုးကောက်လို့ သူတို့သုံးယောက်ကို တက်ညီလက်ညီလုပ်နေတာ မြင်တွေ့ရမှာဖြစ်တယ်။ ထန်းလျက်တွေ ဘာတွေရလားဆိုတော့လည်း ဟုတ်တိပတ်တိရတာတော့ မဟုတ်ဘူး။ ဒါကလည်း သိပ်တော့ မဆန်းပါဘူးလေ။ ကိုစံရွှေက ထန်းမှ ကောင်းကောင်းမလှီးတတ်ဘဲ။ တခြားထန်းသမားတွေ ထန်းနို့ချောင်းကို ထန်းလှီးဓားနဲ့ လှီးလိုက်တယ်ဆိုရင် ထန်းနို့ဖက်နုနုပါးပါးလေးတွေက လေထဲမှာဝေ့ကာ ဝိုက်ကာနဲ့ လိပ်ပြာလေးတွေပျံနေသလို ဝဲခနဲဝဲခနဲ ကျလာတတ်တာ။ အဲဒီလို လှီးတတ်မှလည်း ထန်းရည်ထွက်အားကောင်းတယ်လို့ ထန်းသမားတွေက ဆိုကြတယ်။ ထန်းလှီးကျွမ်းကျင်တယ်လို့လည်း ခေါ်ကြတယ်။ ကိုစံရွှေလှီးနေတဲ့ ထန်းပင်များ မော့မကြည့်လိုက်နဲ့ ကျလာတဲ့ထန်းနို့ဖက်နုနုတွေက ဝဲလာဖို့နေနေသာသာ မြေကြီးပေါ်ကျလာတဲ့ အသံကိုက 'ဖတ်. . . ဖတ်. . . နဲ့' မြည်နေတာ။ ဒါကြောင့် ကိုစံရွှေတို့ ထန်းမရတာ မဆန်းဘူးလေ။

ကိုစံရွှေက ထန်းသာကောင်းကောင်းမလှီးတတ်တယ်။ ထန်းပက်လက်ကုလားထိုင်ကိုတော့ တော်တော်လေး ကျွမ်းကျွမ်းကျင်ကျင် သေသေသပ်သပ် လုပ်တတ်တယ်။ အားတဲ့အချိန်ဆိုရင် ထန်းပက်လက်ကုလားထိုင် လုပ်တယ်။ မမြပုက ရွာထဲက လိုချင်တဲ့သူကို စပ်တယ်။ တစ်လုံးရောင်းရ နည်းသလား။ ဒီအလုပ်ကလေးက မဆိုးဘူးလို့ ပြောရမယ်။ သူတို့မိသားစု စားဝတ်နေရေးဖူလုံတယ်။ ထန်းချိန်မဟုတ်ရင် ကိုစံရွှေက ကုလားထိုင်လုပ်၊ မမြပုက တောကြိုအုံကြားက ဟင်းရွက်ကလေးဘာလေး ခူးရောင်းနဲ့ ဒီလိုပဲ နေလာလိုက်ကြတာ။

တစ်နေ့၊ ကိုစံရွှေက ထန်းလှီးပြီး ထန်းပင်ပေါ်က ဆင်းလာတော့ ထန်းပင်အောက်မှာ ဖိနပ်မပါဘာမပါနဲ့ ခြေတုံးလုံးဖြင့် မြေအိုးကောက်နေတဲ့ သားဖြစ်သူဖိုးကွန့်ကို ကြည့်ပြီး ဘာစိတ်ကူးပေါက်သွားတယ် မသိဘူး။ တဲပြန်ရောက်လျှင်ရောက်ချင်း ထန်းလှီးဓားကိုပစ်ချပြီး ချွေးပြန်နေတဲ့ အညိုရောင်တောက်တောက်မျက်နှာကို ခါးပုံစနှင့်တဖြင်းဖြင်းသုတ်ကာ ပြောတယ်။

"မြပုရေ . . . . ငါတို့သား ဖိုးကွန့်လည်း မငယ်တော့ဘူး။ ငါတော့ ကျောင်းထားချင်တယ်ဟာ သူများ ကလေးတွေဆိုရင် ဒီကောင့်အရွယ်ဆို နှစ်တန်းသုံးတန်းရောက်ကုန် ပြီ"

ကိုစံရွှေက ဒီလိုပြောတော့ ထန်းလျက်ချက်ဖို့ ပြင်နေတဲ့ မမြပုက တဟီးဟီးနဲ့ ရယ်တော့တာပဲ။ ပြီးတော့ မမြပုက ပြောလိုက်သေးတယ်။ "အခုမှ တော်က ဘာစိတ်ရူးပေါက်ရတာလဲ"တဲ့။

"စိတ်ရူးပေါက်တယ်တော့ ဘယ်ဟုတ်ပါ့မလဲ မြပုရာ။ တစ်နေ့တစ်နေ့ သူ့ခမျာ မြေအိုးကောက်ရတာနဲ့အချိန်ကုန်နေရှာတာ။ သေစာရှင်စာလောက်တော့ သင်ပေးမှ ငါတို့တုန်းကလည်း နှစ်ယောက်ပေါင်းလို့မှ လေးတန်းတောင် မအောင်ခဲ့လို့ ဒီလိုဘဝမျိုး ရောက်ခဲ့ရတာ မဟုတ်လားဟာ"

အဲဒီတော့ မမြပု တွေခနဲဖြစ်သွားတယ်။ တော်တော်လေးကြာတော့မှ

"အင်းလေ . . . . ထားချင်သပဆိုလည်း တော့်သဘောပဲ" လို့ ပြန်ပြောရှာတယ်။

ဖိုးကွန့်ကို ကျောင်းနေမှာလားလို့မေးတော့ အင်းမလှုပ်၊ အဲမလှုပ်။ ဒါကလည်း သူ့ပင်ကိုစရိုက်ပဲ။ ကျောင်းနေရလို့လည်း ထူးပြီး ပျော်မသွားဘူး။ ကျောင်းမနေရလို့လည်း ထူးပြီး စိတ်မချမ်းမသာ မဖြစ်ဘူး။ ဒီလိုနဲ့ ဖိုးကွန့်တစ်ယောက် ကျောင်းသားဖြစ်သွားတယ်။ သူများတွေထက် ကျောင်းနေတာနောက်ကျတော့ အတန်းကလည်း နောက်ကျတာပေါ့။ အတန်းထဲမှာ သူက အကြီးဆုံးဖြစ်နေတယ်။ အကြီးဆုံးဆိုပြီး အတော်ဆုံးလား မအောက်မေ့လိုက်နဲ့။ မဟုတ်ဘူး။ အဖျင်းဆုံးပဲ။ ဖိုးကွန့်တို့ သူငယ်တန်းမှာ ကျောင်းသားကျောင်းသူ လေးငါး

ဖိုးကွန့်ဆိုတာကလည်း နာမည်နဲ့လူနဲ့ မလိုက်အောင်ကိုထုံတဲ့ ကလေး။ ကကြီးခခွေးသင်တာကိုပဲ ဟုတ်တိပတ်တိ သင်လို့မရဘူး။ ငငယ်၊ ဃကြီးလောက်အထိတော့ တန်းနေတာ။ အဲဟိုးဘက်ရောက်လို့ ကတော့ ကမောက်ကမတွေ ဖြစ်တော့တာပဲ...



MEDIA GROUP
Asian Fame Media Group

ဆယ်လောက်ရှိတာ။ အဆင့်သတ်မှတ်မယ်ဆိုရင် သူ့အဆင့်ကငါးဆယ်ပဲ။ အဲဒီတော့ သူ့ထက်ငယ်တဲ့ကလေးတွေက "ထန်းတောသားက ကြီးဖျင်းကြီး"လို့ စကြတယ်။ ကျောင်းဆင်းလို့ လူစုခွဲပြီး ဆရာဆရာမတွေမျက်ကွယ်ရောက်ပြီဆိုတာနဲ့ "ကြီးဖျင်းကြီး၊ ကြီးဖျင်းကြီး"လို့ အော်ပြေးတော့တာပဲ။ အဲဒီအခါကျ ဖိုးကွန့်တစ်ယောက် ငိုယိုပြီး ပြန်လာတတ်တယ်။ နောက်နေ့တွေ ကျောင်းမတက်ဘူးတကဲကဲလုပ်လို့ ကိုစံရွှေမှာ ချော့မော့ပြီး ကျောင်းကို လွှတ်ရတယ်။

ဖိုးကွန့်ဆိုတာကလည်း နာမည်နဲ့လူနဲ့မလိုက်အောင်ကို ထိုတဲ့ကလေး။ ကကြီးခခွေးသင်တာကိုပဲ ဟုတ်တိပတ်တိ သင်လို့မရဘူး။ ဂငယ်၊ ဃကြီးလောက်အထိတော့ တန်းနေတာ။ အဲဟိုးဘက်ရောက်လို့ကတော့ ကမောက်ကမတွေ ဖြစ်တော့တာပဲ။ ပညာပါရမီနည်းတယ်လို့ ပြောရမယ်ထင်ပါရဲ့။

နောက်ဆုံးတော့ ဆရာ၊ ဆရာမတွေပါ လက်လန်ကုန်တယ်။ ဒီကလေးဟာ စာသင်လို့ မရဘူးလို့ကို အသိအမှတ်ပြုလိုက်ကြတဲ့ အထိပဲ။ ဒါပေသိ ကိုစံရွှေက လက်မလျှော့ဘူး။ တန်းကျောင်းက ဆရာဆရာမတွေနဲ့သင်မရတော့ ဖိုးကွန့်ကို ကျောင်းထုတ်ပြီး ရွာဦးကျောင်းဆရာတော်ဆီ အပ်နှံတယ်။

ဖိုးကွန့်ကလည်း တစ်မျိုးပဲ။ အက္ခရာတွေကိုသာ စာလုံးပေါင်းဖတ်တတ်အောင် တစ်လုံးချင်းစီသင်ပေးလို့မရတာ။ နှုတ်တိုက်ချပေးတာတွေကျ ပါဋ္ဌ်ပါဠိသားတွေပါ ရနေပြန်ရော။

ဧတံ ခေါ သရဏံ ခေမံ၊
ဧတံ မင်္ဂလ မုတ္တမံ။
ဧတံ မင်္ဂလ မာဂမ္မ၊
သဗ္ဗဒုက္ခာ ပမုစ္စတိ . . . ဆိုပြီး ရွတ်နေလိုက်တာများ တန်းနေတာ။ တန်းနေအောင်ရတယ်ဆိုပေမယ့် ခဏလေးနဲ့ရတယ်တော့ မထင်လိုက်လေနဲ့။ အဲဒီစကားလုံးတွေ တစ်လုံးချင်း စာလုံးပေါင်းဖတ်ပြနိုင်ရင်တော့ ခွေးအကြီးလှည်းနင်းဆိုသလို ဖြစ်တော့တာပဲ။

ကြာတော့ ရွာဦးကျောင်းဆရာတော်တောင် ခေါင်းကိုက်လာတယ်။ နောက်ဆုံး တန်းကျောင်းဖတ်စာအုပ်တစ်အုပ်ဝယ်ခိုင်းပြီး ဦးဇင်းငယ်တစ်ပါးကို လွှဲပေးလိုက်ရတယ်။ အဲဒီစာအုပ်ထဲက စာတစ်ပိုဒ်ကို အရင်ဆုံးစာလုံးပေါင်းဖတ်နိုင်အောင် သင်ပေးရမယ်လို့လည်း မိန့်လိုက်တယ်။ ဦးဇင်းလေးကလည်း ကြိုးစားပမ်းစား သင်ပေးရှာပါတယ်။ ဒါပေမဲ့ ဖိုးကွန့်ကိုက ပိုးသာကုန်တယ်၊ မောင်ပုံစောင်းမတတ်ဆိုတဲ့ ကလေးမျိုးဖြစ်နေတာ။

ပန်းကလေးများ ပွင့်တော့မည် . . . ဖူးတံဝင့်လို့ချီ . . . .

အဲဒီကဗျာကို နှုတ်တိုက်ရွတ်ဆိုရင်တော့ ဒေါင်းဒေါင်းကိုပြေးလို့။ စာလုံးပေါင်းဖတ်ပြပါဆိုရင်တော့ ပစောက်ရေနသတ်ပန် ဝစ္စနှစ်လုံးပေါက်တော့ ပန်း . . . ။ ကကြီးရေက။ ပန်းက။ သဝေထိုးလရေ လေ ဝစ္စနှစ်လုံးပေါက်တော့ လေး၊ ပန်းကလေး . . . ။ မဟထိုး ရေချာ မှာ ဝစ္စနှစ်လုံးပေါက်တော့များ။ ပန်းကလေးများ . . . . ။ သူ့အသံ အက်ကွဲကွဲကြီးနဲ့ ရှည်လျားစွာ ဆွဲငင်ပြီး ဆိုလေ့ရှိတယ်။ မဟထိုး မဟုတ်ဘူး။ မယပင့်လို့ ထောက်ပြလည်း ပြတုန်းခဏပဲ။ နောက်နေ့ကျတော့ ဟထိုး ရေချာ ဖြစ်သွားပြန်ရော။ နေ့တိုင်းသာစာကျက်နေတာ သူ့စာက ပန်းကလေးများကကို မတက်ဘူး။ ဖိုးကွန့် စာကျက်သံကို ကြားတဲ့ဆရာတော်က-

"ဟကောင် ဖိုးကွန့်ရ။ မင်းပန်းတွေက ပွင့်ရောပွင့်ဦးမှာလားကွ။ ပွင့်ရင်လည်း ဘုရားလေးဘာလေး ကပ်လှူရအောင်လို့။ ငါ့ကို လျှောက်ဦး"

အဲဒီလို ဆရာတော်ကမိန့်တော့ သူက ပြုံးစိစိကြီးလုပ်လို့။

(၂)

ဖိုးကွန့်ကို ဘုန်းကြီးကျောင်းပို့ပြီးလို့ သုံးလေးငါးလလောက်ကြာတော့ ကိုစံရွှေနဲ့ မြပုတို့လင်မယား ဒီရွာမှာ ထန်းတက်စားရတာ အဆင်မပြေလို့ တစ်နယ်တစ်ကျေး ထွက်ပြီး အလုပ်လုပ်မယ်ဆိုတဲ့ အကြောင်း ဆရာတော်ဆီ လာလျှောက်တယ်။ ဖိုးကွန့်ကိုတော့ ဘုန်းကြီးကျောင်းမှာပဲ ခဏတစ်ဖြုတ်ထားခဲ့ဦးမယ်။ ဟိုမှာ အလုပ်အကိုင် အဆင်ပြေမှ လာခေါ်မယ်လို့လျှောက်ပြီး အပ်နှံခဲ့တယ်။ အဲဒီအချိန်မှာ ဖိုးကွန့် တန်းကျောင်းဖတ်စာအုပ် သုံးအုပ်ကုန်နေပြီ။ စာရလို့ကုန်တာတော့ မဟုတ်ဘူး။ ဟိုပစ်ထားဒီပစ်ထားဆိုတော့ ခွေးတွေက စားစရာမှတ်ပြီး ကိုက်ဖြတ်ပစ်လို့ ကုန်တာ။ ခွေးကိုက်ဖြမယ်ဆိုလည်း ဖြချင်စရာပဲ။ ထန်းလျက်ခဲဆိုလည်း စာအုပ်ပေါ် တင်ပြီး စားလိုက်တာပဲ။တခြား မုန့်ပဲ သရေစာဆိုလည်း ဒီစာအုပ်ပေါ်မှာတင်ပြီး စားလိုက်တာပဲ။

**ကျောင်းဝိုင်းထဲမှာ**
**ပေပင်ကြီးတစ်ပင်**
**ထီးထီးမားမားကြီး**
**ပေါက်နေလို့**
**ပေပင်ကျောင်းလို့ခေါ်ရာက**
**မူလအမည်ဖြစ်တဲ့**
**အောင်ချမ်းသာကျောင်းဆိုတာ**
**တိမ်ကောနေရတာ...**

အဖေနဲ့အမေ ရွာကနေ ထွက်သွားတဲ့နေ့က ဖိုးကွန့်တစ်ယောက် သူ့အဖေနဲ့အမေထွက်သွားတဲ့ ကျောင်းရှေ့က လမ်းမကြီးပေါ်မှာ သူ့အဖေနဲ့အမေ မြင်ကွင်းကနေ ပျောက်ကွယ်သွားတဲ့အထိ မျှော်ငေးကြည့်ပြီး ငိုနေတာကိုမြင်တော့ ရွာထဲကလူတွေပါ ဝမ်းပန်းတနည်းနဲ့ မျက်ရည်ကျကြတယ်။ ခုနစ်ရက်ရှစ်ရက်လောက်အထိ ဖိုးကွန့်တစ်ယောက် လမ်းမကြီးပေါ်ထွက်ပြီး မျှော်ကြည့်နေတာရယ်။ ကလေးဆိုတော့လည်း ကြာတော့လည်း မေ့လွယ်ပျောက်လွယ်တာပေါ့။ တစ်ခါတစ်ခါ သတိရတဲ့အခါလောက်ပဲ ထွက်ကြည့်တော့တယ်။ အဲဒီနောက်တော့ လမ်းမကြီးဘက်တမင်ထွက်ပြီး မကြည့်တော့ဘူး။ ရိုးသွားတာလည်း ဖြစ်မယ်ထင်ပါတယ်။ မရိုးခံနိုင်ရိုးလား။ ဒီလမ်းမကြီးပေါ်မှာ နေ့စဉ်နေ့တိုင်း ခေါက်တုံ့ခေါက်ပြန် သွားနေရတာကိုး။ ဒါပေမဲ့ ဖိုးကွန့်အဖေနဲ့အမေက ဒီလမ်းမကြီးရဲ့အရှေ့စူးစူးကို ထွက်သွားတယ်။ ဖိုးကွန့်ကတော့ အနောက်ဘက်ကိုလာရတယ်။ အဲဒီတော့ ကျောခိုင်းပြီးသားလိုလို ဖြစ်နေတာပေါ့။ ရွာထဲကနေ ပြန်လာရင်တော့ ဖိုးကွန့်တစ်ယောက် လမ်းမကြီးကို လှမ်းမျှော်တတ်ပေမယ့် အဖေ့ကိုမျှော်တာလည်း မဟုတ်ဘူး။ အမေ့ကို မျှော်တာလည်း မဟုတ်ဘူး။ သူ့ဘာသာသူ အမှုမဲ့အမှတ်မဲ့ လှမ်းမျှော်ကြည့်မိရုံ သက်သက်ပဲ။

အစပိုင်းလောက်ကတော့ ကိုစံရွှေတို့ မြပုတို့က ရွာနဲ့အဆက်အသွယ်မပြတ်သေးဘူး။ လူကြုံရှိတိုင်းဖိုးကွန့်ဆီကို မုန့်လေးဖြစ်ဖြစ်၊ အကျီပုဆိုးလေးဖြစ်ဖြစ် လှမ်းထည့်ပေးတယ်။ တစ်ခါတလေတော့ ပိုက်ဆံလေးနည်းနည်းကျဉ်းကျဉ်းလည်း လှမ်းထည့်ပေးတယ်။ အဆင်ပြေတာနဲ့ လာခေါ်မယ်လို့လည်း မှာရှာပါတယ်။ နောက်ဆုံး သူတို့ကလည်း ဟိုပြောင်းလိုက်၊ ဒီပြောင်းလိုက်နဲ့၊ ရွာနဲ့ အဆက်အသွယ်ပြတ်မှန်းမသိပြတ်ကာ စုပ်စမြုပ်စကိုပျောက်ရော။ သေသလား၊ ရှင်သလားလည်း မသိရတော့ဘူး။

"စံရွှေတို့ မြပုတို့များ အံ့ပါရဲ့အေ။ ကိုယ့်သားသမီးကို ဒီလောက်ကြီး မျက်နှာလွှဲခဲ့ပစ်လုပ်နိုင်တာ။ သူတို့မို့လို့ အေဟဲ့"

"ဟုတ်ပ့ါတော်ရေ့။ ဖိုးကွန့် က သားအရင်းမှ ဟုတ်ရဲ့လား မသိပါဘူးတော်"

"အေးကွာ။ မင်းတို့ ပြောမှပဲ ငါလည်း စဉ်းစားမိတယ်"

တစ်ရွာလုံးက ဖိုးကွန့်အကြောင်းပြောဖြစ်တိုင်း ဒီလိုပဲ အမျိုးမျိုးကောက်ချက်ချကြတယ်။ ကောက်ချက်ချမယ်ဆိုလည်း ချချင်စရာပဲ။ ဖိုးကွန့်ကို ပစ်ပြီး ထွက်သွားတာ နှစ်တွေမှမနည်းတော့ဘဲ။ ဖိုးကွန့်တောင် သူ့အဖေနဲ့အမေ ဒီလောကကြီးထဲမှာ ရှိနေသေးတယ်ဆိုတာ မေ့သလောက်ဖြစ်နေပြီ။ တစ်ရွာလုံးကလည်း သူတို့ကိုအသေစာရင်းသွင်းထားလိုက်ကြပြီပဲ။ ဖိုးကွန့်ကတော့ ဒီရွာမှာ ဆွေမရှိ၊ မျိုးမရှိ တစ်ကောင်ကြွက်တစ်မျက်နှာ

Asian Fame Media Group

ပေါ့။ ပိုဆိုးတာက ဖိုးကွန့်မိဘတွေရဲ့ ဇာတိကို ကောင်းကောင်းမသိကြတာပဲ။ ရွာရောက်စကတော့ မေးမိကြပါရဲ့။ ဒါပေမဲ့လည်း ဒီအနီးအနား ရွာနီးချုပ်စပ်က မဟုတ်လေတော့ မေ့မေ့ပျောက်ပျောက်ပဲ ပြီးစလွယ် စီးသလွယ်သဘောထားလိုက်ကြတာ။ ဖိုးကွန့်ကို မေးကြည့်တော့လည်း ဘာမှရေရေရာရာ သိရှာတာ မဟုတ်တော့ အခက်သား။ မသိတဲ့အတွက် သူ့ကိုအပြစ်တင်လို့ကလည်း မရပြန်။ ရွာရောက်စကမှ ဖိုးကွန့်ခပ်ငယ်ငယ်ပဲရှိသေးတယ်။ နဂိုကမှ အူတူတူ၊ ထုံတုံတုံ။ ဉာဏ်ရည်ဉာဏ်သွေးကလည်း သူများနဲ့ တန်းတူရည်တူရှိသူမှ မဟုတ်ဘဲ။

ဖိုးကွန့်အူကြောင်ကြောင်နိုင်တာလည်းပြောမနေနဲ့။ တစ်ခါသားမှာ တခြားရွာမှာ ဆွမ်းကြီးလောင်းရှိလို့ သူ့ကို ကျောင်းသားအဖြစ်နဲ့ ခေါ်သွားတယ်။ ဆွမ်းကြီးလောင်းပွဲက သူတို့ကျောင်းအလှည့်ရောက်တော့ ဖိုးကွန့်က ဘုန်းကြီးဘေးကနေ လှူဖွယ်ဝတ္ထုတွေယူဖို့ လိုက်လာရတယ်။

"မင်းက အောင်ချမ်းသာကျောင်းက ဘုန်းကြီးကျောင်းသားလား" လို့လှူဖွယ်ဝတ္ထုတွေ ကိုင်တဲ့သူကမေးတယ်။ ဒီတော့ သူက မဟုတ်ဘူးတဲ့။

"ဒါဖြင့် မင်းက ဘယ်ကျောင်းကလဲ" ဆိုတော့ "ပေပင်ကျောင်းက" တဲ့။ မေးတဲ့ပုဂ္ဂိုလ်မှာ ဖိုးကွန့်စကားကြားတော့မှ တဟီးဟီးနဲ့ရယ်တော့တာပဲ။ အောင်ချမ်းသာကျောင်းနဲ့ ပေပင်ကျောင်းဆိုတာ တစ်ကျောင်းတည်းလေ။ ကျောင်းဝိုင်းထဲမှာ ပေပင်ကြီးတစ်ပင် ထီးထီးမားမားကြီးပေါက်နေလို့ ပေပင်ကျောင်းလို့ ခေါ်ရာက မူလအမည်ဖြစ်တဲ့ အောင်ချမ်းသာကျောင်းဆိုတာ တိမ်ကောနေရတာ။ ရှေ့ကကြွနေတဲ့ ဘုန်းကြီးခမျာမှာလည်း သူ့ကျောင်းသားအူပုံကြောင့် မျက်စိမျက်နှာကို ပျက်လို့။ မပျက်ဘဲနေမလား။ အောင်ချမ်းသာကျောင်းဆိုတာ ပေပင်ကျောင်း၊ ပေပင်ကျောင်းဆိုတာ အောင်ချမ်းသာကျောင်းလို့ တခြားရွာက လူတွေတောင် သိသေးတာပဲ။ ဖိုးကွန့်နဲ့ကျမှ ကမောက်ကမကို ဖြစ်ရော. . .။ ဖိုးကွန့်ဆိုတာ အဲဒီလိုကောင်မျိုး။

(၃)

"ဖိုးကွန့် မင်းနဲ့ ဒေါ်ရှမ်းသမီး ဖြစ်နေတာဆို"

ကိုကျော်ဦးက မေးတော့ ဖိုးကွန့်က တဟီးဟီးနဲ့ ရယ်ပြနေတော့တာ။ ဒေါ်ရှမ်းဆိုတာ ရွာမှာအပေါက်ခပ်ဆိုးဆိုးရယ်။ သူ့သမီးဆို ဆတ်ဆတ်ထိခံတာ မဟုတ်။ ပြီးတော့ ရှိသေးတယ်။ သူ့သမီးက ဒီရွာသားတွေနဲ့ မတူဘူး၊ မတန်ဘူးတဲ့။ ဒေါ်ရှမ်း သမီးဆိုတာ ဗိုင်းကောင်းကျောက်ဖိလို့ ရွာသူ ရွာသားတွေကပါ အသိအမှတ်ပြုကြရတယ်။ အိမ်ထဲက အိမ်အပြင်မှ မထွက်ဘဲ၊ ရွာအခေါ်နဲ့ ပြောရရင် 'အိမ်တွင်းပုန်း' လေး ဆိုပါတော့။

ဖိုးကွန့်နဲ့ မကြည်၊ သမီးရည်းစား ဖြစ်တာ ဒေါ်ရှမ်းတို့မိသားစုက လွဲရင် တစ်ရပ်လုံး တစ်ရွာလုံး သိသလောက်ရှိနေပြီ။ သိသွားရင် ရှေ့ဆက် ဘာတွေဖြစ်မလဲဆိုတာပဲ စောင့်ကြည့်နေကြရတဲ့ အခြေအနေမှာ။

"ဖိုးကွန့်ရ၊ လုပ်စမ်းပါဦး မင်းတို့ အကြောင်းလေး"

"အဟီး . . . . ရှက်စရာကြီး"

ကိုကျော်ဦးက တောင်းတောင်းပန်ပန်နဲ့ ပြောမှ-

"ကျုပ်က ဆွမ်းချိုင့်ပို့တာ"

"ဟကောင်ရ ဆွမ်းချိုင့် ပို့တာနဲ့ ဘာဆိုင်လို့တုံး"

"မဟုတ်ဘူး။ ကျုပ်က ဆွမ်းချိုင့်ပို့တာ"

ဖိုးကွန့်က အဲဒီလိုပဲ စကားပြောလိုက်ရင် အပေါက်အလမ်းတည့်တာမဟုတ်ဘူး။ သူစိတ်ကူးပေါက်တဲ့ နေရာကနေ ပြောချင်ရာပြောချလိုက်တာ။ အဆက်စပ်ရှိတယ် မရှိဘူး သိပ်ပြီး ဂရုစိုက်နေသူမှ မဟုတ်တာ။ အဲဒီတော့ ကိုကျော်ဦးကလည်း ပြောချင်ရာ ပြောကွာ

**အပျိုကြီးညီအစ်မ ဆိုတာကလည်းဒီရွာမှာ ဒိတ်ဒိတ်ကြဲ။ ရွာအပြင်ထွက်ကြိုက်တဲ့အရပ် လက်ညှိုးညွှန်လိုက်၊ သူတို့လယ်တွေယာတွေနဲ့ လွတ်တာမရှိသလောက်ပဲ။ ဒါတင်မကဘူး။ ရွာထဲ လက်ညှိုးထိုးချင်ထိုးလိုက်ဦး၊ သူတို့နဲ့အကြွေးကင်းတဲ့သူ မရှိသလောက်ပဲ...**



ဆိုပြီး လွှတ်ထားလိုက်တယ်။

"မကြည်တို့ အိမ်မှာ လူတစ်ယောက်မှမရှိကြဘူး။ ဒါနဲ့ ကျုပ်ဆွမ်းချိုင့်သွားပို့တာ"

"အဲဒီတော့"

"မပြည့်နဲ့တွေ့ရော။ ဒါနဲ့ ကျုပ်က ဆွမ်းချိုင့်ပေးလိုက်တာ။ မကြည်လာယူတာ။ အဲဒါ ကျုပ်လက်နဲ့ သူ့လက်နဲ့ ထိသွားတဲ့ဟာကို"

အဲဒါနဲ့ ဘာတွေဆက်ဖြစ်သေးလဲလို့ ကိုကျော်ဦးက ပြန်မေးတော့ ကြိုက်သွားရောတဲ့။

ဟင်. . . မင်းတို့ဟာက ဘာကြီးမှန်းလဲမသိဘူးဆိုတော့ ကျုပ်လည်း ဘာကြီးမှန်းမသိပါဘူးဗျာတဲ့။ ဒီလိုလို ဟိုလိုလိုနဲ့ပဲ သူတို့ နှစ်ယောက်ဖြစ်သွားကြတယ်။ တောရပ်တောရွာဆိုတာက ရွာမြောက်ပိုင်းမှာ အပ်ပျောက်တဲ့ကိစ္စ ရွာတောင်ပိုင်းကသိတဲ့ အရပ်ဒေသမျိုးကိုး။ တစ်နေ့မဟုတ်၊ တစ်နေ့ ဒေါ်ရှမ်းတို့ တစ်ဆင့်စကား တစ်ဆင့်နားနဲ့ ကြားမယ်ဆိုတာ တစ်ရွာလုံးက ကြိုတင်တွက်ဆပြီးသားပဲ။ ဒီအကြောင်းကို ဒေါ်ရှမ်းလည်း ကြားရော အယုတ္တအနတ္တ အမနာပ ပြောဆိုလိုက်တာများ တစ်ရွာလုံး ပွက်ပွက်ကို ညံလို့။

ဖိုးကွန့်ဟာ တစ်ကောင်ကြွက် မိမရှိ ဖမရှိ၊ ရွှေမရှိ ငွေမရှိ၊ အခြေမဲ့ အနေမဲ့၊ အိမ်မရှိ ယာမရှိ အကောင်တဲ့။ ဘုန်းကြီးကျောင်းမှာ ဆွမ်းကျန် ကွမ်းကျန် ကပ်ရပ်စားပြီး လူလားမြောက်လာတဲ့ ဘုန်းကြီးကျောင်းသား အစုတ်ပလုတ်ကောင်တဲ့။ စာမတတ်၊ ပေမတတ် ငအူငအူတဲ့။ ပြောလိုက်ဆိုလိုက် တာများ မကြားဝံ့မနာသာ ပက်ပက်စက်စက်စုံလို့ပဲ။ အပြောခံရတဲ့ ဖိုးကွန့်ကတော့ ဘယ်လိုနေရှာမယ် မသိ။ ကြားရတဲ့လူမှာတောင် မဆီမဆိုင် ဖိုးကွန့်အစား ဒေါသဖြစ်မိသေးတာ။

အဲဒီလို မခံမရပ်ဖြစ်နေသူတွေထဲမှာ အပျိုကြီးညီအစ်မက ရှေ့ဆုံးက။ အရင်ကတည်းက သူတို့ညီအစ်မဟာ ဖိုးကွန့်ဆိုရင်သည်းသည်းလှုပ်။ ဖိုးကွန့်ကို ဒီလိုနှိမ်နှိမ်ချချ မှိုချိုးမျှစ်ချိုး ပြောရပ့ါမလားဆိုပြီး ဒေါ်ရှမ်းကိုဆံပင်ဆွဲပြီး ပါးရှစ်စိတ်ကွဲအောင် ရိုက်ပ့ါမယ် တကဲကဲလုပ်နေလို့ ဆွဲထားရသေးတာ။ ဒေါ်ရှမ်းကလည်း ကက်ကက်လန်အောင် ရန်တွေ့တော့ ပြဿနာအစဖြစ်တဲ့ ဖိုးကွန့်နဲ့မကြည်ကနေ ဒေါ်ရှမ်းနှုတ်ဦးက အပျိုကြီးညီအစ်မဆီ လှည့်သွားပြန်တယ်။ တစ်ရပ်လုံး တစ်ရွာလုံး ပွက်ပွက်ရိုက်နေတာများ ကမ္ဘာပျက်နေသလား အောက်မေ့ရတယ်။

"ဘာမှမပူနဲ့ ငါ့တူ ဖိုးကွန့်။ မင်းကို ငါတို့ညီအစ်မက အမွေစားအမွေခံ မွေးစားမယ်။ အဲဒီကျရင် မင်းကြိုက်တဲ့မိန်းမ လက်ညှိုးထိုးပြလိုက်။ ရစေရမယ်။ မကြည်ထက် အများကြီးသာတဲ့ မိန်းမတွေ ပေါလွန်းလို့ကွယ်"

အဲဒီတော့ ဖိုးကွန့်က ဘာပြန်



Asian Fame Media Group

ပြောတယ်မှတ်သလဲ။ ကျုပ်က မကြည်ကိုပဲ ကြိုက်တဲ့ဟာကိုးတဲ့။ အပျိုကြီး ညီအစ်မဆိုတာကလည်း ဒီရွာမှာ ဒိတ်ဒိတ်ကြဲ။ ရွာ့အပြင်ထွက် ကြိုက်တဲ့အရပ် လက်ညှိုးညွှန်လိုက်၊ သူတို့ လယ်တွေယာတွေနဲ့ လွတ်တာမရှိ သလောက်ပဲ။ ဒါတင်မကဘူး။ ရွာထဲလက်ညှိုးထိုးချင်ထိုးလိုက်ဦး၊ သူတို့နဲ့ အကြွေးကင်းတဲ့သူ မရှိသလောက်ပဲ။ ဖိုးကွန့်ကလည်း မကြည်မှမကြည်။ ဘယ်လို ဖျောင်းဖျ ဖျောင်းဖျ မရဘူး။ ဖျောင်းဖျလို့ မရတဲ့အဆုံး အပျိုကြီးညီအစ်မက ကတိပေးလိုက်တယ်။

"မင်းလိုချင်တာ ရစေရမယ်" လို့။

ဒီသတင်းကို ကြားတော့ တစ်ရွာလုံး တအံ့တဩဖြစ်ကုန်ကြတယ်။ မဖြစ်ဘဲ နေပ့ါမလား။ ကိုယ့်တူ အရင်းခေါက်ခေါက်တွေကိုတောင် ပေးရကမ်းရမှာစိုးလို့ အိမ်လာလည်တာတောင် မကြိုက်တဲ့ အပျိုကြီးညီအစ်မက ဖိုးကွန့်ကို အမွေစား အမွေခံ မွေးစားမယ်ဆိုတော့။ ဟုတ်မှ ဟုတ်ပ့ါမလား။ ဖြစ်ရောဖြစ်နိုင်ပ့ါမလားဆိုတဲ့ သံသယတွေနဲ့ ဇဝေဇဝါဖြစ်လို့။

နောက်ဆုံး အပျိုကြီးညီအစ်မက ဖိုးကွန့်ကို တကယ်မွေးစားမယ်ဆိုပြီး ရပ်ရွာလူကြီးတွေနဲ့ တိုင်ပင်တော့မှ 'ဖိုးကွန့်တော့ ကံကောင်းတာပဲ' လို့ မှတ်ချက်ချပြီး သံသယတွေ ပျောက်ကွယ်ကုန်တော့တာ။

(၄)

ဒါပေမဲ့ လူ့ဘဝဆိုတဲ့ခေါင်းစဉ်က အချိုးအကွေ့ အလှည့်အပြောင်းခပ်များများ မဟုတ်လား။ ထင်သလို မဖြစ်တာလည်း လောကသဘာဝ။ မထင်သလိုတွေ ဖြစ်တတ်တာလည်း လောကသဘာဝပဲလေ။ ပုံသေကားချပ်မှ မရှိတာ။

ဟော အခုလည်း ကြည့်။ နေ့လယ် နှစ်ချက်တီးကျော်ကျော်လောက် ဖိုးကွန့်တို့ကျောင်းထဲ ဆလွန်းကား ဖြူဖြူလေးတစ်စီး ဝင်လာတယ်။ အဲဒီအချိန်မှာ ဒေါ်ရွှေသီနဲ့ဒေါ်ငွေသီ ညီအစ်မက ဖိုးကွန့်ကို အမွေစား အမွေခံ မွေးစားဖို့ ကျောင်းထိုင်ဆရာတော်နဲ့ တိုင်ပင်နေတဲ့အချိန်။ ကားပေါ်က အသားခပ်ညိုညို ဆံပင်ကို သေသေသပ်သပ်ဖြီးထားတဲ့ ယောကျ်ား တစ်ယောက်နဲ့ အသားစိုစိုပြည်ပြည်နှင့် ခပ်ခန့်ခန့် အမျိုးသမီး တစ်ယောက်ဆင်းလာတယ်။ သူတို့ နှစ်ယောက်ကားပေါ်က ဆင်းလာတာ မြင်တော့ ကျောင်းထိုင်ဆရာတော်က မျက်မှန်ကိုပင့်ပြီး အားစိုက်ပြီးကြည့်တယ်။ အပျိုကြီး ညီအစ်မကလည်း လှမ်းကြည့်တယ်။ ဇဝေဇဝါပဲ။ မြင်ဖူးသလိုလို၊ မမြင်ဖူးသလိုလိုနဲ့။ သူတို့ နှစ်ယောက်က ဆရာတော်ကို ထိုင်ကန်တော့တယ်။ ပြီးမှ

"ဘုန်းဘုန်းဘုရား၊ တပည့်တော်တို့ကို မှတ်မိသလားဘုရား" လို့ အမျိုးသမီးက လျှောက်တယ်။

"အိမ်း မြင်ဖူးသလိုလိုတော့ ရှိသား"

"မှန်ပါဘုရား။ တပည့်တော်စံရွှေပါဘုရား။ ဒါက တပည့်တော်ဇနီး မြပုပါဘုရား"

ဒီစကားကြားတော့ ဒေါ်ရွှေသီနဲ့ ဒေါ်ငွေသီ တစ်ယောက်ကို တစ်ယောက်ပြန်ကြည့်မိလျက်သား ဖြစ်သွားကြတယ်။

"တပည့်တော် . . . တပည့်တော်တို့သားလေး ဖိုးကွန့်ကို ပြန်ခေါ်ဖို့ လာခဲ့တာပါဘုရား"

မမြပုက ငိုယိုလျက်နှင့်လျှောက်တော့ ဆရာတော်က ခေါင်း တဆတ်ဆတ်ညိတ်ရင်း ဒေါ်ရွှေသီနဲ့ ဒေါ်ငွေသီတို့ကို ကြည့်တယ်။

"အင်းလေ ကံစီမံရာပေ့ါ"

"တပည့်တော်တို့လင်မယားသားလေးကို ပြန်လာခေါ်ချင်တာ ကြာပါပြီ။ တပည့်တော်တို့လည်း အလုပ်တစ်ခုပြီးတစ်ခု ပြောင်းလုပ်ရင်း ဟိုရောက်ဒီရောက်နဲ့ နောက်ဆုံး နယ်စပ်အထိဆိုပါတော့။ စိတ်သာရောက်တယ်။ လူက မရောက်နိုင်ပါဘူးဘုရား။ အခုတော့ တပည့်တော်တို့ စီးပွားရေးလည်း အဆင်ပြေနေပြီဆိုတော့ . . ."

ဖိုးကွန့်ကိုတွေ့တော့ လင်မယားနှစ်ယောက် ဖိုးကွန့်ကိုဖက်ပြီး ကြူကြူပါအောင် ငိုလိုက်ကြတာ။ ဖိုးကွန့်ခမျာမှာ သူ့အဖေနဲ့ အမေဆိုသူ လူနှစ်ယောက်ကြားမှာ ကြောင်တောင်တောင်နဲ့ ရပ်နေရင်း ဆရာတော်ကိုသာ ငေးစိုက်ကြည့်နေတယ်။ မျက်လုံးလေး ကလယ်ကလယ်နဲ့။

စံရွှေနဲ့ မြပုပြန်လာတယ်ဆိုတဲ့ သတင်းကြားတော့ ရွာထဲကလူတွေ အပြေးအလွှားဘုန်းကြီးကျောင်း ရောက်လာကြတယ်။ အဲဒီအထဲမှာ မကြည်လည်းပါတယ်။ ရွာသူရွာသားတွေက စံရွှေနဲ့မြပု ပြောင်းလဲသွားတဲ့အကြောင်း အသားအရေတွေ စိုပြည်လာတယ်ဆိုတဲ့ အကြောင်း တစ်ယောက်တစ်မျိုး မှတ်ချက်ချကြတယ်။ တချို့တချို့တွေက 'ဖိုးကွန့်တော့ ကံကောင်းတာပဲ' တဲ့။

အဲဒီနေ့ နေညိုချိန်လောက်မှာ ဖိုးကွန့်တစ်ယောက် ဆလွန်းကား နောက်ခန်းထဲကနေ ရွာအဝင်လမ်းကို မျက်လုံးလေး ကလယ်ကလယ်နဲ့ ကြည့်လို့၊ နောက်ပြီး သူချစ်တဲ့ မကြည်နဲ့၊ အမေ မတော်လိုက်ရတဲ့ ဒေါ်ရွှေသီ ဒေါ်ငွေသီ ညီအစ်မကိုကြည့်လို့ ဖြောင့်ဖြူးနေတဲ့ လမ်းမကြီးကို ကျောခိုင်းလို့ပါ သွားလေရဲ့။ မကြည်ရယ်၊ အပျိုကြီးညီအစ်မရယ်ကတော့ မျက်ရည်လည်ရွဲနဲ့။ ရွာသူရွာသားတွေကတော့ ဖိုးကွန့်တစ်ယောက် ကံကောင်းလိုက်တာတဲ့။ ဖိုးကွန့်ကရော သူ့ကိုယ်သူ ကံကောင်းသူလို့ ယူဆနိုင်ပါမလား။ ဆလွန်းကား ဖြူဖြူလေးက ရွာလေးကို ကျောခိုင်းလို့ တထောင်းထောင်းထနေတဲ့ ဖုန်လုံးတွေထဲ တိုးသွားလေရဲ့။ ။

**နေဇာခိုင်**


အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှု(၂၀၁၂)

၂၀၁၂ – ခုနှစ် မေလ(၄)ရက်နေ့မှ တစ်နှစ်ပတ်လုံး



တစ်သက်တာ ကျန်းမာဖို့
သန့်ရှင်းအိမ်သာ သုံးကြစို့။



ရေကောင်းရေသန့်သုံးစွဲမှ
မိသားစုကျန်းမာရေး စိတ်အေးရ။



ကျန်းမာခြင်းအစ
လက်သန့်ရှင်းရေးက။




အစာကိုသတိပြု
ကျန်းမာသန့်ရှင်းမှု။

**သန့်ရှင်းရေးလွှမ်းခြုံမှု မြင့်မားရေး လူထုဦးဆောင်မှုဖြင့် ဆောင်ရွက်ပေး။**




Asian Fame Media Group
af MEDIA GROUP



အလီလီကုန်ဆုံးခဲ့သော်လည်း ပြန်မရောက်လာရုံမက သူ (သို့မဟုတ်) ဦးကျော်မြင့်လှိုင်၊ မချစ်ဘူးဆိုတဲ့ မိန်းမတစ်ယောက်ကို ရွှေလမ်းငွေလမ်းခင်းကာ ကလေးနှစ်ယောက်မွေးပြီး အနှစ် ၂၀ တိတိပေါင်းသင်းခဲ့တဲ့ သမီးရဲ့အဖေ ကိုစိမ်းကားကြီးရဲ့မျက်နှာကိုလည်း သူ ကြည့်ချင်တယ်။ ဝိုနေမလား၊ ဆွေးမြည့်ကြေကွဲနေမလား။ ကျန်ရစ်သူသားသမီးတွေကိုပဲ နှစ်သိမ့်နေမလား။ မြတ်လေးနွယ် အမျိုးမျိုးအဖုံဖုံ

“မေမေ. . ဒီနေ့ မိုးချုပ်တယ်နော်၊ သမီးတောင် ဖုန်းဆက်တော့မလို့”

“အင်း. . ဒီနေ့ မန္တလေးက ပိုးထည်တွေ ရောက်တယ်လေ။ ပြီးတော့ အလှပြင်ဆိုင်မှာလည်း ပစ္စည်းထပ်ဖြည့်ဖို့ သင်းသင်းရီကို ပြောပြီး ငွေထုတ်ပေးနေလို့ပါ။ ဒါထက် သမီးဘွားလေးရော”

“ရှိပ့ါတော်. . ချက်ပြုတ်နေလို့၊ ထမင်းဆာပြီလား”

“အမေအုန်းရေ၊ ထမင်းစားတာ နောက်ထားပါဦး၊ ဒီနေ့ သတင်းစာ ဖတ်ပြီးပြီလား”

ဝတ္ထုတိုရသ

သတင်းစာမှာ နာရေးကြော်ငြာပါလေ့ရှိတဲ့ နောက်ဆုံးကော်လံကို လှန်ကြည့်နေရာမှ မျှော်လင့်မထားသော နာရေးသတင်းတစ်ခုကြောင့် မြတ်လေးနွယ်ရဲ့ မျက်လုံးအစုံပြူးကျယ်သွားရတော့တယ်။ သေချာအောင် တစ်ခါထပ်ဖတ်ကြည့်လိုက်မှ မယုံနိုင်စရာသတင်းကို မျက်ဝါးထင်ထင် မြင်လိုက်ရတဲ့အတွက် ယုံလိုက်မိပါပြီ။ ကြည့်စမ်း. . မြတ်လေးနွယ်ရဲ့ဘဝကို သာမက သမီးလေး မဉ္ဇူလှိုင်ရဲ့ဘဝကို ပါနင်းခြေပြီး မြတ်လေးနွယ်ရဲ့ နှလုံးသားတစ်စုံကို လုယူသွားတဲ့ မိန်းမ၊ ခုတော့. . နာရေးကြော်ငြာမှ ဒေါ်တင်တင်နု၊ အသက် (၄၂) နှစ်တဲ့။ အစကတော့ ဒီမိန်းမနာမည်က မတင်နုမို့ ရုတ်တရက် မယုံနိုင်။ ခုတော့ ခင်ပွန်းသည် အရာရှိကြီးဦးကျော်မြင့်လှိုင်ရဲ့ နာမည်ပါတွဲပါလာလို့ ယုံကြည်လိုက်ရတယ်။ ဘာကြောင့်လဲ၊ ဘာရောဂါနဲ့ သေတာလဲ။ အသက် (၄၂) အရွယ်ဆိုတာ အရွယ်ကောင်းပဲ၊ စည်းစိမ်တွေ ယစ်မူးနိုင်သေးတဲ့ အချိန်ပဲ၊ အရာရာကို ငွေနဲ့ပေါက်တတ်တဲ့ မိန်းမတစ်ယောက်ဟာ သေမင်းကိုတော့ ငွေနဲ့ပေါက်လို့မရတော့ဘဲ ခင်ပွန်းနှင့် သားနှစ်ယောက်ကို အပြီးအပိုင် ခွဲခွာသွားလေပြီပေါ့။

အတ္တကြီးတယ်ပဲ ပြောပြော၊ မတင်နုရဲ့ အရှုံးပေးသွားတဲ့မျက်နှာကို မြတ်လေးနွယ်ကြည့်ချင်သလို

“မနုနဲ့ ပေးစားရင် ကိုယ်တို့ နှစ်ယောက် အမေတို့နဲ့ဝေးရာ ပြေးမယ် နွယ်”

“နွယ်ရဲ့ ဗိုက်ထဲက ကိုယ့်ရင်သွေးလေးကို ကိုယ် ဖခင်ကောင်းပီသစွာ စောင့်ရှောက်မှာပါ”

“အမေ နေမကောင်းဘူးဆိုလို့ ခဏသွားလိုက်ဦးမယ်၊ မနက်ဖြန်ပြန်လာမယ်” စသည်ဖြင့် ကတိတွေ အထပ်ထပ်ပေးပြီး မနက်ဖြန်များစွာ ပုံဖော် ကြည့်မိတယ်။ အရင်ကတော့ နယ်တွေကို ပြောင်းရွှေ့နေမှာပဲလို့ တွေးထားခဲ့ပေမယ့် ခုတော့ မြတ်လေးနွယ်နဲ့ လက်တစ်ကမ်းမှာပဲ ရှိနေပါလား။ ဘာကြောင့်များ တစ်ခါမှ မဆုံကြသလဲ။ အေးလေ. . ကံကြမ္မာက မဆုံဖြစ်လေအောင် တမင်ဖန်တီးထားလေသလား။ ရန်ကုန်မြို့ကြီးဟာ အကျယ်ကြီးဆိုတော့ မတွေ့ကြတာလည်း ဖြစ်နိုင်ပါတယ်။ ဘာပဲဖြစ်ဖြစ် သမီးမဉ္ဇူလှိုင်နဲ့ အမေအုန်းကို ဖွင့်ပြောပြီး

“ဒါ သမီးအဖေပဲ” လို့ ပြဖြစ်အောင် ပြရမယ်။

♦

“ဟော. . . မေမေ ပြန်လာပြီ”

ဓာတ်လှေကားနှင့်တက်ပြီး ဘဲလ်တီးလိုက်တော့ တံခါးဖွင့်ဖွင့်ချင်း သမီးလေး မဉ္ဇူလှိုင်က အပြုံးနဲ့ ဆီးကြိုတယ်။

“ဟယ် ဘာသတင်းများ ထူးလို့လဲအေ”

“ထူးတာပေါ့ အမေအုန်းရယ်၊ မတင်နုလေ သိတယ်မဟုတ်လား၊ အဲဒါ နာရေးမှာ တွေ့တယ်၊ ဘာရောဂါနဲ့ သေလဲမသိဘူး”

“ဘာ မတင်နု ဟုတ်လား”

“ဟုတ်ပါတယ်ဆို”

အမေအုန်းလည်း အံ့ဩသွားတော့တယ်။

“ဘာလဲ ညည်းလူ လွတ်လပ်သွားပြီမို့ ပျော်နေတာလား”

“ပျော်လို့မဟုတ်ပါဘူး အမေအုန်းရယ်၊ ဒီမိန်းမမျက်နှာ ကြည့်ချင်လို့၊ ပြီးတော့ သမီးကလည်း သူ့အဖေကို တစ်ခါလောက် မြင်တွေ့ဖူးချင်တယ်လို့ ပြောလို့ပါ။ သမီးရော. . အသုဘပို့လိုက်မလား”

“ရှုပ်ရှုပ်ယှက်ယှက်အေ. . ဘာမှ မျှော်လင့်စရာမရှိတဲ့ ဟာကို၊ ကလေး

Asian Fame Media Group

**မတင်နုရဲ့ရုပ်ကလာပ်ကို ကြည့်တော့ ဒီမိန်းမအရင်က အသားမည်းရတဲ့အထဲ၊ ပိန်ကပ်ပြီး မျက်လုံးများက ဟောက်ပက်၊ အပေါ်ယံကမိတ်ကပ် ပါးပါးလေးတင်ထား ပေမယ့်ခံစားနေရတဲ့ ဝေဒနာက အထင်းသား ပေါ်လွင်နေတယ်။ ယောက်ျားတစ်ယောက်ကို စည်းစိမ်ဥစ္စာ ဖန်းပြီး ယူနိုင်ပေမယ့် သေမင်းကိုတော့ စည်းစိမ်ဥစ္စာနဲ့ လာဘ်ထိုးပြီး မတားနိုင်ဘူးလေ။**

စိတ်အနာတရဖြစ်အောင် မလုပ်ပါနဲ့တော့ မြတ်လေးရယ်၊ ပြီးဆုံးသွားတဲ့ ကိစ္စ သင်ပုန်းချေလိုက်ပါတော့လား"

မြတ်လေးနွယ်က သမီးကိုကြည့်လိုက်တော့ အသနားခံနေတဲ့ သမီးရဲ့ မျက်နှာလေးကို မြင်ရတယ်။ သမီးလေးဟာ ဆေးတက္ကသိုလ်တက်ပြီး ဟောက်(စ်) ဆင်းချိန်မှာ လူငယ်သဘာဝ ကျောင်းနေဘက်အတန်းဖော် မင်းနိုင်ဦးဆိုတဲ့ လူငယ်လေးနဲ့ ရည်ငံနေကြသလို လက်ထပ်ဖို့အထိ ရည်စူးထားသူမို့ ဖခင်ရှိစေချင်ပုံရတယ်။ သမီးလေး မကြာခဏပြောဖူးတဲ့ စကားတစ်ခွန်းက မြတ်လေးနွယ်ရဲ့ အသည်းနှလုံးထဲကို ကန္တာရဆူးနဲ့ ခြစ်သလို ခံစားရတယ်။

"မေမေရယ်. . . သမီးတို့ လက်ထပ်တဲ့အခါ အဖေဆိုတာရှိရင် သိပ်ကောင်းမှာပဲနော်၊ ခဏပဲဖြစ်ဖြစ်ပေါ့၊ ခုတော့ ဖေဖေက သမီးတို့ကို အသိအမှတ်တောင် ပြုချင်ပုံမရဘူးနော်၊ ဒါမှမဟုတ် သမီးလူ့လောကထဲရောက်တာ ဖေဖေသိပါ့မလား" တဲ့။

သမီးရဲ့ စကားသံလေး မြတ်လေးနွယ်ရဲ့ နားထဲက မထွက်တော့။ ပြောပြချင်ပါတယ်။ သမီးကို အသေးစိတ်ပြောပြပေးချင်တယ်။ မိခင်တစ်ယောက်ရဲ့ အယုံလွယ်ခဲ့တဲ့ မိုက်မဲမှု၊ ဝေဖန်နိုင်ခြင်းမရှိတဲ့ အသိဉာဏ်နုံချာမှုတွေကို သမီးကို မပြောရက်၊ မြတ်လေးနွယ်ရဲ့ စူစပြုနေတဲ့ ဗိုက်ကလေးကို မကြာခဏကိုင်ကြည့်ပြီး ပျော်ရွှင်ခဲ့တဲ့ သမီးရဲ့ဖေဖေဟာ မိဘစကားကို မပယ်ရှားနိုင်တော့ဘဲ တဲစုတ်လေးကို ကာပြန်ပြီး ရွှေဘုံရွှေနန်းဘက်ကို ခြေစုံနင်းလိုက်တာ သမီးသိသွားခဲ့ရင် ဒီအချိန်မှာ သမီးဖေဖေ့ကို ခွင့်လွှတ်နိုင်ပါ့မလား။

"သမီးလည်း ဖေဖေ့ကို အဝေးကဖြစ်ဖြစ် မြင်ဖူးချင်တယ် ဘွားလေးရယ်၊ ဒီအခွင့်အရေးဆိုတာ ကြုံခဲပါတယ်၊ လိုက်ခွင့်ပြုပါနော်"

"တားမရရင်လည်း သဘောပဲအေ၊ အဟောင်းက အသစ်ဖြစ်ပြီး ဝေဒနာခံစားရရင် ငါ့ရှေ့မှာ မညည်းနဲ့"

အမေအုန်းထံမှ ခွင့်ပြုချက်ရပြီဖြစ်လို့ မြတ်လေးနွယ် ဝမ်းသာသွားရတယ်။ ညဘက် အိပ်ရာထဲရောက်သော်လည်း တော်တော်နှင့်အိပ်မပျော်၊ ရင်ခုန်ခြင်းနှင့်အတူ ဝေဒနာတစ်မျိုးက မြတ်လေးနွယ်ရင်ထဲ ဝင်ရောက်မွှေနှောက်နေတော့တယ်။ သမီးလေးလည်း အိပ်ပျော်ပါ့မလားမသိ။ ဖခင်မဲ့ဘဝနဲ့ အခုလိုအခြေအနေ ရောက်လာခဲ့တာ အမေအုန်းကျေးဇူး ရာနှုန်းပြည့်ပါတယ်လို့ ဆိုနိုင်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်လောက်က အမေအုန်းသာ ကျိုက်ထိုမြို့ကို ရောက်မလာဘူးဆိုရင် မြတ်လေးနွယ်ရဲ့ ဘဝဟာ ဇုတ်သုတ်ဆိုတဲ့ ရွာလေးမှာပဲ ခုချိန် ဈေးသည်မလေး ဖြစ်နေလေ မလား အတတ်မပြောနိုင်ပါ။ အတိတ် ကို မေ့ထားခဲ့ပေမယ့် ခုတော့ မှုန်ဝါးနေတဲ့ လမ်းဟောင်းလေးကို သတိရပြန်ပါပကော. . .။

♦

မိဘနှစ်ပါးမရှိတဲ့ မြတ်လေးနွယ်ဟာ အဒေါ်အရင်းနဲ့ ကျိုက်ထိုမှာ နေထိုင်ရင်း ကျောင်းတက်ခွင့်ရတာ မဟာဆုလာဘ်တစ်ပါးပါ။ အဒေါ်ဖြစ်သူအမေသန်းနဲ့ အဒေါ့်ယောက်ျားက သဘောမနောကောင်းပေမယ့် သားသမီးခြောက်ယောက်က မြတ်လေးနွယ်ကို ငွေဝယ်ကျွန်လို သဘောထားကြတယ်။ သူမကလည်း ကျောင်းနေရတာကို မဟာကံထူးရှင်လို့ ယူဆထားလေတော့ ကျောင်းချိန်ပြင်ပမှာ အိမ်အလုပ်လုပ်ရတာ ဝန်မလေးပါ။ အဒေါ်က ထူးထူးခြားခြား သားချည်းခြောက်ယောက်မွေးထားလေတော့ အမေသန်းကို ကူညီလုပ်ကိုင်ပေးရင်း ဘဝကို တိုးတက်အောင် ဖြတ်သန်းခဲ့ပေမယ့် အားနည်းတဲ့ဘာသာရပ်ကြောင့် ဆယ်တန်းတစ်ကြိမ် ကျရှုံးခဲ့တယ်။ စာမေးပွဲကျရှုံးရခြင်းဟာ ရည်းစားထားလို့ဆိုတဲ့ စွပ်စွဲချက်တွေနဲ့ ဦးငယ်က ထိုးနှက်သလို နှစ်ကိုယ်တူ ချစ်ရည်မျှခဲ့ကြတဲ့ ချစ်သူကိုကျော်မြင့်လှိုင်ကလည်း စာကောင်းကောင်း မကျက်လို့ ကျတာဆိုပြီး စွဲချက်တင်ပြန်တယ်။

"မောင်ရယ်. . အင်္ဂလိပ်စာက လွဲရင် အားလုံးဖြေနိုင်ခဲ့ပါတယ်။ အင်္ဂလိပ်စာတောင် မဖြေနိုင်ဘူးဆိုပေမယ့် အောင်မှတ်ရမယ်ထင်ထားတာပါ။ နွယ်တော့ အရမ်းစိတ်ညစ်တယ်၊ အိမ်တောင် မပြန်ချင်တော့ဘူး"

ကင်ပွန်းစခန်းဘက်ကို စက်ဘီးစီးရင်း မောင်နဲ့နှစ်ယောက် လမ်းဘေးက ကုံကော်ပင်ရိပ်မှာ ခေတ္တအနားယူရင်း ပြောဖြစ်ကြတယ်။ မောင်က မြတ်လေးနွယ်ဘဝနဲ့စာရင် အလှမ်းမမီသူလို့ ပြောနိုင်ပါတယ်။ ရွှေဆိုင်ပိုင်ရှင်ရဲ့ သား၊ တက္ကသိုလ်ကျောင်းသားဆိုတော့ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဖြစ်ပြီး လိုချင်သူတွေ များရတဲ့ကြားထဲမှာ မောင်က မြတ်လေးနွယ်ကိုရွေးချယ်ခဲ့တော့ မောင့်မိဘများက သဘောမတူဘဲ ပညာတတ်မဟုတ်ပေမယ့် ငွေကြေးကိုကြည့်ပြီး မျက်နှာချင်းဆိုင်အိမ်က မတင်နုနဲ့ သဘောတူ ကြည်ဖြူထားကြတယ်။ မတင်နုက မောင်နဲ့သက်တူရွယ်တူ၊ ရုပ်ရည်ချင်းယှဉ်ရင်တော့ မြတ်လေးနွယ်က အဘက်ဘက်က သာတယ်လို့ ဆိုရမှာပါ။

မြတ်လေးနွယ်က ကျောင်းမှာလည်း အလှဂုဏ်ရှိနေသူဖြစ်လို့ မြတ်လေးနွယ်ကို ချစ်ရေးဆိုသူ၊ လိုက်သူက မရှားပါဘူး။ ဒါပေမဲ့ မြတ်လေးနွယ်က မောင် ဆယ်တန်းဖြေတဲ့နှစ်ကတည်းက ရွေးချယ်လိုက်တာ သမီးရည်းစားဘဝ ချစ်သက်တမ်း ၂ နှစ်ကျော်ပြီပေါ့။ ခုတော့ မြတ်လေးနွယ် စာမေးပွဲကျတာနဲ့ မောင် မျက်နှာညိုနေပြီ။

"မောင်က နွယ့်ကို အားခဲထားတာ၊ စာမေးပွဲအောင်ရင် အဖေတို့လည်း သဘောတူချင်တူမှာ၊ ခုတော့ . . . ဟင်း. . ."

"ဘာလဲ. . မောင်က နွယ့်ကို လမ်းခွဲတော့မှာလား၊ စာမေးပွဲအောင်ရုံနဲ့လည်း သဘောတူနိုင်မှာ မဟုတ်ပါဘူး၊ မြတ်လေးနွယ်ဆိုတဲ့ မိန်းမတစ်ယောက်မှာ ပိုင်ဆိုင်မှုဆိုလို့ အလှတစ်ခုပဲရှိတာ၊ ဥစ္စာဓနမပြည့်တဲ့ ဘဝပါ၊ မောင့်မိဘတွေက ပညာဆိုတဲ့ ပေတံကြီးထက် ဓနဥစ္စာကိုသာ တန်ဖိုးထားကြမှာပဲ၊ ဒီတော့ နွယ်နဲ့မောင် ဒီဘဝမှာ ပေါင်းရပါ့မလား မသိဘူး"

မြတ်လေးနွယ်ပြောရင်း ရှိုက်ကြီးတငင်ငိုချလိုက်တော့ မောင်လည်း စိတ်မကောင်းဟန်ဖြစ်ပြီး မြတ်လေးနွယ်ကို ချော့တယ်။

"စိတ်မကောင်းမဖြစ်ပါနဲ့ နွယ်ရယ်၊ မောင်က ကရုဏာသက်ပြီး ပြောမိတာပါ၊ နွယ်နဲ့မခွဲရအောင် မောင်အမြန်ဆုံးစီစဉ်ပါ့မယ်၊ နွယ့်ဘက်ကသာ အဆင်သင့်ဖြစ်အောင် လုပ်ထား"

မောင်နဲ့လမ်းခွဲပြီး အိမ်ပြန်ရောက်တော့ မြတ်လေးနွယ် မျက်နှာပူရပါတယ်။ မောင့်ကို အထုပ်ဖြေမပြချင်လို့ မပြောခဲ့တာ၊ အိမ်မှာ အမျိုးသမီးဆိုလို့ ဒေါ်လေးနဲ့ နွယ်နဲ့နှစ်ယောက်တည်းမို့ ချက်ပြုတ်၊ လျှော်ဖွပ်၊ မီးပူတိုက်တဲ့



Asian Fame Media Group

ကိစ္စတွေကြောင့် စာကျက်ချိန်နည်းသလို သူများတကာလို အချိန်ပိုစာသင်ကြားခြင်းမရှိနိုင်တာလည်း စာမေးပွဲကျစေခြင်းရဲ့ အကြောင်းတစ်ရပ်ပါ။ ဦးလေးက ဘာမှမပြောပေမယ့် ဒေါ်လေးက မျက်နှာမကောင်း။ အစ်ကိုတွေ မောင်တွေက မြတ်လေးနွယ်ရည်းစားထားလို့ စာမေးပွဲကျတာဆိုပြီး ဝုန်းဒိုင်းကြဲ ချင်ကြတယ်။ မြတ်လေးနွယ် ခေါင်းမဖော်ရဲအောင် အနေခက်ပါတယ်။

နောက်တစ်ရက် ဈေးဝယ်ထွက်ချိန် မောင်က မြတ်လေးနွယ်တို့လမ်းထိပ်မှာ လာစောင့်နေတယ်။

"နွယ်ရေ . . မိုးမလင်းခင်ကတည်းက မောင် လာစောင့်နေတာ၊ မောင့်ကို အဖေတို့က မတင်နုနဲ့ စေ့စပ်ဖို့ လုပ်နေကြပြီ၊ ဒီတော့ မောင်တို့နှစ်ယောက် ထွက်ပြေးကြရအောင်၊ မောင့်သူငယ်ချင်းသန်းမြင့်တို့ ဘကြီးရှိတဲ့ ဇုတ်သုတ်ရွာထိပေါ့၊ အဲဒီမှာ လုံခြုံတယ်လေ"

"ဟယ်တော့် . . ဒေါ်လေးက ဟင်းချက်စရာ ဝယ်ခိုင်းလိုက်တာ"

"အဲဒီ ဟင်းချက်စရာဝယ်ရင် မောင်နဲ့နွယ်တို့ ဝေးကြလိမ့်မယ်၊ သန်းမြင့် စာရေးပေးလိုက်တယ်၊ ပြီးတော့ ဘုရားဖူးကားနဲ့ ဖြစ်ဖြစ်၊ လိုင်းကားပဲဖြစ်ဖြစ် ရရာစီးပြီး သွားမယ်"

မောင်က မြတ်လေးနွယ်ကို ဆွဲမခေါ် ရုံတမည်ခေါ်ပြီး ကုန်တင်ကားတစ်စီးတားကာ တောင်စွန်းဘက်သို့ ထွက်လာကြတယ်။ ဇုတ်သုတ်ရွာမှ မောင့်သူငယ်ချင်း ကိုသန်းမြင့်ရဲ့ ဦးလေးအိမ်ရောက်တော့ မောင်က ကိုသန်းမြင့်ရေးပေးလိုက်တဲ့စာ ထုတ်ပေးတယ်။ အသက်ငါးဆယ်ကျော် အဘိုးကြီး အဘွားကြီး လင်ကိုယ်မယားနှစ်ယောက်တည်း ခနိခုတ်၊ တောင်းရက်၊ နှီးဖျာလုပ်ကိုင်စားသောက်ကြတယ်။ ခြံထဲမှာတော့ သီးပင်စားပင်တွေ အပြည့်ရှိသလို အရိပ်အာဝါသနဲ့ အေးအေးချမ်းချမ်း ရှိလှတယ်။

ကိုသန်းမြင့်ရဲ့ စာဖတ်ပြီး ကိုသန်းမြင့်ဦးလေး ဘကြီးဖြိုးနဲ့ အမေချစ်က နွေးထွေးစွာ ကြိုဆိုကြတဲ့အပြင် တစ်ခန်းတည်းသာရှိတဲ့ အိပ်ခန်းထဲက အဘိုးကြီး အဘွားကြီးအိပ်ရာကို အပြင်ထုတ်ကာ သန့်ရှင်းရေးလုပ်ပေးပြီး မြတ်လေးနွယ်တို့ကို နေစေတယ်။ မောင်က ရေတွင်းက ရေငင်ပေးသလို ချက်ပြုတ်ဖို့ကိစ္စကို မြတ်လေးနွယ်က တာဝန်ယူဖို့ ဆုံးဖြတ်လိုက်တယ်။

"လူလေးတို့ အခြေအနေအရ လက်ထပ်စာချုပ်တော့ လုပ်ရလိမ့်မယ်"

"အဘ မနက်ဖြန် သန်းမြင့် လိုက်လာလိမ့်မယ်၊ တောင်စွန်းမြို့မှာ လက်မှတ်သွားထိုးဖို့ စီစဉ်ပြီးပါပြီ"

"အေး ကောင်းတာပေါ့ကွယ်၊ ဒါထက် မိဘတွေ သဘောမတူဘူးဆိုတော့ အဘတို့ အမှုပတ်နေမလားကွာ၊ ပြီးတော့ သမီးလေးက အသက်ဘယ်လောက်ရှိပြီလဲ"

"သမီး ဆယ့်ရှစ်နှစ်ပြည့်ပြီးပါပြီ အဘ"

"တော်သေးတာပေါ့၊ ဆုံးဖြတ်ပြီးမှတော့ အဘတို့ဆီမှာ စိတ်ချမ်းသာအောင် နေပေါ့၊ ဒါထက် လူလေးက တက္ကသိုလ်ကျောင်းသားဆိုတော့ ကျောင်းပြန်တက်ရဦးမှာပေါ့"

"ခုလောလောဆယ် ကျောင်းတွေ ခေတ္တပိတ်ထားပါတယ်"

နောင်ခါလာ နောင်ခါချေးလို့ မောင်က သဘောထားပြီး မြတ်လေးနွယ်တို့နှစ်ယောက် မိုးမမြင်လေမမြင်ဖြစ်ခဲ့ကြတယ်။ တောင်စွန်းမြို့မှာ လက်မှတ်ထိုးသွားရင်း အဝတ်အစားများပါ ဝယ်လာခဲ့တယ်။

"မင်းတို့ကတော့ ပျော်နေကြပြီပေါ့ ကျော်မြင့်လှိုင်၊ မင်းအမေ ငါ့အိမ်လာတာ သုံးခေါက်ရှိပြီ၊ မော်လမြိုင်ကိုလည်း လူလွှတ်ပြီး စုံစမ်းခိုင်းတယ်၊ သထုံကိုလည်း လူတွေလွှတ်ထားတယ်၊ မြတ်လေးနွယ်ရဲ့ ဒေါ်လေးကလည်း သူ့သူငယ်ချင်းတွေရဲ့ အိမ်တွေကို လိုက်ရှာနေတယ်။ ဒီနေ့ . . ငါလာတာတောင် မနက်လေးနာရီထပြီး ညကားတွေနဲ့ လိုက်လာရတာ၊ ငါ ဇုတ်သုတ်မလိုက်တော့ဘူး၊ ဘုရားဖူးကားနဲ့ တားစီးပြီး ပြန်တော့မယ်"

မြတ်လေးနွယ်နဲ့မောင်က ပျော်မဆုံးဖြစ်နေသလောက် ကိုသန်းမြင့်ကြီးက ကျီးလန့်စာစားနေရပြီဖြစ်လို့ စိတ်မကောင်းဖြစ်မိတယ်။ မြတ်လေးနွယ်တို့ကိုယ်တိုင်ကလည်း ရင်မအေးရသေးပါ။ အပျော်တစ်ဝက်၊ ကြောက်လန့်စိုးရိမ်မှုတစ်ဝက် ဖြစ်နေတယ်။ မောင်ကတော့ အပျော်လွန်ပြီး ကေလာသတောင် ဘုရားဖူးသွားလိုက်၊ ကျိုက်ထီးဆောင်းဘုရားဖူးလိုက်၊ အဘနဲ့ တောင်းကူရက်ပေးလိုက်နဲ့ ပျော်နေတော့တယ်။ ပြောသာ ပြောရတယ်၊ မြတ်လေးနွယ်လည်း ရှေ့ကြောင်း နောက်ကြောင်း မစဉ်းစားမိရင် ပျော်တာပါပဲ၊ ခုတော့ မရေရာတဲ့ အနာဂတ်ကို မသေမချာစောင့်ရင်းရင်မောနေမိတာ အမှန်ပါ။

♦

သူတို့ကို နှစ်အိမ်လုံးက အပူတပြင်းရှာနေကြတာ အမှန်ပါ။ နှစ်လကျော်အထိ ခြေရာမခံမိသေးပေမယ့် သုံးလပြည့်ဖို့ တစ်ပတ်အလိုမှာ မမျှော်လင့်ထားတဲ့ ပြဿနာတစ်ခုက ထိုးစစ်ဆင်လာပါတော့တယ်။ အဲဒီညက ရွာဦးကျောင်းဆရာတော်တစ်ပါး ပျံလွန်တော်မူလို့ ဆိုင်းဝိုင်းနဲ့ဖျော်ဖြေလို့ မောင်က အတင်းခေါ်တော့ လိုက်သွားရင်း ခဲတစ်တံကျည်တောက်နဲ့ မရမ်းပြားထုပ်၊ အချိုရည် အစုံစားခဲ့ပြီး



တစ်ညလုံးအန်၊ ဝမ်းသွားခဲ့တာ မနက်အထိမရပ်၊ အမေချစ်က ကျေးရွာသူနာပြုဆရာမကို သွားပင့်လာတယ်။ ဆရာမက ဓာတ်ဆားရည်တိုက်ကျွေးပြီး၊ လိုအပ်သလို စမ်းသပ်ကြည့်ပြီးတော့ ဆရာမရဲ့စကားအဆုံးမှာ မြတ်လေးနွယ် တုန်လှုပ်ချောက်ချားသွားရတော့တယ်။

"ကိုယ်ဝန် နှစ်လထဲရောက်နေပြီ၊ စမ်းလို့တောင် မိချင်နေပြီ" တဲ့။

သူနာပြုဆရာမပြန်သွားတော့ မြတ်လေးနွယ် သည်းသည်းထန်ထန် ငိုကြွေးမိတယ်။

"ဝမ်းသာစရာကို ဘာဖြစ်လို့ ငိုရတာလဲ နွယ်ရယ်၊ မောင်တို့မှာ သားသမီးရှိပြီဆိုတော့ မောင့်မိဘတွေက ခွဲပါတော့မလား၊ မောင်တော့ ဝမ်းသာတယ်"

မောင်က မြတ်လေးနွယ်ဗိုက်ကို စမ်းရင်း

"သားလေးရေ၊ သမီးလေးရေ မေမေ့လိုချောပြီး ဖေဖေ့လို ဉာဏ်ကောင်းအောင် လုပ်ရမယ်နော်"

မောင်က သူ့အတွေးနဲ့သူ အူမြူးနေတယ်။ မြတ်လေးနွယ်ကတော့ မမြင်နိုင်တဲ့အနာဂတ်ကို တွေးပူနေမိတယ်။

"နွယ်ရယ် ဝမ်းသာရမယ့်အချိန်မှာ ဘာလို့ ငိုရတာလဲကွာ"

"မောင်ရယ် မောင် ခု ကျောင်းပိတ်ထားလို့ စိတ်အေးနေတာ၊ ပါလာတဲ့ငွေလည်း ကုန်လို့ မောင့်လက်ဝတ်လက်စားတောင် ရောင်းချပြီးသုံးနေရပြီလေ၊ ကျောင်းဖွင့်ရင် မောင်ကျောင်းပြန်တက်ဖို့ ဘယ်လိုလုပ်မလဲ၊ နွယ်တောင် အမေချစ်နဲ့အတူ ကေလာသဘုရားခြေရင်းမှာ ပန်းလိုက်ရောင်းမလားလို့"

"နွယ်ကလည်းကွာ၊ မောင်ယောကျ်ားပါ၊ မောင် ကျောင်းမတက်တော့ပါဘူး၊ ဒီရွာမှာ ကလေးတွေကို စာသင်ပေးမယ်၊ တောင်ပေါ်တက်တဲ့ကားနောက်လိုက်ပြီး အလုပ်လုပ်ရင် ထမင်းမငတ်ပါဘူး"

"မောင်ရယ် နွယ့်စိတ်ထဲမှာတော့


Asian Fame Media Group

ဝန်ပိနေသလိုပဲ၊ ခုနက သူနာပြုဆရာမကလည်း မေးခွန်းတွေထုတ်သွားတဲ့အပြင် အမေချစ်ကိုလည်း ဘာတွေမေးသွားလည်း မသိဘူး၊ ရင်လေးလိုက်တာ မောင်ရယ်"

မောင်က မြတ်လေးနွယ်စကားကြောင့် ဟက်ဟက်ပက်ပက်ရယ်ပြီးတော့

"မိန်းမရယ် ပူတတ်လွန်းလို့၊ ဒါကြောင့် အခု ပူလာတာပဲနေမယ်၊ ဟုတ်တယ်ဟုတ်။ ကလေးရေ မေမေ့ကို အားပေးလိုက်ပါဦး"

တကယ်တော့ မောင်ဟာ မြတ်လေးနွယ်ကို စိတ်မပျက်ဖို့ အားပေးနေပေမယ့် မောင် အမြဲဝတ်ဆင်ထားတဲ့



ဆွဲကြိုး၊ လက်စွပ်တွေရောင်းချပြီး ကတည်းက အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီး စိတ်ဆင်းရဲမှာ သေချာတယ်၊ တစ်နေ့က အဘနဲ့တောင်းရက်ဖို့ နှိုးဖျာရင်း မောင့်လက်မ ဝါးကြောရှ သွားစဉ် သွေးတွေပန်းထွက်နေတာကို ကြည့်ပြီး မောင်မျက်နှာမကောင်း။

"ရွှေချိန်တဲ့လက်လေး ဝါးရှသွားပြီကွာ" ဆိုတဲ့ ရယ်ကျဲကျဲအသံလေး ထွက်သေးတယ်။ ဟုတ်လည်း ဟုတ်တာပဲလေ။ အိမ်မှာ ညီအစ်ကိုမောင်နှမလေးယောက်ရှိတဲ့အနက် မောင်က သားကြီးသြရသ၊ ဉာဏ်ရည်ကောင်းပြီး

မနက်ဘက် မောင့်အမေချက်ပြုတ်နေရင် မောင်က ကျောင်းမသွားမီ ဆိုင်ထိုင်ပေးခဲ့သူမို့ အခုတော့ ဘဝနဲ့ဆန္ဒတစ်ထပ်တည်းမကျလေတော့ မောင်အပြည့်အဝ ပျော်နိုင်ပါ့မလား။

မြတ်လေးနွယ်ရဲ့ မမျှော်လင့်ထားတဲ့ ကံတရားက နောက်သုံးရက်အကြာမှာ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာတော့တယ်။ ကိုသန်းမြင့်နဲ့ မောင့်အစ်မဝမ်းကွဲ သူနာပြုဆရာမ ခင်ခင်ညိုတို့က မြတ်လေးနွယ်တို့ဆီ ရောက်လာတယ်။ မြတ်လေးနွယ်ကို စမ်းသပ်ပေးတဲ့ သူနာပြုဆရာမက မောင့်အစ်မ မမညိုနဲ့ သူငယ်ချင်းမို့ သတင်းပေးလိုက်ခြင်းပါ။

"မောင်လေးရယ် မမတို့လာတာ မောင်လေးနဲ့ မြတ်လေးနွယ်ကို ခွဲဖို့ မဟုတ်ပါဘူး။ မြတ်လေးနွယ်မှာလည်း ကိုယ်လေးလက်ဝန်နဲ့ ဖြစ်နေပြီဆို၊ ရှာလည်းမတွေ့ အဆက်အသွယ်လည်း မလုပ်တော့ မမတင်မေအိပ်ရာထဲ လဲနေပြီ၊ အကျိုးအကြောင်း ပြောဆိုဖို့ လိုက်ခဲ့ပါဦး၊ တစ်ရက်နှစ်ရက်နေ ပြန်လာပြီး မြတ်လေးနွယ်တို့ ဦးလေးတွေဆီ ပြန်အပ်ရအောင်နော်"

ဒီစကားတွေကြားတော့ မြတ်လေးနွယ်ရင်ထဲမှာ လျှောင်လှုပ်သလို တုန်ခါသွားတော့တယ်။ မောင့်ကို အားကိုးစွာကြည့်မိတော့ မောင်က ဝေခွဲမရတဲ့ပုံ ဖြစ်နေတယ်။ နွယ်မျက်ရည်ကျတော့ မောင်က သူ့လက်ဖဝါးလေးနဲ့ မျက်ရည်သုတ်ပေးရှာတယ်။

"ခေါ်ရင် နှစ်ယောက်စလုံး ခေါ်သွားပေါ့ကွယ်"

အဘက စိုးရိမ်စွာ စကားဆိုတယ်။ ဘာမှဝင်မပြောဘဲ လည်လိမ်ရောဂါရနေတဲ့ ကြက်ကြီးလိုဖြစ်နေတဲ့ လူက ကိုသန်းမြင့်ပါ။ သူ့မျက်နှာမှာ အရောင်အမျိုးမျိုး ထွက်နေတယ်။ မောင့်မမညိုက ပြုံးရွှင်စွာနဲ့ အဘကို ရှင်းပြနေတယ်။

"ဒီနေ့သွားပြီးတော့ အကျိုးအကြောင်းပြောပြပြီး မနက်ဖြန် ပြန်လာမှာပါ၊ မညို တာဝန်ယူပါတယ် အဘ"

ငြင်းပယ်၍မရနိုင်တဲ့ လူသားတစ်ဦးနဲ့ တောင်းဆိုခွင့်မရှိတဲ့ မိန်းမတစ်ယောက်ရဲ့ ဇာတ်လမ်းဟာ ဒီမှာ တင်ရပ်တော့မှာလားလို့ မြတ်လေးနွယ် စိတ်ပူမိတယ်။ ရင်လေးပြီး စိတ်လည်း တင်းကျပ်နေသလိုပဲ။

"မောင် အမြန်ပြန်လာနော်"

"စိတ်ချပါ နွယ်ရယ်၊ မောင် အမြန်ဆုံးပြန်လာမယ်၊ တစ်ရက်နှစ်ရက်ပဲ"

တစ်ရက်နှစ်ရက်ဆိုပြီး သွားခဲ့တဲ့ မောင်ဟာ အနှစ် ၂၀ ကြာသွားတယ်။ တစ်ရက်လည်း မလာ၊ နှစ်ရက်လည်း မလာနိုင်လို့ အဘနဲ့အမေချစ်က ကိုသန်းမြင့်အကူအညီနဲ့ မောင့်မိဘတွေထံ လိုက်သွားသော်လည်း လူသားမဆန်တဲ့အပြုအမူမျိုးနဲ့ တုံ့ပြန်လိုက်တယ်။

"ကလေးမွေးပြီးရင် လာပို့ပါ၊ ကျွန်မ မွေးမယ်" ဆိုပြီး လက်ထပ်မင်္ဂလာဆောင်ထားတဲ့ တရားဝင်ဇနီးမယားဆိုသူ မတင်နုက ပြောလွှတ်လိုက်သဖြင့် အမေချစ် ပုံရက်သားလဲကျခဲ့တယ်လို့ ဆိုပါတယ်။

အကယ်၍များ အဒေါ်ဝမ်းကွဲ ကျောင်းအုပ်ဆရာကြီးကတော်ဖြစ်သူ အမေအုန်းသာ ကျိုက်ထိုရောက်မလာခဲ့ဘူးဆိုရင် သမီးလေးမဥ္ဇူလှိုင်တစ်ယောက် ဆရာဝန်ဖြစ်ပါ့မလား။ မြတ်လေးနွယ်လည်း Beauty Saloon ပိုင်ရှင်၊ "သင်းပျံ့လှိုင်" ပိုးထည်နှင့် ဖက်ရှင်ဆိုင်ပိုင်ရှင်ဆိုတာမျိုးလည်း ဖြစ်ခဲ့မှာမဟုတ်သလို၊ ဘွဲ့တစ်ခုပိုင်ဆိုင်ရုံသာမက ရိုးသားကြိုးစားခဲ့၍ ရှစ်မိုင်လိုနေရာမျိုးမှာ အတန်အသင့်ကျယ်ဝန်းတဲ့ခြံနဲ့ တစ်ထပ်တိုက်လေးလည်း ပိုင်ဆိုင်မှာမဟုတ်။ ဒီလိုပိုင်ဆိုင်ခြင်းကလည်း အမေ့အစ်မဝမ်းကွဲဖြစ်ပြီး သားသမီးမရှိတဲ့ ဘဘဦးပန်းအောင်နဲ့ အမေအုန်းတို့ ကျေးဇူးတရားများကြောင့်ဆိုလျှင် ငြင်းနိုင်စရာမရှိပါ။

ကိုယ်ဝန်နှစ်လသမီးအရွယ်မှစပြီး သမီးလေးအသက်နှစ်ဆယ်အရွယ်အထိ ရက်ပေါင်းများစွာ မုသားစကားဆိုပြီး လိမ်လည်ခဲ့တဲ့ ဥပဒေအရာရှိကြီး ကိုယ်ကိုယ်တိုင် လိမ်မှတော့ အခြားလူတွေကို အမှန်ဖြစ်စေမှာတဲ့လား။

◆

"သမီး ကိုမင်းကိုပါ ခေါ်ထားတယ် မေမေ"

"ဟဲ့ ဟဲ့ သမီးရယ်၊ ကိုယ့်အတွက် အထုပ်ဖြေသလို ဖြစ်နေပါ့မယ်ကွယ်၊ မေမေတို့က ခုနေခါမှ လူလုံးလှနေပေမယ့် ဘဝမလှခဲ့ဘူးမဟုတ်လား၊ ကိုယ့်ကို သိပ်ချစ်ပါတယ်ဆိုတဲ့ ယောကျ်ားတစ်ယောက်ရဲ့ မုသားသစ္စာကို အယုံလွယ်ခဲ့လို့ သမီးလေးလည်း ဖခင်မဲ့တစ်ယောက်အနေနဲ့ ကြီးပြင်းခဲ့ရတာပေါ့၊ ဒါကြောင့် သမီးလည်း ယောကျ်ားတွေအပေါ် ဘဝကိုပုံပြီး မယုံလေနဲ့၊ မတင်နုဆိုတဲ့မိန်းမကို လုံးဝချစ်လို့ မရဘူးဆိုတဲ့လူက ကလေးနှစ်ယောက်ရတဲ့အထိ ချစ်ပြခဲ့တယ်လေ။ မေမေ စိတ်မနာသင့်ဘူးလား"

သမီးလေးမျက်နှာ ညှိုးရော်သွားတယ်၊ ဒါပေမဲ့ ခေါ်ထားပြီးပြီဆိုမှတော့ မြတ်လေးနွယ် ဘာတတ်နိုင်မှာလဲ။

"သမီး ဒီအကြောင်းတွေ အားလုံးပြောပြထားပါတယ်။ ကိုမင်းတို့က အရာရှိကြီးရဲ့သားဖြစ်သလို သူ့အမေကလည်း စိန်ဆိုင်ရှိတယ်လေ။ သမီးကတော့ မေမေ့လို ပျော့ညံ့တဲ့စိတ် မရှိဘူး၊ Open ပဲ၊ သမီးဘဝကို လက်မခံနိုင်ရင် Go ပဲ"

သမီးလေးစကားကြားရတော့ မြတ်လေးနွယ် ပါးစပ်အဟောင်းသားဖြစ်သွားတော့တယ်။ ဒီခေတ်ကလေးတွေဟာ မြတ်လေးနွယ်တို့နဲ့ မတူတာအမှန်ပါ။ အထူးသဖြင့် သမီးလေးဟာ မအေလို အချစ်ကို ကိုးကွယ်တတ်သူ



Asian Fame Media Group

မဟုတ်လို့ တော်ပါသေးရဲ့လို့ အောက်မေ့မိတယ်။

ဒီနေ့ ဆိုင်ကောင်တာမှာ ထိုင်နေရပေမယ့် ဘာကြောင့်မှန်းမသိဘဲ ရင်ဘတ်တစ်ခုလုံး ဖားဖိုကြီးလို လှုပ်ရှားနေတယ်။ လက်ဖဝါးမှာလည်း ချွေးစေးများတောင် ပြန်လို့ အသုဘက နေ့လယ် ၂ နာရီချမှာဆိုတော့ သမီးနဲ့မောင်မင်းနိုင်ဦးကို စောင့်နေရင်း စိတ်နဲ့လူနဲ့မကပ်။ ၁ နာရီအရောက် သွားကြဖို့ သမီးကို ပြောထားတော့ သမီးက

"မေမေ့ကို ၁၂ နာရီလောက် လာခေါ်မယ်၊ မေမေ့ကားကို ထားခဲ့၊ မေမေစိတ်လှုပ်ရှားနေလို့ ကားမောင်းဖို့ဖြစ်မှာ မဟုတ်ဘူး"

ဒီလိုနဲ့ ၁၂ နာရီမှာ ကိုမင်းနဲ့ သမီးက ကိုမင်းစီးနေကျ နောက်ဆုံးပေါ်ကားနဲ့ ရောက်လာတယ်။ သူများကား မစီးချင်လို့ငြင်းပေမယ့် ကိုမင်းက လက်မခံ၊ အတင်းခေါ်နေလို့ လိုက်ခဲ့ရတယ်။ တစ်လမ်းလုံး ခြေဖျားလက်ဖျားတွေ အေးစက်နေတယ်။ အသိတွေနဲ့ မတွေ့ပါစေနဲ့လို့ ဆုတောင်းရတာလည်း အမောပါ။ မြတ်လေးနွယ် စိုးရိမ်တာက ကျိုက်ထိုမှာနေစဉ်တုန်းက မြတ်လေးနွယ်ရဲ့ အချစ်ဆုံး သူငယ်ချင်းခင်အေးမြင့်က မြတ်လေးနွယ်အကြောင်း အားလုံးသိထားတယ် ဆိုတော့ အကယ်၍များ အသုဘပို့လာခဲ့သော် "ဒါ နင့်သမီးပဲ ကျော်မြင့်လှိုင်" လို့ မိတ်ဆက်ပေးလိုက်ရင် အခက်တွေ့မှာပဲ၊ စိုးရိမ်မိတယ်။ ပြီးတော့ အနှစ်နှစ်ဆယ်လုံးလုံး ပစ်ပစ်ခါခါလုပ်ထားတဲ့သူကြီးရဲ့ မျက်နှာကိုလည်း တွေ့ချင်တယ်။ အုံ့ဩစရာကောင်းတာက ကားမောင်းနေတဲ့ ကိုမင်းဘေးမှာ ထိုင်နေတဲ့ သမီးဟာ တုန်လှုပ်မှုမရှိ၊ တည်ငြိမ်နေပြီး နှစ်ယောက်သား မှိုရှာသွားသလို ပျော်ပျော်ပါးပါး ဖြစ်နေတယ်။ ကားထဲမှာ အေးစက်နေပေမယ့် မြတ်လေးနွယ်ရဲ့ နဖူးနဲ့ လည်ပင်းတစ်ဝိုက်မှာ ချွေးသီးများ ယီးလေးခိုနေတယ်။ ဇောချွေးဆိုတာ ဒါမျိုးကိုခေါ်တာပဲ နေမှာပေါ့။

မစည်ကားအပ်တဲ့ နေရာမှာ လူတွေစည်ကားနေလိုက်တာ၊ ကားတွေလည်း တစ်ဝင်းလုံးအပြည့်၊ ခန်းမတိုင်းမှာလည်း အသုဘရှုလူများနဲ့ ပြည့်လျှံနေသလို ခန်းမ ၁ မှာလည်း လူတွေက မနည်း။ ဆိုင်းဘုတ်လေးကို တွေ့ပါပြီ။ "ဒေါ်တင်တင်နု ၄၂ နှစ်" တဲ့။ မြတ်လေးနွယ်ထက် ကြီးသလို၊ ဦးကျော်မြင့်လှိုင်ထက်လည်း နည်းနည်းကြီးတယ်။ သူတို့နှစ်ဦးဟာ ငယ်ငယ်တုန်းက ကစားဖော်ဖြစ်ပြီး မိဘချင်းရင်းနှီးရာကနေ ကြိုက်မယ့်လူမရှိတဲ့ မတင်နုကိုယူဖို့ ငွေတံတား၊ ရွှေတံတားခင်းပြီး အပိုင်ဖမ်းလိုက်တာပဲ ဖြစ်တယ်။ ကိုကျော်မြင့်လှိုင်မှာ မြတ်လေးနွယ်နဲ့ရတဲ့ ကိုယ်ဝန်ရှိနေပါရက်နဲ့ သူတစ်ပါးချစ်ခြင်းကို အုံနဲ့ကျင်းနဲ့ ခွဲပစ်ကြတာလေ၊ ရက်စက်ချက်ကတော့ ကမ်းကုန်ပါတယ်။

မျက်နှာကြီးအသုဘမို့ ၁ နာရီ သာသာကတည်းက လူတွေပြည့်လျှံနေတယ်။ မြတ်လေးနွယ်က သမီးနဲ့ ခပ်ခွာခွာနေပြီး လူစိမ်းကား အသုဘရှင်ကြီးကို ရှာဖွေလိုက်တယ်။ နေကာမျက်မှန်တပ်ထားလို့ ဘယ်သူမှသိစရာအကြောင်းမရှိဘူး။ ဒါကြောင့် ဘဝတစ်သက်စာ လုယက်မှုကျူးလွန် ခဲ့တဲ့ ဒီမိန်းမမျက်နှာ မြတ်လေးနွယ် ကြည့်ချင်တယ်။ သစ္စာမဲ့သူကြီးရဲ့ ပုံသဏ္ဌာန်က မျက်လုံးထဲကမထွက်လို့ ရှာလို့လွယ်ပါတယ်။ နည်းနည်းပြည့်ဖြိုးလာတာကလွဲရင် အရင်အတိုင်းပါပဲ။ သမီးကိုလက်တို့ပြီး ပြပေးလိုက်တယ်။ "အလို မချစ်မနှစ်သက်ဘဲ ပေါင်းသင်းလိုက်ရသူကြီးရဲ့ မျက်လုံးအိမ်မှာ မျက်ရည်တွေကဝိုင်းလို့၊ ကျလုကျခင် သံယောဇဉ်အမျှင်တွေ နေမှာပေါ့"

လူရှေ့မှာမို့ ဟန်ဆောင်နေတာလား၊ တကယ်ပဲ သားနှစ်ယောက်ရဲ့ မိခင်မို့ ဝမ်းနည်းနေတာလား မဝေခွဲနိုင်။ မတင်နုရဲ့ ရုပ်ကလာပ်ကိုကြည့်တော့ ဒီမိန်းမ အရင်ကအသားမည်းရတဲ့အထဲ၊ ပိန်ကပ်ပြီး မျက်လုံးများကဟောက်ပက်၊ အပေါ်ယံက မိတ်ကပ်ပါးပါးလေးတင်ထားပေမယ့် ခံစားနေရတဲ့ ဝေဒနာက အထင်းသားပေါ်လွင်နေတယ်။ ယောကျ်ားတစ်ယောက်ကို စည်းစိမ်ဥစ္စာဗန်းပြပြီး ယူနိုင်ပေမယ့် သေမင်းကိုတော့ စည်းစိမ်ဥစ္စာနဲ့ လာဘ်ထိုးပြီး မတားနိုင်ဘူးလေ။

"ဝဋ်ကျွတ်သွားတာပေါ့၊ ဝေဒနာခံစားနေရတာ လေးနှစ်တောင်ရှိပြီပဲ၊ ငွေလည်း တော်တော်ကုန်တာ၊ အသည်းကင်ဆာဆိုတာ ကြောက်စရာကောင်းလိုက်တာ"

မြတ်လေးနွယ်ဘေးမှ အမျိုးသမီးနှစ်ယောက် တီးတိုးပြောနေသံကို အတိုင်းသားကြားရတော့ မြတ်လေးနွယ်ပင် စိတ်မကောင်းဖြစ်မိပြန်တယ်။ သမီးကိုကြည့်လိုက်တော့ သူ့အဖေနားမှာ ရပ်လို့၊ မျက်စိထဲ စွဲထင်အောင် ကြည့်နေသလိုပဲ၊ သမီးက မြတ်လေးနွယ်အငယ်စားပုံလေးမို့ ကြာရင် ရိပ်မိတော့မယ်၊ ဒါကြောင့် ခန်းမအပြင်ဘက်ထွက်ပြီး ဖုန်းခေါ်လိုက်တယ်၊ သမီးက မြတ်လေးနွယ်ကို လှမ်းကြည့်ရင်း OK ဆိုပြီး ဖုန်းပိတ်လိုက်တယ်။

မြတ်လေးနွယ် ကားဆီကို ကမန်းကတန်း လျှောက်လာလိုက်တယ်။ နောက်လှည့်ကြည့်တော့ သမီးက ထွက်မလာသေး။ ကားထဲ ဝင်ထိုင်ဖို့ကလည်း သော့က ကိုမင်းဆီမှာ၊ ကိုမင်း ကမန်းကတန်းပြေးလာပြီး ကားသော့ပေးလို့ မြတ်လေးနွယ် ကားထဲ ဝင်ထိုင်လိုက်တယ်။

"ကိုမင်း ပြန်ကြမယ်လေ၊ မဥ္ဇူရော"

"လာလိမ့်မယ် အန်တီ၊ ဟောဟိုမှာ ထွက်လာပြီ"

မြတ်လေးနွယ်ကြည့်လိုက်တော့ နွေခေါင်ခေါင် မိုးကြီးပစ်လိုက်သလိုပါ။ မောင်က သမီးလက်လေးဆွဲပြီး ထွက်လာတယ်။ ကိုမင်းက ကားစက်နှိုးလိုက်တော့ သမီးက ကားပေါ်တက်ထိုင်လိုက်တယ်။

"နွယ် နေကောင်းလားဟင်"

"ရှင့်မိန်းမလိုတော့ မသေသေးဘူးပေါ့"

"ပြောပါနွယ်ရယ် ပြောပါ၊ သမီးမျက်နှာလေးနဲ့ မျက်နှာချင်းဆုံလိုက်တာနဲ့ သမီးမှန်း တန်းသိသွားတာ"

"မဖြစ်နိုင်ဘူး၊ ခင်အေးမြင့်ပြပေးလို့ သိတာမဟုတ်လား၊ ကျွန်မမျက်နှာ ရှင့်မျက်လုံးထဲမှာ ရှိသေးလို့လား"

"သမီးကို ပညာတတ်တစ်ယောက်အဖြစ် မွေးမြူခဲ့တာ ကျေးဇူးတင်ပါတယ်"

မြတ်လေးနွယ် မဲ့ပြုံးပြုံးလိုက်တယ်။

"ဒါက ကျွန်မအပိုင်းပါ၊ လူသားမဆန်စွာနဲ့ ရက်ရက်စက်စက် ပစ်သွားသူက ပစ်သွားတော့ ကျွန်မက ကြိုးစားရတာပေါ့၊ ရှင်နဲ့ကျွန်မ တစ်နေ့နေ့ တစ်ချိန်ချိန် ဒီနေရာမှာ ဆုံကြမှာပဲ၊ အရင်နဲ့နောက်ပဲ ကွာမယ်။ ဘယ်သူစောမယ်ဆိုတာသာ မသိတာ၊ ရှင်အရင်သေရင်လေ ကျွန်မ ဒီနေရာကို လုံးဝမလာနိုင်အောင် ကြိုတင်စီမံခဲ့မှာ၊ ကဲ ကိုမင်း မောင်းတော့"

အစီအစဉ်မရှိတဲ့စကားတွေက တန်းစီထွက်လာတယ်၊ အနှစ်နှစ်အလလက မျိုသိပ်ခံစားခဲ့ရတာတွေဟာ ပေါက်ကွဲသံစဉ်အဖြစ် အလိုလိုပြောင်းလဲသွားတာ နေမှာပေါ့။

တကယ်တော့ မောင့်ကို နာကြည်းစိတ်နဲ့ အနိုင်ယူပြီးပြောခဲ့ပေမယ့် ရေဝေးကအပြန်မှာ သံဝေဂ ရမိပါရဲ့။ အသုဘရှင်ကမ်းတဲ့ ယပ်တောင်ထဲက ကဗျာလေးကိုလည်း ခဏခဏ ဖတ်နေမိတယ်၊ ကဗျာလေးရဲ့ ခေါင်းစဉ်က "ခန္ဓာဝန်"တဲ့။

- လာတုန်းကလည်း တစ်ယောက်တည်း
  အဖော်လည်းမပါ ငါ့ခန္ဓာ။
- ပြန်သွားတော့လည်း
  တစ်ယောက်တည်း
  အဖော်လည်း မပါ ငါ့ခန္ဓာ။
- ဒါ ဘဝသံသရာ
  အဆုံးအစ မရှိပါ
  အသုံးမကျတဲ့ ဒီခန္ဓာ
  သေလျှင် ကွယ်ပျောက်ကြမည်
  သာ . . . . ။

သံသရာကြီးဟာ ရှည်လျားလွန်းတဲ့အတွက် အတိတ်ဘဝမှာ သူတစ်ပါးချစ်ခြင်းကို ခွဲခဲ့လို့သာ မြတ်လေးနွယ် တစ်ယောက် ဝဋ်ပြန်လည်ခြင်းပဲလို့ ခံယူထားလိုက်မိပါတယ်။ အင်းလေ ဒါကြောင့်လည်း အရာရာကို ခွင့်လွှတ်ပြီး ဒီဘဝဒီမျှနဲ့သာ ဝဋ်ကြွေးတွေ အပြီးတိုင် ကုန်ဆုံးချင်ပါဘိတော့တယ်။

သမီးလေးကို ငဲ့စောင်းကြည့်လိုက်တော့ သမီးလေးရဲ့ မျက်နှာဟာ အလာတုန်းကထက်ပိုပြီး ရွှင်လန်းတက်ကြွနေတယ်လို့ ကျွန်မထင်မိပါတယ်၊ ထင်တာ မဟုတ်ပါဘူးလေ။ တကယ့်ကို လန်းလန်းရွှင်ရွှင် ဖြစ်နေတာပါ။

အင်း. . . သမီးလေး အနာဂတ်ကို ရှာဖွေတွေ့ရှိသွားပြီလား။

**နီနီနိုင် (သထုံ)**

Asian Fame Media Group

"ကျွန်မမှာ ပြဿနာတစ်ခု ရှိနေတယ် ဆရာ. . ."

သူသည် မြနန္ဒာ၏ အီးမေးလ်ကို ဖတ်လိုက်ရင်း လှစ်ခနဲ ပြုံးလိုက်မိသည်။ မျက်ဝန်းထဲတွင် အညိုရင့်ရောင်ဆံပင် ခပ်စင်းစင်းနှင့် ကလေးမကို မြင်ယောင်သည်။ သူ စာသင်ခဲ့ရသော ရှစ်တန်းအရွယ် ကလေးမဟာ အခုဆို တက္ကသိုလ်ဂုဏ်ထူးတန်းတောင် တက်နေပြီပဲ။ စာအလွန်ဖတ်သောသူနှင့် သူ့လိုပင် စာအလွန်ဖတ်သော မြနန္ဒာ နှစ်ယောက်အကြား ကျောင်းစာများ၏ စာအကြောင်းပေအကြောင်း ဆွေးနွေးစရာများရှိခဲ့သည်မှာ မြနန္ဒာ ဆယ်တန်းလောက်ကတည်းက ဖြစ်လိမ့်မည်။

စိမ်းညို့သော မျက်ဝန်းများက ငြိမ်သက်လွန်းသည်မှာ မြနန္ဒာဟာ အရွယ်နှင့် မလိုက်ဘူးထင်သည်။ အသက်အရွယ်နှင့်မလိုက် တွေးခေါ် ခံစားတတ်ဖို့ မြနန္ဒာကို စာအုပ်များက သင်ကြားပေးခဲ့ပေလိမ့်မည်။ ဆယ်တန်းအောင်သွား

ဝတ္ထုတိုရသ



Asian Fame Media Group

ခဲ့ပြီးနောက် သူနှင့် မြနန္ဒာ အတန်ငယ် ဝေးကွာသွားခဲ့သော်လည်း သူမ အား လပ်ချိန်များတွင် သူ့ထံသို့ အလည် ရောက်လာကာ သူ့စာအုပ်စင်ကို စိမ် ပြေနပြေမွှေ၊ ဖတ်လိုသည့် စာအုပ်များ ကို ငှားရမ်းကာ သူ့အစ်မအပျိုကြီး လက်ရာ ထမင်းဟင်းများကို စား သောက်ပြီးခါမှ ပြန်သွားတတ်လေ သည်။ မြနန္ဒာ ရောက်လာခိုက်တွင် သူနှင့် စာအကြောင်းပေအကြောင်းတွေ ဆွေးနွေးပြောဆိုနေကြသည်မှာ ပြော မဆုံးနိုင်ဖြစ်နေကြလျှင် အစ်မ အပျိုကြီး၏ သံသယမျက်ဝန်းတချို့က သူ့ထံ ရောက်လာတတ်သည်။ အဓိပ္ပာယ်မရှိတာတွေ တွေးမနေ စမ်းပါနဲ့မရာဟု သူပြောလျှင် မမက နှုတ်ခမ်းကိုမဲ့ကာ ထွက်သွားတတ် သည်။

ထိုမြနန္ဒာသည် သူနှင့် ဆွေးနွေး ဖော်ဆွေးနွေးဖက် ဖြစ်လာခဲ့သည့် အလျောက် သူ့အပေါ်တွင် ရင်းနှီးစွာ ဆက်ဆံလာခဲ့သည်။ အထူးသဖြင့် သူမ၏ စိတ်ရှုပ်ထွေးစရာ၊ ပြဿနာများ ရှိလာလျှင် သူ့ထံသို့ အီးမေးလ်ပို့ဖော် ရလေသည်။

ရန်ကုန်ရှိ ပုဂ္ဂလိကဘဏ်တစ်ခု တွင် အလုပ်လုပ်ရန်မသွားခင် သူ့ထံ ရောက်ခဲ့သေးသည်။ ထိုနေ့က မြနန္ဒာ သည် အစိမ်းရောင်ဖျော့ဖျော့ ဝတ်စုံ ကလေးဝတ်ထားသည်မှာ သူမ၏စိမ်း ဖန့်သောမျက်ဝန်းများနှင့် ပိုမိုလိုက်ဖက် လို့ နေခဲ့သည်။ သူမ၏ မျက်နှာသည် ခံစားရိပ်ကဲဟန် မျက်ဝန်းများထက် ရင့်ကျက် တည်ငြိမ်နေလေသည်။



သူသည် မြနန္ဒာ၏ အီးမေးလ်ကို ဆက် ဖတ် လို က် သည်။ သူမ၏ အင်္ဂလိပ်စာအရေးအသားက ယခင်ကထက်ပို၍ တိုးတက်နေခဲ့သည်။

"တောင်ငူ ဘဏ် ခွဲ တစ် ခု မှာ တာဝန်ကျတယ် ဆရာ။ အလုပ်အားရင် ဟိုဟိုဒီဒီ လိုက်လည်တာလည်း မပျော်ဘူး။ ဆရာ အံ့ဩမှာပဲ။ ကျွန်မက နေသားမကျနိုင်ဘူးပြောလို့လေ"

"အံ့ဩတာပေါ့ ကလေးမရယ်။ မင်းက ကိစ္စတော်တော်များများကို ရင်ဆိုင်နိုင်သူပဲ။ ဒါပေမဲ့ တစ်ဖက်က တွေးကြည့်ပြန်ရင်လည်း မင်းအသက်အရွယ်က ငယ်နုပါသေးတယ်"

" နေရာသစ်တစ်ခုမှာ နေသားကျနိုင်ဖို့ မြနန္ဒာ အရမ်းကြိုးစားနေရတယ်။ တစ်ခါတစ်ခါများ ဘာကြောင့် ငါ ဒါကိုရွေးချယ်မိတာလဲလို့ ကိုယ့်ဘာသာကိုယ်ပြန်မေးမိတယ် ဆရာ"

သူသည် မြနန္ဒာ၏စာကို ဆုံးအောင်ဖတ်လိုက်ပြီး သူမထံသို့ စာပြန်ရန် reply ကို နှိပ်လိုက်သည်။

"မြနန္ဒာ. . . မြနန္ဒာရဲ့စာကို ဆရာ ဖတ်ရတယ်"

♦

သူက လက်ထဲမှ ပြောင်းရွှေ့အမိန့်စာရွက်ကလေးကို နောက်တစ်ကြိမ် ထပ်ဖတ်လိုက်သည်။ အို. . . သိပ်ဝေးတဲ့နေရာပဲ။ တကယ်တော့ သူ့လုပ်သက်အရရော၊ ကျောင်းဆရာဘဝ စတင်စဉ်ကပင် ကျေးရွာကြီးတစ်ရွာတွင် လာရောက်တာဝန်ထမ်းဆောင်နေသည့် အနေအထားအရရော ဤကဲ့သို့ဖြစ်လာရန် မသင့်။

ထိုကဲ့သို့ မဖြစ်စေရန်ကိုမူ သူ မစွမ်းဆောင်ခဲ့။ ငွေခင်း၍ လျှောက်သောသူများသည် သူ့နေရာကို အစားထိုးယူဆောင်သွားခဲ့ပြီ ဖြစ်သည်။ သို့သော် ကိစ္စမရှိပါ။ တာဝန်ကျသောနေရာသို့ သွားရောက်ထမ်းဆောင်ရန် ဘယ်သောအခါမှ ဝန်မလေးခဲ့သလို ဆိုင်ရာပိုင်ရာ တစ်ယောက်ယောက်ကို ငွေ ခင်း၍ သော် လည်း ကောင်း၊ တောင်းပန်တိုးလျှိုး၍သော်လည်းကောင်း ပြောဆိုလုပ်ကိုင်ရန် သူ ဘယ်တော့မှ မစဉ်းစားခဲ့။ သူ့ဘဝတစ်လျှောက်တွင် ကိုယ်ကိုယ်တိုင်လုပ်ချင်၍ လုပ်နေသော အလုပ်ကို ကိုယ်ကိုယ်တိုင် အမြဲတာဝန်ယူနိုင်ခဲ့သည်ချည်း ဖြစ်သည်။ ထိုအရာသည် အသက်နှစ်ဆယ်ကျော်အရွယ် သူ့မှာန လည်း ဖြစ်သည်။

တစ်ကျောင်းတည်း အတူနေလာကြ၍ မိတ်ရင်းသဖွယ်ဖြစ်နေကြသော လုပ်ဖော်ကိုင်ဖက် ဆရာဆရာမများက မပြောင်းရအောင် လုပ်လို့ရပါတယ် ဆရာရယ်ဟု ခင်မင်ရင်းစွဲဖြင့် ပြောကြသည်များကို သူ့အပြုံးနှင့်သာ တုံ့ပြန်ခဲ့ပါသည်။ နှုတ်ဆက်ကန်တော့ပွဲ၌ တပည့်ကလေးများ၏ ဝမ်းနည်းမျက်ရည်များကို မြင်ရသောအခါ နာကျင်ဆို့နင့်စွာ ခံစားခဲ့ရသည်။ တခြားနေရာမှာ ဆရာ ပန်းကလေးတွေ ပျိုးချေဦးမယ်ဟု နှုတ်ဆက်စကားဆိုကာ ခွဲခွာခဲ့ရသည်။ ခွဲခွာရခြင်းများသည် လူ့ဘဝ၌ မဆန်းကြယ်သော်လည်း မတရားခြင်းကိုခံရ၍ သူမခံမရပ်နိုင် ဖြစ်ခဲ့ရခြင်းပင်။

ငုဝါတို့အိမ်ရှေ့တွင်
ငုဝါမည်သော
မိန်းကလေးနှင့်
လိုက်ဖက်လွန်းစွာ
ငုပင်များစီရရီရှိလျက်
သကြၤန်မတိုင်
မီကာလများတွင်
ငုပန်းများနှင့်ဝါထိန်
တောက်ပနေတတ်သည်...



အတန်ငယ်ခေါင်သော နယ်မြို့ကလေးတွင် ကြီးပြင်းခဲ့ရသော သူ့အတွက် ကျောင်းဆရာအလုပ်ကိုသာ ရွေးချယ်လုပ်ကိုင် ဖြစ်ခဲ့ပါသည်။ အစက ရည်ရွယ်ချက် ရေရေရာရာမရှိသော ကျောင်းဆရာအလုပ်ကို ရွေးချယ်ခဲ့သော်လည်း လုပ်သက်နှစ်နှစ်ခန့် ဖြစ်လာသောအခါ သူ ကျောင်းဆရာဘဝကို ခင်တွယ်လာခဲ့သည်။ ကျောင်းခေါင်းလောင်းသံ တညံညံနှင့် ကလေးတို့၏စာအံသံများသည် သူ့ကို တဖြည်းဖြည်း တိုးနှောင်ရစ်တွယ်လာခဲ့သည်။ သို့နှင့် သူ ကျောင်းဆရာစစ်စစ်တစ်ယောက်ဘဝကို လိုလိုချင်ချင်ပင် ခံယူဖြစ်ခဲ့လေသည်။

သို့နှင့် ပထမဦးဆုံးတာဝန်ကျရာ နေရာတွင် သူ လေးနှစ်နီးပါးတာဝန်ထမ်းဆောင်ခဲ့ရသည်။ ယခုသူ့အတွက် ပထမဦးဆုံးသော ပြောင်းရွှေ့ရခြင်း ဖြစ်သည်။ ဆိုရလျှင် ပြောင်းရွှေ့ခြင်း ဟူသည်၌ အတွေ့အကြုံမရှိသေး။

သို့နှင့် သူ့အတွက် ဒုတိယနေရာဖြစ်သော ကျေးရွာကလေးတစ်ရွာသို့ သူ ရောက်ခဲ့ရသည်။ မြို့မှလာလျှင် စက်လှေတစ်ဆင့်၊ တစ်ဖန် လှေငယ်တစ်ဆင့်နှင့် သွားရသောခရီးဖြစ်သည်။ ရွာတစ်ရွာနှင့်တစ်ရွာအကြား လယ်ကွင်းရိုးပြတ်များ၊ ငရုတ်ခင်းများနှင့် ဝန်းရံနေခဲ့သည်။

သူ ရောက်ရှိခဲ့ရာ ရွာကလေးသည် အိမ်ခြေလေးငါးရာစ်ဆယ်မျှရှိသော ရွာဖြစ်သည့်အပြင် ကျောင်းဆရာမကလေး တစ်ယောက်သာရှိသော ရွာကျောင်းကလေးသည် သူ့ကို ခြောက်သွေ့စွာကြိုဆိုခဲ့သည်။ ကလေးလေးဆယ်ခန့်ကို သူနှင့်ဆရာမကလေး နှစ်ယောက် တာဝန်ယူရပေလိမ့်မည်။ ယခင်ကတော့ ဆရာမကလေး တစ်ယောက်တည်း နိုင်သလိုသင်သည်တဲ့လေ။

ကျောင်းဆရာ ဆရာမဆိုတာက လည်း ပညာရေးဖွံ့ဖြိုးရန်အတွက် လုပ်ဆောင်ရသည့်သူတွေပါပဲ။ ရွက်ကျပင်ပေါက်များလို ရောက်လေရာ အပင်ပေါက်နိုင်ရမည်ဟု ခနော်နီခနော်နဲ့ကျောင်းကလေးနှင့် ကလေးတစ်အုပ်ကိုကြည့်ရင်း သူအားတင်းခဲ့ရသည်။ ဆယ်တန်းနှစ်ခါကျ အကူကျောင်းဆရာမကလေးက သူ့ကို အားကိုးတကြီးရှိလို့ နေခဲ့သည်။

သူတာဝန်ကျရာ ရွာကလေးသည် ဆင်းရဲကြသည့်အလျောက် အစားအသောက်လည်း ရှားပါးလှသည်။ ရွာဘေးပတ်လည် ငရုတ်ခင်းများရှိချိန်တွင် ငရုတ်စိမ်းညွန့်တွေကို သွေ့နေအောင်လှော်ထားသော ဟင်းလျာသည် နေ့စဉ်စားသောက်ဖွယ်ရာပင် ဖြစ်သည်။ ထို့နောက် ချောင်းငါးကလေးများ၊ ကြက်ဥ၊ ဘဲဥစသည်တို့သည် ကျောင်းဆရာ၏ နေ့စဉ်ထမင်းချိုင့်တွင် တတ်အားသရွေ့ ထည့်ကြပုံပေါ်သည်။

ရွာကလေးသို့ရောက်စတွင် သူသည် တကယ်ပင် နေသားမကျနိုင်ခဲ့။ သူ ယခင် တာဝန်ကျခဲ့သောရွာသည် ကုန်းလမ်းခရီးဖြစ်သောကြောင့် ဆိုင်ကယ်ဖြင့် တစ်နာရီကျော်ကျော်လေး သွားလိုက်လျှင် အနီးဆုံးမြို့သို့ ရောက်နိုင်သည်။ စနေ၊ တနင်္ဂနွေလို ကျောင်းပိတ်ရက်များတွင် မြို့သို့တက်ကာ ဈေးဝယ်၊ သတင်းစာ၊ ဂျာနယ်စသဖြင့်ဝယ်ရင်း သူတို့အဖွဲ့တွေ မြို့တက်လေ့ရှိကြသည်။ သူတို့ မြို့ရောက်လျှင် စားကြသည့် ထမင်းဆိုင်အပေါ်ထပ်တွင် ယောကျ်ားကလေးများ တည်းခိုနိုင်သည်။ မိန်းကလေးဆရာမများမှာ ထမင်းဆိုင်အဒေါ်ကြီး၏ အိမ်တွင် တည်းခိုကြရ၍ အဆင်ပြေပါသည်။ သို့နှင့် အပတ်တိုင်းမဟုတ်သော်လည်း နှစ်ပတ်တစ်ခါခန့် သို့မဟုတ် လစာထုတ်ရက်များတွင် မြို့တက်ရင်း လည်ကြပတ်ကြရသည်မှာ အားသစ်လောင်းသကဲ့သို့ပင် ဖြစ်လေသည်။

သူတို့ယောကျ်ားလေး ကျောင်းဆရာတစ်သိုက်အဖို့ မြို့ပေါ်မှ အလှအပကလေးများကို ခံစားကြရသည်မှာလည်း စိတ်ကိုလန်းဆန်းစေခဲ့သည်ပင်။ သူနှင့် နောက်ပြောင်ကြသည့် ငုဝါမည်သော မိန်းကလေးကိုပင် သတိရသေးတော့သည်။ ငုဝါသည် သူတို့ တည်းခိုရာထမင်းဆိုင်နှင့် မျက်စောင်း

Asian Fame Media Group

ထိုးနှစ်ထပ်အိမ်မှ မိန်းကလေးဖြစ်သည်။ ငုဝါတို့အိမ်ရှေ့တွင် ငုဝါမည်သော မိန်းကလေးနှင့်လိုက်ဖက်လွန်းစွာ ငုပင်များစီရရီရှိလျက် သင်္ကြန်မတိုင်မီကာလများတွင် ငုပန်းများနှင့် ဝါထိန်တောက်ပနေတတ်သည်။ အသားကလေးဝင်းဝါစွာနှင့် ယဉ်ယဉ်ကလေးလှသောငုဝါသည် သူ့ရင်ကိုလှုပ်ခတ်အောင် မစွမ်းနိုင်ခဲ့။ သို့သော် အကြည့်ချင်းညှိမိလျက် သူငယ်ချင်းတွေအကြားနောက်နောက်ပြောင်ပြောင် ရှိကြသည်ကို သူကိုယ်တိုင်ပင် ရယ်မောနှစ်လိုနေခဲ့သေးသည်။ အခုတော့လည်း လွမ်းစရာများ ဖြစ်နေခဲ့လေသည်။

ယခု သည်နေရာသို့ရောက်လျှင် ဝင်းဝင်းဝါဝါမြင်ရသည်မှာ ကောက်ရိုးပုံမြင့်မြင့်ကြီးများသာ ဖြစ်သည်။ ညဆိုလျှင် မီးမရှိ၍ တိတ်ဆိတ်လွန်းလှကာ ညဉ့်ပိုးကောင်ကလေးများ၏ တစီစီအော်သံကို ငြီးငွေ့ဖွယ်ကြားနေရတတ်သည်။ တစ်နေ့တစ်နေ့ မိုးလင်းလာလျှင် နေသားမကျနိုင်ဘဲ သူသည် ဘာလိုအပ်မှန်းမသိ ဖြစ်နေတတ်လေသည်။ ထိုကဲ့သို့ဖြစ်နေသည်ကိုလည်း သူ့ဘာသာသူ မကျေနပ်နိုင်ဖြစ်နေခဲ့ရသည်။

စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်များသည် ပို၍ငြီးငွေ့ဖွယ်ကောင်းလေသည်။ သူ့ကျောင်းသားကလေးများသည် အဖေ၊ အမေတို့နှင့်အတူ ငရုတ်ခင်းတွေအကြား လိုက်ပါပျောက်ကွယ်သွားတတ်သည်။ အကူကျောင်းဆရာမကလေးငြိမ်းငြိမ်းသည်လည်း သည်ရွာကလေးမှ နှစ်မိုင်ခန့်ဝေးသော သူ့ရွာကလေးဆီသို့ ပြန်သွားတတ်သည်။ သူသည် ကျောင်းပိတ်ရက်များတွင် ဝေါင်စင်းစင်းနှင့် ပျင်းရိစွာ ကျန်နေတတ်ခဲ့လေသည်။ သို့နှင့် မကြာခဏ မြို့သို့တက်သွားမိသော်လည်း တစ်နေကုန် စက်လှေစီး၊ လှေစီးနှင့် အချိန်ငါးနာရီမျှ ကုန်ဆုံးသွားတတ်သော ခရီးသည် ခဏခဏသွားချင်စရာမကောင်းလှပေ။ သည်ဒေသသို့ ရောက်ပြီး နှစ်လ၊ သုံးလတိုင်အောင် သူ့စိတ်က ပျင်းရိလေးလံနေခဲ့သည်။

သူ၏စိတ်သည် လေလွင့်လျက်ဘာကိုမှ စိတ်မဝင်စားနိုင်အောင် ဖြစ်လာချိန်တွင် သူသည် သူ့ဘာသာသူ သတိပြုမိလာရလေသည်။ မဖြစ်ဘူး၊ ငါ့ဘာသာငါ တစ်ခုခုပြောင်းလဲယူမှ ဖြစ်မယ်ဟု တွေးမိလာသည်။ သို့နှင့် သူသည် ဆုံးဖြတ်ချက်တစ်ခုကို တုံးတုံးချခဲ့ရသည်။

ထို့နောက် သူ့ဆုံးဖြတ်ချက်အတိုင်း သူနေထိုင်ပြုကျင့်ခဲ့သည်။ သူ့ဆုံးဖြတ်ချက်မှာ သည်ရွာကလေးတွင် နှစ်လတိတိ ဘယ်ကိုမှမသွားဘဲ နေရန်ဖြစ်သည်။ ယုတ်စွအဆုံး လစာကိုပင် သူမြို့တက်လာမှ ယူမည်ဟု အကြောင်းကြားထားလိုက်သည်။ သူတို့လို ဝေးလံလှသောရွာများတွင် တာဝန်ကျသည့် ကျောင်းဆရာ၊ ဆရာမများအတွက် လစဉ်အစည်းအဝေးကို ရံဖန်ရံခါ ပျက်ကွက်၍ ရပါသည်။

ကျောင်းဖွင့်ရက်များတွင် သူသည် နံနက်စောစော လမ်းထလျှောက်ရင်း ရွာအပြင်ထွက်ကာ လေကောင်းလေသန့် ရှူရှိုက်သည်။ ငရုတ်ခင်းသို့ သွားကြသည့် ရွာသူရွာသားများနှင့် စကားပြောသည်။ ထို့နောက် နံနက်စာစားကာ ကျောင်းသို့ သွားသည်။ ကျောင်းဝန်းကျင် အပင်စိုက်ပျိုးရန် ကလေးများနှင့်တိုင်ပင်ကာ စိုက်ပျိုးထားသော အပင်ငယ်များကို ရေလောင်းပေါင်းသင်ခြင်း ပြုလုပ်သည်။ ထို့နောက် တစ်နေ့တာသင်ရမည့် သင်ခန်းစာများကို အစီအစဉ် ရေးဆွဲသည်။ ရေဒီယိုမှ တေးသီချင်းများသည် သူ့ကို အဖော်ပြုပေးလျက်ရှိသည်။

ထို့နောက် ကလေးများကျောင်းတက်လာလျှင် တစ်နေ့တာ စာသင်ကြားကြရသည်။ ဆရာကြီးဟု တွင်တွင်ခေါ်သော ကလေးငယ်များသည် သူရောက်ပြီးမှ ကျောင်းကို ပိုခင်တွယ်လာကြသည်ဟု မိဘများက ပြောကြသည်။ သူ့ကျောင်းသည် စာသင်ချိန်ချည်းသာ မဟုတ်။ ကလေးတို့ကစားရန်၊ ပုံပြင်ပြောဆိုရန်၊ သစ်ပင်စိုက်ရန်၊ အားကစားလုပ်ရန်စသည့် အချိန်များကိုပါ ထည့်သွင်းပေးထားခြင်း ဖြစ်သည်။ ထို့အပြင် စနေလိုရက်မျိုးတွင် သူသည် ကလေးတို့ကို ဗုဒ္ဓဘာသာအခြေခံကိုလည်း သင်ကြားပေးဖြစ်သည်။

ထိုကဲ့သို့ သူ့အချိန်နေ့ရက်များကို စနစ်တကျ မြှုပ်နှံထားနိုင်ခဲ့လေသည်။ ညဘက်တွင် ရေဒီယိုမှ သတင်းပေါင်းစုံကို နားထောင်ကာ ကုန်ဆုံးစေခဲ့သည်။ လသာသောညများတွင်မူ ရွာကာလသားများနှင့် ပေါင်းဖက်ကာ ဂစ်တာ၊ မယ်ဒလင်များ တီးခတ်ဝိုင်းဖွဲ့နေတတ်လေသည်။ သူသည် လူငယ်များအကြား ဂစ်တာ၊ မယ်ဒလင်ဆရာလည်း ဖြစ်ခဲ့ရသည်။ ခေတ်အလိုက် ဂစ်တာကို တတ်ကျွမ်းခဲ့သော သူသည် အဖေ့အမွေ မယ်ဒလင်ကိုလည်း တီးခတ်နိုင်ခဲ့လေသည်။

သို့နှင့် သူ၏ နှစ်လတာအချိန်သည် ကုန်မှန်းမသိ ကုန်ဆုံးသွားခဲ့သည်။ နှစ်လကျော်လွန်ပြီးသည့်နောက် သူမြို့သို့ တက်ခဲ့သည်။ ခွင့်တစ်ရက်ပိုယူကာ သုံးလေးရက်နေပစ်လိုက်မည်ဟု စိတ်ကူးကာ သူခွင့်ယူထားခဲ့ခြင်း ဖြစ်သည်။

သို့သော် မထင်မှတ်စရာ ပြောင်းလဲမှုတစ်ရပ်ကို သူ အံ့ဩစွာ သတိပြုမိခဲ့ရလေသည်။ မြို့တွင် လစာထုတ်၊ အပေါင်းအသင်းများနှင့် တွေ့ဆုံစဉ် တစ်ရက်နှစ်ရက် သူတကယ်ပင် ပျော်ရွှင်နေခဲ့လေသည်။ သို့သော် သုံးရက်မြောက် နေ့လယ်လောက်တွင် သူ့စိတ်ထဲ ပျင်းတင်းတင်း ဖြစ်လို့လာသည်။

စိတ်ထဲတွင် ရွာရောက်လျှင် သူဝယ်လာမည့် ကစားစရာများ၊ ခဲတံ၊ ရောင်စုံများကို စောင့်မျှော်နေကြမည့် ကျောင်းသားလေးများကို မြင်ယောင်နေမိသည်။ မနက်ဖြန် ရွာဘောလုံးအသင်းအတွက် အကျီအပ်ရန် ဖိုးနီတို့ လိုက်လာကြလိမ့်မည်။ ကုန်စုံဆိုင်မှ ဒေါ်ကြီးငွေမှာလိုက်သော ဆေးတွေကတော့ ဝယ်ထားပြီးဖြစ်သည် စသည်စသည်ဖြင့် ရွာသို့ အတွေးများရောက်နေလေသည်။

မြို့သည် သူနှင့်စိမ်းသက်ကာ တစ်မျိုးကြီး ဖြစ်လို့နေသည်။ လုပ်ဖော်ကိုင်ဖက်ဆရာများကို ခင်မင်သော်လည်း စိတ်ထဲတွင် အနည်းငယ်တော့ ဝေးကွာနေသလို ခံစားရသည်။ သူ့စိတ်ထဲတွင် ဟိုကောင်တွေ လိုက်လာမယ်ဆို၍သာ သို့မဟုတ်လျှင် မနက်ဖြန် မနက်စောစောတွင်ပင် ရွာကို ပြန်ချင်စိတ်ဖြစ်လို့ နေခဲ့သည်။

ကိုယ့်အပြောင်းအလဲကို ပို၍ သေချာစေသည်မှာ ရွာသို့ပြန်ရောက်၍ ရွာထိပ်မှ ကလေးများ ဆီးကြိုနေစဉ် ဖြစ်သည်။ ကလေးများက ဆရာကြီး ဆရာကြီးဟု ခေါ်ရင်း အထုပ်များကို တစ်စစီဖြစ်အောင် ဝိုင်းဝန်းဆွဲကြကာ တိုးဝှေ့ဆီးကြိုကြလျှင် သူသည် ကိုယ့်အိမ်သို့ ပြန်ရောက်လာသူတစ်ဦး၏ ခံစားချက်များ ဖြစ်လို့နေခဲ့သည်။

ရွာအဝင်လမ်းတစ်လျှောက် အိမ်များကို အော်ဟစ်နှုတ်ဆက်ရင်း သူ လျှောက်လာခဲ့လျှင် သူတည်းခိုရာ အိမ်မှ အဘကလည်း အားရဝမ်းသာ ကြိုနှင့်သည်။ ရောက်နှင့်နေသူများနှင့် စကားစမြည်ပြောပြီး သူ အနားယူရန် ပြင်လိုက်သည်။ သူသည် အိမ်အပေါ်ထပ်သို့တက်လာပြီး သူ့အိပ်ရာကလေး ခင်းထားရာနေရာ၌ ကျောဆန့်လဲလျောင်းလိုက်လျှင် ယခုမှပဲ သက်သောင့်သက်သာရှိသွားသလို ခံစားလိုက်ရလေသည်။

ထိုနောက်ပိုင်းကာလများတွင်မတော့ သူသည်ရွာကလေးနှင့် အလွန်ပင် နေသားတကျ နေထိုင်နိုင်ခဲ့လေသည်။

ကိုယ့်ရပ်ကိုယ့်ရွာလို သဘောထား နေထိုင်နိုင်ခဲ့သည်မှာ ထိုရွာကလေးတွင် သုံးနှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့သည်အထိ ဖြစ်ခဲ့လေသည်။

ထိုနောက်ပိုင်းတွင် သူ့မိဘများကွယ်လွန်ပြီး အစ်မအပျိုကြီးတစ်ယောက်တည်းသာ ကျန်ရစ်ခဲ့တော့၍ ထိုအစ်မသည်လည်း သွေးတိုးနှလုံးသမားပေမို့ သူသည် ထိုရွာကလေးမှရော အလုပ်မှပါ အပြီးအပိုင်နုတ်ထွက်ကာ မိမိဇာတိမြို့သို့ ပြန်လာခဲ့ရသည်။

သို့သော် ကျောင်းဆရာဝါသနာကို မစွန့်လွှတ်နိုင်သည်မို့ သူသည် ဇာတိမြို့ကလေးတွင် ကျူရှင်ဆရာဘဝနှင့် ပြန်လည်စတင်ဖြစ်ခဲ့သည်။ သူ၏ စာအသင်အပြကောင်းမှု၊ စေတနာကောင်းမှုတို့ကြောင့် သူသည် အောင်မြင်သော ကျူရှင်ဆရာတစ်ယောက်အဖြစ် ရပ်တည်နိုင်ခဲ့ပေသည်။

♦

သူသည် စာကို အဆုံးသတ်ရန် ပြင်လိုက်သည်။

ဆရာ့နည်းလမ်းနဲ့ အတွေ့အကြုံကတော့ ဒါပဲမြန်နွှာ။ နေရာသစ်တစ်ခုမှာ နေသားမကျနိုင်သေးရင် ဘယ်ကိုမှမသွားဘဲ အဲဒီနေရာတစ်ခုမှာပဲ ကာလတစ်ခုအထိ ရက်ရှည်ကြာနေပစ်လိုက်ဖို့ပဲ။

**နုနုထွဋ်**

Asian Fame Media Group



# ယနေ့ထုတ်

'ကုန်းဘောင်အလင်း' သတင်းစာ မျက်နှာဖုံးတွင် စူပါမင်း အသတ်ခံရသော သတင်း ပါလာလေသည်။ ထိုသတင်းသည် တပင်ရွှေထီး ရွှေမော်ဓော (ပဲခူး) ကို နားထွင်းသွားသည်ဆိုသော သတင်းကို ဖုံးအုပ်သွားသည်။ မြို့တော် လမ်းမ ကာရာအိုကေ ဆိုင်တစ်ဆိုင်ရှေ့တွင် လူတစ်စုနှင့် ခိုက်ရန်ဖြစ်ပွားရာမှ စူပါမင်းသည် နှာခေါင်းကို လက်သီးနှင့် အထိုးခံရကာ ကွယ်လွန် အနိစ္စရောက်သွားခြင်း ဖြစ်သည်။ တချို့က လကွယ်ညများတွင် စူပါမင်းသည် အစွမ်းအစ မရှိ၊ သာမန်လူတွေနှင့် မခြားဟု ဆိုကြသည်။ တချို့က စူပါမင်းတွင် သွေးတိုးရောဂါရှိနေသလိုလို ပြောကြသည်။ ဘယ်စကားကိုမှ တထစ်ချ မယုံရ။ သို့သော် စူပါမင်းကား တကယ်သေလေပြီ။

စကြဝဠာခြေသလုံးအိမ်တိုင် အာကာသ ဂျစ်ပစီတစ်ဦးအနေဖြင့် စူပါမင်းသည် ကမ္ဘာကို ရောက်ရှိလာသော်လည်း . . .

ကမ္ဘာပေါ်တွင် မီးရထား သံလမ်းပျက်ကို သူ့ခန္ဓာကိုယ်ဖြင့် ဆက်ခင်းကာမီးရထားကို ခုတ်မောင်းသွားစေခြင်း။

အမြောက်ကျည်ဆန်ကို လက် ဖြင့်ဖမ်းခြင်း။

လေယာဉ်ပျံကြီးများကို ကိုင်မြှောက်သယ်ဆောင်ခြင်း။

သူ့မျက်လုံးမှ အနီရောင် အလင်းတန်းဖြင့် အုတ်နံရံကို ဖောက်ထွင်းမြင်ခြင်း။

ကမ္ဘာကို ဘေးမှအရှိန်ဖြင့် ပတ်ကာ နောက်ပြန်လည်စေခြင်း စသည့် ထူးထူးဆန်းဆန်း ကိစ္စများကို လုပ်ပြလေ့ရှိသဖြင့် ရုတ်တရက် နေ့ချင်းညချင်း နာမည်ကြီးခဲ့သူ ဖြစ်သည်။

Asian Fame Media Group
af MEDIA GROUP

# သစ္စာနှင့်
# စူပါမင်းကိုဘယ်သူသတ်သလဲ

သို့သော် ဒေးဗစ်ကော်ပါဖီးလ်၏ ဇာတ်စင်ပေါ်တွင် စူပါမင်းကဲ့သို့ ဝတ်ရုံမပါဘဲ လေထဲတွင် ပျံဝဲပြခြင်း၊ အများရှေ့တွင် အီဖဲလ်မျှော်စင်ကို ဖျောက်ပြခြင်း၊ တရုတ်မဟာတံတိုင်းကြီးကို ဟိုဘက်ဒီဘက် ထွင်းဖောက်ပြခြင်းစသည့် အထူးအဆန်း ပြကွက်များ ပေါ်ထွက်လာပြီးသည့်နောက်တွင်မူ . . .

စူပါမင်းသည် ဂုဏ်သတင်းကျော်စောမှု မှေးမှိန်၍ သွားလေသည်။ အမှန်အတိုင်းပြောရလျှင် စူပါမင်း တိမ်မြုပ်ပျောက်ကွယ်နေသည်မှာ ကြာလေပြီ။ ဟစ်တလာ ကွယ်လွန်ပြီးကတည်းက



Asian Fame Media Group

ဖြစ်သည်။ တစ်ခါတစ်ရံ စူပါမင်းကိုကြော်ငြာ တချို့တွင်သာ တွေ့ကြရတော့သည်။ ဥပမာ - ဆပ်ပြာမှုန့်ကြော်ငြာ၊ ဆပ်ပြာမှုန့်များကို အရည်ဖျော်ကာ သောက်ပြရင်း စူပါမင်းက သူ ဘာမှ မဖြစ်ကြောင်း ပြသည်။ (ကလေးများ ထိုကဲ့သို့ လိုက်လံတုပကာ မလုပ်သင့်ကြောင်း အန္တရာယ်ရှိကြောင်း သတိပေး စာတန်းထိုးသင့်ပါသည်။) သူ ပျောက်ကွယ်နေတာကို တချို့က တိဗက်ကိုသွားကာ တရားကျင့်နေသလို၊ မဟော်သဓာနှင့်အတူ အိုးသွားဖုတ်နေသလိုလို ပြောကြသည်။ တကယ်တော့ သူသည် ခြောက်ပဲနီ တန်ဗာဝယ်လ်ကော်မစ် (ရုပ်ပြ) စာအုပ်ထဲ ရောက်နေခြင်းဖြစ်သည်။ ထိုဈေးမှာ ဒုတိယကမ္ဘာစစ်မဖြစ်ခင်က ဈေးနှုန်းဖြစ်သည်။ ဘာပဲပြောပြော စူပါမင်းက သေလေပြီ။

ခက်တာက စူပါမင်း ဘာကြောင့် သေရတာလဲ။ သူ့ကို ဘယ်သူက ဘာကြောင့် သတ်ချင်ရတာလဲ။ တကယ်တော့ စူပါမင်းသည် ပလန်းနက် သတင်းစာတိုက်မှ ရိုးသားသော၊ သဘောကောင်းသည့် သတင်းထောက်တစ်ယောက်သာ ဖြစ်သည်။ သူသည် ချာလီချက်ပလင်လို ကြမ်းပိုးတေလေစရိုက်နှင့် ကလေးတွေနှင့် ရန်ဖြစ်တတ်သော ညစ်တီးညစ် ကျယ်လူတစ်ယောက်လည်းမဟုတ်။ စတာလင်လို နိုင်ငံရေးလူရွှင်တော်လည်းမဟုတ်။ ဤကိစ္စကို ရှင်းလင်းပေးရန် စကော့တလန်ယဒ်ကို အကူအညီတောင်းရာ စကော့တလန်ယဒ်က ဆရာကြီးရွှေဥဒေါင်းထံ အကူအညီတောင်း၏။ ဆရာကြီးက 'အိုင်ဆေးမောင်စံရှား သွားကူလိုက်ပါ' ဟု သူ့တပည့်ထံ သံကြိုးရိုက်လိုက်၏။ သို့သော် သံကြိုးစာတွင် စံရှားကို ရှုံစားဟု စာလုံးပေါင်းမှားသွားသဖြင့် ကာတွန်းဇာတ်ကောင် ဦးရှုံစားထံ ရောက်ရှိသွားရာ ဦးရှုံစားက သူ့လက်သုံးစကားအတိုင်း 'မှားတဲ့အခါလည်း မှားပေမပေါ့' ဟု ဆိုလေသည်။

အခင်းဖြစ်ပွားရာသို့ ဦးရှုံစား ရောက်သွားသောအခါ မင်းသားရှောင်ကွန်နရီနှင့် တူသူတစ်ယောက်ကိုတွေ့သဖြင့် မေးကြည့်ရာ ဗြိတိသျှ ထောက်လှမ်းရေးသမား လျှို့ဝှက်နံပါတ်ခုနစ်ရာပြောင်းပြန် (၀၀၇) ဆိုသူ ဖြစ်နေ၏။ သူက ဒါကေဂျီဘီရဲ့ လက်ချက်ဟု စွပ်စွဲကာ အီစတန်ဘူသို့ ထွက်ခွာသွားသည်။ ဦးရှုံစား ရောက်ရှိသွားသောအခါ နောက်ကျနေပြီဖြစ်သဖြင့် သဲလွန်စရရန်အလွန် ခက်ခဲနေလေသည်။ အခင်းဖြစ်ပွားစဉ်မှာ မြို့တော်တွင် မီးပျက်နေခိုက် ဖြစ်သဖြင့် မျက်မြင်သက်သေရှာမရ။ ထိုနေရာမှ ကားနက်ကြီးတစ်စီး မောင်းထွက်သွားသည်ကို ဆိုက်ကား သမားတချို့ မြင်လိုက်ရသော်လည်း ထိုကားနက်ကြီး၏ မှန်အားလုံးကို စတေကာအနက်များ တပ်ဆင်ထားသဖြင့် ကားထဲကလူတွေကို မမြင်ရ။

တစ်ခုတော့ရှိသည်။ ထိုဆိုင်၏ ကာရာအိုကေခန်းထဲတွင် အလက်ဇန္ဒယားသည် ဂရိတ် (ဇာတ်ဆရာ ဂရိတ် ဦးဖိုးစိန်နှင့် အမျိုးမတော်သူ)နှင့် စူပါမင်းတို့သည် သီချင်းတစ်ပုဒ်ကို လုဆိုရင်း ရန်ဖြစ်ခဲ့ကြတာကို ဆိုင်ဝန်ထမ်းတချို့က မြင်ကြလေသည်။ ထိုသီချင်းမှာ 'မြနန္ဒာ' သီချင်းဟု ယူဆစရာအကြောင်းရှိ၏။ ဘာပဲပြောပြော စူပါမင်းကား သေလေပြီ။ ဆိုင်ရှေ့လမ်းပေါ်တွင် ရုန်းရင်းဆန်ခတ်ဖြစ်သံ ကြား၍ လူတွေသွားကြည့်သောအခါ သေဆုံးနေသောစူပါမင်းကို တွေ့ကြရ၏။ တစ်ကိုယ်လုံး ခွဲစိတ်စစ်ဆေးကြည့်ချက်အရ စူပါမင်းသည် နှာ ခေါင်းကိုလက်သီးနှင့် အထိုးခံရကာ ကွယ်လွန်ခြင်းဖြစ်သည်ဟု ဆရာဝန်က မှတ်ချက်ချ၏။ ဂရိလူစွမ်းကောင်းအာခိလီ၏ အသက်သည် ဖနောင့်တွင်ရှိသကဲ့သို့ စူပါမင်းအသက်သည် နှာခေါင်းတွင် ရှိဟန်တူသည်။

စူပါမင်း၏ ခေါင်းကိုင်ဖခင်ဖြစ်သူ နစ်(ရှ)သည် စူပါမင်း၏ အသုဘပွဲကျင်းပရန် အခက်အခဲရှိနေ၏။ စူပါမင်းသည်ဘာသာတရားမဲ့သူဖြစ်သဖြင့် မည်သည့်ဓလေ့ဖြင့် သင်္ဂြိုဟ်ရမည် ဝေခွဲမရဖြစ်နေ၏။ စူပါမင်း၏ သူငယ်ချင်းရော်ဘင်ဟုဒ်ကလည်း ထောင်ထဲရောက်နေ၏။ တချို့ ဖွတတ်သော ဂျာနယ်လစ်များက စူပါမင်းသည် သေပြီး ၇ ရက်ကြာသော်လည်း ပုပ်စော်မနံဟု ရေးသားကြသည်။ ထိုအတွင်း လစ်ဗျားတွင် ပြည်တွင်း စစ်ဖြစ်သဖြင့် ဦးရှုံစားသည် ပြန် လာခဲ့သည်။ မပြန်ခင်သူက ရေခဲတိုက်သို့သွားကာ စူပါမင်းအလောင်း ကို ကြည့်၏။ ကြည့်ရင်း 'မှားတဲ့အခါ လည်း မှားပေမပေါ့' ဟု ဆိုသည်။ သူက စူပါမင်းကို မိန်းမတစ်ယောက် ဟု ထင်မှတ်နေခဲ့၏။ ဘာပဲပြောပြော စူပါမင်းကား သေလေပြီ။

> စူပါမင်း၏ခေါင်းကိုင်ဖခင် ဖြစ်သူ နစ်(ရှ)သည် စူပါမင်း၏ အသုဘပွဲကျင်းပရန် အခက်အခဲရှိနေ၏။ စူပါမင်းသည်ဘာသာ တရားမဲ့သူဖြစ်သဖြင့် မည်သည့်ဓလေ့ဖြင့် သင်္ဂြိုဟ်ရမည်ဝေခွဲမရ ဖြစ်နေ၏



**သစ္စာနီ**

Asian Fame Media Group
AF MEDIA GROUP



မောင်အိမ်စံ

ဝေဖန်ရေးသည် အကောင်းဆုံးဝန်ဆောင်မှု ဖြစ်သည်

ဒါရိုက်တာ
ဝင်းထွန်းထွန်း၏

# ဗာလာနံ

ရုပ်ရှင်သည် အနုပညာနှင့် စီးပွားရေးပေါင်းစပ်ထားသော စီးပွားရေးလုပ်ငန်းဖြစ်သည်။ ထို့ကြောင့်လည်း 'ဈေးကွက်' 'အကြိုက်' သည် ရုပ်ရှင်ထုတ်လုပ်သူတို့၏ အကျိုးအမြတ်နှင့် တိုက်ရိုက်စပ်ဆိုင်နေ၏။ ထိုအခါ အနုပညာချည်း အောင်မြင်၍ မရ။ ဈေးကွက်ဝင်ပြီး စီးပွားရေးအရ အောင်မြင်ရန်လည်း လိုလာသည်။

ယနေ့ထွက်ရှိနေသော ဗီဒီယိုကားများသည် အကျိုးထက်အကြိုက်ကို ဦးစားပေးရိုက်ကူးနေကြသည်။ လူငယ်များကို အကောင်းဘက်သို့ ပြောင်းတင်ပေးနိုင်သော ဇာတ်ကားများကား အလွန်ရှားပါးလှသည်။ သို့ရာတွင် ထိုရှားပါးသော လူငယ်ပြုပြင်ရေးဇာတ်ကားတစ်ကားကို ကြည့်ရသည်။ ထိုကားမှာ ဝင်းထွန်းထွန်း၏ 'ဗာလာနံ' ဖြစ်သည်။

ဝတ္ထု ဟိန်းစိုး၊ ဇာတ်ညွှန်း မြင့်ဦး ဦးမြင့်၊ ဒါရိုက်တာ ဝင်းထွန်းထွန်းတို့၏ 'ဗာလာနံ' သည် သူခိုး၊ ခါးပိုက်နှိုက်ဖြစ်နေသော သူထူးစံ (အောင်မိုး) ၏ ဘဝကို အကောင်းဘက်သို့ ပြောင်းလဲ

Asian Fame Media Group

ရန် ကြိုးပမ်းသော မင်းဦး (ကိုသူတော်) ၏ ဘဝဖြတ်သန်းမှုကို ခေတ်ပြိုင် ပြကွက်ကလေးများဖြင့် ရိုက်ကူးထားသော ဗီဒီယိုဇာတ်ကားဖြစ်သည်။

ပျက်ပြားနေသော အိမ်ထောင်၌ ကြီးပြင်းလာရပြီး ပထွေးများ၏ ညှဉ်းပန်းမှုကို မခံနိုင်လွန်းသဖြင့် သူထူးစံ (အောင်မိုး၊ ငမိုး) သည် ရန်ကုန်သို့ ရောက်လာသည်။ ရန်ကုန်တွင် ခိုးဆိုးတိုက်ခိုက်ကာ ဘဝကို ရပ်တည်နေစဉ် လူသတ်ပြီး ရှောင်တိမ်းနေသော မင်းဦး (ကိုသူတော်)နှင့် ဆုံတွေ့ကြသည်။ မင်းဦး (ကိုသူတော်) က ငမိုး၏အကျင့်ကို မကြိုက်သဖြင့် မဆက်ဆံဘဲနေသည်ကို ငမိုးက သူ့အားကူညီသည်ကို အကြောင်းပြုပြီး အတင်းတိုးဝင်ဆက်ဆံရာမှ နှစ်ဦးသား တစ်ဦးကိုတစ်ဦး နားလည်သွားကြသည်။ ကိုသူတော်က ငမိုးအား လူကောင်းတစ်ယောက် ဖြစ်လာစေရန် ပြုပြင်ပြောင်းလဲပေးရာ ငမိုးလူကောင်း ဖြစ်သွားပြီး ကိုသူတော်၏ခယ်မ ခင်လေး နွယ် (ပန်းဥ) နှင့် ညားသည်။ ငမိုးက ကိုသူတော်ကျူးလွန်ခဲ့သော လူသတ်မှုကို ဖော်ထုတ်လိုက်သဖြင့် ကိုသူတော် အဖမ်းခံရသည်။

♦

ဇာတ်လမ်းက ဘာမှမထူးခြား။ သို့ရာတွင် ထူးခြားသည်က မှားနေသော လူငယ်တစ်ဦးကို အမှားကို အမှားဟု သိရှိနားလည်သွားစေရန် ပြောပြမည့်သူ ရှိသည့်အပြင် ထိုသို့ ပြောပြခြင်းဖြင့် လူငယ်သည် အမှားမှ အမှန်လမ်းကြောင်းပေါ်သို့ ရောက်ရှိသွားခြင်းပင် ဖြစ်သည်။

တကယ့်ဘဝထဲတွင် "သည်လို ရှိနိုင်ပါ့မလား" ဟု စောဒက တက်စရာ ရှိပါ၏။ ရှိနိုင်ပါ၏။ ဤဇာတ်ကားတွင် ငမိုးသည် မိခင်က လင်တစ်ယောက် ပြီးတစ်ယောက် ယူသည်။ ပထွေးများ၏ နှိပ်စက်မှုကို ခံရသည်။ ဆိုရသော် ငမိုး၏ ဘဝတွင် ကောင်းရာမွန်ရာကို ညွှန်ပြမည့်သူဟု တစ်ဦးတစ်ယောက်မှ မရှိခဲ့ပါ။ ငမိုး ခါးပိုက်နှိုက်၊ SW များနှင့် အဖွဲ့ကျ၊ ဘဝကိုဖြစ်သလိုဖြတ်သန်းနေခြင်းသည် သဘာဝကျပါ၏။

ကိုသူတော်နှင့် တွေ့ရသည်မှာ ငမိုးအား အမျှားနှင့်တစ်ယောက် နိုင်ထက်စီးနင်း ပြုလုပ်နေသည်ကို ကိုသူတော်ကဝင်ကူရာမှ စတင်သိကျွမ်းရသည်။ ပြီးမှ အိမ်တစ်အိမ်တည်းတွင် ကျောချင်းကပ်အခန်းငှားနေကြသည်။

စာရေးဆရာသည် မြို့ပြလူမှုဘဝထဲမှ SW များ၏ ဘဝရပ်တည်မှုကို အေးမြတ်သူ (မြမြ) တို့အဖွဲ့နှင့် ပြသည်။ ငမိုးနှင့် မြမြတို့၏ အဖွဲ့ကျပုံ၊ ငမိုး ခါးပိုက်နှိုက်လာသော ဆွဲကြိုးကို ရောင်းပုံ၊ ငမိုးအခန်း လိုက်လာပုံတို့ဖြင့် ပြသည်။

ကိုသူတော်သည် ခယ်မဖြစ်သူ ပန်းဥနှင့် သန့်သန့်ရှင်းရှင်း ရင်းရင်းနှီးနှီးနေမိရာမှ အစွပ်စွဲခံရပြီး စွပ်စွဲသူကို သတ်ခဲ့သည်။ ထိုပြစ်မှုကို ရှောင်တိမ်းရင်း ရန်ကုန်၌ ဇာတ်မြှုပ်ကာ ရတနာပွဲစားအဖြစ် ရပ်တည်နေသည်။ စာရေးဆရာသည် ကိုသူတော်ကို စာဖတ်သူ၊ အရက်သောက်သူအဖြစ် ပြသည်။

ဤဇာတ်ကားတွင် ကိုသူတော်သည် ပဓာနဇာတ်ကောင် ဖြစ်သည်။ ဟိန်းစိုးသည် သူပြောလိုသော စကားများကို ကိုသူတော်အား ပြောခိုင်းခဲ့သည်။ ကိုသူတော်ပြောသော dialogue များသည် အလွန်ကောင်းသည်။

"ယောကျ်ားဆိုတာ လုပ်ရဲရင် ခံရဲရမယ်၊ သတ္တိဆိုတာ စိတ်ဓာတ်ကြံ့ခိုင်တာကို ခေါ်တာ၊ မဖြစ်သင့်တာတွေကို မဖြစ်အောင်၊ မလုပ်သင့်တာတွေကို မလုပ်မိအောင် ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်နိုင်တဲ့ စိတ်ကိုပြောတာကွ"

ကိုသူတော်သည် မတရားသည်ကို မြင်ရလျှင် သူနှင့်ဆိုင်သည်မဆိုင်သည်ကို မစဉ်းစား။ အားနည်းသည့်ဘက်မှ ဝင်ရောက်ကူညီသည်။ ပြတ်သားသည်။ ရဲရင့်သည်။ ငမိုးအား အမျှားက ဝိုင်းရိုက်နေသည်ကို မြင်ရ၍ ဝင်ကူသည်။ ငမိုးအိမ်၌ တစ်ညလုံး ရှိနေသည်ကို သိသဖြင့် ထိုညက ရေစုပ်စက် အခိုးခံရသည်ကို ရဲက ငမိုးအား သံသယဖြင့် ဖမ်းထားရာ ရဲစခန်း၌ ငမိုးတစ်ညလုံး အိမ်၌ ရှိနေကြောင်း သွားပြောသည်။ သည်လိုနှင့်ပင် ငမိုးသည် ကိုသူတော်၏ ရင်ကို ဖောက်မြင်လာပြီး ရင်းနှီးရန် ကြိုးပမ်းသည်။ ကိုသူတော်က သူ့အကျင့်ကို မကြိုက်သဖြင့် လက်မခံ။ မြမြထံမှ အပြန် မိုးမိပြီးဖျားရာ ငမိုးပြုစုရာမှ ရင်းနှီးနားလည်လာသည်။ ထိုရင်းနှီးမှုသည်ပင် ငမိုးအဖို့ ကိုသူတော်ပြောဆိုညွှန်ပြမှုကို ယုံကြည်စွာလက်ခံလာခြင်း ဖြစ်သည်။

ဝင်းထွန်းထွန်းသည် ငမိုး၏ အပြောင်းအလဲကို ဇာတ်ကွက်ကလေးများဖြင့် ပြသည်။ ငမိုး အရက်သွန်သည့်အခန်း၊ ပိုက်ဆံအိတ်နှိုက်ပြီး ပြန်သွားပေးသည့်အခန်းတို့ ဖြစ်သည်။

မြင့်ဦးဦးမြင့်သည် ဇာတ်ညွှန်းရေးကောင်းသူပီပီ ဤဇာတ်ကား၌ ငမိုးတို့ ဆွဲကြိုးရောင်းသည့်အခန်းနှင့် ကိုသူတော် ရတနာကို စျေးဖြတ်ခန်းတို့ကို တစ်လှည့်စီပြသပြီး ဇာတ်ကို ရွေ့လျားစေခဲ့သည်မှာ သူ၏ကျွမ်းကျင်မှု ဖြစ်သည်။ ဝင်းထွန်းထွန်းသည် ငမိုး အရက်သွန်သည့်အခန်းတွင် ရိုက်ပြသည်မှာ အလွန်လှသည်။ ဒါရိုက်တာသည် ဤဇာတ်ကား၌ ရုပ်လုံးဖော်ပစ္စည်းများအဖြစ် ရှုပရေနွေးကြမ်းထည့်ပုံ၊ တံတားအောက်သို့ သဘော်ဝင်ပုံ၊ မင်းဦး၏ အရက်လက်ကျန်ကို သူထူးစံရိုက်ခွဲပုံ၊ သူထူးစံ ဝင့်သီးနှင့် ပိုက်ဖာပုံ၊ အေးမြတ်သူ ကြက်ဥကြော်ပုံတို့ကို သုံးသည်။ ကျွန်တော်ကြိုက်သော scene မှာ အေးမြတ်သူ (မြမြ) က မင်းဦး (ကိုသူတော်)ကို ငမိုး အကြောင်းပြောပြသည့် အခန်းဖြစ်သည်။

"မနေ့က မြလေးဆီကို ငမိုး လာသွားတယ်။ ကိုကြီးနဲ့ စတွေ့တဲ့နေ့ကစပြီး ဖြစ်ပျက်ခဲ့သမျှအားလုံး မြလေးဆီမှာ လာအန်သွားတယ် ကိုကြီးရယ်၊ သူ့ခမျာ ဝမ်းနည်းလွန်းလို့ အသားတွေတုန်ပြီး မျက်ရည်တွေပါဝိုင်းလာတယ်"

အေးမြတ်သူက မင်းဦးကို ပြောပြလိုက်ရာ မင်းဦးက မချိတရိပြုံးပြီး အရက်ခွက်ကို ယူသောက်ရန် ပြင်သည်။

"နောက်ဆုံးပြောရင်းပြောရင်းနဲ့ သူ ချုံးပွဲချ ငိုသွားရှာတယ်"

အေးမြတ်သူက သူ့စကားကို ဆက်ပြောသည်။ ထိုစကားကို ကြားလိုက်ရသော မင်းဦးသည် သောက်ရန်ပြင်နေသော အရက်ခွက်ကို မသောက်ဘဲရပ်သွားပြီး သူ့မျက်နှာချက်ချင်း ပြောင်းသွားသည်။

ဝင်းထွန်းထွန်းသည် မင်းဦးကို အနီးကပ်ရိုက်ချက်ဖြင့် ပြသည်။ ဖန်ခွက်၊ မျက်နှာအမူအရာ။ မင်းဦး၏ သရုပ်ဆောင်ချက်ကောင်းသကဲ့သို့ ဝင်းထွန်းထွန်း၏ ရိုက်ချက်ကလည်း ကောင်းသည်။ စိတ်ပြောင်းသွားပုံ၊ ရင်ကို ထိမှန်သွားပုံတို့ကို အရုပ်ဖြင့် ရိုက်ပြရသော အလုပ်သည် ဒါရိုက်တာ၏ အနုပညာဖြစ်သည်။

"မြလေးတို့ ငမိုးတို့ဘဝတွေဟာ လူလူချင်းတူတာတောင် လူတန်းစားစေ့အောင်မနေနိုင်တဲ့ဘဝတွေ၊ အဆင့်အတန်း နိမ့်ကျလွန်းပါတယ်။ ဘယ်သူနဲ့ပဲတွေ့တွေ့၊ အားလုံးရဲ့ နှိမ့်ချဆက်ဆံတာကို ခံရတယ်။ ကြာလာတော့လည်း ကိုယ့်ကိုယ်ကိုယ် အားငယ်သိမ်ငယ်စိတ်တွေတောင် ဝင်မိတယ်"

'ဗာလာနံ' သည် ရည်ရွယ်ချက်ကောင်းသည်။ ဇာတ်ညွှန်းကောင်းသည်။ တည်းဖြတ်မှု ကောင်းသည်။ အထူးသဖြင့် ဝင်းထွန်းထွန်းသည် အင်္ဂတေတောအုပ်ထဲမှ မြမြတို့ ငမိုးတို့၏ ဘဝကို စာနာနားလည်သော စိတ်အခြေခံဖြင့် ပရိသတ်ရင်ထဲသို့ ရောက်အောင် သူ့အနုပညာဖြင့် ပုံဖော်ရိုက်ကူးပြသနိုင်ခဲ့ပါသည်။

SW အဖြစ် သရုပ်ဆောင်ရသော အေးမြတ်သူသည် ဤဇာတ်ကားတွင် အခန်းနည်းသော်လည်း ရသမျှအခန်းကို စရိုက်ပီအောင် သရုပ်ဆောင်ပြသည်။ သူထူးစံသည် တချို့တချို့အခန်းတွင် သူထူးစံဖြစ်သွားသည်မှလွဲ၍ ငမိုးအဖြစ် ပီပီပြင်ပြင် သရုပ်ဆောင်နိုင်သည်။ မင်းဦးကမူ အကောင်းဆုံး ဖြစ်သည်။

နိဂုံးချုပ်ဆိုရသော် လူငယ်တစ်ဦး ဆိုးသွမ်းမှုသည် အဆန်းတကြယ်ကြီးဟု သတ်မှတ်ပြီး ဝိုင်းကြဉ်ထားမည့်အစား ထိုလူငယ်၏ အင်အားကို အကောင်းဘက် (တိုင်းပြည်နှင့်လူမျိုး၏ အကျိုးကို သယ်ပိုးရာတွင် အသုံးချမည့်ဘက်) သို့ ပြောင်းလဲလာစေရန် ကြိုးပမ်းထားသော 'ဗာလာနံ' သည် ယနေ့ထွက်ရှိနေသော မြန်မာဗီဒီယိုကားများအနက် လူငယ်တိုင်း၊ မိဘအုပ်ထိန်းသူတိုင်း ကြည့်သင့်သော ဇာတ်ကားတစ်ကား ဖြစ်ပါသည်။

**မောင်အိမ်စံ**

**ယခုလအညွှန်း**

၁။ ကြာတစ်ပွင့်ရဲ့ သမိုင်း
၂။ နှလုံးသားကို လွှမ်းမိုးထားသော အချစ်
၃။ အမုန်းမဲ့ရာဇသံ



Asian Fame Media Group



af MEDIA GROUP
Asian Fame Media Group



ဝတ္ထုတိုရသ

အဲဒီဆိုင်ရှေ့ကိုရောက်တော့ ညနေ ၅ နာရီခွဲပဲ ရှိသေးတယ်။ သူမနဲ့ချိန်းထားတာက ခြောက်နာရီ။ သူမ မဟုတ်ဘူး။ သူမတို့လို့ ပြောရမှာ။

မှန်တံခါးကို တွန်းဖွင့်ဝင်လိုက်တော့ ဘာမှန်းမသိတဲ့ တေးသီချင်း တစ်ပုဒ်က ကိုယ့်ကို ဆီးကြိုတယ်။ ဒါပေမဲ့ ကိုယ်ကြိုက်ပါတယ်။ အင်္ဂလိပ်သီချင်း ခပ်မြူးမြူး ခပ်ဆွေးဆွေးသီချင်းလေးတွေ အမြဲနားထောင်ပြီး နှစ်သက်တတ်ပေမယ့် တစ်ပုဒ်မှတော့ အလွတ်မရပါဘူး။ ဆိုတဲ့အဆိုတော်ကိုလည်း မှတ်မှတ်ရရ မှတ်မထားတတ်ပါဘူး။ လိုမှ မလိုဘဲလေ။ သီချင်းနားထောင်တာ အဓိကက ခံစားဖို့ပဲ။ အဲဒီသီချင်းကရတဲ့ ငြိမ်းချမ်းမှု၊ ပျော်ရွှင်မှု၊ သာယာမှု အဲဒါတွေကို ခံစားဖို့။ လတ်တလော ကိုယ်ခံစားနေရတဲ့ ဖီးလ်။ အဲဒီဖီးလ်အပေါ် မူတည်ပြီး ခံစားမှုချင်း ဖလှယ်လိုက်ဖို့ပဲ။

ဆိုင်ထဲကိုရောက်တော့ ထောင့်ဆုံးက ခုံမှာပဲ ရွေးထိုင်လိုက်တယ်။ တခြားခုံတွေက တစ်ခုံနဲ့တစ်ခုံ တော်တော်နီးကြတယ်။ သိတဲ့အတိုင်းပဲလေ။ သူမက စကားပြောရင် တစ်ခါတစ်ခါ တဟားဟား အကျယ်ကြီး အော်ရယ်တတ်တယ် မဟုတ်လား။

ထိုင်ခုံမှာ ထိုင်မိတော့ စားပွဲထိုးကို Blue Mountain နှစ်ခွက် မှာလိုက်တယ်။ အဲဒီကော်ဖီက နည်းနည်းကြာကြာ နှပ်ထားရသေးတာ။ ဟိုတစ်ယောက်အတွက်တော့ ရောက်လာမှ ကြိုက်တာမှာပေါ့။ ကိုယ်မှ သူ့အကြောင်း မသိတာ။

ထိုင်ခုံမှာ ထိုင်အပြီး ဆိုင်ထဲကို တစ်ချက်ဝေ့ကြည့်လိုက်တော့ စောသေးလို့လား မသိဘူး။ အတွဲနှစ်တွဲရယ်၊ လူကြီး သုံးယောက်ဝိုင်းတစ်ဝိုင်းရယ်ပဲ ရှိသေးတယ်။ ဆိုင်ထဲက အပြင်အဆင်ကတော့ တကယ့် Romance ပဲ။ မီးရောင်ကို အလင်းကြီးမထွန်းဘဲ ဝါကြန့်ကြန့်လေး ခပ်မှိန်မှိန်ထွန်းထားတာရယ်၊ တစ်ထပ်တိုက် ခပ်ပြားပြား ရှည်ရှည်လေးမှာ ဆိုဖာထိုင်ခုံတွေကို ဟိုနားသည်နား ခပ်လှမ်းလှမ်းကလေး ထားပြီး တစ်ခုနဲ့တစ်ခုကြားမှာ ပန်းအိုးနဲ့ အပင်လေးတွေ ထားထားတာရယ်က ကိုရီးယားကားတွေထဲက ကော်ဖီဆိုင်တွေလိုပဲ။ ပြီးတော့ ဘေးဆုံးခုံတွေမှာဆို ကာထားတဲ့ မှန်နံရံကနေ အပြင်ဘက်ကို လှမ်းငေးလို့ရတယ်လေ။ အပြင်ဘက်ရှုခင်းကလည်း ကိုယ်တို့မန္တလေးရဲ့ အသည်းနှလုံး ကျုံးကြီးရဲ့ ဘေးလမ်းမကြီးဆိုတော့။

မှန်နံရံကနေ အပြင်ဘက် ကျုံးမြို့ရိုးကြီးကို တစ်ချက်လှမ်းငေးပြီး အိတ်ထဲက စာအုပ်ကလေးတစ်အုပ် ထုတ်လိုက်တယ်။ သူမ ရောက်လာဖို့က နာရီဝက်တိတိကြီး လိုသေးတယ်လေ။ အလွန်ဗိုလ်ဆန်တတ်တဲ့ သူမက ၆ နာရီ ဒေါင်ခနဲဆိုတာနဲ့ ဆိုင်ထဲ ရောက်ပြီသာမှတ်။ အဲဒါနဲ့ပတ်သက်ပြီး သူမက ပြောဖူးတယ်။

"ဗိုလ်ဆန်တာမဟုတ်ဘူး။ အချိန်လွဲလို့ နောက်ဆက်တွဲ ခံစားရမယ့် ခံစားမှုတွေကို ကျွန်မသည်းမခံတတ်လို့" ဆိုတဲ့ စကားစုကို ဟောဒီ စာအုပ်ကလေးထဲမှာ သူမ ပြောခဲ့ဖူးတယ်။

စာအုပ်ကလေးရဲ့ ပထမစာမျက်နှာမှာ သူမက ဟောဒီလို ရေးထားတယ်။

'နေဝန်းနီ' စာပေ

၄၅၀ ကျပ်

၂-၄-၂၀၀၉ . . . တဲ့။

အဲဒီအောက်မှာတော့ စာတစ်ကြောင်း ရှိတယ်။

Asian Fame Media Group

"ကိုနိုင်. . သည်စာအုပ်ကလေးက လှိုင်တို့ သူငယ်ချင်းနှစ်ယောက်အတွက်ပဲ ရည်ရွယ်ပါတယ်" တဲ့။

'နေဝန်းနီ' စာပေဆိုတာက ကိုယ့်ဆိုင်လေ။ ကိုယ့်ရဲ့ စာအုပ်အငှားဆိုင်လေးထဲမှာ စာရေးကိရိယာ နည်းနည်းပါးပါး တင်ထားတယ်။ သူမနဲ့ စသိတာကလည်း ကိုယ့်ဆိုင်မှာစာအုပ်လာငှားရင်းနဲ့ သိကြတာ။

စာအုပ်ဆိုင်ဖွင့်ထားတဲ့ ရပ်ကွက်က ကိုယ်ကြီးပြင်းခဲ့တဲ့ ရပ်ကွက်မဟုတ်ဘူး။ လွန်ခဲ့တဲ့သုံးနှစ် ဆိုင်စဖွင့်မှ ပြောင်းခဲ့တာ။ အဲဒီတော့ စာအုပ်ကလေးတွေ စင်ပေါ်မှာတင်၊ ဆိုင်ရှေ့မှာ ဆိုင်းဘုတ်ကလေးချိတ်ပြီး စာအုပ်အငှားဆိုင်ဆိုပြီး ရိုးရိုးကြီးဖွင့်လိုက်ပါလား၊ ကုန်သွားမှာပေါ့။ ဒါကြောင့် ရှိစုမဲ့စုညာဏ်ကလေးကို ဖျစ်ညှစ်သုံးပြီး လက်ဆောင်ပေးခြင်း စနစ်ကလေးကျင့်သုံးလိုက်ပါတယ်။ ပြောလိုက်ကြတာ 'စာပေ' ကို ခုတုံးလုပ်တာ၊ စီးပွားရေးဆန်ဆန်လုပ်တာနဲ့။ ကိုယ့်ရည်ရွယ်ချက်က ဒီစာပေလုပ်ငန်းက ငွေရတယ်။ ရတဲ့အထဲကနေ တချို့ကိုစားတယ်၊ တချို့ကို လှူတယ်၊ တချို့ကို အဲဒီငွေတွေပေးတဲ့ စာဖတ်သူကို ပြန်ပြီး လက်ဆောင်တွေပေးတယ်။တခြား ရည်ရွယ်ချက် ကြီးကြီးမားမား တွေမရှိပါဘူး။ ပြောချင်တာတွေ ပြောကြပေါ့နော့။ ဒါပေမဲ့ ဘယ်သူတွေ ဘယ်လိုပြောပြော ဘာခံစားချက်မှမရှိ ခဲ့ပေမယ့် သူမနဲ့လည်း တွေ့သိရင်းနှီးမိရော ဇာတ်လမ်းတွေ ဖြစ်မိကြတာပေါ့။

ပထမဆိုင်ဖွင့်ပြီး ၁ နှစ်လောက်ထိ သူမကို မှတ်မှတ်ရရ မရှိသေးဘူး။ နောက်တော့မှ သူမဖတ်တဲ့ စာအုပ်တွေကမှတစ်ဆင့် ရင်းရင်းနှီးနှီး စကားတွေ ပြောဖြစ်လာတယ်။ ကိုယ့်အကြိုက်နဲ့လည်း သွားပြီးတူတယ်လေ။ နောက်ပြီး ဉပုသ်နေ့မှာ ကိုယ့်ဆိုင်ရှေ့က သူမတို့ဖြတ်သွားချိန်ဆို ကိုယ့်မှာ ကိုရီးယားဇာတ်လမ်းတွဲလေးတွေထဲက စုံတွဲလေးတွေ မြင်ရသလိုပဲ အရမ်းကြည်နူးမိတယ်။ မြင်ရရုံနဲ့ပဲ ကိုယ့်ရင်ထဲအထိကိုအပျော်တွေ ကူးစက်လာသလိုပဲ။ ဉပုသ်နေ့တိုင်းမှာ သူမတို့က စက်ဘီးကလေး နှစ်ယောက်တစ်ဘီးစီးပြီး ကိုယ့်ဆိုင်ရှေ့က ဖြတ်နေကျ။ နောက်တော့ သိလာရတာက သူမတို့နှစ်ယောက်က လက်ထပ်ပြီးတာ လပိုင်းပဲရှိသေးတဲ့ ပူပူနွေးနွေး ဇနီးမောင်နှံနှစ်ယောက်ဆိုပဲ။

အဲဒီအထိတော့ ကိုယ်တို့ဇာတ်လမ်းက မစသေးပါဘူး။ သူမရဲ့ စိတ်နေစိတ်ထားရော ခံစားချက်တွေကိုပါ ကိုယ် မရင်းနှီးသေးဘူး။ သူမ လာလာငှားဖတ်တတ်တဲ့ ဘာသာပြန်စာအုပ်ထူထူတွေ၊ မြန်မာပြည်အရင်ခေတ်က စာအုပ်ဟောင်းတွေ၊ အဲဒီစာအုပ်တွေနဲ့ပတ်သက်ပြီး အနည်းငယ်ပြောဖြစ်ကြတာပဲ ရှိသေးတာ။ ဉပုသ်နေ့ နံနက် ၁၀ နာရီခွဲလောက်ဆိုရင် စက်ဘီးတစ်စီးအနောက်ကနေ မကြည့်ငေးငေး ကြည့်ငေးငေးလေးပါတတ်တဲ့ သူမကို စောင့်ကြည့်ဖို့ သတိထားမိရင်းပေါ့။

ဒီလိုနဲ့ တစ်ရက်ကျတော့ (ဉပုသ်နေ့လား မသိပါဘူး) ဖြူနီးဆို သူမက ကိုယ့်ဆိုင်ထဲ ရောက်လာပြီး ကိုယ့်ကို ဘလိုင်းကြီး စွတ်ကောလာတယ်။ ရှေ့က ပြောခဲ့သလို ကိုယ့်ဆိုင်ဖွင့်တုန်းက ကြော်ငြာခဲ့တာနဲ့ ပတ်သက်ပြီးလေ။

"ဒီမှာ ရှင့်ရဲ့စာအုပ်ဆိုင် စီးပွားရေးက ဘယ်လိုလဲ" တဲ့။

ရုတ်တရက် သူမ ဘာကိုဆိုလိုလိုက်သလဲ ကိုယ်မသိလိုက်ပါဘူး။ ကိုယ့်စိတ်ထဲ ထောင်းခနဲ ဒေါသထွက်သွားတာပဲ သိလိုက်တယ်။ ဒီစာအုပ်ဆိုင်ဆိုတာနဲ့ စီးပွားရေးဆိုတဲ့ စကားလုံးတွေ တွဲပြီးသုံးတာကို ကိုယ့်စိတ်ထဲ ဘယ်လိုမှကို သဘောမကျနိုင်ဘူး။ တကယ်တော့ ဒါလည်း စီးပွားရေးပဲဆိုတာကို သဘောတော့ ပေါက်တာပေါ့။

"ဒီလိုပါပဲ. . အုပ် ၅၀ ပြည့်ရင် လက်ဆောင်တွေ ပေးတာဆိုတော့ အပျောက်အရှတော့ မရှိသေးပါဘူး။ ရပ်ကွက်ထဲက လူတွေလည်း မှတ်တော့မှတ်မိလာပါပြီ" လို့ပဲ ကိုယ်ဖြေလိုက်တယ်။ ထွက်လာတဲ့ဒေါသကို မျိုသိပ်ရင်းပေါ့။ ဒါပေမဲ့ သူမကြည့်ရတာ မေးလိုက်တဲ့ သူမရဲ့ မေးခွန်းအပေါ်မှာလည်း သိပ်အာရုံရှိပုံ မပေါ်ဘူး။ တစ်စုံတစ်ခုကြောင့် စိတ်တွေရှုပ်ထွေးနေပုံရပါတယ်။ နောက်တော့မှ သူမက မေးခွန်းတစ်ခု မေးတယ်။ ပွင့်ပွင့်လင်းလင်းပါပဲ။

"လောလောဆယ် ကျွန်မ စိတ်ညစ်နေတယ်။ အဲဒါ စာအုပ်တစ်အုပ်လောက် ရှင်ညွှန်ပေးနိုင်မလား" တဲ့။

ဆိုင်ဖွင့်စကတော့ ဘာရယ်မဟုတ်ဘူး။ လုပ်လိုက်ချင်တဲ့စိတ်ပဲ ကြီးစိုးနေတယ်။ အိုင်ဒီယာပဲ တွေးမိတယ်။ ကိုယ့်မှာ ဝမ်းစာပြည့်မပြည့် ကိုယ်နားမလည်ဘူး။ အဲဒီတော့ ကြော်ငြာပဲ ကောင်းသွားသလား၊ လာလိုက်ကြတာ။ စာအုပ်ကို တကယ်ကြိုက်တဲ့ သူကော၊ ကိုယ်ကြော်ငြာမိတဲ့အကြောင်းအရာကြောင့် စမ်းသပ်ချင်တဲ့လူတွေကော။ တကယ်တော့ ကိုယ်က 'ရွှေဥဒေါင်း' ရဲ့ 'တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ' ဆိုတာကို အဲဒီတုန်းက မြင်တောင်မြင်ဖူးသေးတာ မဟုတ်ဘူး။ 'သိန်းဖေမြင့်' ရဲ့ 'အရှေ့က နေဝန်းထွက်သည့်ပမာ' ဆိုတာလည်း ဖြူသလား၊ မည်းသလား မသိဘူး။ ကိုယ်ဖတ်ခဲ့ဖူးတာက လစဉ်ထုတ်မဂ္ဂဇင်းတွေနဲ့ ဝတ္ထုတိုစာအုပ် အနည်းအကျဉ်းလောက်သာ။ ခု သူမက စိတ်ညစ်နေလို့တဲ့။ စာအုပ်တစ်အုပ်လောက် အညွှန်းခိုင်းနေတယ်။ အဲ့သလိုပါပဲ ကိုယ်ဆိုင်ဖွင့်ပြီး သိပ်မကြာခင်မှာဘဲ တကယ်ဖတ်ခဲ့ကြတဲ့သူတွေက ဖတ်ဖူးတဲ့စာအုပ်ပါ အကြောင်းအရာများကို ကိုယ်နဲ့ပြောချင် ဆွေးနွေးချင်နဲ့ ကိုယ့်မှာ မနည်းရှိုးရှမ်းခဲ့ရတယ်။ ဒါပေမဲ့ သူမက စိတ်ညစ်နေလို့ စာအုပ်တစ်အုပ်ဆိုတော့ ကိုယ်လည်း 'ထင်လင်း' ဘာသာပြန်တဲ့ 'ပေါ်လီယာနာ' ကို ဖတ်ကြည့်လို့ ပြောလိုက်တယ်။ အဲဒီအချိန်ကစပြီး သူမနဲ့ ကိုယ့်ရဲ့ဇာတ်လမ်းက စလာတော့တာပေါ့။

အဲဒီနေ့က ကိုယ့်ဆိုင်ကနေ 'ထင်လင်း' ရဲ့ 'ပေါ်လီယာနာ' စာအုပ်ငှားသွားတယ်။ နောက်ဒီစာအုပ်ကလေးလည်း ဝယ်သွားတယ်။ နောက်ရက်ကျတော့ ဒီစာအုပ်ကလေးရဲ့ ပထမစာမျက်နှာမှာ စာကြောင်းအချို့ရေးလာပြီး ကိုယ့်ကိုပေးတယ်။

"ပေါ်လီယာနာကို ဖတ်ပြီးရင်ငြိမ်းချမ်းသွားမှာပါလို့ ပြောခဲ့တယ်နော်၊ ငြိမ်းချမ်းမှုဆိုတာ အပူသောကတွေကိုကြုံခဲ့ရပြီးမှ ခံစားသိမြင်နိုင်တာလား၊ အပူသောကတွေကို မတွေ့ကြုံခဲ့ဘူးဆိုရင်ရော 'ငြိမ်းချမ်းခြင်း' ရဲ့ အရသာကို မခံစားနိုင်ဘူးလား" ဆိုတဲ့ စာကြောင်းလေးတွေရေးပြီး ကိုယ့်ကို ဒီစာအုပ်ကလေး ပေးလာတယ်။ ရေးပေးပါပေါ့။ "ချမ်းသာစိုး" ထုတ်ထားတဲ့ ရေးပေးပါစာအုပ်တော့ မဟုတ်ဘူး။ သူမက မေးခွန်းလေးတွေနဲ့ ပြောချင်တာလေးတွေ စာအုပ်ကလေးထဲ ထည့်ရေး၊ အဲဒါကို ကိုယ်ကဖတ်ပြီးတော့ ပြန်ရေး၊ ပြန်ဖြေပေါ့။ သူမပြောခဲ့သလို "ဒီစာအုပ်ကလေးက လှိုင်တို့သူငယ်ချင်းနှစ်ယောက်အတွက်ပဲ ရည်ရွယ်ပါတယ်" ဆိုတော့. . ။ အဲဒီတော့ ကိုယ်ကလည်း ပြန်ရေးလိုက်ပါတယ်။ "ပေါ်လီယာနာကိုဖတ်ပြီး ကိုယ်ငြိမ်းချမ်းခဲ့ဖူးတယ်လေ" လို့ . . . ။

အဲဒီကစလို့ သူမနဲ့ကိုယ် အဲဒီစာအုပ်ကလေးကတစ်ဆင့် တစ်ယောက်နဲ့တစ်ယောက် ရင်ထဲကအကြောင်းတွေ အပြန်အလှန်ပြောဖြစ်၊ ရင်ဖွင့်ဖြစ်ကြတယ် ဆိုပါတော့. . . ။

တစ်ရက်တော့ ကိုယ့်ကို request တစ်ခု လုပ်လာတယ်။ သူနဲ့ကိုယ် သူငယ်ချင်းဖြစ်တဲ့အထိမ်းအမှတ်အနေနဲ့ black colour နဲ့ အင်္ကျီလေး ဝတ်ပြပါတဲ့။ အဲဒီစာကြောင်းလေး ရေးလာတော့ ကိုယ် တော်တော်အံ့သြသွားတယ်။ သူမရဲ့ အသွင်အပြင်၊ သူမဖတ်တဲ့ စာအုပ်အမျိုးအစားတွေနဲ့ ဒီလို စိတ်ကူးယဉ်ဆန်ဆန်၊ ဝတ္ထုဆန်ဆန်တွေ ပြုလုပ်ဖို့ စိတ်ကူးရှိလိမ့်မယ်လို့ ကိုယ်မထင်မိဘူး။ ဒါကြောင့် ကိုယ်တော်တော်နဲ့ မဝတ်ဖြစ်ပါဘူး။ သူမမေးတိုင်း 'မေ့သွားလို့'၊ 'လျှော်ထားလို့' တစ်ခုမဟုတ်တစ်ခု အကြောင်းပြပြီး မဝတ်ဖြစ်လိုက်ဘူး။ အဲဒီမှာ သူမက စာကြောင်းရေ တော်တော်များများနဲ့ သီချင်းတစ်ပုဒ် ထည့်ရေးလာတယ်။

Request လေးတစ်ခု ဉပေက္ခာပြုလိုက်ပြီလားတဲ့။ နောက် 'Something is better than nothing' ထဲက 'something' ဆိုတာ ဘာကိုများ ရည်ရွယ်ပါသလဲတဲ့။ 'လှိုင် ဖွင့်ကြည့်ခွင့်မရှိတဲ့ တံခါးတစ်ချပ်ပဲလို့ ဖြေသိမ့်လိုက်ပါတယ်' တဲ့။

စာအုပ်ကလေး ကိုယ့်ဆီက ဝယ်တဲ့နေ့က ကိုယ့်ကို လက်ကိုင်ထားတဲ့ ဆောင်ပုဒ်ကလေးတစ်ခု ရေးပေးပါဆိုလို့ ကိုယ်ဆယ်တန်းတုန်းက ဓာတုဗေဒဆရာမ မကြာခဏပြောပြတတ်တဲ့ 'ဘာမှ မလုပ်တာထက်စာရင် တစ်ခုခုလုပ်နေတာ အကောင်းဆုံး'

ဆိုတဲ့ ဆောင်ပုဒ်ကလေး ရေးထည့်ပေးလိုက်တာကို သူမက ဘယ်လိုတွေးပြီး ဘယ်လိုသဘောပေါက်သွားတယ် မသိပါဘူး။ ဝိုင်ဝိုင်းရဲ့ 'ဖြေသိမ့်လိုက်' ဆိုတဲ့ သီချင်းကိုလည်း တစ်ပုဒ်လုံး ထည့်ရေးပေးခဲ့တယ်။

"လှိုင့်ရင်ကို ထိမှန်စေတဲ့ သီချင်းတွေထဲက တစ်ပုဒ်ပေါ့" တဲ့။

အဲဒီနောက်ပိုင်း တဖြည်းဖြည်း သူမကို ကိုယ် စိတ်ဝင်စားလာခဲ့တယ်။ ကိုယ့်ကို အနက်ရောင်အင်္ကျီနဲ့ မြင်ချင်သလိုပဲ သူမကိုယ်တိုင်ကလည်း ကိုယ့်ဆိုင်ကိုလာတိုင်း ပုံစံစုံ အနက်ရောင်နဲ့ အင်္ကျီတွေ တစ်ပတ်မှာ ငါးရက်လောက်ကို ဝတ်ဝတ်လာခဲ့တယ်။ ခါတိုင်းတော့ ကိုယ်လည်း သိပ်သတိမထားမိဘူးလေ။ အနက်ရောင်ဆိုတာ လျှို့ဝှက်တယ်ဆိုတဲ့ အနက်အဓိပ္ပာယ်ဖွင့်ကြသလို၊ သူမလည်း ကိုယ့်စိတ်ထဲမှာ ပဟေဠိတစ်ပုဒ်လိုပဲ အတွက်ရ ခက်ခက်လာတယ်။

ဒီလိုနဲ့ သူမနဲ့ကိုယ် ဒီစာအုပ်လေးထဲမှာ အပြန်အလှန် ရေးဖြစ်ပြောဖြစ်ကြတာ တစ်လ၊ နှစ်လကြာလာတဲ့ နောက်ပိုင်း ကိုယ့်မွေးနေ့ကစလို့ပေါ့လေ။ သူမနဲ့လည်း ပြောဖြစ်ထားတော့ ကတိအတိုင်း ၇၈ လမ်းက Cafe Melody မှာ အအေးနဲ့ ဘာဂါလိုက်တိုက်တယ်။ အဲဒီမှာ သူမက မွေးနေ့လက်ဆောင်ဆိုပြီး ဘာပေးတယ် မှတ်သလဲ။ တန်ဖိုးကြီးတံဆိပ်နဲ့ T-Shirt အင်္ကျီအနက်ရောင် တစ်ထည်၊ နောက် ဝက်ဝံရုပ်သေးသေးလေးပါတဲ့ ကီးချိန်းလေးတစ်ခု ပေးလာတယ်။ ကိုယ် အပြင်းအထန်ငြင်းတယ်။ မရဘူး။ သူပေးတဲ့ လက်ဆောင်ကို ငြင်းရကောင်းလားဆိုပြီး အဲဒီအချိန်က ဖြစ်သွားတဲ့မျက်နှာလေးနဲ့ မျက်လုံးအကြည့်တွေကို ကိုယ် တစ်သက်မမေ့ဘူး။ တကယ် . . . သူမ မျက်ခုံး၊ မျက်လုံးက မင်းသမီးနန္ဒာလှိုင်နဲ့ တော်တော်တူတယ်လေ။ အဲဒီနောက်ပိုင်း သူမ ခါတိုင်းထက် စာအုပ်တွေ ပိုဖတ်လာသလိုပဲ။ ဘာသာပြန်စာအုပ် ထူထူကြီးတွေများ တစ်ရက်နှစ်ရက်နဲ့ ပြီးတယ်တဲ့။ ကိုယ်ဆို တစ်ပတ်လောက်ဖတ်မှ ပြီးမယ့် စာအုပ်မျိုးကြီးတွေ။ တစ်ပတ်တစ်ခါလောက်လည်း စားစရာမုန့်ထုပ်လိုမျိုး၊ အသုံးအဆောင်ပစ္စည်း အသေးအမွှားလေးတွေ တစ်ခုမဟုတ်တစ်ခု ယူယူလာတယ်။ အဲဒီမှာ ကိုယ်ဖျတ်ခနဲ သတိတစ်ခု ဝင်လာခဲ့မိတယ်။ ဘာလဲဆိုတော့ သူမဟာ လွတ်လပ်တဲ့ အပျိုမိန်းကလေးတစ်ယောက် မဟုတ်ဘူး ဆိုတဲ့ အတွေး။

ကိုယ်ထင်တယ်။ ဒီစာအုပ်အငှားဆိုင်ဖွင့်ရတာ နေ့စဉ်နဲ့အမျှ မုသာဝါဒဆိုတဲ့ကံကြီးကို ချိုးဖောက်နေရတယ်လို့။ ဘယ်လောက်အငှားလိုက်တဲ့ စာအုပ်ဖြစ်ဖြစ် သုံးအုပ်ထက်ပိုပြီး မထားနိုင်ဘူးလေ။ ဒါ ရှင်းရှင်းပြောတာ။ ခုခေတ်ဝယ်ရတဲ့စာအုပ်ဈေးနဲ့ ငှားရတဲ့ ဈေးနှုန်းက မျှမှမမျှတာ။ စာအုပ်ဖတ်တယ်ဆိုတဲ့ လူတန်းစားက အခြေခံလူတန်းစားက ပိုများတယ် မဟုတ်လား။ ခု လုံးချင်းဝတ္ထုဈေးက အငှားလိုက်တဲ့ဝတ္ထုဆို တစ်အုပ်နှစ်ထောင်နီးပါးလောက် ရှိလာပြီ။ ပြီးတော့ အဲဒီဝတ္ထုကလည်း ဈေးသာတက်လာတာ ဖတ်ရတာကျခဏလေး။ ပိုပိုပြီး ပါးပါးလာတယ်လေ။ ငှားခကျတော့ တစ်ရာထက်ပိုပြီးယူလို့ မရချင်ဘူး။ တစ်ရာ့ငါးဆယ်လောက်ဆို တချို့က မဖတ်ချင်တော့ဘူး။ အဲဒီတော့ ဝတ္ထုအသစ်ထွက်ပြီဆို ဟိုလူကလည်း အသစ်၊ ဒီလူကလည်း အသစ်ဆိုတော့ ဒီလိုပဲ ကြည့်ပြောရတော့တာပေါ့။ မပြောချင်ရင်တော့ တစ်ယောက်တစ်အုပ်သာ ဝယ်ပေးလိုက်ရုံပဲ ရှိတယ်။

သူမဟာ လူလွတ်တစ်ယောက် မဟုတ်ဘူးဆိုတဲ့ အတွေးဝင်လာမှ ကိုယ်တစ်စုံတစ်ခုကို ဖျတ်ခနဲ သတိရလိုက်တယ်။ စက်ဘီးကလေးရဲ့ အရှေ့က လူလေ။ အဲဒီလူ သူမယောကျ်ားကို ကိုယ်မေ့နေတာ တော်တော်ကြာသွားပြီကော။ ဒါနဲ့ နောက်ရက် သူမစာအုပ်ဆိုင်လာတော့ ကိုယ်သတိတရ မေးလိုက်တယ်။

"ဒါနဲ့ လှိုင်၊ မင်းရဲ့လူကော မမြင်တာ ကြာပြီနော်" လို့။

"ဟင် ရှင်မသိဘူးလား၊ လွန်ခဲ့တဲ့လေးငါးလလောက်ကတည်းက သူ မန္တလေးမှာ မရှိတော့ဘူးလေ၊ နိုင်ငံခြားထွက်မလို့တဲ့ ရန်ကုန်ဆင်းသွားတယ်၊ လှိုင့်ကို ပစ်ထားခဲ့ပြီး. . ."

သူမမျက်နှာပေးက ဘာခံစားချက်မှ မရှိသလိုဘဲ။ ဒါပေမဲ့ မျက်လုံးကတော့ ပြောလိုက်ပြီးမှ စိုပြီး နက်မှောင်စူးလဲ့လာသလို ထင်ရတယ်။

"အခုကျတော့လေဝိုင်ဝိုင်းရဲ့ သီချင်းကလည်း မျက်ရည်ကျအောင် မတတ်နိုင်တော့ဘူး။သံစဉ်တွေကလည်း Feeling တွေနဲ့ မကိုက်ညီပြန်တော့ဘူး။အဲဒါဆိုရင် လှိုင်သိပ်ပျော်နေမယ်လို့ထင်လား။ မဟုတ်ဘူးသိလား။အခုမှ လှိုင့်မှာ ဘာမှမရှိတော့တာ။ စကားလုံးတွေရော၊စာသားတွေရောအခုမှအားလုံးကိုပျောက်ကုန်ရော။အရင်ကဆိုဘောလ်ပင်ကို ကိုင်လိုက်ရင်အလိုလိုကို စာကြောင်းတွေဖြစ်လာတာလေ။ အခုကျတော့....



"အို. . . လှိုင်က ရှင်သိနေတယ် ထင်ခဲ့တာ" တဲ့။

ထင်စရာလား။ ဘာလို့ သိခဲ့ရမှာလဲ။ ကိုယ်နဲ့ ဘာမှမဆိုင်ဘူးလေ။ ကိုယ်က စာအုပ်ငှားတယ်။ မင်းက ကိုယ့်ဆိုင်က ငှားဖတ်တယ်။ ကိုယ်တို့ တစ်ယောက်အကြောင်းတစ်ယောက် အပြန်အလှန် စုံစမ်းနေဖို့ မလိုဘူး ထင်တယ်။ ဟုတ်တယ် မဟုတ်လား။

"မှတ်မှတ်ရရ. . ရှင့်ကို ကျွန်မ စိတ်ညစ်နေလို့ဆိုပြီး စာအုပ်အညွှန်းခိုင်းတယ်လေ၊ ရှင်ပဲ ပေါ်လီယာနာဖတ်လို့တောင် ပြောခဲ့သေးတာပဲ"

အင်း. . ဒါကြောင့်ကိုးလို့ ကိုယ်တွေးမိပြန်တယ်။ အဲဒီနောက်ပိုင်း သူမ စာအုပ်တွေ ပိုဖတ်လာတယ်။ ဥပုသ်နေ့တွေမှာလည်း ကိုယ့်ဆိုင်ရှေ့က ဖြတ်တာ မတွေ့ရတော့ဘူး။ အဲဒီနေ့ သူမပြန်သွားတော့ ဒီစာအုပ်လေး ပေးသွားပြန်တယ်။ ဖတ်ပြီး ပြန်ရေးခဲ့ဦးနော်တဲ့။

"လှိုင့်ရဲ့ ရင်ထဲက စေတနာတွေ၊ လှိုင့်ရဲ့လက်ဆောင်တွေကို ဘာလို့များ ငြင်းပယ်နေရတာလဲကွယ်၊ လှိုင့်ရဲ့ ကံဆိုးမှုတွေဟာ လှိုင့်ရဲ့လက်ဆောင်တွေကတစ်ဆင့်တော့ မကူးစက်နိုင်ပါဘူး။ ယူ ဘာကိုများ ထိတ်လန့်နေရတာလဲ။ လှိုင် တကယ်မတွေးတတ်တော့ဘူး။ အဖြူရောင်ပါ သူငယ်ချင်းလေးရယ်၊ ဘာနဲ့မှကိုမတူတဲ့ ဖြူစင်သန့်ရှင်းမှုတွေနဲ့ ယူ့ကို တွယ်တာခဲ့တာပါ" တဲ့။

သူမက အဖြူရောင်လို့တော့ ပြောတာပေါ့။ ကိုယ့်မှာသာ နှလုံးသွေးတွေက တဖြည်းဖြည်း ရဲချင်လာတော့ သတိနဲ့အသိကို လက်တို့တို့နေရတယ်။ လက်ဆောင်တွေလည်း ခဏခဏပေးတော့ ကိုယ့်မှာ အတွေးက မတွေးဘဲကို ဝင်ဝင်လာတော့တာပေါ့။ လက်ဆောင်တွေကလည်း ကြည့်ဦးလေ။ ကိုယ့်မွေးနေ့မှာ ပေးတဲ့ကီးချိန်းလေးဆိုရင် နှိပ်လိုက်ရင် 'ဂတ် ဂတ် ဂတ် I Love You ' ဆိုပြီး မီးနီကလေးလင်းပြီး အော်တဲ့ဟာလေ။ ဒါ ပေးစရာလား။ ပြီးတော့ သောင်းကျော်တန် တီရှပ်အင်္ကျီအနက်ကရော။ သူမရဲ့ စီးပွားရေးကို ကိုယ်မစပ်စုပေမယ့် နည်းနည်းရိပ်မိတယ်လေ။ သူမနဲ့ ဟိုတစ်ယောက်က စားသောက်ဆိုင်ကြီးတစ်ခုမှာ သူမက (Casher)၊ ဟိုတစ်ယောက်က (Waiter) အနေနဲ့တွေ့သိပြီး ချစ်ညား

Asian Fame Media Group

ခဲ့ကြတာဆိုတော့ . . .။ ဒါ အထင်သေးလို့ပြောတာ မဟုတ်ဘူး။ တော်ရောပေါ့။ အလွန်ဆုံးလေးငါးထောင်တန်ဆို။

ဒါနဲ့ သူမ မကြာခဏပေးပေးလာတဲ့ လက်ဆောင်တွေကို ကိုယ်လက်မခံတော့ဘူး။ ကိုယ်လည်း တစ်ပတ်တစ်ခါလောက်ပဲ သူမကို Cafe Melody လိုက်ပို့ဖြစ်တယ်။ ကိုယ့်စီးပွားရေးကလည်း စာအုပ်အငှားဆိုင်ဆိုတော့ သိပ်မနိုပ်ဘူးလေ။ ဆိုင်ဖွင့်တာ ကြာလာတာတောင် တချို့က လက်ဆောင်လိုချင်ကြတုန်း။

ဒီလိုနဲ့ သူမ တစ်လလောက်စာအုပ်ဆိုင်က ပျောက်သွားပြန်ရော။ နောက်မှ သိရတာက ဗန်းမော်ဘက်လိုလို၊ တရုတ်ပြည်ဘက်လိုလို ကုန်ကူးသွားတယ်ဆိုပဲ။ သူမနဲ့ အတူနေတူလေးတစ်ယောက်က တစ်ခါတစ်ရံကာတွန်းလာလာဖတ်တယ်လေ။ အဲဒီလို ကုန်ကူးတယ်၊ ကုန်ကူးတယ်နဲ့ မန္တလေးက မကြာခဏ ပျောက်ပျောက်သွားပြီးနောက်ပိုင်း သူမ ပိုလှလာတယ်။ မျက်နှာလေး ပိုပြည့်လာပြီး ခန္ဓာကိုယ်ကလည်း ပိုဝလာတယ်။ မင်းသမီးနန္ဒာလှိုင်နဲ့ တူမှန်းမသိကိုတူတူလာတယ်။ ကိုယ့်ရင်တွေလည်း တဖျပ်ဖျပ်နဲ့ ခုန်လာတယ်ပေါ့။ ပိုပြီးလည်း မျက်နှာကို ခြယ်သလာတယ်မှတ်တယ်။

တစ်နေ့တော့ သူမကုန်ကူးသွားတာ ပြန်လာတဲ့တစ်ခေါက်က လှပတဲ့ပန်းသီးခြင်းတစ်ခြင်းနဲ့အတူ ကိုယ့်ဆိုင်ကို ရောက်လာတယ်။ ဒီလိုနဲ့ တွေ့ကြပြန်တော့ သူ့ခရီးသွားအတွေ့အကြုံတွေ ပြောလိုက်၊ ကိုယ့်ရဲ့ သတိတရရှိမှုတွေ ပြောလိုက်နဲ့ ကိုယ့်ဆိုင်ကလေးလည်း ခေတ္တခဏတော့ လက်ပံပင်ကလေး ဖြစ်သွားတာပေါ့။

နောက်တော့ မဂ္ဂဇင်းစာအုပ်တွေ ဟိုလှန်ဒီလှန်နဲ့ ကြည့်နေတုန်း သူမနှုတ်က စကားတစ်ခွန်း ထွက်သွားတယ်။

"ဟယ်. . ချစ်သူလေးတော့်. . ဖြချင်လိုက်တာ" လို့။

ဘယ်သူ့ပုံလဲ ကြည့်လိုက်တော့ အဆိုတော် အဲလက်စ်ရဲ့ ပုံ။ အဲလက်စ်တို့ မိသားစုအိမ်ကလေးအကြောင်း ပြည့်ပြည့်စုံစုံပါတယ်။ ကိုယ်လည်း မဂ္ဂဇင်းစာအုပ်ကို တဖျပ်ဖျပ်လှန်ရင်း



ရွှင်မြူးနေတဲ့ သူမကိုကြည့်ရင်း စိတ်ထဲမှာ တစ်မျိုးဖြစ်သွားတယ်။ အဲဒီစာအုပ်ဖြတယ်ဆိုတာနဲ့ ပတ်သက်ပြီး ကိုယ် တော်တော်ခံစားနေရတယ်လေ။ စာအုပ်ဖြတဲ့သူတွေကိုလည်း တော်တော်မုန်းတာ။ မင်းသား၊ မင်းသမီးပုံလိုချင်ရင် ပြက္ခဒိန်တွေ ဝယ်ပါလား။ သိချင်တဲ့အကြောင်းအရာပါရင် မိတ္တူကူးလိုက်ပါလား။ ဘာကုန်တာမှတ်လို့၊ အဲဒီလို ကိုယ်ချင်းစာစိတ် မရှိတဲ့သူတွေဆို ဒုက္ခရောက်ပါစေလို့ ကိုယ် ဆုတောင်းတယ်။ ခု သူမနှုတ်ဖျားက 'ဖြချင်လိုက်တာ' ဆိုတဲ့ စကားကြားတော့ ကိုယ် တော်တော်အံ့သြသွားတယ်။ သူမဖတ်တဲ့စာတွေ သူမရဲ့ (ကိုယ်သိတဲ့အစိတ်အပိုင်း)၊ ခံယူချက်တွေနဲ့ ခုသူမပြောလိုက်တဲ့ အကြောင်းအရာနဲ့ ကိုယ် ယုံတောင်မယုံဘူး။ ဒါနဲ့ ကိုယ်လည်း "ကလေးဆန်လှချည်လား၊ အပျော်တွေ လွန်လာတာလား" လို့ မေးလိုက်မိတယ်။ အဲဒီမှာ သူမဖွင့်ပြတဲ့ သူမရဲ့ တံခါးတစ်ချပ်ကို ကိုယ် သိခွင့်ရလိုက်တယ် ဆိုပါတော့။

"ကလေးကလားအလုပ်တွေ လုပ်တယ်၊ အပျော်တွေ လွန်နေတယ်၊ ယူ တကယ်ပဲ အဲသလို တွေးသလားဟင်။ စိတ်ရဲ့ ထွက်ပေါက်တစ်ခုအနေနဲ့ ပေ့ါပေ့ါပါးပါးလေး ပျော်မကြည့်ရတော့ဘူးလား။ တကယ်တော့ လှိုင့်ရင်ထဲမှာ အပျော်တွေမှ မရှိတော့တာ၊ ပြင်ပကနေ ဒီလိုပဲ ဖန်တီးယူရတာပေါ့၊ လှိုင် ဟို ခပ်ငယ်ငယ် State ကျောင်းသူဘဝကတည်းက အဲလက်စ်နဲ့ သူ့အနုပညာကို နှစ်သက်ခဲ့တာ၊ နောက်ပိုင်း လှိုင့်ရဲ့ ရည်းစားဦးမဟုတ်တဲ့ ရည်းစားဟောင်း တစ်ယောက်ကလည်း တိုက်တိုက်ဆိုင်ဆိုင် သူနဲ့ နည်းနည်းတူတယ်ပေါ့"

အဲဒီနေရာရောက်တော့ ကိုယ် မျက်လုံးပြူးသွားမိတယ်။ ရည်းစားဦးမဟုတ်တဲ့ ရည်းစားဟောင်းတစ်ယောက်ဆိုတော့ ကြည့်စမ်း၊ သူမ ရည်းစားတွေ ဘယ်နှယောက်များထားခဲ့လဲ မသိဘူး။

"ဒါပေမဲ့ အဲဒီအကြောင်းကြောင့် ရယ်လို့ မဟုတ်ပါဘူး။ လှိုင်တောင် သူ့ကို ထားခဲ့ပြီး အိမ်ထောင်ကျခဲ့ပြီးပြီပဲ။ အခုလည်း ခြင်ထောင်အမိုးမှာလည်း ကပ်မထားဘူး။ အိမ်နံရံမှာလည်း နေရာမပေးထားပါဘူး။ သတိတရရှိတဲ့ တစ်ချိန်ချိန်အတွက်လောက်ပဲ ရည်ရွယ်ခဲ့တာပါ။ သူ့ပုံကိုတောင် လှိုင် ထုတ်မကြည့်ဖြစ်ခဲ့တာ သုံးနှစ်နီးပါးပဲလေ"

"သူ့ပုံကို ထုတ်မကြည့်ဖြစ်ခဲ့တာ . . ."၊ သူ့ပုံဆိုတာ အဲဒီရည်းစားဦးမဟုတ်တဲ့ ရည်းစားဟောင်းကို ဆိုလိုတာပေါ့။ ဒါဆို နောက်ရည်းစားတွေ ထပ်ရလည်း အရင်ရည်းစားတွေရဲ့ ပုံတွေကို သိမ်းထားတယ် ထင်ပါရဲ့။

"အဲဒီ စွဲလမ်းစိတ်ကြောင့် မဟုတ်ပါဘူး၊ တကယ်ပါ သူငယ်ချင်းလေးရာ မနာလိုမဖြစ်နဲ့နော်"

အောင်မယ်. . အောင်မယ် ဘာကိစ္စ ကိုယ်က မနာလိုဖြစ်ရမှာလဲ။

"ရသေ့စိတ်ဖြေဆိုတဲ့စကား ယူကြားဖူးမှာပေါ့။ အဲ့လိုပါပဲ။ လှိုင် မတတ်နိုင်ခဲ့တဲ့ အိပ်မက်လေးတွေကို အလှကြည့်ချင်ရုံ သက်သက်ပါ။ အဲလက်စ်ရဲ့ Family Life လေးကလည်း လှိုင် အကြိမ်ကြိမ်မက်ခဲ့တဲ့ အိပ်မက်ကလေးလေ။ ဒါပေမဲ့ ခုချိန်မှာတော့ အားလုံး Broken ပါပဲ။ လှိုင် ဘာမှ မတတ်နိုင်တော့ဘူး။ ဒီတစ်ကြိမ်ယိုင်လဲသွားတဲ့ လှိုင့်ရည်ရွယ်ချက်ဟာ ဒီတစ်သက်စာပါပဲ။ လှိုင် ဘယ်လောက်ယူကျုံးမရဖြစ်ရတယ်ဆိုတာ ယူ တွေးတတ်မှာ မဟုတ်ပါဘူး။ ရင်ထဲမှာ နက်နက်နဲနဲနာကျင်ခဲ့ရတဲ့ အချိန်ကာလတွေလည်း မနည်းခဲ့ဘူး။ မှတ်မှတ်ရရ အဲဒီ အစဦးအချိန်တွေက ယူ့ဆီက 'Gone with the wind' စဖတ်ဖြစ်တဲ့ အချိန်တွေမှာပေါ့၊ အဲဒီအထဲက စကားလက်ရဲ့ 'အို ဒါတွေကို ခု မစဉ်းစားသေးဘူး၊ နောက်မှ စဉ်းစားမယ်' ဆိုတဲ့စကားဟာ လှိုင့်ကိုယ်လှိုင်အကြိမ်ကြိမ်ပြောခဲ့ရတဲ့ ဆောင်ပုဒ်တစ်ခု ဖြစ်ခဲ့တာပေါ့။ ကေးဝင်းအတွက်တော့ အမာရွတ်ဟာ မပျောက်သဓာကို လက်တုံ့ပြန်ဖို့ သတိရရုံထက် မပိုတော့ဘူးလေ။ ဒါပေမဲ့ ကုန်လွန်ခဲ့တဲ့ လှိုင့်ရဲ့ အချိန်တွေကိုတော့ နှမြောတယ်ကွယ်၊ လှိုင့်ရဲ့ ချစ်ခြင်းမေတ္တာတွေ၊ လှိုင့်ရဲ့ သစ္စာစကားတွေနဲ့အတူ လှိုင့်ရဲ့ဝတ္တရားကျေပွန်မှုတွေနဲ့ ပေးဆပ်ခဲ့ရတဲ့ အချိန်ကာလတွေဟာ လှိုင့်ရဲ့အိပ်မက်ကလေးအတွက် မဖြစ်နိုင်တော့တဲ့အခါ လှိုင့်ဘက်မှာတော့ အများကြီးဆုံးရှုံးခဲ့ရပြီ။ အဲဒီကိစ္စတွေအတွက် လှိုင့်ရင်ထဲက သူ့ကို တစစ်စစ်နဲ့ နာကြည်းရသလိုလှိုက်လှိုက်လှဲလှဲနဲ့လည်း ကျေးဇူးတင်ပါတယ်။ သူဟာ လှိုင့်ဘဝအတွက်တော့ သင်ခန်းစာတစ်ခုပဲလေ။ ကိုနိုင်ရယ်သိလား၊ အဲဒီအချိန်တွေတုန်းက များလေ။ လှိုင့်ရင်ထဲက သူ့ကို ဒီတစ်သက်မေ့လို့မှ ရပ့ါမလားလို့ အရမ်းလည်း ငိုခဲ့ရတယ်။ အရမ်းလည်း ပူလောင်ခဲ့ရတယ်။ လှိုင့်အတွက် အကောင်းဆုံးဖြေဆေးကတော့ အရှင်ဆန္ဒာဓိကရဲ့ 'ဝေးလေကောင်းလေ' ဆိုတဲ့ စာအုပ်ကလေးရယ်၊ မဟာစည်မှာ ၇ ရက် တရားအားထုတ်ဖြစ်ခဲ့တာရယ်က လှိုင့်အတွက် အတော်လေး ငြိမ်းချမ်းစေခဲ့ပါတယ်။ လှိုင့်ရဲ့မခံချင်စိတ်နဲ့ မာနရဲ့အကူအညီလည်း အပါအဝင်ပေါ့လေ။ ခုတော့ လှိုင် ရပ်တည်နိုင်ခဲ့ ပါပြီ။ သူနဲ့ ဖုန်းပြောဖြစ်တဲ့နေ့တွေမှာလည်း ဆောက်တည်ရာမရတဲ့ အခြေအနေတွေက လွတ်မြောက်ခဲ့ပြီ။ ရင်ထဲရှိတာတွေ ချရေးဖြစ်တဲ့အခါမှာလည်း မျက်ရည်စက်တွေ မစွန်းပေတော့ဘူးလေ။ ကဲ ကိုနိုင် လှိုင့်ရင်ထဲက တစ်စိတ်တစ်ဒေသကို ကိုနိုင် မြင်ရပြီမဟုတ်လား။ အခုမြင်ရတာနဲ့ ပေ့ါပေ့ါပါးပါးနဲ့ ကလေးဆန်တယ်ဆိုတဲ့ ထင်မြင်ချက်ကို ညီမျှခြင်းချကြည့်ဖို့ ကိုနိုင် တတ်နိုင်တယ်ဆိုရင် . . . ."

သူမ ဖွင့်ပြလိုက်တာက တံခါးတစ်ချပ်တည်း ဖြစ်ပါတယ်။ ကျန်တဲ့ တံခါးတစ်ချပ်ကရော။ ကိုယ် မတွေးတတ်ပါဘူး။ သူမနှုတ်က ဖွင့်ပြောခဲ့တာ



Asian Fame Media Group

က "သူ နိုင်ငံခြားထွက်ဖို့ ရန်ကုန်ဆင်းသွားပြီ၊ လှိုင့်ကို ထားခဲ့ပြီ" ဆိုတာပဲ ကိုယ် သိခဲ့ရတာ။ နိုင်ငံခြားထွက်တာ ငွေသွားရှာဖို့လား။ သူမနဲ့ကော ဘာပြဿနာတွေ ဖြစ်သွားလို့လဲ။ အဲဒါတွေ ကိုယ် မသိဘူးလေ။ သူမဖွင့်ပြလိုက်တဲ့ တံခါးတစ်ချပ်ပဲ ကိုယ်သိလိုက်ရတာ။

အဲဒီလို သူမရဲ့တစ်စိတ်တစ်ဒေသကိုဖွင့်ဟပြပြီးတဲ့နောက် သုံးလေးလလောက် ကိုယ့်အနားက ပျောက်သွားပြန်တယ်။ ကိုယ့်မှာဖြင့် သတိတွေရလိုက်တာ။ ဘယ်သွားမယ်၊ ဘာလုပ်မယ် တစ်ခွန်းမှ ဟမသွားဘူးလေ။ သူမရဲ့ တယူ ယူ နဲ့ စကားပြောပုံလေးတွေ၊ နောက် ကိုယ်သိပ်ကြိုက်တဲ့ မင်းသမီးနန္ဒာလှိုင်ရဲ့ မျက်လုံးကြည့်ပုံနဲ့တူတဲ့ သူမရဲ့ မျက်ဝန်းစူးနက်နက်ကလေးတွေကို ကိုယ် တအားလွမ်းနေမိတယ်။ ဒါနဲ့ သူမကိုယ့်ဆိုင်ကို စာအုပ်လာငှားခါစက ပေးထားတဲ့ လိပ်စာအတိုင်းလိုက်သွားကြည့်မိတော့ တံခါးတွေ အကုန်ပိတ်ထားတဲ့ သူမရဲ့ အိမ်ကလေးကိုပဲ တွေ့ခဲ့ရတယ်။ ဘေးအိမ်က အိမ်နီးချင်းတွေ မေးကြည့်တော့ . . .

"တံခါးတွေ ပိတ်ထားတာ ကြာတော့ကြာပြီ။ ဒါပေမဲ့ ပြောလို့မရဘူး။ သူက တစ်ခါတစ်ရံ ဘယ်မှမသွားဘဲ တံခါးတွေ ပိတ်ချင်ပိတ်ထားတတ်တာ၊ ခေါ်ရင်လည်း ထူးချင်မှ ထူးတာ" တဲ့။ ဒါဆို ရပ်ကွက်ထဲမှာလည်း သူမဟာ ထူးဆန်းသူတစ်ဦးအဖြစ်နဲ့ နေတယ်ထင်ပါရဲ့။

သူမအိမ်က ပြန်လာပြီးနောက်ပိုင်းမှာ ကိုယ့်ခေါင်းထဲ အတွေးတွေနဲ့ တစ်ချိန်လုံး ပြွတ်သိပ်နေမိတယ်။ သူမဟာ ဘယ်လို မိန်းကလေးပါလိမ့်။ ငါကရော သူမကို ချစ်နေမိလို့လား။ သူမဟာ လွတ်လပ်တဲ့ မိန်းကလေး မဟုတ်ဘူးလေ။ 'ဒု သ န သော' ဆိုတဲ့ စကားစုရဲ့ အဓိပ္ပာယ်အပြည့်အစုံကကော ဘယ်လိုပါလိမ့်။ စိတ်ထဲကနေ ပြစ်မှားမိနေရင်ရော အဲဒီကံကို ကျူးလွန်မိရာ ရောက်သလား။ ကိုယ်က အသက်သာ ၃၀ ကျော်လာတာ မိန်းကလေးတစ်ယောက်ယောက်နဲ့ တစ်ခါမှ ချစ်သူရည်းစား ဖြစ်ဖူးသေးတာ မဟုတ်ဘူး။ တကယ် . . .။ တစ်ယောက်ယောက်ကို ရည်စူးပြီး ချိန်ကြည့်လိုက်၊ သူများနောက် ပါသွားလိုက်နဲ့။ ဒီလိုပဲ ချိန်ပါကြီးဖြစ်ပြီး အချိန်တွေ ကုန်ခဲ့တာလေ။

နောက် သုံးလလောက်ကြာတော့ သူမ ပြန်ရောက်လာတယ်။

◆

"ကော်ဖီ ရပါပြီ"

စကားသံနှင့်အတူ ကော်ဖီခွက်နှစ်ခွက် ကိုယ့်ရှေ့ကို ရောက်လာလို့ ကိုယ့်ရဲ့အတွေးစတွေ ရပ်တန့်သွားတယ်။ ဖတ်လက်စ ဟိုစာအုပ်ကလေးကိုလည်း ပြန်ပိတ်ထားလိုက်တယ်။ အာရုံကို ဆိုင်လေးထဲ ဖြန့်ကြည့်လိုက်တော့ လူတွေပြည့်နေပြီဆိုတာ သိလိုက်ရတယ်။ အပြင်ဘက်မှာလည်း တဖြည်းဖြည်း မှောင်လာပြီ။ ဖွင့်ထားတဲ့ သီချင်းလေးကလည်း တိုးလိုက်တာ။ လှုပ်ရှားနေတဲ့ စိတ်တွေ ငြိမ်သက်သွားအောင် အသံနည်းနည်းလောက် ထပ်ချဲ့စေချင်တယ်။ တဖြည်းဖြည်း ခုန်လာတဲ့ ရင်ခုန်သံတွေကို ကိုယ်မကြားချင်ဘူး။ ဘယ်လို စပြောရမလဲဆိုတာကိုပဲ လောလောဆယ် တွေးနေမိတယ်။ တကယ်တော့ သူမမှာ အပြစ်မရှိဘူးထင်ပါရဲ့။ သူငယ်ချင်းတစ်ယောက်အနေနဲ့ ကိုယ့်ကို ရင်ဖွင့်ပြတာနေမှာပေါ့လို့ တွေးကြည့်ပေမယ့် သူမရဲ့အပြုအမူ အပြောအဆိုနဲ့ သူမရေးပြခဲ့တဲ့ စကားလုံးတွေက ကိုယ့်ကို အနည်းငယ် မြူဆွယ်ခဲ့တယ်လို့ ကိုယ်ထင်တယ်။ ကြည့်လေ. . ရှေ့က သူမဖွင့်ပြခဲ့တဲ့ တံခါးတစ်ချပ်နဲ့ နောက်ဆုံးပြန်ပိတ်လိုက်တဲ့ တံခါးတစ်ချပ်တို့ရဲ့ ကွာဟမှု၊ ရှေ့နောက် မညီညွတ်မှုက မယုံနိုင်စရာပဲ။ ဟိုစာအုပ်ကလေးကို လှပ်မကြည့်ဘဲနဲ့ သူမ ပိတ်လိုက်တဲ့ တံခါးတစ်ချပ်ကို ကိုယ်အလွတ်ရနေတယ်။

"ကိုနိုင်ရေ. . ."တဲ့။ သုံးလေးလအကြာ သူမပြန်လာပြီး စာအုပ်ကလေးထဲမှာ စာတစ်မျက်နှာရေးပြီး ကိုယ့်ကို ပေးလာတယ်။

"၃၀-၉-၁၀ မှာ လှိုင် သူ့ကို ပြန်ရခဲ့တယ်။ တကယ်တမ်း ကိုယ့်လက်ထဲ ပြန်ရောက်လာခဲ့ပြန်တော့လည်း စိတ်ထဲမှာ ထင်သလောက် မကြည်နူးမိပြန်ဘူး။ ခွဲနေခဲ့ရတဲ့ အချိန်တွေက လေးနက်မှုတွေ ပျောက်ဆုံးသွားသလိုပဲ ခံစားရတယ်။ ကိုယ့်ကိုယ်ကိုယ်တောင် နားမလည်နိုင်အောင်ပါပဲ။ တကယ်က သူသာ ပြန်လာမယ်ဆိုရင် လှိုင် အရမ်းပျော်မိမယ်လို့ ထင်ထားခဲ့တာလေ။ ဒါပေမဲ့ လက်တွေ့ကျတော့ ထင်သလောက် မလေးနက်ပြန်ဘူး။ လူ့စိတ်ဆိုတာကလည်း ဆန်းသားနော်။ ဝေးနေမှပဲ ပိုပြီးချစ်မိတယ်ထင်ပါရဲ့။ သူ လှိုင့်ရင်ထဲမှာ စိတ်ချလက်ချ ရှိနေပြန်တော့လည်း အရင်ကခံစားချက်တွေက ရုတ်တရက် သေဆုံးသွားသလိုပဲ။ ဘယ်လိုများပါလိမ့်နော်။ ဒါပေမဲ့လေ feeling တွေ ပျောက်သွားပေမယ့် အခုမှ Stress တွေ ပိုများလာတယ်လို့ လှိုင်တော့ ထင်တယ် သိလား။ တစ်ယောက်ယောက်ကို တစ်ခုခုကို ချစ်တယ်ဆိုတာ အဲဒီအရာကို ဆုံးရှုံးတော့မယ်ဆိုတော့မှ သိရတာမျိုးလို့လေ။ ကိုရန်နိုင်ရော အဲလို မထင်ဘူးလား။ ပြောပါဦး" တဲ့။

ကိုယ်က အဲဒီစာမျက်နှာကို ဖတ်နေတုန်း လက်ထဲကစာအုပ်ကို ပစ်ပေါက်လိုက်ချင်စိတ်တွေ ပေါ်နေတယ်။ အဟုတ်. . .။ ဟိုကဗျာလေး တစ်ပုဒ်လို . . .'အကိုင်းလေးမှာ ငှက်ကလေးတစ်ကောင် နားလိုက်တယ်။ ပြီးတော့ ထပ်ပျံသွားတယ်' ဆိုတာလေ။ ငှက်လေးကတော့ ဘာရယ် မဟုတ်ဘူး၊ ခဏနားလိုက်တယ်။ ပြီးတော့ ထပ်ပျံသွားတယ်။ မထူးဆန်းဘူးလေ။ ဒါပေမဲ့ သစ်ကိုင်းလေးကတော့ တဆတ်ဆတ်တုန်နေခဲ့ရှာတာပေါ့။ အဲသလိုမျိုး . .။ သူမကလည်း သူ့ဘာသာတော့ ဘာမှမဟုတ်ဘူးပေါ့။ ခံစားချက်တွေ ရင်ဖွင့်၊ သွားလိုက် လာလိုက်၊ စားလိုက်သောက်လိုက်ပေါ့။ ကိုယ့်မှာသာ ငြိမ်သက်နေတာ ကြာပြီဖြစ်တဲ့ နှလုံးသားက အသက်တွေ ဝင်လာခဲ့ခါမှ . . .။

အဲသလို စာတစ်မျက်နှာရေးပြီး ကိုယ့်ကို စာအုပ်ကလေးပေးလာခါမှ သူမနဲ့ စက်ဘီးရှေ့ကကောင်နဲ့ ပြန်ပြီး ပြေလည်သွားပြီဆိုတာ သိလိုက်ရတယ်။ ဟော. . . နောက်တော့ စက်ဘီးရှေ့ကကောင်နဲ့ ကိုယ့်ကို မိတ်ဆက်ပေးမယ်။ ဟောဒီ Cafe City ကို လာခဲ့ပါဆိုလို့ လာခဲ့ရတယ်လေ။

ကြည့်စမ်း. . .၊ ၆ နာရီ ၁၅ မိနစ်တောင် စွန်းသွားပြီ။ ချိန်းထားတဲ့သူက ပေါ်မလာသေးဘူး။ ကိုယ့်ရဲ့ ကော်ဖီတောင် ကုန်သွားပြီ။ စောင့်မနေတော့ဘူးလေ။ ကော်ဖီအေးရင် ကိုယ်မသောက်တတ်ဘူး။ နေဦး. . . သူမရဲ့ ကော်ဖီခွက်ထဲ သကြားနဲ့နို့မှုန့် ထုပ် ဖောက်ထည့်ပေးထားရမလား။ သူမကရော ဘယ်လိုကြိုက်လဲ. . .။

အဲဒီစာမျက်နှာမှာပဲ သူမက ဆက်ရေးထားသေးတယ်။

"ကိုရန်နိုင်ရေ သိလား" တဲ့။

"အခုကျတော့လေ ဝိုင်ဝိုင်းရဲ့ သီချင်းကလည်း မျက်ရည်ကျအောင် မတတ်နိုင်တော့ဘူး။ သံစဉ်တွေကလည်း Feeling တွေနဲ့ မကိုက်ညီပြန်တော့ဘူး။ အဲဒါဆိုရင် လှိုင် သိပ်ပျော်နေမယ်လို့ ထင်လား။ မဟုတ်ဘူး သိလား။ အခုမှ လှိုင့်မှာ ဘာမှမရှိတော့တာ။ စကားလုံးတွေရော၊ စာသားတွေရော အခုမှ အားလုံးကို ပျောက်ကုန်ရော။ အရင်ကဆို ဘောလ်ပင်ကို ကိုင်လိုက်ရင် အလိုလိုကို စာကြောင်းတွေ ဖြစ်လာတာလေ။ အခုကျတော့ ဖျစ်ညှစ်ထုတ်လို့လည်း မရ၊ တွေးလို့လည်း မရနဲ့ မောင့်ကိုပြန်ရလိုက်တဲ့အတွက် ပေးလိုက်ရတဲ့ တန်ဖိုးတွေထင်ပါရဲ့။ လှိုင့်စကားလုံးလေးတွေ ဂန္ထဝင် မမြောက်နိုင်တော့တဲ့အတွက်တော့ နှမြောတယ်ကွယ်" တဲ့။

အဲဒါ သူမပိတ်လိုက်တဲ့ တံခါးတစ်ချပ်ပေါ့။ ကိုယ် စာအုပ်ကလေးကို ဖွင့်မကြည့်ဘဲ အလွတ်ရနေတယ်။

ကိုယ်လည်း နှမြောမိပါတယ်။ ကိုယ့်ရင်ခုန်သံတွေကိုပေါ့။ ဒီစာအုပ်ကလေး သူမကို ပြန်ပေးရင်းနဲ့ စကားတစ်ခွန်းတော့ ပြောခဲ့မယ်လို့ စိတ်ကူးထားတာ၊ စက်ဘီးရှေ့ကကောင် အရှေ့မှာလေ။ ခုတော့ ရောက်မလာကြဘူး။ လက်က နာရီကို ကြည့်လိုက်တော့ ၆ နာရီလည်း ခွဲသွားပြီ။ မဖြစ်ဘူး. . . မဖြစ်ဘူး။ ချက်ချင်းပဲ ရှေ့က ကော်ဖီခွက်ထဲ နို့မှုန့်နဲ့သကြားထုပ်ကို ဖောက်ထည့်လိုက်တယ်။ ပြီးတော့ ဇွန်းနဲ့ ခပ်မြန်မြန်လေး ခေါက်လိုက်တယ်။ နောက် အေးနေပြီဖြစ်တဲ့ ကော်ဖီခွက်တစ်ခွက်လုံး တစ်ကျိုက်တည်း မော့ချလိုက်တော့တယ်။ စိတ်ထဲမှာလည်း . . . .

"တော်ပြီ နောင်ကိုတော့ ငါ့ရဲ့ စိတ်ကူးယဉ်ခြင်း တံခါးတွေကို အသေပိတ်ပစ်လိုက်တော့မယ်" လို့ တွေးပစ်လိုက်တယ်။

**လွန်းမောင်မောင်**



Asian Fame Media Group

# လျှကျမ်းမြဲကြန်း ခွေးဖြစ်ဖို့ လက္ခဏာစုံလုံး အလိုင်



(တစ်)

အဖွဲ့တကာ့အဖွဲ့များအနက် ယခု လောလောလတ်လတ် ကျွန်ုပ် စိတ်ဝင်စားမှုအရှိဆုံးအဖွဲ့ကို ပြပါလော့ဟု ဆိုလာခဲ့လျှင် ကမ္ဘာ့အိမ်သာအဖွဲ့ဟူသည်ကို ကျွန်ုပ်က ပြလိုလှပါ၏။ ဂျက်ဆင်းမ်ဆိုသော ပုဂ္ဂိုလ်က ဦးဆောင်တည်ထောင်ခဲ့သော အဖွဲ့ဟု ဆိုပါ၏။

အနှီပုဂ္ဂိုလ်က တရုတ်ပြည်ကြီးသည် အိမ်သာခေါ် သန့်စင်ခန်းများ ညစ်ပတ်လွန်းမှုကြောင့် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းတွင် ထိခိုက်မှုရှိသည်ဟု ကောက်ချက်ဆွဲချခဲ့သည်ဟူသတတ်။ သို့မို့ကြောင့်ပေလား မပြောတတ်။ ယခုအခါ ပီကင်းခေါ် ပေကျင်းခေါ် ဘေဂျင်းအာဏာပိုင်များက မြို့တော်၏ အိမ်သာခေါ် သန့်စင်ခန်းများကို နာရီဝက်ခြားလျှင် တစ်ခါ သန့်ရှင်းရေး လုပ်ဆောင်ကြရန်၊ စွန့်ပစ်ပစ္စည်းများကို သိမ်းဆည်း ကြရန်၊ အိမ်သာခေါ် သန့်စင်ခန်း၏ စည်းကမ်းချက်များကို တရုတ်စာ၊ အင်္ဂလိပ်စာ နှစ်ဘာသာဖြင့် ရေးသားထားကြရန် စသည်စသည်ဖြင့် လမ်းညွှန်သမှုပြုခဲ့လေပြီ ဟူသတတ်။

အထူးစိတ်ဝင်စားဖို့ ကောင်းသည်မှာကား သန့်စင်ခန်းများတွင် ယင်ကောင်နှစ်ကောင်ထက်ပို၍ တွေ့ရသည်ရှိသော် သန့်ရှင်းရေး ဝန်ထမ်းများကို အရေးယူမည်ဆိုပါသည့်အကြောင်း။ ဩော် . . .

Asian Home Media Group

> **လက်ဆေး ကြွေဇလုံဘေစင်၊ ရေဇလုံ၊ ရေတိုင်ကီ၊ ပိုက်ခေါင်း၊ ခလုတ်အစုံအလင်။ သွားလေရာသို့ သယ်ဆောင်သွားနိုင်သော မိုဘိုင်းအိမ်သာ ထိုင်ခုံကြီးတဲ့ ကဗျာရယ်။ တန်ဖိုးငွေ ဒေါ်လာ ၄၅၀။ E-Bidet တံဆိပ်ခတ်နှိပ်ထားသည့် ပါချင့်ဖွယ်ရာ ထိုအိမ်သာ။**

ကောင်းပေစွ။ ယင်တလောင်းလောင်း ကျွန်ုပ်တို့၏ အကြောင်းများနှင့် ကွာခြားလှပါပေ့။

(နှစ်)

အိမ်သာ၏ ဗျုပ္ပတ်သည်ကား မဟုတ်မဟတ်တွေရော လုပ်ဇာတ်တွေရောဖြင့် အတော့်ကို ထွေပြား ရှည်လျားပေများ လှပါ၏။ တီအိုအိုင် အယ်လ်အီးတီ (Toilet) တွင်းလက်တဲ့။ တစ်ဖန် လက်ထရိန် (Latrine)ဟုလည်း ဆိုကြပြန်ပါ၏။ ဂျာမန်တို့ ကမူ ယင်းအနီ တွင်းလက် (Toilet) ကိုပင် တိုအီလိယက်ဟု အသံထွက်သည် ဟူသတတ်။

မြန်မာမှုတွင်မူကား အတော့်ကို ကြွယ်ဝပါပေ၏။ နောက်ဖေးနောက်ဖီ သွားသည် ဟူသတတ်။ တောထိုင်သည် ဟူသတတ်။ အပေါ့စွန့်သတဲ့။ အလေးစွန့်သတဲ့။ သန့်စင်ခန်း ဝင်သတဲ့။ ကျန်းမာရေးတဲ့။ အန္တရာယ်လွယ်မထားနိုင်ဘူးတဲ့။ စုံပါပေ့၊ စေ့ပါပေ့၊ ထား။

ဆုတောင်းတိုင်းသာ ပြည့်မည် ဆိုပါမူ အင်္ဂလန်အသင်းနည်းပြ ဆရာကြီးအဲရစ်ဆင်၏ ရီးဂျန့်ပန်းခြံနားက ပေါင် ၂.၆ သန်းပေးကာ ဝယ်ထားရသော လေးဖက်လေးတန် မှန်အကြည်များဖြင့် တပ်ထားသည့် မှန်လုံအိမ်သာကြီးထဲ၌ တစ်ခါဆို ဆိုသလောက် အားရပါးရ ပါတော်မူချင်ကြောင်း ဆုတောင်းလိုက်ချင်ပါရဲ့ဗျာ။

အန္တ့အပြင် ထို့အပြင်ပေါ့။ အာဂျင်တီးနား အသင်းခေါင်းဆောင်မာရာဒိုနာကြီးရဲ့ မဟာ့မဟာ ပါတော်မူသည့် ပစ္စည်းကိရိယာကြီးမှာလည်း တစ်သက်နှင့်တစ်ကိုယ် တစ်ကြိမ်ခန့်တော့ ထိုင်ဖူးကြည့်ချင် လှပါငဲ့။ သူ၏ အိမ်သာထိုင်ခုံက အပူပေးထားလေသတဲ့။ လေမှုတ်စက်လည်း ပါသတဲ့။ အခြောက်ခံစက်လည်း ပါသတဲ့။ လက်ဆေး ကြွေဇလုံဘေစင်၊ ရေဇလုံ၊ ရေတိုင်ကီ၊ ပိုက်ခေါင်း၊ ခလုတ်အစုံအလင်။ သွားလေရာသို့ သယ်ဆောင်သွားနိုင်သော မိုဘိုင်းအိမ်သာထိုင်ခုံကြီးတဲ့ ဗျာရယ်။ တန်ဖိုးငွေ ဒေါ်လာ ၄၅၀။ E-Bidet တံဆိပ်ခတ်နှိပ်ထားသည့် ပါချင့်ဖွယ်ရာ ထိုအိမ်သာ။

(သုံး)

လူမှုန်လျှင် အဆင့်အတန်းရှိရှိ ကလေးတော့ ဟတ္ထာစွန့်ချင်ကြသပေါ့ ဗျာရယ်။

အိန္ဒိယနိုင်ငံ၏ စီးပွားရေးမြို့တော်မွမ်ဘိုင်းရှိ ရာဖစ်နာဂါရပ်ကွက်သည် မိသားစု ၂၀၀၀၊ လူဦးရေ ၁၀၀၀၀ နေထိုင်ကြကာ တစ်အိမ်လျှင် Mobile Phone တစ်လုံးကနေ သုံးလုံးအထိရှိကြသည့်တိုင် အိမ်သာ မရှိကြဟူသတတ်။ အများသုံးအိမ်သာလည်း မရှိ။ လုံးချင်းအိမ်သာလည်း မရှိ။ in the open နည်း ဟူသတည်း။ ကန်သင်းရိုးဘေးက ဟတ္ထာကလေးတွေ၊ ရထားလမ်းဘေးက ဟတ္ထာကလေးတွေ၊ ရေမြောင်းအစပ်က ဟတ္ထာကလေးတွေ၊ ချုံပုတ် နံဘေးက ဟတ္ထာကလေးတွေဟာ ယင်း ၎င်းအိမ်သာမရှိခြင်း၏ နိမိတ်ပုံ သင်္ကေတကလေးတွေပ ဗျာရယ်။

အိန္ဒိယ၏ လူဦးရေက သန်း ၁၀၀၀၊ ကိုင်ဆောင်သုံးစွဲနေသည့် Mobile Phone က အလုံးရေ သန်း ၆၇၀၊ အိမ်သာနှင့်ဘာနှင့် ဟတ္ထာပြုသူက ၃၆၆ သန်းတဲ့။ သဟာဆို သန်း ၆၅၀ မျှသော လူထုကြီးက ဟတ္ထာကိစ္စကို ကြုံသလို စာရင်းရှင်းပစ်နေသည့် သဘောများလား။

အနှီ အိန္ဒိယ၌ အများသုံးအိမ်သာများရှိရာတွင် စာရင်းရှင်းမည် ဆိုပါအံ့။ တန်းစီသောအခါ တစ်နာရီလောက် စောင့်ဆိုင်းရမည်ဆိုပြန်တော့ မအောင့်ထား မတောင့်ထားနိုင်သူများခမျာ ဘယ့်နှာလုပ်ကြရပါ့။ တစ်ခါသုံး ပါတော်မူကလေးတွေကလည်း တစ်ခုကို ၂ ရူပီးဟုဆိုရာ ခေါက်ရေစိပ်သူများအဖို့ မနိပ်လှပါလေ။

ဩော်. . . မျိုးရေးထက် ယိုရေး ခက်ကြချေပြီ။ သောက်ရေးထက် ပေါက်ရေးခက်ကြချေလေပြီ တကား တမုံ့။

(လေး)

တစ်ခါသော် သပွတ်အူကျေးရွာသား ကျွန်ုပ်ဆရာကြီးဂျက်ကွမ်းခြံကုန်းသည် ရန်ကုန်မြို့တော်ကြီး၏ တစ်နေရာဝယ် ဟတ္ထာခေါ် အပေါ့သွားချင်သော ဆန္ဒဖြစ်ပေါ်လျက် ရှိပါ၏။

အသို့နှင့် တောင်မြောက်လေးပါးကို ဖွေရှာ၍ ကြည့်မိချေရာ သန့်စင်ခန်းခေါ် အိမ်သာများနှင့် အလွန်လက်လှမ်းမမီသော နေရာသို့ ရောက်ရှိနေသည်ကို သတိပြုမိပါ၏။

သို့ကြောင့် ကျွန်ုပ်လည်း ဖြစ်ချင်ရာဖြစ် မောင်ဘချစ်သဘောမျိုး ဖြင့် တစ်နေရာ၌ထိုင်ချရန် အလို့ငှာ ကြံရွယ်လိုက်လေရာ ဤနေရာ၌ ခွေးများသာ ဟတ္ထာပြုရန်ဟူသည့် စာသားတစ်ခုကို သတိပြုမိလိုက်သည်ကြောင့် ပျာယီးပျာယာပြန်ထကာ မိမိကိုယ်ကိုယ် ခွေးဘဝမှ အတင်းရုန်းထွက်လိုက်ရပါ၏။ သို့နှင့် အခြားတစ်နေရာသို့ရွှေ့ကာ ကိစ္စရှင်းရန်လုပ်ပြန်ချေရာ အထက်ပါ ၎င်းစာသားအတိုင်း ဤနေရာ၌ ခွေးများသာ ဟတ္ထာပြုရန်ကို ထပ်မံ၍ တွေ့ပြန်ပါ၏။ ဩော် . . . ဘယ့်နှာ လုပ်ရပါ့။

ဂျက်ကွမ်းခြံကုန်းတို့ ခွေးမဖြစ် ကြရန်အလို့ငှာ အများသုံးသန့်စင်ခန်း ကောင်းကောင်းတို့ကို ပေါပေါလောလော ရှိစေချင် လှပါဘိတောင်း ဟူလို။

**ဂျက်ကွမ်းခြံကုန်း**

## ကျွန်တော်တို့အတွက် ပွင့်လင်းမြင်သာ ဂျကမ္ဘာ

ရာသီမသိ ပန်းနဲ့ညှိတဲ့။ ဟုတ်တာပေါ့၊ ဥတုသုံးလီ ၁၂ လ ၁၂ ရာသီမှာ ရာသီပန်းတွေက သူ့အခါသူ့ရာသီနဲ့သူ ပွင့်လန်းကြပါတယ်။ ပန်းတွေပွင့်နေတာကို ကြည့်လိုက်ရင် ဘယ်အချိန် ဘယ်လဘယ်ရာသီဆိုတာကို အကြမ်းဖျင်းခန့်မှန်းနိုင်ပါတယ်။ ကျွန်တော့်အိမ်ဝင်းထဲမှာ ရာသီအလိုက်ဖူးပွင့်ကြမယ့် သစ်ပင်ပန်းပင်အချို့ စိုက်ပျိုးထားပါတယ်။ တရုတ်စံကားနဲ့ အကျော်ပင်ရှိတယ်။ ပိတောက်နဲ့စိန်ပန်းရှိတယ်။ နှစ်တိုင်းအသီးစားနေရတဲ့ စိန်တစ်လုံးသရက်ပင်တစ်ပင်၊ ပြီးတော့ နှင်းဆီ၊ ဇွန်၊ စံပယ်၊ ခတ္တာ၊ အို. . . စုံလို့ စုံလို့။ ထက်အရပ်ပိုမြင့်ပြီး အပွင့်တွေနဲ့ ဝေဝေဆာဆာရှိလို့ တစ်သောင်းနှစ်ထောင်ကျပ်အထိ ပေးခဲ့ရပါတယ်။ ကျွန်တော်က သစ်ပင်တွေကို ချစ်ပေမယ့် စိုက်ပျိုးရေးကိုနားလည်တာမဟုတ်ဘူး။ ဒါကြောင့်မို့ သစ်ပင်ပျိုးပင်အရောင်းဆိုင်က ပိုင်ရှင်ကို ခေါ်ပြီး စိုက်ခိုင်းရပါတယ်။ သစ်ပင်စိုက်တော့မှ မန္တလေးရဲ့မြေအနေအထားမတူညီတဲ့ သဘောသဘာဝကို သတိပြုမိလာပါတယ်။ ဧရာဝတီမြစ်နဲ့နီးကပ်နေတဲ့ ဂေါဝိန်တို့စိန်ပန်းတို့လိုနေရာတွေ၊ မန္တလေးရဲ့ အရှေ့ခြမ်းအောင်တော်မူနဲ့ စီဗီလိုင်းလိုနေရာမျိုးတွေမှာ မြေကလည်း အခါ အဲဒါတွေကို အရင်တူးဆွပြီး မြေဆွေးနဲ့မြေဩဇာတွေ ထည့်ရပါတယ်။ ခက်တာက အဲဒီရွှံ့စေးမြေတွေကို ပေတော်တော်များများ နက်နက်တူးပြီး ဖယ်ပစ်ချင်လို့လည်း မရဘူး။ ၂ တောင်လောက် တူးပြီးရင် ရေတွေ စိမ့်ထွက်လာပြန်ပါတယ်။ ဒီတော့ သစ်ပင်တွေခမျာ ရေစိမ့်နေတဲ့ရွှံ့မြေထဲကို ဘယ်လိုလုပ်ပြီး သစ်မြစ်တွေကို တိုးဝင်ဆွဲကုပ်ဖို့ လွယ်ပါတော့မလဲ။

အိမ်ရှေ့က စိန်ပန်းပင်နဲ့ ပိတောက်ပင်ပျိုကလေးကို ကျွန်တော်တစိမ့်စိမ့်ကြည့်ပြီး ကြည်နူးနေပါတယ်။ မိုးရာသီရောက်ရင် စိန်ပန်း



# မန္တလေးအတွေး မန္တလေးအရေး

ကိုထွန်း(လမ်း-၈၀)

ဝါးရုံပင်လည်း ရှိလိုက်သေး။ ဒါပေမဲ့ အချို့အပင်တွေက အရွယ်မရောက်ကြသေးဘူး။ တချို့အပင်တွေကျတော့လည်း အရွယ်ရောက်နေပေမယ့် မဖွံ့ဖြိုးဘဲ သက်ကြီးပုလေးလိုဖြစ်နေရှာပါတယ်။ အိမ်ရှေ့မှာစိုက်ထားတဲ့ စိန်ပန်းနဲ့ပိတောက်ပင်ပဲကြည့်။ လွန်ခဲ့တဲ့ ၄ နှစ်လောက်က ဒီအပင် ၂ ပင်ကို သစ်ပင်ပျိုးပင်တွေရောင်းတဲ့ ခြံကနေ ဝယ်လာခဲ့တာပါ။ စိန်ပန်းက လူတစ်ရပ်ကျော်လောက်ရှိပြီး ငွေခြောက်ထောင်ပေးရပါတယ်။ ပိတောက်ပင်ကတော့ သူ့ ကောင်း၊ ရေလည်း ဖောဖောသီသီရသမို့ စိုက်ပျိုးတဲ့ သစ်ပင်တွေမှန်သမျှ ဖွံ့ဖြိုးကြီးထွားမှုမြန်ပြီး သစ်ပင်သစ်ရိပ်တွေနဲ့ ဝေဆာနေတာကလား၊ ဒါပေမဲ့ ကျန်တဲ့နေရာ တော်တော်များများမှာတော့ မြေကြီးရဲ့ အနေအထားက သိပ်မစွံလှဘူး။ ရွှံ့စေးမြေတွေ၊ မိုးရွာတဲ့အခါ ဗွက်ထပြီး လမ်းလျှောက် ရင် ဖိနပ်မှာရွှံ့တွေ ဆုပ်ဆုပ်ခဲခဲ ကပ်ပါလာတတ်လေ့ရှိပါတယ်။ နေပူတဲ့အခါကျတော့လည်း သံတုံးသံခဲတွေအလား မာကျစ်နေတာပါ။ ဒါကြောင့်မို့ သစ်ပင်စိုက်တဲ့ ပွင့်နီနီရဲရဲကို တွေ့ရပါတယ်။ ပူပြင်းတဲ့အချိန်မှာ အရိပ်ဝေဆာအုပ်မိုးထားတဲ့ ပိတောက်ပင်အောက်မှာ ပက်လက်ကုလားထိုင်တစ်လုံးနဲ့ ဇိမ်ယူရင်း အို. . . ပိတောက်ရိပ်ဝယ် သီချင်းကို ဟဲချင်တယ်။ ဒါပေမဲ့ ကျွန်တော့်သစ်ပင်တွေက တစ်နှစ်လာလည်း မကြီး၊ နှစ်နှစ်လာလည်း ထွားမလာ။ သုံးနှစ်ကြာတော့လည်း ဒီအတိုင်း။ မြေဩဇာလည်း ကျွေးပြီး နေ့စဉ်ရေလည်း မှန်မှန်လောင်းရဲ့သားနဲ့ ဘာဖြစ်လို့ပါလိမ့်လို့တွေးရင်း ခေါင်းစားသွားရပါတယ်။ နောက်

Asian Fame Media Group
MEDIA GROUP

တော့မှ ချို့ယွင်းချက်ကို ဘွားခနဲ တွေ့လိုက်ရပါတယ်။ အဲဒါကတော့ 'ရေ' ပါပဲဗျာ။ ကျွန်တော့်အိမ်မှာ မန္တလေး စည်ပင်သာယာကပေးထားတဲ့ မီတာနဲ့ရေပေးရေးကို ရထားပါတယ်။ အရပ်အခေါ် မီတာရေပေါ့။ ရေလွှတ်တဲ့အချိန်မလာရင် ကိုယ့်ဆီပေါပေါများများ ရောက်အောင် သုံးမတ်မော်တာလည်း တပ်ဆင်ထားပါတယ်။ ပြီးတော့ ပေ ၁၀၀ လောက်အနက်ရှိတဲ့ အဝီစိတွင်းလည်း တူးထားပါသေးတယ်။ ရေအတွက် ဘယ်လိုမှ မပူရအောင်ပေါ့။ ဒါပေမဲ့ ရေမီတာကိုပဲ အားကိုးပါတယ်။ အဝီစိတွင်းက ရေကိုတော့ လိုအပ်မှသုံးမယ်လို့ စိတ်ကူးထားပါတယ်။ ကျွန်တော့် တွက်ကိန်းကတော့ ဖြောင့်လို့ပါပဲ။ တွေးတဲ့အတိုင်း ဖြစ်မလာတာက ခက်ပါတယ်။ စည်ပင် ရေပေးရေးက ရပ်ကွက်တွေကို ရေလွှတ်ပေးဖို့ ပင်မပိုက်လိုင်းကြီးတွေကို သွယ်တန်း ပေးထားပါတယ်။ အဲဒီက တစ်ဆင့် ရပ်ကွက်ထဲက အိမ်တွေ ပိုက်တွေ သွယ်ပြီး ရေယူ ကြတာပါ။ ကျွန်တော့်အိမ်က ရေလွှတ်ပေးတဲ့ အဓိကပင်မ ပိုက်လိုင်းကြီးနဲ့ အဝေးဆုံး နေရာလောက်မှာ ရှိနေတော့ တခြားအိမ်တွေက ရေလိုသလောက် ယူပြီးမှ ကျန်တာကို ရတာပါ။ မီတာရေ ရေပေးရေးစနစ် စတင်စဉ်တုန်းက တော်တော်အဆင်ပြေတယ်။ ခလုတ် ဖွင့်လိုက်တာနဲ့ ရေတွေ ဝေါခနဲသွန် ကျလာတယ်။ အခုတော့ လူဦးရေလည်း များလာတယ်။ ရေသုံးစွဲမှုကလည်း အရင်ထက် ပိုမိုများလာတယ်။ ခလုတ်ဖွင့်လိုက်ရင် ရေမလာတော့ အိမ်တိုင်းလိုလို မော်တာတွေတပ်ပြီး ရေလာချိန်မှာ ရေကိုမော်တာနဲ့ ဆွဲစုပ်တင်ကြတယ်။ အဲသမှာ ကျွန်တော့်ဆီ ရောက်တော့ ရေမလာတော့ဘူး။ ပိုက်ခေါင်းထဲကရေအစား လေတွေပဲ တဝူးဝူးထွက်နေလို့ ဩော်. . . ငါ့နှယ်. . . မော်တာနဲ့ ရေစုပ်ထုတ်တာလား၊ လေစုပ်ထုတ်တာလားလို့ မသဲမကွဲ တောင် ဖြစ်သွားရပါတယ်။

ရေမီတာမရလို့ အဝီစိတွင်းရေကိုပဲ အားကိုးရပါတယ်။ လျှပ်စစ်မီးလာတဲ့ အချိန် မော်တာခလုတ်ကို နှိပ်လိုက်တဲ့အခါ မြေအောက်ရေတွေဟာ အုတ်ကန်ထဲကို ဆောင့်တက်လာပါတယ်။ ဟန်ကျလိုက်တာ၊ ရေဖောဖောသီသီ သုံးစွဲရပါပြီ။ ဒါပေမဲ့ ပြောရရင် ရေတော့ရေဖြစ်ပေမယ့် ကျွန်တော့်ရဲ့ရေက ရေစေးတွေ ဖြစ်နေပါရော။ အဲဒီတော့ ဆပ်ပြာနဲ့ ဆေးတဲ့အခါ လက်ကို တော်တော်နဲ့ မပြောင်ဘဲ ချွဲကျိချွဲကျိနဲ့ ဖြစ်နေပါတယ်။ ရေပိုက်ခေါင်းတွေလည်း ချိုး (ဂျိုး) တွေကပ်ပြီး ပိတ်ဆို့ကုန်ပါတယ်။ ပြီးတော့ တယုတယ စိုက်ပျိုးထားတဲ့ သစ်ပင်၊ ပန်းပင်တွေခမျာလည်း နေ့စဉ် ရေလောင်းပေးလို့ ရေကို သောက်သုံးရတာမှန်ပေမယ့် ရေစေးတွေဖြစ်နေလို့ သူတို့ရေ အာဟာရ ဓာတ်မပြည့်ဝတော့ဘဲ ကြီးထွားမှု နှေးကုန်ကြရော့တာကလား။

အခြောက်ထဲက အစို၊ အပူထဲက အအေး၊ အဝါထဲက အစိမ်းတဲ့။ ပူပြင်းခြောက်သွေ့တဲ့ အညာအရပ်ဒေသမှာ သစ်ပင်တွေ စိမ်းစိမ်းစိုစို ရှိကြရင် အပူဒဏ်ကို အထိုက်အလျောက် ကာကွယ်နိုင်ပါတယ်။ ဒါပေမဲ့ စောစောကပြောသလို မြေမကောင်း ရေမကောင်းရင် သစ်ပင်က ဘယ်လိုလုပ် ကြီးထွားနိုင်တော့မလဲ။ ရှေးလူကြီးတွေ ပြောကြတဲ့ ရေခံမြေခံကောင်းဖို့ လိုတယ်ဆိုတဲ့ စကားကို အမှတ်မထင်သတိရလိုက်မိပါတယ်။ အခု မိုးရာသီရောက်လာပါပြီ။ အနောက်တောင် မုတ်သုံလေဟာ မေလ ၁၈၊ ၁၉ ရက်လောက်မှာ ဝင်ရောက်လာပါတယ်။ မိုးရာသီရောက်ရင် သစ်ပင် စိုက်ပျိုးကြတဲ့ သတင်းတွေ မီဒီယာတွေထဲမှာ တွေ့ရပါမယ်။ လွန်ခဲ့တဲ့နှစ် နှစ်ဆယ်၊ နှစ်အစိတ်လောက်ကတည်းက မိုးရာသီရောက်တိုင်း ဒီလိုပဲ သစ်ပင်တွေ စိုက်ပျိုးနေကြတာပါ။ နှစ်ပေါင်း နှစ်ဆယ်လောက်က စိုက်ခဲ့တဲ့ သစ်ပင်တွေ အခုချိန်ဆိုရင် စိမ်းစိမ်းစိုစိုနဲ့ အရိပ်ကောင်းကောင်း ပေးနိုင်လောက်ပါပြီ။ အဲဒီ သစ်ပင်တွေ ဘယ်ရောက်နေကြပါလိမ့်။ မန္တလေးမြို့ကြီးကတော့ နွေရာသီရောက်တိုင်း အပူဒဏ်ကို လှိမ့်ခံစားနေရတဲ့အပြင် မြို့ဧရိယာကလည်း ကျယ်ပြန့်၊ လူဦးရေကလည်း တိုးပွား၊ မော်တော်ယာဉ်တွေကလည်း များပြားလာတာကြောင့် သူတို့က ထုတ်လွှတ်လိုက်တဲ့ မီးခိုးငွေ့တွေက ထောင်းထောင်းထနေသမို့ နွေကာလရဲ့ အပူဒဏ်ဟာ တစ်နှစ်ထက်တစ်နှစ် ပူပြင်းလာပါတယ်။ သစ်ပင်စိုက်ကြတဲ့သူတွေကို ကျွန်တော် ကျေးဇူးတင်တယ်။ ဒါပေမဲ့ ကိုယ်စိုက်ခဲ့တဲ့သစ်ပင်ကို နေ့စဉ်ရေလောင်းပေးနိုင်ကြရဲ့လား။ ရေလောင်းရင်လည်း သစ်ပင်တွေ ကြိုက်တဲ့ ရေကောင်း ရေသန့်တွေ လောင်းပေးနိုင်ရဲ့လား။ ဒီနေရာမှာ သစ်ပင်တွေ စိုက်ပျိုးခဲ့တဲ့ ဦးငွေ အကြောင်း ကျွန်တော် နည်းနည်းလေး ပြောချင်ပါတယ်။ ဦးငွေအကြောင်းကို အမေလူထုဒေါ်အမာကရေးခဲ့လို့ ကျွန်တော်တို့သိရသလို စာရေးဆရာတွေက ကိုးကားဖော်ပြကြလို့ တော်တော်များများ သိကြလိမ့်မယ် ထင်ပါတယ်။ ကျွန်တော်တော့ နေပူထဲသွားရင်း သစ်ပင်ရိပ်အောက် ဝင်နားရတဲ့အခါ ဦးငွေကို သတိရမိပါတယ်။ ဦးငွေက သစ်ပင်တွေကို စိုက်ပျိုးခဲ့တဲ့အပြင် နေ့စဉ်နေ့တိုင်း တွင်းရေကို ခပ်ပြီး ရေလောင်းပေးခဲ့လို့ ယနေ့ အချိန်မှာ ကျွန်တော်တို့အားလုံး သစ်ပင်ရိပ်အောက်မှာ အနားယူနိုင်ကြတာဖြစ်ပါတယ်။ သာဓုလည်း အကြိမ်ကြိမ်ခေါ်မိပါတယ်။ အခုတော့ အပူဒဏ်ကိုလိမ့်နေအောင်ခံစားရတဲ့ မန္တလေးဟာ မိုးကို မျှော်နေရရှာပါပြီ။

မေလတုန်းက အပူရှိန်ပြင်းထန်နေတဲ့အချိန် လျှပ်စစ်မီးကလည်း မမှန်၊ အဲသမှာ စည်ပင်သာယာကလည်း ရေပုံမှန် မပေးနိုင်လို့ တချို့နေရာတွေမှာ သောက်သုံးရေတွေ ပြတ်ကုန်ပြီး အတိဒုက္ခရောက်ကုန်



ဦးငွေက သစ်ပင်တွေကို စိုက်ပျိုးခဲ့တဲ့အပြင် နေ့စဉ်နေ့တိုင်း တွင်းရေကို ခပ်ပြီး ရေလောင်းပေးခဲ့လို့ ယနေ့အချိန်မှာ ကျွန်တော်တို့အားလုံး သစ်ပင်ရိပ်အောက်မှာ အနားယူနိုင်ကြတာဖြစ်ပါတယ်။ သာဓုလည်း အကြိမ်ကြိမ် ခေါ်မိပါတယ်။ အခုတော့ အပူဒဏ်ကို လိမ့်နေအောင်ခံစားရတဲ့ မန္တလေးဟာ မိုးကို မျှော်နေရရှာပါပြီ။

ကြပါတယ်။ စေတနာရှင် လူမှုကူညီရေးအဖွဲ့အစည်းတွေကလည်း တတ်နိုင်သမျှ ရေအလှူ ကူညီရေးတွေဆောင်ရွက်ပေးကြပါတယ်။ ပူပြင်းတဲ့ နေရှိန်အောက်မှာ တစ်မြို့လုံးလှည့်လည်သွားနေတဲ့ ရေအလှူဒါနမော်တော်ကားတန်းကို ငေးကြည့်ရင်း ကြည်နူးလိုက်တာ။ ကိုယ်မလုပ်နိုင်ပေမယ့် ဒီလိုစောင့်ရှောက်ကူညီကြလို့ မုဒိတာပွားပြီး သာဓုခေါ်မိပါတယ်။

ဖျတ်ခနဲ လျှပ်စစ်မီးပွင့်လာလို့ ရုတ်တရက် ဝမ်းသာသွားမိပါတယ်။ အလှည့်ကျ ခွဲတမ်းနဲ့ပေးသမို့ ယနေ့ညမှာ ကိုရွှေလျှပ်စစ်က ည ၁၁ နာရီမှာ လာပါတယ်။ အဲသည်တော့ ကျွန်တော်တို့ ဇနီးမောင်နှံ အမှောင်ထဲမှာ ငုတ်တုတ်ထိုင် ယပ်ခတ်ရင်း မအိပ်နိုင်သေးဘဲ လျှပ်စစ်မီးလာရင် ရေတင်ဖို့အတွက် စောင့်နေကြရတာပါ။ မီးပျက်ရင် အလင်းဆောင်ဖို့အတွက် ဟွန်ဒါမီးစက်လေးတော့ ရှိပါရဲ့။ ဒါပေမဲ့ ညတိုင်းမဖွင့်နိုင်ဘူးလေ။ ဓာတ်ဆီဈေးက ကြီးတော့ တစ်ည ငွေသုံးလေးထောင် အကုန်မခံနိုင်တော့ဘူး။ လျှပ်စစ်မီး မလာနိုင်သေးတဲ့ ညအမှောင်တွေကို ဒီလိုပဲ ဖြတ်သန်းနေရပါတယ်။ အမယ်. . . လျှပ်စစ်မီးမလာလို့ ဟန်မကျပေမယ့် ကြံဖန်ပြီး အဆင်ပြေတာလေးကို ပြောရဦးမယ်။ အဲဒါက မတွေ့တာကြာပြီဖြစ်တဲ့ မိတ်ဆွေတွေအိမ်ကို အလည်သွားရောက်နိုင်တယ်လေ။ လျှပ်စစ်မီးက ခွဲတမ်းနဲ့ပေးတာမို့ ကိုယ့်ဆီက လျှပ်စစ်မီးမလာတဲ့အချိန်၊ ကိုယ့်မိတ်ဆွေတွေက လျှပ်စစ်မီးလာတဲ့ အခါမျိုးမှာ သူတို့အိမ်တွေကို အလည်သွားလိုက်ပါတယ်။ ဧည့်ခန်းထဲမှာ အေးအေးဆေးဆေးစကားတွေပြောကြ။ သူတို့ကလည်း သူတို့ဘက်က လျှပ်စစ်မီးပျက်ပြီး ကျွန်တော်တို့ဘက်က လျှပ်စစ်မီးလာရင် ကျွန်တော့်ဆီကို အိမ်အလည် ရောက်လာတတ်ကြပါတယ်၊ အပြန်အလှန်ပေါ့။ အမှောင်ထဲက လာတဲ့ မိတ်ဆွေတွေကို ကျွန်တော်က လျှပ်စစ်မီး တဝင်းဝင်းထွန်းညှိ၊ ပန်ကာလေ တဝှီးဝှီးဖွင့်၍ ဧည့်ခံပါတယ်။ ဘယ်လောက် အဆင်ပြေလဲ။ ဒါပေမဲ့ အဲသလို အပြန်အလှန် အိမ်လည်ခြင်းကလည်း ၁၀ ရက်လောက်ကြာတော့ ပျက်ကရော။ လျှပ်စစ်မီးက ခွဲတမ်းနဲ့ပေးတယ် ဆိုပေမယ့် လာရမယ့်အချိန်လည်း ပျက်ချင်ပျက်နေတာကိုးနော့။ ပြီးတော့ သောမတ်အယ်ဒီဆင်တီထွင်ခဲ့တဲ့ လျှပ်စစ်မီးဟာ မွေးကတည်းက ဂြိုဟ်ဆိုးပါလာဟန်တူပါရဲ့။ လျှပ်စစ်မီးဝင်းထိန်နေရာက ခဏအကြာ ပျက်ချင်ပျက်သွားတာကြောင့် ဖြစ်ပါတယ်။ အရင်တုန်းက တယ်လီဖုန်းတွေကို လူတွေက ပြောကြတယ်၊ တယ်လီဖုန်းခေါ်ရင် သူကြားတော့ ကိုယ်မကြား၊ ကိုယ်ကြားတော့ သူမကြား၊ တစ်ခါတလေတော့ သူရောကိုယ်ရောမကြားတဲ့။ အဲဒီလိုပါပဲ ခွဲတမ်းနဲ့ပေးတဲ့ လျှပ်စစ်မီးလည်း သူ့ဆီလာတော့ ကိုယ့်ဆီမလာ။ ကိုယ့်ဆီလာပြန်တော့ သူ့ဆီမလာ။ ပြီးတော့ သူရောကိုယ်ရောမလာလို့ ပြောရတော့မယ်ထင်ပါရဲ့။ မိတ်ဆွေ တစ်ယောက်က လျှပ်စစ်ဌာနက ကြိုတင်ကြေညာထားတယ်။ ရေအားလျှပ်စစ်က ရေနည်းနေလို့ မန္တလေးမြို့ကို အုပ်စုသုံးစုခွဲပြီး အလှည့်ကျပေးနေတာ။ ဒီထက် ရေအားနည်းသွားရင် ပထမဆုံးစက်မှုဇုန်တွေလျှပ်စစ်မီးလျှော့ချမယ်။အဲဒီထက်အခြေအနေဆိုးလာရင် အရေးကြီးတဲ့ နေရာတွေကလွဲပြီး ကျန်တာတွေ လျှပ်စစ်ဖြတ်မယ်၊ ပုံမတော် တစ်မြို့လုံး မှောင်ကျသွားမယ့်ကိန်းပဲ၊ မိုးမြန်မြန်ရွာအောင် ဆုတောင်းဗျို့လို့ ပြုံးဖြဲဖြဲနဲ့ ပြောလိုက်ပါတယ်။ မှန်ပါတယ်။ မိုးရာသီ စောစောဝင်ပြီး မိုးရွာမှဖြစ်မှာပါ၊ မိုးရွာရင် အပူဓာတ်တွေလည်း လျော့ပါးသွားလို့ လျှပ်စစ်သုံးစွဲမှုလည်း အထိုက်အလျောက်နည်းပါး။ ဆည်တွေလည်း ရေတွေပြန်လည် ပြည့်တင်းကာ လျှပ်စစ်ဓာတ်အား အပြည့်အဝ ထုတ်လွှတ်ပေးနိုင်မယ် ထင်ပါတယ်။ ဒါပေမဲ့ သစ်ပင်တွေ ရှားပါးကုန်လို့ သဘာဝပတ်ဝန်းကျင် ဖောက်ပြန်ပြီး ရာသီဥတုမမှန်တော့ဘဲ မိုးကလည်းအချိန်မှန် ရွာပါဦးမတဲ့လား။ ပြဿနာရှိရင် ရှောင်လွှဲလို့ မရ၊ ဖြေရှင်းကြရစမြဲပါ။ ဒါပေမဲ့ ပြဿနာ ဖြစ်ပွားရာ အစကို မရှာဘဲ အဆင်ပြေသလို ရှင်းကြရင် ကြာလာတဲ့အခါ အမယ်ဘုတ်ချည်မျှင်လို ရှင်းလေရှုပ်လေဖြစ်ကုန်တတ်ပါတယ်။

ည ၁၂ နာရီ ထိုးခါနီးပါပြီ၊ ဘယ်မှာအိပ်ပျော်နေမှန်းမသိ အခုမှ တစ်ရေးနိုးလာပုံရတဲ့ လေပြည်လေညင်းကလေး တိုက်ခတ်လာပါတယ်။ ကျွန်တော်တို့ ရပ်ကွက်တစ်ခုလုံး လျှပ်စစ်မီးတွေ လင်းထိန်နေတယ်။ သူ့အိမ်ကိုယ့်အိမ်က ရေတင်မော်တာစက်သံတွေကလည်း ညဥ့်အမှောင်ထဲမှာ မြိုင်မြိုင်ဆိုင်ဆိုင် ထွက်ပေါ်နေပါတယ်။

“ရာသီမသိပန်းနဲ့ညှိ မဟုတ်ဘူးတော့်၊ ရာသီမသိ လျှပ်စစ်မီးနဲ့ ညှိမှန်လိမ့်မယ်” လျှပ်စစ်မီးရောင်အောက်မှာ ဇွန်ပန်းပင်က ဖူးငုံစ၊ ဇွန်ပန်းတွေကို ကြည့်နေတုန်း ချစ်ချစ်က ရုတ်တရက် ပြောလိုက်လို့ ပြုံးရယ်မိလိုက်ပါတယ်။ သူဆိုလိုတဲ့ သဘောကို ကျွန်တော် နားလည်လိုက်ပါတယ်။ ဟောဒီ မေလရောက်ရင် လျှပ်စစ်မီးဒုက္ခနဲ့ ရင်ဆိုင်ရတယ်။ တစ်နှစ်လည်းမဟုတ် နှစ်နှစ်လည်းမဟုတ် ဘယ်နှနှစ်မှန်းတောင် မသိဘူး၊ လျှပ်စစ်မီးအပျက်များတဲ့လဟာ မေလပဲတော်ရေ့လို့ သူပြောခဲ့ဖူးတာကော။ ချစ်ချစ်က ကျွန်တော့်ဆီက စကား အပြန်ကို စောင့်နေတယ်။ ဒါပေမဲ့ ကျွန်တော် ဘာမှ မပြောတော့ဘဲ ပါးစပ်ပိတ်နေလိုက်ပါတယ်။ လင်မယားဆိုပေမယ့် သူနဲ့ ကျွန်တော်က တစ်ခါတလေ စကား အပေါက်အလမ်း တည့်ချင်မှ တည့်တာပါ။ အဲဒီတော့ ဘာမှမဟုတ်တဲ့ ကိစ္စလေးနဲ့ စကားများတတ်ကြပါလေရော။ ဒီနေ့ညမှာတော့ သူနဲ့ ကျွန်တော် စကားများလို့ မဖြစ်ဘူး။ လေပြည်လေညင်းကလေးက တိုက်ခတ်နေတယ်။ လျှပ်စစ်မီးကလည်း လာနေတော့ ဒီလို တန်ဖိုးရှိတဲ့ ညရဲ့ အရသာကို ကောင်းကောင်းကြီး ခံစားချင်တာကိုးလေ။

အုတ်ကန်ထဲမှာ ရေတစ်ဝက်လောက်လျော့နေလို့ ရေပြည့်အောင် မော်တာနဲ့ ၂ နာရီလောက်ကြာအောင် တင်ရလိမ့်မယ်လို့ ခန့်မှန်းလိုက်ပါတယ်။ အုတ်ကန်ထဲမှာ ရေမပြည့်လို့ မဖြစ်ဘူး လျှပ်စစ်မီးလာတုန်း ရေတင်ထားမှ စိတ်ချရတယ်။ မော်တာလည်သံနဲ့အတူ အုတ်ကန်ထဲရေကျနေတာကို ကျွန်တော်တို့ ၂ ယောက် မျက်ခြည်မပြတ် ထိုင်စောင့်ကြည့်နေကြတယ်။ ရေကျတာကို ကြည့်နေကြတဲ့ ကျွန်တော်တို့ရဲ့ မျက်လုံးတွေက ကိုယ့်သားသမီးကို ကြည့်နေပုံမျိုးပါ။ မျက်လုံးထဲမှာမျှော်လင့်ချက် ရောင်ခြည်တွေ သန်းနေတယ်။ အုတ်ကန်ထဲမှာ ရေတွေ မြင့်တက်လာတာနဲ့အမျှ ကျွန်တော်တို့ရင်ထဲမှာ အင်အားတွေ စီးဝင်ပြည့်ဝလာသလိုပါပဲ။ ရေပြည့်သွားပြီဆိုရင် အိပ်ရေးအပျက်ခံပြီး စောင့်ရ ပင်ပန်းရတာတွေ အားလုံးလွင့်ပျောက်သွားစမြဲ ဖြစ်ပါတယ်။ များသောအားဖြင့် လျှပ်စစ်မီးလာခိုက် ရေတင်ရတဲ့ နိုက်ဂျူတီကို ကျွန်တော်က တာဝန်ယူရပါတယ်။ ချစ်ချစ်ခမျာတော့ တစ်နေကုန် အိမ်မှုကိစ္စတွေနဲ့ လုံးထွေး နေရရှာလို့ အနားယူစေရင်း အိပ်ရာ ဝင်ခိုင်းလေ့ ရှိပါတယ်။ ဒါပေမဲ့ ရာသီဥတုက ပူပြင်းလွန်းတော့ ဘယ်အိပ်ပျော်လို့ ရပါ့မလဲ။ တစ်နေကုန် ပူပြင်းလို့ အိမ်ထဲက သက်မဲ့ အရာဝတ္ထုတွေအားလုံး ပူနွေးနေပါတယ်။ စားပွဲတွေ၊ ကုလားထိုင်တွေ၊ ဆက်တီခုံတွေ၊ ကျွန်တော်တို့စက်တော်ခေါ်မယ့် ခုတင်နဲ့ သင်ဖြူးဖျာလည်း ထိုနည်းလည်းကောင်း အတိုင်း အားလုံးပူနွေးနေပါတယ်။ တကယ်လို့ ခါးနာတာတို့ ကျောအောင့်တာတို့ ဖြစ်ပြီး ကြပ်ထုပ်ထိုး

အပူပေးစရာ လိုအပ်ရင် အလုပ်ရှုပ်စရာမရှိဘူး။ ခုတင်ပေါ် စန့်စန့်ကြီးလှဲလျောင်းလိုက်ရုံပါပဲ။ ဘယ်လောက်အဆင်ပြေလဲ။ အသက်ကြီးလာပြီလေ။ တတ်နိုင်သမျှလောဘ၊ ဒေါသတွေလျှော့ချပြီး အရာရာကိုအကောင်းမြင်စိတ်ကို နှလုံးသွင်းထားနိုင်မှ အေးငြိမ်းရမှာပါ။

နည်းပညာ အတတ်ပညာတွေဖွံ့ဖြိုးခြင်းနဲ့ အတူ ကျွန်တော်တို့ရဲ့လူ့အဖွဲ့အစည်းကလည်း ပြောင်းလဲနေပါတယ်။ လူတွေရဲ့ အာရုံခံစားမှုတွေ၊ ဘဝနေဟန်တွေ၊ စီးပွားရှာဖွေမှုပုံစံတွေ အားလုံးပြောင်းလဲကုန်ပါတယ်။ အီလက်ထရောနစ်ဟာ ရှေ့ဆုံးမှာ ရှိနေပါပြီ။ သူ့ရဲ့ အသုံးဝင်မှု၊ တွင်ကျယ်မှုတွေနဲ့ လူတွေအားလုံး သူ့ရဲ့အကျိုးကျေးဇူးကို ခံစားနေကြရပါပြီ။ ၂၁ ရာစုသစ်ရဲ့ ကမ္ဘာကြီးဟာ အီလက်ထရောနစ်ကမ္ဘာလို့ ပြောရင်ရမယ်ထင်ပါတယ်။ အီလက်ထရောနစ်နဲ့အတူအီးဂါးဗားမင့်တဲ့၊ အီကော့မာ(စ်)တဲ့၊ အီးအက်ကျူကေးရှင်းတဲ့။ ကျွန်တော်တို့ အားလုံး အီလက်ထရောနစ်နဲ့ မကင်းနိုင်ကြတော့ပါဘူး။ တစ်ရက်က ချစ်ချစ်မေးလို့ အီလက်ထရောနစ်နဲ့ လူ့အဖွဲ့အစည်းဖွံ့ဖြိုးမှုအကြောင်း တတ်သမျှ မှတ်သမျှ ရှင်းပြမိပါသေးတယ်။ သူကလည်း သိချင်စိတ်ရှိလို့ငြိမ်ပြီး နားထောင်နေရှာပါတယ်။ ညည်းစဉ်းစားကြည့်လေ လက်ကိုင်ဖုန်းတွေ ရှိလာတော့ ဆက်သွယ်ရေးစနစ် လွယ်ကူလာတယ်။ ရန်ကုန်က သမီးတို့နဲ့ ကြိုက်တဲ့အချိန် စကားပြောလို့ရတယ်။ အခု ၂ သိန်းတန် တယ်လီဖုန်းတွေချပေးပြန်ပြီကွာ၊ ဈေးသက်သာလာတဲ့အခါ လူတိုင်းကိုင်နိုင်ကြပြီး ဆက်သွယ်ဖို့လွယ်ကူသွားပြီလေ၊ မကောင်းဘူးလား။ ကျွန်တော်က အဲသလို ပြောလိုက်ပေမယ့် ချစ်ချစ်က ကျွန်တော်ပြောတာကို သံယောင်လိုက်ပြီးမထောက်ခံဘဲ အို မကောင်းပါဘူးတော်လို့ ပြောလိုက်တာကြောင့် ကျွန်တော့်မှာ ရှေ့ဘာဆက်ပြောရမှန်းမသိဘဲ ခွကျသွားပါတယ်။

တယ်လီဖုန်းဆိုတာ အကျိုးရှိအောင် အသုံးချမှ တန်ဖိုးရှိတာရှင့်၊ တော့်လို လမ်းထောင့်က ကွမ်းယာဆိုင်ကို တယ်လီဖုန်းဆက်ပြီး အိမ်ကိုကွမ်းယာလာပို့ဖို့ မှာတာတော့ အကျိုးမရှိတဲ့အပြင် အကျိုးမဲ့သေးတယ်။ အလကား ငွေကုန်လေကုန်တာလေ။

ချက်ကောင်း နှက်ထည့်လိုက်လို့ ဟောခနဲ ဖြစ်သွားပါတယ်။ ဘယ်အချိန်ကတည်းက ဒီလိုပြောဖို့စောင့်နေမှန်း မသိဘူး၊ မှန်ပါတယ်။ ကျွန်တော်ကလည်း သူပြောမယ်ဆို ပြောစရာပဲ။ လမ်းထောင့်မှာ ကျွန်တော်စားနေကျ ကွမ်းယာဆိုင်လေးရှိတယ်။ နေ့တိုင်း လမ်းလျှောက်ရင်း အဲဒီကို ကွမ်းယာ ထွက်ဝယ်လေ့ရှိပါတယ်။ အခုတစ်လော ၂ သိန်းတန်ဖုန်းတွေချပေးလို့ ကွမ်းယာဆိုင်က ဆိုင်ပိုင်ရှင် ကောင်လေးလည်း ၂ သိန်းတန် ဖုန်းတစ်လုံး ဝယ်လိုက်ပါတယ်။ ပြီးတော့ "ဆရာ ကျွန်တော့်ဆီ အပင်ပန်းခံပြီး လာမဝယ်နဲ့တော့၊ လိုရင် တယ်လီဖုန်းလှမ်းဆက်လိုက်၊ ကျွန်တော် လာပို့ပေးမယ်"လို့ ပြောလိုက်ပါတယ်။ ကောင်းလေစွပါပဲ။ ကျွန်တော်က တယ်လီဖုန်းဆက်ပြီး မှာလိုက်ရင် ၁၀ မိနစ်လောက်အကြာမှာ ဆိုင်ကယ်နဲ့ ကွမ်းယာလာပို့ပေးလေ့ ရှိပါတယ်။



ဒိုးတူဒိုး အိမ်အရောက်ပို့စနစ်။ ဒီစနစ်က တခြားကုန်ပစ္စည်းတွေတင် မဟုတ်တော့ဘဲ ကွမ်းယာပို့တဲ့ အဆင့်အထိ ကျယ်ပြန့်အောင် မြင်နေပါပြီ။ သို့ကလို ကွမ်းယာ တယ်လီဖုန်းနဲ့ လှမ်းမှာ အဆင်ပြေနေတဲ့ ကျွန်တော့်ကို ချစ်ချစ်က ဘယ်အချိန်ကတည်းက စောင့်ကြည့်ပြီး မြင်ပြင်းကတ်နေမှန်း မသိဘူး၊ သူကဘုတောလိုက်တော့ ကျွန်တော်လည်း ဩော် သူ့ခမျာ ပညာရှိဆီက နာယူပြီး အကြားအမြင်ပွားများဖို့ စိတ်ကူးမရှိလိုက်လေခြင်းလို့ တွေးတောရင်း သူ့ကိုပို့ချမယ့် အီလက်ထရောနစ် ကမ္ဘာကြီးလည်း လမ်းခုလတ်မှာပဲ ရပ်တန်းက ရပ်သွားရပါတော့တယ်။

ချစ်ချစ်က အတော်အမှတ်အသားကြီးတာ။ နားအေးပြီးရော ဆိုတဲ့သဘောနဲ့ ဘာလုပ်ပေးမယ် ညာလုပ်ပေးမယ် ဆိုပြီး လွယ်လွယ်ကူကူ ကတိတွေပေးလို့မရဘူး၊ သူ့အချိန်ရောက်လာရင် အဲဒါနဲ့ ကိုင်ပေါက်တော့တာကလား။ အဲဒီကတိအတိုင်းမတည်ရင် ရန်ဖြစ်ကြရပါတော့တယ်။ အရင်တုန်းက ထစ်ခနဲဆိုရင် ကျွန်တော်က စိတ်မြန်လက်မြန်သမား စိတ်တိုလွယ်တယ်။ ချစ်ချစ်ကတော့ ကျွန်တော့်လိုမဟုတ်ဘူး။ စိတ်ရှည်တယ်။ ဒေါသထွက်ခဲတယ်။ အခုတော့ ပြောင်းပြန်။ ကျွန်တော်က စိတ်ရှည်ရှည်ထားနိုင်ပြီး သူကတော့ ထစ်ခနဲဆို ရှူးရှူးရှားရှားဖြစ်လာတတ်တယ်။ အိမ်ရှင်မတစ်ယောက် နေ့စဉ်ရင်ဆိုင်ကြုံတွေ့ရတဲ့ ပြဿနာတွေက နူးညံ့တဲ့နှလုံးသားကို မာကျော ခက်ထန်လာခဲ့စေတာလား။ ဒီနေ့လည်း နေ့ခင်းက လျှပ်စစ်မီးလာရမယ့်အချိန် မလာခဲ့လို့ ချစ်ချစ်တစ်ယောက် စိတ်တိုချင်ချင်ဖြစ်နေတာပါ။ အခုတော့ လျှပ်စစ်မီးလာလို့တော်ပါသေးရဲ့။ ဒေါသဖြစ်ချင်တဲ့ သူ့စိတ်ကို လျှပ်စစ်မီးက ချွေးသိပ်ပေးပါလိမ့်မယ်။ အဲဒီလိုဆိုရင် ကျွန်တော်တွေးလို့မှ မဆုံးသေးဘူး လျှပ်စစ်မီးပျက်သွားလို့ ဟိုက်ခနဲဖြစ်သွားပါတယ်။ တစ်အိမ်လုံး တစ်ရပ်ကွက်လုံး မှောင်ကျသွားတာကိုး၊ ရေတင် မော်တာလည်သံတွေလည်း ရပ်သွားတယ်။ တစ်ခါတလေတော့ ဒီလိုမျိုး ကြုံရတတ်တာကော။ ဘယ်တတ်နိုင်မလဲ၊ လျှပ်စစ်မီးလာတာ နာရီဝက်လောက်ပဲ ရှိသေးလို့ အုတ်ကန် ရေပြည့်အောင် တင်ဖို့အတွက် လျှပ်စစ်မီးလာအောင် ထိုင်စောင့်ရတော့မှာပါ။

ချစ်ချစ်က လက်နှိပ်မီးကိုင်ရင်း ကျွန်တော့်အနားက ကုလားထိုင်မှာ လာပြီးထိုင်ပါတယ်။ အမှောင်ထဲမှာ ထိုင်ရင်း ကျွန်တော်တို့ နှစ်ယောက်သား ရည်ရွယ်ချက်မဲ့ အိမ်ရှေ့ကို ငေးနေမိကြပါတယ်။ အရေးထဲ လေကလည်း လျှပ်စစ်နဲ့တစ်ဂိုဏ်းတည်းဖြစ်နေသလား မပြောတတ်ပါဘူး။ လျှပ်စစ်မီးပျက်တဲ့ အချိန်မှာ လေကလည်းမတိုက်လို့ အိုက်စပ်စပ်ကြီးဖြစ်နေမိပါတယ်။ ဒီတော့ လေလည်းရ၊ ခြင်လည်း ပြေးအောင် ယပ်တောင်ကြီးနဲ့ တဗြုံးဗြုံးပေါ့၊ ဒီလိုနဲ့ စက္ကန့်မိနစ်တွေဟာ တရွေ့ရွေ့ ကုန်ဆုံးသွားတယ်။ ည ၁ နာရီခွဲလောက်ကြာတော့ ကျွန်တော်တို့ လက်လျှော့လိုက်ရပါပြီ။ လျှပ်စစ်မီးဟာ တခြားတစ်နေရာ အဆွဲခံရလို့ ကျွန်တော်တို့ဆီကို လာသင့်တဲ့အချိန် မလာနိုင်ဘဲ ဖြစ်သွားရဟန်တူပါတယ်။ လက်နှိပ်မီးတဝင်းဝင်းထိုးပြီး ကျွန်တော်တို့ လင်မယားနှစ်ယောက်လည်း အိပ်စက်အနားယူရာအခန်းသို့ ကြွမြန်းသွားရပါတော့တယ်။ အိပ်ရာဝင်တဲ့ အချိန်မှာ အချိန်ကြာကြာ နှုတ်ပိတ်နေတဲ့ ချစ်ချစ်ဆီက စကားသံတွေ ဝေါခနဲ အန်ထွက်လာပါတယ်။

"ဟင်း ပြောလိုက်ကြတဲ့ ခေတ်သစ်ကမ္ဘာ၊ ခေတ်သစ် လူ့အဖွဲ့အစည်း။ အီးဂါးဗားမင်း၊ အီးကော့မာစ်၊ အီးအက်ကျူကေးရှင်းတဲ့။ ပြောကြတဲ့ စကားတွေကတော့ အီးထဲကကို မထွက်ဘူး။ လျှပ်စစ်မီးမလာတာဘဲ ခက်တယ်"

အမှောင်ထဲမှာမို့ သူ့မျက်နှာအမူအရာ မမြင်ရလို့ ဘယ်သူ့ကို စောင်းပြောနေမှန်း ကျွန်တော် မသိဘူး။ ဒါပေမဲ့ သူနဲ့ကျွန်တော် နှစ်ယောက်တည်း ရှိတာဆိုတော့ သူရည်ညွှန်းတာက ကျွန်တော်ကလွဲပြီး ဘယ်သူဖြစ်နိုင်တော့မလဲ။ ကျွန်တော် ငြိမ်ကုပ် နေရပါတယ်။ ပြီးတော့ အမှောင်ထဲမှာ အီး (အီလက်ထရောနစ်) တို့ရှိနေတဲ့ အီးလောက ကမ္ဘာကြီးကို ရော်ရမ်း မှန်းမျှော်ကြည့်နေမိပါတယ်။ မနက်လင်းမှပဲ ပွင့်လင်းမြင်သာရှိမယ် ထင်ပါရဲ့ဗျာ။

**ကိုထွန်း (လမ်း-၈၀)**

Asian Fame Media Group



# ရတီစာအုပ်စင်




**ကလောင်စုံ -**
ဓမ္မအလင်းတန်းများ (၂)
**စာမူခွင့်ပြု -** ၆၀၀၀၉၃၀၁၁၂




ဆောင်းပါးရှင် ဓမ္မဘေရီ အရှင်ဝီရိယ (တောင်စွန်း)၊ ရဝေနွယ် (အင်းမ)၊ အရှင်ဣန္ဒကာ ဘိဝံသ (မြစကြာ)၊ အရှင်ဓမ္မိက (ဂဏဝါစက)၊ အရှင်သုမင်္ဂလ (စစ်ကိုင်း)၊ ဦးစန္ဒိမ (စလင်း)၊ အရှင်ဉာဏောဘာသ (အေးစေတီ၊ မင်းဘူး) တို့၏ ဓမ္မစာစုများကို စုစည်းထားခြင်း ဖြစ်သည်။ လောကီချမ်းသာအကျိုးကို ဖြစ်ထွန်းစေမည့် တရားများ၊ မင်္ဂလာတရားတော်များနှင့် ဓမ္မပီရ ရသများကို တစ်စုတစ်စည်းတည်း ဖတ်ရှုရရှိစေမည့် စာအုပ်ဖြစ်သည်။ လင်းလွန်းခင်စာပေမှ ထုတ်ဝေ၍ တန်ဖိုးမှာ ကျပ် ၁၅၀၀ ဖြစ်သည်။

**လင်းသိုက်ညွန့်(မြန်မာ့မြေ)-**
လူငယ်မန်နေဂျာလက်စွဲ




လူငယ်မန်နေဂျာလက်စွဲ စာအုပ်သည် HR ဂျာနယ်တွင် အပတ်စဉ်ရေးသားခဲ့သည့် ဆောင်းပါးများကို စုစည်း ထုတ်ဝေထားခြင်းဖြစ်သည်။ Business Management၊ Strategy ၊ Human Resource Management၊ Employee and Job၊ Performance Management ၊ Change Management စသည်ဖြင့် ခေါင်းစဉ်များကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ၆ မျိုး ခွဲခြားကာ ဖော်ပြထားခြင်းကြောင့် နှစ်သက်သလို အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်သည်။ ဇင်ရတနာစာပေမှ ထုတ်ဝေလိုက်ပြီး တန်ဖိုးမှာ ၂၅၀၀ ကျပ်ဖြစ်သည်။

**ဦးစန္ဒိမ (စလင်း) -**
စလင်းကန်လယ်ဆရာတော်ကြီး
**စာမူခွင့်ပြု -**
၆၀၁၀၉၇၁၂၁၁




ကန်လယ်ဆရာတော်လောင်းလျာ ဖြစ်လာမည့် ရှင်ဝဇီရာဝုဓသည် အသက် ၁၅ နှစ် (၅ ဝါ) အရွယ်တွင် ထူးဆန်းသောအိပ်မက်ကို မြင်မက်ခဲ့လေသည်။ ယင်းမှာ သမုဒ္ဒရာကမ်းစပ် ရေပြင်ကျယ်သို့ ရေချိုးဆင်းပြီး ဝမ်းလျားမှောက်နေစဉ် ကျောက်ဖျာတစ်ချပ်သည် ရင်ဘတ်အောက်သို့ အရှိန်ပြင်းစွာ ရောက်လာလျက်သည်မှာဘက်ကမ်းမှ ဟိုမှာဘက်ကမ်းသို့ သယ်ဆောင်သွားလေတော့သည်။ ဟိုမှာဘက်ကမ်းသို့ ရောက်သော် ဘုံနန်းပြာသာဒ်ကြီးနှင့်တကွ ကိုယ်ရောင်ကိုယ်ဝါ တောက်ပသောပုဂ္ဂိုလ်ကြီး ၄ ဦးတို့က ရှင်ဝဇီရာဝုဓ ကို ဖေးမဆွဲခေါ်တင်သွားခဲ့သည်ဟူ၍ ဖြစ်သည်။ ဦးစန္ဒိမ (စလင်း) သည် စလင်းကန်လယ်ဆရာတော်ကြီး၏ အတ္ထုပ္ပတ္တိကို ယင်းသို့ ငယ်ဘဝပါရမီမှစ၍ အနုစိတ် ခြယ်မှုန်းထားသည်ကို ဤစာအုပ်တွင် ဖတ်ရှုကြရမည်။ လင်းလွန်းခင်စာပေမှ စီစဉ်ထုတ်ဝေလိုက်ခြင်းဖြစ်၍ တန်ဖိုးမှာ ၂၀၀၀ ကျပ် ဖြစ်သည်။

**ဝေဖြိုး -**
The Fundamentals of Interior Design




Interior Design ပညာရပ်ဆိုင်ရာ ဆောင်းပါးများကို စုစည်းဖော်ပြထားသော ဤစာအုပ်တွင် အဆောက်အအုံတစ်ခု၏ ပတ်ဝန်းကျင်၊ လူမှုစနစ်များပေါ် မူတည်၍ ဖန်တီးရသော အနုပညာမြောက် လက်ရာဒီဇိုင်းများ၊ ဟန်ချက်ညီ အရောင်တွဲစပ်မှု၊ သဘာဝအလင်းရောင် အပါအဝင် artificial light ဖန်တီးအသုံးပြုမှုအကြောင်းများ စုံလင်စွာ ဖော်ပြထားသည်။ စာရေးသူ၏ အင်ဂျင်နီယာပညာနှင့် အနုပညာဖန်တီးချက်များကို လေ့လာထားသည့် အချက်အလက်များနှင့် စင်ကာပူနိုင်ငံမှ ရရှိခဲ့သော လုပ်ငန်းခွင်ဆိုင်ရာ အတွေ့အကြုံများကို ပေါင်းစပ်ထားကာ လေ့လာလိုသူလူငယ်များအတွက် အခက်အခဲမရှိစေရန် စီစဉ်ထုတ်ဝေလိုက်ခြင်းဖြစ်ရာ Interior Design ပညာကို လေ့လာလိုသော အင်ဂျင်နီယာကျောင်းသူ၊ ကျောင်းသားများအတွက် သင်ကြားရေး အထောက်အကူပြု စာအုပ်တစ်အုပ်ဖြစ်သည်။



# ရတီစာအုပ်စင်



**လေးကိုတင်** -
တိုတောင်းသောအတိတ်နှင့်
ရှည်လျားသော အနာဂတ်များ
**စာမူခွင့်ပြု** - ၄၀၀၉၉၂၀၇၁၁




စာရေးဆရာ၊ ပန်းချီဆရာ၊ အယ်ဒီတာအစရှိသော စာပေအနုပညာနယ်ပယ်တွင်းမှ ပုဂ္ဂိုလ် ၁၂ ဦးတို့၏ ဘဝရုပ်ပုံကားချပ်ကို စုတ်ချက်ကျဲကျဲဖြင့် ဖော်ကျူးပြသထားသော စာအုပ်ဖြစ်သည်။ အတ္ထုပ္ပတ္တိ မမည်သော စာစုများဟုဆိုလျှင် ရကောင်းနိုင်သော်လည်း ရသမွန်းသောရုပ်ပုံလွှာဟုကား မငြင်းနိုင်သော စာတစ်အုပ်ဖြစ်သည်။ ဤစာအုပ်တွင် ဆရာ သစ္စာနီ၊ ဟိန်းလတ်၊ မဝင့် (မြစ်ငယ်)၊ ဇေယျာလင်း၊ ညီပုလေးတို့၏ နှလုံးသားတစ်ပိုင်းတစ်စကို လှစ်ဟပြထားသလို ဆရာ မောင်ညိုပြာ၊ ကျော်မင်းဇော်၊ မောင်သီးသန့်၊ တင်ကိုအောင်၊ ရာပြည့်ဦးစိုးညွန့်၊ စန်းဦး၊ အေးကိုဟူ၍စာပေအနုပညာရပ်ဝန်းအတွင်း ရှင်သန်ကြသူတို့၏ ဘဝကိုလည်း ဖော်ပြထားသည်။ လင်းလွန်းခင်စာပေမှ တန်ဖိုး ကျပ် ၂၀၀၀ ဖြင့် စီစဉ်ထုတ်ဝေလိုက်သည်။




**နတ်မျိုး** -
ကြယ်စင်များ၏ ရှုမျှော်ခင်း
**စာမူခွင့်ပြု** - ၅၀၀၀၅၇၀၁၁၂

"သစ်ပင်တွေ၊ သစ်တောတွေကို တွေ့ရတိုင်း ကာလများစွာ ကွဲကွာနေရတဲ့ ညီအစ်ကိုတစ်ယောက်ကို ဘွားခနဲ တွေ့ရသလို မျိုး ကျွန်တော် ဝမ်းသာအားရဖြစ်မိတယ်" လို့ဆိုတဲ့ မစ္စတာ ထရီမင်းရဲ့ စကား . . .

"လူဖြစ်ဖြစ် ခွေးဖြစ်ဖြစ် ဘယ်သူသေသေ ငတေမာပြီးရောဆိုတဲ့ တစ်ကိုယ်ကောင်းစိတ်ဓာတ်မွေးရင် လောကပျက်စီးပါတယ်။ ဒီစကားကို ကျွန်တော်တို့ခွေးတွေ ပြင်ချိန်တန်ပါပြီ။ Dog helps dog လို့ ဖြစ်ရမယ်" ဆိုတဲ့ ခွေးဘေရဲ့စကား . . . . .

ဂြိုဟ်သား ကိုဘခက်ရဲ့ ဆူရှီအရသာ . . .

BDG ကလေး ကစားစရာ သေနတ်ရဲ့ ကျည်ဖောက်သံ . . .

ဒါတွေကို နားဆင်၊ ခံစား၊ မြည်းစမ်းချင်မယ့် စာဖတ်ပရိသတ်တွေအတွက် နတ်မျိုးရဲ့ လက်ရာဝတ္ထုတိုများ ပေါင်းစပ်ထားတဲ့ စာအုပ်ပဲဖြစ်ပါတယ်။ လင်းလွန်းခင်စာပေမှ စီစဉ်ထုတ်ဝေလိုက်ပြီး တန်ဖိုး ကျပ် ၂၅၀၀ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်သစ် (မန္တလေး)** -
မြန်မာ့ယဉ်ကျေးမှုထိမ်းမြားမင်္ဂလာ
**စာမူခွင့်ပြု** - ၄၀၀၃၈၈၀၄၁၂




ရိုးရာဓလေ့ထုံးတမ်းများသည် လူမျိုးတိုင်းစီတွင် ရှိတတ်သော ယဉ်ကျေးမှု အမွေအနှစ်များပင်ဖြစ်သည်။ ထိန်းသိမ်းမှုမရှိလျှင် ရိုးရာဓလေ့များသည် တိမ်ကောပျောက်ကွယ်တတ်သည်ပင်။ ဆရာ ဒေါက်တာမြတ်သစ် (မန္တလေး) ၏ မြန်မာ့ယဉ်ကျေးမှုထိမ်းမြားမင်္ဂလာ စာအုပ်သည် စောင့်ထိန်းလိုက်နာဖွယ်ရာ မြန်မာ့ထုံးတမ်းစဉ်လာများ အနက်မှ လက်ထပ်ခြင်းဓလေ့ကို ထုတ်ဖော်ပြုစုထားခြင်းဖြစ်သည်။ ထိမ်းမြားလက်ထပ်ရာ၌ လက်လက်ချင်းထပ်၍ ထိမ်းမြားမှု၊ စုလျားရစ်ပတ်၍ထိမ်းမြားမှု၊ ဦးထိပ်၌ ရေစင်သွန်းလောင်း၍ ထိမ်းမြားမှုအစရှိသော နည်းအမျိုးမျိုးပါဝင်သလို နေ့နံ၊ အချိန်အခါများ ရွေးချယ်သည့်နည်းများလည်း ပါဝင်သည်။ ငွေသော်တာစာပေမှ ထုတ်ဝေ၍ တန်ဖိုးကျပ် ၁၅၀၀ ဖြစ်သည်။



**ကလောင်စုံ** - ရွှေ ၆၆
**စာမူခွင့်ပြု** - ၅၀၀၁၉၁၀၁၁၂

ရွှေအမြုတေ မဂ္ဂဇင်းတွင် ဖော်ပြခဲ့သော ဝတ္ထုများပြန်လည်စုစည်းထားမှုပင် ဖြစ်သည်။ စာရေးဆရာ ၆၆ ယောက်၏ ဝတ္ထုတိုများကို ဖော်ပြထားရာ စာရေးဆရာ ဝင်းဖေ၊ နေဝင်းမြင့်၊ အဏ္ဏဝါစိုးမိုး၊ ကိုငြိမ်း (မန္တလေး)၊ ဆရာမ ခက်မာ၊ ဝင်းဝင်းမြင့် (နန်းတော်ရှေ့)၊ ခင်ခင်ထူး၊ မြနှောင်းညို အစရှိသူတို့၏ လက်ရာများ ပါဝင်သည်။ ၁၉၈၀ ပြည့်လွန်နှစ် ကာလခန့်များကပင်စ၍ ၂၀၀၀ ပြည့်နှစ်ကျော်ကာလအထိ ဖော်ပြခဲ့သော ဝတ္ထုတိုများဖြစ်ရာ ဖတ်ရှုရသူများအတွက် စာပေရသကို အသွေးအဆင်စုံ ခံစားကြရမည်ဖြစ်သည်။ ကံ့ကော်ဝတ်ရည် စာပေမှ စီစဉ် ထုတ်ဝေခြင်းဖြစ်ပြီး တန်ဖိုးမှာ ကျပ် ၇၅၀၀ ဖြစ်သည်။

Asian Fame Media Group

ရည်ညွှန်းဖွဲ့သီ ချစ်သူဆီ ...

# အသတ်မှတ်ခံတန်ဖိုး


# မြူခွန်းချယ်

ကျွန်မက သူမရဲ့ အခေါင်မြင့်ဖျားက အမြုတေရတနာတစ်ခုပါ။ ပရိသတ်များ နားမရှုပ်သွားကြပါနဲ့ဦး။ သူမဆိုတာ ကျွန်မရဲ့သခင်မဖြစ်တဲ့ ရွှေဘုံနန်းစံ မဟေသီလေး 'မေနန်းမြင့်မိုရ်ခင်' ကို ဆိုလိုတာပါ။ သူမကို သူမရဲ့ မိသားစုဝင်တွေအပါအဝင် ရင်းနှီးသူတွေအားလုံးကတော့ မေနန်းလို့ပဲ ချစ်စနိုးခေါ်ကြတယ်။

ကျွန်မတို့ သူငယ်ချင်းတစ်စုကတော့ မမေနန်းလို့ခေါ်တာပေါ့။ မမေနန်းက တကယ့်လိုတရ ရွှေပေါ်မြတင် မင်းသမီးလေးတစ်ယောက်ပါ။ အရမ်းလှတယ်၊ ချစ်စရာကောင်းတယ်၊ အပြစ်ဆိုစရာမရှိအောင် ချောမောပြေပြစ်လွန်းတဲ့ ရာဇဝင်ထဲက ပပဝတီလို မိန်းကလေးပေါ့။

မမေနန်းမှာ စိုရွှဲတောက်ပနေတဲ့ မျက်ဝန်းလေးတွေ၊ စင်ရော်တောင် မျက်ခုံးမွေးထူထူ၊ ဆီလီကွန်မကူတဲ့ သဘာဝ ချွန်ချွန်စင်းစင်း နှာတံ၊ နှင်းဆီပွင့်ဖတ် နှစ်လွှာလို ရဲရဲစိုနေတဲ့ နှုတ်ခမ်းနှစ်မွှာတို့ကို ပိုင်ဆိုင်ထားပါတယ်။ တစ်ကိုယ်လုံးမှာ အပြစ်ဆိုလို့ မြူတစ်မှုန်တောင် ရှာမတွေ့နိုင်တဲ့ ပြစ်မျိုးမဲ့ မထင် အလှပိုင်ရှင်မျိုးပေါ့။

မမေနန်းရဲ့ ထူးခြားတောက်ပတဲ့ အလှတရားမျိုးစုံထဲမှာ အထင်ပေါ်၊ အကျော်ကြားဆုံးကတော့ ကျွန်မတို့ သူငယ်ချင်းတစ်စုပါပဲ။ ကျွန်မတို့ဟာ သခင်မလေး မမေနန်းရဲ့အလှကို ကျက်သရေရှိမှုတွေနဲ့ ပံ့ပိုးမွမ်းမံပေးနေကြတဲ့ မမေနန်း အမြတ်တနိုး တန်ဖိုးထားရဆုံး အရာတွေလို့ဆိုရင်လည်း မမှားနိုင်ပါဘူး။



မမေနန်းဟာ ကျွန်မတို့ကြောင့် ပတ်ဝန်းကျင်မှာ အတော်လေးရေပန်းစား မျက်နှာပွင့်ခွင့်ရပါတယ်။

"မေနန်းရယ်. . . နင့်ကေသာ အလှက တော့ မြင်ရသူတိုင်း လည်ပြန်မငေးဘဲ မနေနိုင်လောက်အောင်ပဲနော်၊ ဒီဆံပင်တွေကြောင့် နင်က ပိုပြီးပေါ်ပြူလာဖြစ်နေတာ"

"နင့် ဆံပင်က နဂိုကောင်းဆိုတော့ အထူးတလည်ပြုပြင်နေစရာ မလိုဘူး၊ ငါတို့ဆို ဖြောင့်ရ၊ ကောက်ရ၊ ပုံသွင်းရနဲ့ အလုပ်ကို ရှုပ်နေတာပဲ၊ နင့်ကို အားကျလိုက်တာ"

ကဲ. . . ဒီချီးမွမ်းချက်တွေကို ပရိသတ်များ သိကြပြီ မဟုတ်လား။ ဒါဆို ကျွန်မတို့ဟာ မမေနန်းရဲ့ ရင်နှစ်သည်းချာ ရတနာလေးတွေ ဖြစ်တယ်ဆိုတာ ခန့်မှန်းမိလောက်ပြီ ထင်ပါတယ်။

မမေနန်းဟာ ကျွန်မတို့ကြောင့် သူ သတင်းမွေးရတယ်ဆိုတဲ့အသိနဲ့ ကျွန်မတို့အပေါ် ကျေးဇူးအတင်ကြီး တင်ရှာသူပါ။ တနင်္ဂနွေနေ့တိုင်း ကျွန်မတို့ကို မွှေးပျံ့အေးမြတဲ့ ရှမ်ပူရည်တွေနဲ့ ဆေးကြော သန့်စင်ပေးတယ်။ ပြီးတော့ ကျွန်မတို့ အားအင်ပြည့်တိုးစေဖို့ ဗီတာမင် E ဆိုတဲ့ အဆီတစ်မျိုးကို တယုတယ ပွတ်သုတ်လိမ်းကျံပေးတယ်။ အဲလို နေ့မျိုးဆိုရင်တော့ ကျွန်မတို့ရော သခင်မလေး မမေနန်းပါ သူမတူအောင် လန်းဆန်းတက်ကြွနေကြပါတယ်။



Asian Fame Media Group

> **မြန်မာမိန်းကလေး တစ်ယောက်ရဲ့ ဆံကေသာအရောင်က အနောက်တိုင်းဆန်ပြီး ရွှေရောင်လက်နေတာ ဘယ်လောက် ဆတ်ကော့လတ်ကော့ နိုင်လိုက်သလဲနော်...**

April လ တစ်လရဲ့ သင်္ကြန် တွင်းတစ်ခုမှာ မမေနန်း ခေါင်းတုံး တုံးပြီး သီလရှင်ဝတ်ခဲ့တယ်။ အဲဒီ အချိန်က စပြီး ကျွန်မကို မွေးဖွားခဲ့ တာပါ။ ကျွန်မနဲ့ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း အတူတူ မွေးဖွားခဲ့ကြ တဲ့ ကျွန်မသူငယ်ချင်းတွေ အားလုံး လည်း ခုဆို ကျွန်မနဲ့သက်တူ၊ ရွယ် တူ၊ အနေအထားတူတွေ ဖြစ်ကုန် ကြပါပြီ။

ကျွန်မတို့အားလုံးဟာ ခုဆို မမေနန်းရဲ့ ခါးလယ်ကျော်ကျော် လောက် ရောက်နေကြပါတယ်။ မမေနန်းက သူမအလုပ်မရှိဘဲ အား လပ်နေတဲ့အချိန်ဆိုရင် ကျွန်မတို့ အားလုံးကို သူမရဲ့ ရှေ့ဘက်ရင်ခွင် ထဲ ဆွဲယူချပြီး မွှေးရှိုက်နေတတ် တယ်။ အဲဒီအချိန်မှာ ကျွန်မတို့ ပီတိတွေ ဖြာကြရတာပေါ့။ ကိုယ့် သခင်ရဲ့ ဂရုတစိုက်မြတ်နိုးမှုကို ရရှိတာဟာ ဘယ်လောက်ကြည်နူး စရာ ကောင်းလိုက်သလဲနော်။

မမေနန်းက ကျွန်မတို့ကို သူ့ သမီးလေးတွေလို သဘောထားပြီး ချစ်ရှာပါတယ်။ ကျွန်မတို့ကလည်း အမေကို မျက်နှာပွင့်အောင် ကူညီ ပေးတဲ့ သမီးလိမ္မာလေးတွေ ဖြစ်နေ တာကိုး။ မမေနန်းရဲ့ မေတ္တာကို ခံယူဖို့ ထိုက်တန်ပါတယ်။ မမေနန်း ဟာ ကျွန်မတို့ကို ဖြတ်ဖို့၊ ညှပ်ဖို့ လည်း စိတ်ကူးမရှိတဲ့ ပုံပါ။

ကျွန်မတို့ သူငယ်ချင်းတွေ အားလုံးနဲ့ မတည့်တဲ့အဖွဲ့တစ်ဖွဲ့ ရှိ သေးတယ်။ အဲဒီအဖွဲ့နေရာယူလာ ရင် မမေနန်းတင် မကဘူး။ မိန်းက လေး တော်တော်များများ စိတ် အနှောင့်အယှက်ဖြစ်ကြရပါတယ်။ ဖြစ်မှာပေါ့။ အဲဒီဂိုဏ်ကောင်တွေက ဦးရေပြားကို ယားယံအောင်လုပ်ပြီး ညစ်တီးညစ်ပတ်နိုင်အောင် ဟိုတစ် စ ဒီတစ်စ မွစိတက်ပြန့်ကျဲအောင် နေကြတာကိုး။ အရောင်ကလည်း အဖြူညစ်ညစ်၊ သူတို့က သခင်ကို ဒုက္ခပေးတော့ ကျွန်မတို့နဲ့မတည့်တာ အဆန်းမဟုတ်ပါဘူး။

သူတို့ကို နှိမ်နင်းဖို့ သီးသန့် ထုတ်ထားတဲ့ ရှမ်ပူရည်တွေက ကျွန်မတို့အတွက်ပါ အပူဒဏ်ဘေး ထွက်ဆိုးကျိုးကို ခံစားရစေတယ်။ ထားလိုက်ပါတော့။ ကောင်းကျိုးမ ပေးတဲ့ အဲဒီ 'ဖောက်' တွေအကြောင်း ကို စကားလုပ်ပြောရရင် တစ်နေ့ကုန် တောင်ပြီးမှာ မဟုတ်ပါဘူး။

ဘာပဲပြောပြော ကျွန်မတို့ သူ ငယ်ချင်းတွေအားလုံး မမေနန်းရဲ့ ကိုယ်ပွားလေးတွေအဖြစ် နေရတာ ကို ကျေနပ်ကြပါတယ်။ မမေနန်း လမ်းလျှောက်လိုက်တိုင်း လေထဲမှာ လွင့်ပျံ့ဝဲခါနေရတဲ့ ကျွန်မတို့ဘဝဟာ အတော်လေး လွတ်လပ်ပေါ့ပါးလှပါ တယ်။

◆

အဲဒီလူကြီး။

မမေနန်း သွားလေရာ နောက်ကို တကောက်ကောက်နဲ့ ထက်ကြပ်မကွာ လိုက်ပါခွင့် ရတဲ့ ကျွန်မတို့ဟာ အဲဒီလူကြီး 'တိမ်ထွင်ရှ် ခေါင်' ကို ပွဲတစ်ပွဲမှာ ဆုံတွေ့ခွင့် ရခဲ့တာပါ။ ကျွန်မတို့ရဲ့ မမေနန်းမှာ ချစ်သူ၊ ရည်းစားဆိုလို့ မူးလို့ ရှူစရာ တောင် မရှိခဲ့ပါဘူး။ မမေနန်းက ဣန္ဒြေသိက္ခာအပြည့်နဲ့ အရှက် အကြောက်ကြီးလွန်းတဲ့ မိန်းက လေးမျိုးပါ။ သူမကို ချဉ်းကပ်ပိုးပန်း ကြတဲ့ ယောကျ်ားသားတွေရှိပေမယ့် ဘယ်သူ့ကိုမှ ပြန်လက်မခံခဲ့တာ ကျွန်မတို့ အသိဆုံးပေါ့။ သူမရဲ့ မိဘတွေဆီကတစ်ဆင့် နားဖောက် တောင်းရမ်းချင်ကြတဲ့ သားရှင်အမေ တွေကိုလည်း သိမ်မွေ့ညင်သာတဲ့ နည်းလမ်းအမျိုးမျိုးသုံးပြီး လှလှ ပပလေး ငြင်းဆန်နိုင်ခဲ့ပါတယ်။

ပြောရမယ်ဆိုရင် မမေနန်းဟာ ပုရိသကိစ္စတွေနဲ့ အင်မတန်ကင်းရှင်း ခဲ့တဲ့ ဖူးသစ်စင်ကြယ် အပျိုစင်လေး ပါ။

အဲဒီနေ့ . . . . .။

အဲဒီနေ့က သူမသူငယ်ချင်းတစ် ယောက်ရဲ့ မင်္ဂလာဆောင်ကို သွားခဲ့ တယ်။ ကျွန်မတို့ကိုတော့ ထုံးစံ အတိုင်း မစည်းမနှောင်ဘဲ အနှောင် အဖွဲ့ ကင်းကင်းနဲ့ လွတ်လွတ်လပ် လပ်လေးပဲ ဖြန့်ချသွားပါတယ်။

သူမ သူငယ်ချင်း နာမည်က 'သက်ထား' တဲ့။ အဲဒီ သက်ထားရဲ့ အမျိုးသားက မမေနန်းကို တိမ် ထွင်ရှ်ခေါင်နဲ့ မိတ်ဆက်ပေးခဲ့တာပါ။ မမေနန်းနဲ့ တိမ်ထွင်ရှ်ခေါင် တစ် ယောက်ကိုတစ်ယောက် အသိ အမှတ်ပြု နှုတ်ဆက်ချိန်မှာ ကျွန်မတို့ အားလုံး သတိပြုမိကြတယ်။

အဲဒါကတော့ သူတို့နှစ်ယောက် လုံးရဲ့ရင်ထဲ တစ်ခုခုဝင်ရောက်ခိုနား သွားပြီဆိုတာပါပဲ။ ဘယ်ယောကျ်ား လေးကိုမှ မကြည့်ဖူးခဲ့တဲ့ နွေးထွေး ဖွယ်အကြည့်နဲ့ မမေနန်းရဲ့ အပြုံး တွေဟာ မသိမသာလေး နူးညံ့စိုရီနေ ပါတယ်။

အဲဒီလူက ယောကျ်ားတန်မဲ့ သိပ်ချောလွန်းနေတယ်။ အရပ် မြင့်မြင့်၊ အသားဖြူဖြူနဲ့ ယောကျ်ား တွေထဲမှာတော့ အတော်လေးစွဲမက် ဖွယ်ကောင်းသူလို့ သတ်မှတ်ရမ လိုပါ။ သူ့ မျက်ဝန်းထဲမှာလည်း မမေနန်းကို မြင်မြင်ချင်း နှစ်လိုတဲ့ အရိပ်အယောင်တွေ ထင်ဟပ်နေ တယ်။ သေချာပါတယ်။ သူတို့ တစ်ယောက်ကို တစ်ယောက် မြင် မြင်ချင်း စိတ်ဝင်စားသွားကြပါပြီ။

အဲဒီနေ့ပွဲကအပြန်မှာ မမေနန်း ရဲ့ ကားနောက်ကနေ ဟိုလူ့ကား တောက်လျှောက် လိုက်လာတယ်။ ဒါကို မမေနန်းက မရိပ်မိပေမယ့် သခင်မရဲ့ ဘော်ဒီဂတ်တွေဖြစ်တဲ့ ကျွန်မတို့အားလုံးကတော့ အသီးသီး သတိပြုမိကြပါတယ်။

ညဘက် အိပ်ရာဝင်ခါနီးမှာ မမေနန်းဟာ တစ်စုံတစ်ရာကို တွေး တောခန်းဖွင့်နေပါတယ်။ ကျွန်မတို့ ကိုလည်း အကြောင်းမရှိ အကြောင်း ရှာပြီး ဖြီးသင်နေလိုက်တာများ အကြာကြီးပဲ။ ကျွန်မတို့မှာတော့ သခင်မရဲ့ ပြောင်းလဲမှုတချို့တလေ ကြောင့် ရေငုံနှုတ်ပိတ်ပြီး အချင်း ချင်း လက်တို့ မျက်ရိပ်ပြနေရပါ တယ်။

ည ဆယ်နာရီလောက်မှာတော့ မမေနန်းဆီ ဖုန်းဝင်လာတယ်။ အချိန်မတော်ဝင်လာတဲ့ ဖုန်းတွေကို ယဉ်ယဉ်ကျေးကျေးလေး ငြင်းပယ် တတ်ခဲ့တဲ့ မမေနန်းဟာ ဒီညမှာ တော့ ဖုန်းလက်ခံ စကားပြောနေပါ တယ်။ ကျွန်မတို့ မသိမသာနားစွင့် မိကြတော့ ဒီလို . . . .

"ကျွန်မ ဘဝမှာ သူစိမ်း ယောကျ်ားတစ်ယောက်ရဲ့ ဖုန်းကို အချိန်ကြာကြာပေးပြီး နားထောင်ဖူး တာ ဒါပထမဆုံးပါပဲ" တဲ့။

ဘာရယ်ကြောင့်မှန်း မသိဘဲ ကျွန်မတို့အားလုံး ငေးငိုင်လက်မှိုင်ချ သွားရပါတယ်။ ကျွန်မတို့ သခင်မ လေးရဲ့ တည်ငြိမ်အေးစက်နေတဲ့ နှလုံးသားကို ကိုင်လှုပ်ယမ်းခါနိုင် စွမ်းရှိတဲ့ ယောကျ်ားတစ်ယောက်၊ ဒီကမ္ဘာပေါ်မှာ တကယ်ပဲပေါ်ထွန်း လာခဲ့ပြီပေါ့လေ။

◆

လိုရင်းတိုရှင်း ပြောရမယ်ဆိုရင် တော့ နောက်ငါးလအကြာမှာ အဲဒီ လူနဲ့ မမေနန်းတို့ ချစ်သူဖြစ်သွား ကြတယ်။ ကျွန်မတို့က သိပ်တော့ သဘောမတူချင်လှပေမယ့် သခင်မ ရဲ့ အလိုဆန္ဒအတွက် ဘာမှပြောဆို ပိုင်ခွင့်မရှိဘူးပေါ့ရှင်။ အဲဒီလူက မမေနန်းအပေါ်ကို သိပ်စိုးမိုးချုပ် ကိုင်လွန်းတယ်လို့ ထင်တယ်။ 'ငါ့ ချစ်သူ' ဆိုတဲ့အချက်ကို အညှာကိုင် ပြီး ဆရာကြီးကျချင်တဲ့ တိမ်ထွင်ရှ် ခေါင်ကို ကျွန်မတို့ သိပ်ကြည့်မရ ကြပါဘူး။

ဒီလိုနဲ့ တစ်နေ့မှာတော့ အဲဒီလူ က မမေနန်းကို တစ်နေရာခေါ်သွား တယ်။ ကျွန်မတို့လည်း အစက ဒီလူ ဘယ်ခေါ်သွားပါလိမ့်ဆိုပြီး သခင်မ အတွက် စိုးရိမ်စိတ်လေးဝင်မိတာ ပေါ့။

"ကို. . . အခု ဘယ်သွားနေ တာလဲ"

"Beauty Spa လေ နန်းရဲ့၊ နန်းကို ပုံစံပြောင်းပေးမလို့"

"ရှင် ၊ spa . . . ဟုတ်လား၊ အို . . . ကို. . . မဖြစ်ဘူးနော်၊ ကျွန်မ အဲဒါမျိုးတွေ ဝါသနာမပါ ဘူး"

အဲဒီအချိန်မှာ သကောင့်သား

လူလည်က ကားကို လမ်းဘေးမှာ တုံ့ခနဲရပ်ပြီး မမေနန်းရဲ့ လက်တစ်ဖက်ကို ဆွဲယူနမ်းရှိုက်ရင်း ပတ်ချွဲနှပ်ချွဲသံနဲ့ ဆိုလာတယ်။

"နန်းရယ်. . . ကိုယ်က နန်းကို သိပ်ချစ်ရတဲ့ ချစ်သူပါ။ ကိုယ့်အမြင်မှာ ပတ်ဝန်းကျင်ရဲ့အမြင်မှာ နန်းကို လန်းဆန်းသွက်လက်ပြီး ယုံကြည်မှုအပြည့်အဝရှိနေတဲ့ မိန်းကလေးတစ်ယောက် ဖြစ်စေချင်လို့ပါ။ နန်းက အခုလည်း လှပါတယ်၊ ဒါပေမဲ့ ပုံစံတစ်မျိုးတည်းနဲ့ တစ်သမတ်တည်း သွားနေရင် ကြာတော့ ရိုးအီသွားနိုင်တယ်လေ"

"ဒါဆို ကိုက ရိုးအီသွားမယ်ဆိုတဲ့ သဘောလား"

"ဟား ဟား . . . မဟုတ်ပါဘူးကွာ၊ ကိုယ့်နန်းလေးကို အသွင်သစ်၊ အမြင်သစ်တွေနဲ့ ပိုလှစေချင်လို့ပါ။ နန်း ကိုယ့်ကို မချစ်ဘူးလား၊ ချစ်ရင် ကိုယ့်စကားနားထောင်ရမယ်နော်"

"ဒါနဲ့ပဲ လာကိုင်ပေါက်နေတယ်၊ ကျွန်မကို ဘယ်လိုပုံစံမျိုးကြီးတွေ ပြောင်းပစ်မှာလဲ၊ အခုခေတ်လို အရမ်းဟော့ရှော့နိုင်တဲ့ ဒီဇိုင်းမျိုးတွေတော့ မဖြစ်ဘူးနော်"

"ဟာ. . . စိတ်ချ စိတ်ချ၊ ပါးပါးလေးပဲ ပြောင်းမှာ၊ အဓိက ကိုယ်ပြောင်းချင်တာ နန်းရဲ့ ဆံပင်တွေပဲ"

"ရှင်၊ ကျွန်မဆံပင်တွေ . . . ဟုတ်လား၊ အမလေး ကိုရယ်၊ ဒီ ဆံပင်တွေကြောင့် ကျွန်မတစ်သက်လုံး မျက်နှာပွင့်ခဲ့ရတာရှင့်"

"ကဲပါ နန်းရယ်၊ ဘာမှမပြောဘဲ အသာလေး လိုက်ခဲ့ပါ၊ အားလုံးပြီးမှ ကိုယ့်ကို ကျေးဇူးတင်ဖို့သာ အသင့်ပြင်ထားတော့ . . . ဟုတ်ပြီလား"

ကျွန်မတို့အားလုံးရဲ့ ရင်ထဲ မုန်တိုင်းပြင်းပြင်းတစ်စင်း ဝင်ရောက်မွှေခတ်သွားတယ်။ အဲဒီအချိန်မှာ တိမ်ထွင့်ခေါင်အပေါ် အမုန်းတရားလေးတွေ ကိုယ်စီမွေးဖွားလာကြပါတယ်။ သခင်မကိုလည်း တစ်သက်နဲ့ တစ်ကိုယ် မငြိုငြင်စဖူး ပထမဆုံး အကြိမ် ငြိုငြင်စိတ်လေးတွေ ဝင်မိကြတယ်။

အလှပြင်ဆိုင် ရောက်တော့ သင်းရဲ့ တိုက်တွန်းမှုကြောင့် သခင်မခမျာ ကာလာတင်၊ အဖြောင့်ဆွဲခြင်းတွေကို နာရီပေါင်းများစွာ ကြာအောင် ခံလိုက်ရတယ်။ ဒါပေမဲ့ သူမထက် ပိုနာကျင်ခံစားရတာကတော့ ကျွန်မတို့ အုပ်စုပေါ့။ ပူလိုက်တာလည်း မပြောပါနဲ့တော့။ ဖြောင့်စက်နဲ့ဆွဲနေတာကို သခင်မရောကျွန်မတို့ပါ မချိမဆံ့ခံစားနေရပေမယ့် သင်းကတော့ အေးအေးလူလူ လက်ပိုက်ပြုံးကြည့်ပြီး ကျေနပ်ပီတိဖြာနေတယ်။ အားလုံးပြီးစီးသွားတော့ သင်း ဘာဝေဖန်ချက်ပေးတယ်မှတ်သလဲ။

"နန်းဆံပင်က နဂိုအဖြောင့်နဲ့ အခုအဖြောင့် ဘယ်လောက်ကွာလဲဆိုတာ တွေ့ပြီလား၊ အရင်ကလို နက်မှောင်မှောင်ကြီး မဟုတ်ဘဲ အရောင်လေးနဲ့ဆိုတော့ လင်းပြီးတောက်သွားတယ်" တဲ့။

တောက် . . . ကိုယ်ချင်းစာစိတ်မရှိတဲ့ မိစ္ဆာကောင်ကြီး။ မမေနန်းကိုလည်း ကျွန်မတို့ အရင်ကလို အမြင်မကြည်နိုင်တော့ဘူး။ သူမ ပြတ်ပြတ်သားသား မငြင်းဆန်နိုင်ခဲ့လို့သာ ကျွန်မတို့ ဒီဘဝရောက်ခဲ့ကြတာပေါ့။

ချစ်သူကို ချစ်လွန်းတာ ကျွန်မတို့ နားလည်ပေးနိုင်ပါတယ်။ ဒါပေမဲ့ ယောကျ်ားမာယာနဲ့ အချစ်ကို ခုတုံးလုပ်ပြီး အရာရာတိုင်းအပေါ် ခြယ်လှယ်ချင်တဲ့ တိမ်ထွင့်ခေါင်လိုလူမျိုးရဲ့ ကစားစရာအရုပ်လေးဘဝရောက်နေရတဲ့ သခင်မအဖြစ်ကို ကျွန်မတို့ တကယ်ကို ရင်နဲ့မချိခံစားရပါတယ်။ ခုဆို တစ်သက်လုံး ဖက်တွယ်တန်ဖိုးထားခဲ့ရတဲ့အရာကို ချစ်သူရဲ့ အပြောတစ်ချက်ကြောင့် ချက်ချင်းလက်ငင်း ပုံစံပြောင်းပစ်လိုက်တာတော့ မမေနန်း အရမ်းလွန်ပါတယ်။

ကြည့်ပါဦး။ မြန်မာမိန်းကလေးတစ်ယောက်ရဲ့ ဆံကေသာအရောင်က အနောက်တိုင်းဆန်ပြီး ရွှေရောင်လက်နေတာ ဘယ်လောက်ဆတ်ကော့လတ်ကော့နိုင်လိုက်သလဲနော်။

♦

"အခုတစ်လော ကျွန်မခေါင်းလျှော်လိုက်တိုင်း ဆံပင်တွေ အရမ်းကျွတ်တာပဲ ဒေါ်ခင်ရယ်"

"ခေါင်းလျှော်ရင် အနည်းနဲ့အများတော့ ဆံပင်ကျွတ်ကြတာပဲ မမလေးရဲ့၊ ပြီးတော့ ကျွန်မကြားဖူးတာလေ ဆံပင်ကို မကြာခဏ ကောက်လိုက်၊ ဖြောင့်လိုက် ဆေးဆိုးလိုက်လုပ်တာများရင် ပိုကျွတ်တတ်တယ်တဲ့"

"အင်း. . . ကိုကလည်း ကျွန်မကို လှစေချင်လို့တဲ့၊ တစ်လတစ်ခါပုံ ပြောင်းပြောင်းပေးနေတယ်လေ"

"လှတာတော့ လှပါတယ်၊ မမလေးနဲ့ မောင်တိမ်ထွင့်ခေါင်တို့စုံတွဲရော ဘယ်တော့လောက် အကောင်အထည်ဖော်ကြမှာလဲ၊ ကျွန်မတို့ စားရခါနီးပြီလား"

"အဟင်းဟင်း . . . ဒီနှစ်သီတင်းကျွတ်ရင်တော့ အစီအစဉ်က တကယ်ဖြစ်မယ်ထင်တယ်၊ မိဘချင်းတော့ ရင်းနှီးနေကြပြီလေ"

"ကောင်းလိုက်တာ၊ မမလေးတို့ အတွဲက တကယ့်နေနဲ့လ ရွှေနဲ့မြပဲနော်"

ကျွန်မတို့ သူငယ်ချင်းညီအစ်မအားလုံး ဒီအသံကြားရင် စိတ်ထောင်းလို့ ကိုယ်ကြေဖြစ်ရမြဲပါ။ ခုဆို လည်ပင်းဖက်ပေါင်းသင်းလာကြတဲ့ တချို့သူငယ်ချင်းတွေလည်း ဆေးဒဏ်၊ အပူဒဏ်မျိုးစုံကြောင့် ကြွေလွင့်ပျောက်ပျက်ကုန်ကြပြီ။

ကျွန်မတစ်ဦးကတော့ နဂိုတည်းက စိတ်ဓာတ်မာကျောခိုင်မာသူမို့ ထုံပေပေနဲ့ပဲ ဆက်လက်ရပ်တည် ရှင်သန်နေတာပါ။ အဓိကကတော့ မမေနန်းအပေါ်မှာ သံယောဇဉ်ကြီး လွန်းလို့လေ။ ကျွန်မလည်း တစ်နေ့မဟုတ်တစ်နေ့ ကြွေရမှာ သေချာပါတယ်။ သဘာဝမဟုတ်တဲ့ အသုံးအဆောင်တွေနဲ့ တိမ်ထွင့်ခေါင် ဖြားယောင်းတာကို မမေနန်း ခံနေရသရွေ့ ကျွန်မတို့ နေ့စဉ်နေ့တိုင်း ဘုရားတပြီးသာ နေကြရတော့မှာပါ။

သင်းနဲ့ လက်ထပ်ဖို့ထိတောင် စီစဉ်နေပြီဆိုတော့ ကျွန်မ မမေနန်းနားမှာ တွယ်ကပ်နေချင်တဲ့ စိတ်တွေလည်း တစ်နေ့တခြား လုံးပါးပါးလာခဲ့ပါပြီ။

♦

"ဟယ်တော့်. . . ဒေါ်ခင် . . . ဒေါ်ခင် လာပါဦး"

"ရှင် . . . မမလေး. . . ဘာ . . . ဘာဖြစ်လို့လဲ"

"ဒီမှာ ကြည့်ပါဦး၊ ဟင်းချိုခွက်ထဲ ဆံပင်မျှင်ကြီး တန်းလန်းနဲ့၊ အမယ်လေး . . . ဝေါ့. . . ရွံလိုက်တာ၊ သွား. . . သွား. . . မြန်မြန်သွား သွန်လိုက်"

"ဟိုလေ. . . မမလေး၊ မနက်က ဒီဟင်းကို မမလေးပဲ အစအဆုံး ချက်တာဆိုတော့ ဒါ . . . မမလေးဆံပင်လား မသိဘူးနော်"

"ဩော် . . ဒေါ်ခင်ရယ်၊ အရေးထဲ လာနောက်နေပြန်ပြီ၊ ကျွန်မ အစားအသောက်ထဲ ဆံချည်မျှင်တွေဝင်ရင် အရမ်းရွံတတ်တာ မသိဘူးလား၊ ကဲပါ . . . မထူးပါဘူး၊ တစ်အိုးလုံးသာ သွန်ပစ်လိုက်ပါတော့၊ ကျွန်မ စားရမှာ မသတီတော့ဘူး"

ဘုရား. . . . ဘုရား။

ကျွန်မအပေါ်မှာ အင်မတန်မြတ်နိုးတွယ်တာလှတဲ့ ကျွန်မရဲ့ သခင်မ မမေနန်း အသစ်တစ်ယောက်များ ထပ်ရောက်လာလေသလား။ တကယ်တော့ ဟင်းခွက်ထဲ ကတရားခံဟာ ကျွန်မပါ။ မနက်က သူမ ဟင်းချက်ရင်းတန်းလန်းမှာပဲ အားအင်ချည့်နဲ့ တုန်ယိုင်နေပြီဖြစ်တဲ့ ကျွန်မ၊ ဖြုတ်ခနဲ ကြွေလွင့်ခဲ့ရတာပါ။ ဒါကို ကျွန်မ ဘာတတ်နိုင်မှာလဲ။ ခုတော့ . . . ခုတော့။ ကျွန်မတို့ကို ချစ်ခင်ယုယခဲ့တဲ့ သူမဟာ သူမ မဟုတ်တော့သလိုပါပဲလား။ ဒီလို စောစောစီးစီး ပျက်စီးကြွေလွင့်ခဲ့ရတာလည်း သူမတို့ရဲ့ အဖန်တီးကောင်းမှု၊ ပြောင်းလဲမှုကြီးတွေကြောင့်ပဲ မဟုတ်လား။

ဒီအချိန်မှာ ကျွန်မ ဘယ်သူ့ကို အားကိုးတကြီး တိုင်တည်ရပါ့မလဲ။ ရက်စက်လိုက်ကြတာ။ အရာဝတ္ထုတစ်ခုရဲ့ တန်ဖိုးကို လိုတဲ့အချိန်မှာ မြှင့်တင်၊ မလိုအပ်မှ စွန့်ပစ်တတ်ကြတဲ့ ပုထုဇဉ်တွေရဲ့ မနောဟာ နှစ်အဆက်ဆက်၊ ခေတ်အဆက်ဆက်တိုင်အောင် ဒီပုံစံအတိုင်းပဲ ဆက်လက်တည်ရှိသွားကြတော့မယ် ထင်ပါတယ်။

ဩော် . . . . တကယ်တော့ ကျွန်မဟာလည်း သတ်မှတ်ခံခဲ့ရတဲ့ တန်ဖိုးတစ်ခုပါပဲလား။

**မြူခွန်းချယ်**



Asian Fame Media Group

# ပြရသက် သရဲခြောက်ခံရတဲ့နေ့

အတွေးရသ

မျက်မှန်အောက်မှ ဆရာမကြီး မျက်ဝန်းအစုံက စူးစူးတောက်တောက်။ ထူးချွန်ထက်မြက်သူတို့၏ မျက်ဝန်းမှန်း သိသာလှသည်။ ဆရာမကြီးအပြုံးက သွေးအေးအေးနှင့် ယဉ်သကဲ့သို့ ထင်ရသည်။ သို့သော် ဦးနှောက်စားရသော Philo (ဒဿနိက) သင်ခန်းစာများ သင်သောအခါ 'ကဲ ဒါလေး ဘယ်လိုသဘောရလဲ' ဟု ကျောင်းသားများကို ပြုံးပြုံးလေးမေးလိုက်ပါက ဆရာမကြီး၏အပြုံးသည် အလွန် ကြောက်စရာကောင်းသွားတတ်သည်။

ရန်ကုန်သူမို့ ထင်သည်။ ဆရာမကြီးက အဝတ်အစားကို ခန့်ညားအောင်ဝတ်တတ်သည်။ အဖြူ အစိမ်းဝတ်နှင့် ပဝါချထားရင်တောင်မှ ဆရာမကြီးဟန်က သူများနှင့်မတူဘဲ ယဉ်ယဉ်ခန့်ခန့်နှင့် ထည်လှသည်။ ဆရာမကြီးတစ်ကိုယ်လုံးမှာ အထည်ဆုံးက ရင်ဘတ်တွင် ချိတ်ဆွဲထားသော ဝန်ထမ်းကတ်လေးပင်။



Asian Frame Media Group



'ဒေါက်တာ ခင်ခင်ကြည်
ပါမောက္ခ
သင်ပြနည်းဌာန ဌာနမှူး'

စာသင်ရင်း၊ စကားပြောရင်း ပွတ်တတ်သည့် အကျင့်ရှိ၍ ကတ်ပြားလေးက ပြောင်နေသယောင် ထင်ရသည်။ ဆရာမကြီးက သူ့ပညာကို တန်ဖိုးထားသူ၊ သင်ကြားရေးကို အလေးထားသူပင်။ ဆရာမကြီး၏ ဘဝတစ်လျှောက်လုံး သူများရှေ့တွင်သာ နေရာရခဲ့၍ အရာရာကို အနိုင်ရခဲ့သော ပညာတတ်မိန်းမဟန်ကား အပြည့်။ ဆရာမကြီး၏ ပါးချိုင့်ခွက်ခွက်ထဲတွင် တစ်လောကလုံးက ရှိရှိသမျှ ပညာတွေ ပြည့်နေပုံရသည်။

ဆရာမဘဝဖြစ်စကတည်းက ရခဲ့သော သင်ကြားရေး၊ စည်းကမ်းထိန်းသိမ်းရေး နာမည်ကောင်းများကား ဆရာမကြီး၏ နဖူးပြင်ကျယ်ကျယ်တွင် ရေးထိုးထားသယောင်။ ခုလို ဒေါက်တာဘွဲ့၊ Ph.D လည်းရ၊ ပါမောက္ခလည်းဖြစ်၊ M.Ed (မဟာပညာရေးဘွဲ့) သင်တန်း၏ သင်တန်းမှူးရာထူးပါ ရထားတော့ ဆရာမကြီးက သူ့ဘဝကို မော်တပြုံးပြုံး။ လူတိုင်းထံမှ ကြားရသောအသံများက ဆရာမကြီးရင်သို့ နူးနူးအိအိ။ "ဒေါက်တာခင်ခင်ကြည်တို့များ တော်လိုက်တာ၊ နိုင်ငံခြားကို ခဏခဏသွားရတယ်၊ သူများတွေများ သွားချင်လွန်းလို့တောင် မသွားရဘူး။ သူက မသွားချင်ပါဘူးဆိုတာတောင် မရဘူး၊ ငြင်းရက်နဲ့ပဲ သွားသွားနေရတာ၊ ဆရာမကြီး တော်ပုံများ"

ဆရာမကြီး၏ နိုင်ငံခြားခရီးစဉ်တွေကလည်း များလှပြီ။ စာတမ်းဖတ်ပွဲ (Paper reading)၊ အလုပ်ရုံဆွေးနွေးပွဲ (Workshop)၊ နှီးနှော ဖလှယ်ပွဲ (Seminar) အတွေ့အကြုံတွေက မရေတွက်နိုင်တော့။ ဒေါက်တာဘွဲ့ Ph.D ကို ငါးနှစ်အတွင်း စာတမ်း ပထမဆုနှင့်ရခဲ့သော ဆရာမကြီး အတွက် အရာရာက သာမည။ ဆရာမကြီးက သူ့ဘဝကို ကျေနပ်ပီတိဖြစ်နေပါပြီ။ မကြာခင်ဘဲ ပင်စင်ရတော့မှာကိုး။ ပညာရေးလောက အတွက် အကျိုးပြုလုပ်ငန်းတွေလည်း စွမ်းစွမ်းတမံလုပ်ခဲ့ပြီမို့ "ဆရာမကြီးတို့ ပညာရေးလောကကြီး တိုးတက်ဖို့ . . ဖို့ . . . ဖို့ . . ." ဆိုတဲ့ စကားတွေကို

Asian Fame Media Group
AF MEDIA GROUP

တရားဟောသလို ရွတ်တတ်နေတာ ကြာပြီပေါ့။

ဟိုစဉ်းစား သည်စဉ်းစားနှင့် လျှောက်လာလိုက်တာ M.Ed အတန်းနှင့် နီးလာသည်။ ဒီနှစ်စမှာ M.Ed အတန်းကို ဝင်ချိန်နည်းနေသည်။ နေပြည်တော် Workshop က ခုမှ ပြန်လာရသည်။ မနက်စောစော M.Ed ဒုတိယနှစ်အခန်းသို့ဝင်၍ ခါတိုင်းလို Workshop အတွေ့အကြုံတွေကို ပြောဖို့စဉ်းစားမိသည်။ ဒီလိုပြောမှ သူတို့မျက်ဝန်းတွေ တောက်ပလာပြီး ဆရာမကြီးကို အားကျစိတ်တွေ တဖွားဖွားပေါ်လာပေမည်။ အထူးသဖြင့် အားကျရိပ်တွေနဲ့ စူးစူးလဲ့နေတတ်သော မျက်ဝန်းပိုင်ရှင်တပည့်မလေးတစ်ယောက်။



အော်သံတွေက တစ်ယောက်တစ်မျိုး။ ရှေ့ဆုံးမှ မျက်ဝန်းတောက်တောက်နှင့် တပည့်မလေးကို မသိမသာ လှမ်းကြည့်လိုက်တော့ မပြုံးမရယ် ရှုတည်တည်ကြည့်နေတာ မြင်ရသည်မို့စိတ်ထဲ တစ်မျိုးတော့ ဖြစ်သွားသည်...

"ဒီတစ်ခါ ဆရာမကြီးသွားတဲ့ Workshop က အရင်တစ်ခါ နိုင်ငံခြားသွားတဲ့ အတွေ့အကြုံတွေကို ရှင်းရတာ၊ Workshop လည်း ပြီးရော ဝန်ကြီး ဦး. . . . က ဆရာမကြီးဆီလာပြီး ဆရာမကြီးစာတမ်းကို သဘောကျလို့ ကျွန်တော်တို့ လိုချင်ပါတယ်ပေါ့။ ဆရာမကြီးကိုလည်း အရမ်းတော်တယ်ပေါ့နော် ချီးကျူးကြတာ၊ အားလုံးကပဲ၊ ဟာ လက်ဆွဲနှုတ်ဆက်တဲ့သူက နှုတ်ဆက်နဲ့" နောက်နေ့ကျတော့ ဗိုလ်မှူး. . . . က ဆရာမကြီးဆီကို စာအုပ်တစ်အုပ် ယူလာပေးတယ်။ "ကျွန်တော့်ကို ဒါလေး ဘာသာပြန်ပေးပါ ဆရာမကြီး၊ အားကိုးပါရစေ"ဆိုတော့ ဆရာမကြီးလည်း ဘယ်လိုမှ ငြင်းလို့မရလို့ ယူထားလိုက်ရတယ်။ ခုဆို နောက် Workshop အတွက် စာက တစ်ဖက်၊ ဗိုလ်မှူးရဲ့စာအုပ် ဘာသာပြန်တာက တစ်ဖက်၊ ပါမောက္ခချုပ်ကလည်း စာတမ်းတစ်စောင်အတွက် တာဝန်ပေးထားသေးတယ်။ ဒါနဲ့ ဆရာမကြီးမှာ ညဆို တော်တော်နဲ့ မအိပ်ရဘူး၊ မင်းတို့ရော"

အားလုံးပေါင်းမှ ၁၀ ယောက်သာရှိသော အတန်းက တိတ်ဆိတ်ငြိမ်သက်နေရာမှ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"၁၁ နာရီ ၁၂ နာရီပါ ဆရာမကြီး"

အော်သံတွေက တစ်ယောက်တစ်မျိုး။ ရှေ့ဆုံးမှ မျက်ဝန်းတောက်တောက်နှင့် တပည့်မလေးကို မသိမသာလှမ်းကြည့်လိုက်တော့ မပြုံးမရယ် ရှုတည်တည်ကြည့်နေတာ မြင်ရသည်မို့ စိတ်ထဲ တစ်မျိုးတော့ ဖြစ်သွားသည်။ ဒါပေမဲ့ ဒီကောင်မလေး သူ့ကို ဘယ်လောက်အားကျလဲ ဆရာမကြီး အသိဆုံး။

အတန်းပြီးလို့ ထွက်ခဲ့ခါမှ ပစ္စည်းတစ်ခုကျန်ခဲ့၍ M.Ed တန်းသို့ လျှောက်လာရာ အတန်းရှေ့အရောက် အထဲမှအသံကြောင့် ဆရာမကြီး ခြေလှမ်းတန့်သွားသည်။

"ငါတို့ ဆရာမကြီးက အရမ်းတော်တာပဲနော်၊ အရမ်းအားကျတယ်"

"အင်း တော်တယ်၊ အားကျစရာလည်း ကောင်းတယ်၊ ဒါပေမဲ့"

အဲဒီအသံက ရှေ့ဆုံးက ဟိုတပည့်မလေးအသံ၊ ဆရာမကြီး အသာနားစွင့်လိုက်သည်။

"ဒါပေမဲ့ ဘာဖြစ်လဲ"

အသံက ခဏတိတ်သွားသည်။

ဆရာမကြီး၏ အာရုံတွေက ထွက်လာမယ့် အသံကို စူးစူးစိုက်စိုက်။ ဒီကောင်မလေးက ဒဿနိက (Philo) သင်ခန်းစာတွေကို ချက်ကျလက်ကျ ဆွေးနွေးနိုင်တဲ့ ကောင်မလေး။

"မနှစ်က M.Ed ပထမနှစ် တစ်နှစ်လုံး ငါ အရမ်းအားကျခဲ့တယ်။ ငါလည်း ဆရာမကြီးလို တော်ချင်လိုက်တာလို့။ သူ ခုလိုတွေ ပြောရင်လည်း ငါအားကျခဲ့ရတယ်။ ဒါပေမဲ့ ခု ငါ သိပ်နားမထောင်ချင်တော့ဘူးဟာ၊ နားထဲမှာ တစ်မျိုးပဲ။ ဆရာမကြီးက အရမ်းတော်တယ်။ သူများ ဘာခိုင်းခိုင်း သူ မလုပ်တတ်တာ မရှိဘူး။ မလုပ်ပေးနိုင်တာ မရှိဘူး။ သူ့ဆီက ပညာတွေ အများကြီးရမှာပဲလို့ ငါမျှော်လင့်ခဲ့တယ်။ ငါကြိုးစားခဲ့တယ်။ မနှစ်က စာမေးပွဲနှင့် မဆိုင်ဘဲ ဝါဒ (ism) တွေ ဆယ်ခုလုံး ငါနားလည်အောင်ဖတ်ပြီး အကျဉ်းချုံးရေးလို့ ပြတုန်းက သူ ငါ့ကို ကြည့်မပေးခဲ့ဘူး။ သူ မအားဘူးလေ။ ငါ ကြိုးစားလုပ်ခဲ့ပေမယ့် သူက သူ့အလုပ်နဲ့သူမို့ ငါ ဘာပညာမှ မရခဲ့ဘူး။ ခု ငါတို့ ဒုတိယနှစ်ရောက်ပြီ။ ခုဆို နှစ်စကတည်းက ဆရာမကြီးရဲ့ Workshop တွေ စနေပြီ။ သူ့ရဲ့ နိုင်ငံခြားခရီးစဉ်တွေလည်း ငါ စိတ်မဝင်စားတော့ဘူး။ သူ အဲလိုအားကျအောင်ပြောရင် ရယ်ချင်တယ်။ ဆရာမကြီးက သူ့ကို အားကျအောင် သူ့ဘွဲ့သူ့ပညာကို သုံးနေရုံနဲ့ ပြီးပြီလို့ ထင်နေတယ်။ ငါတို့ဆီရောက်အောင် သူမပေးနိုင်တာတွေ ရှိနေတယ်ဆိုတာ သူ မသိဘူး။ ငါ လိုချင်နေတာ ဘာဆိုတာ ဆရာမကြီး မသိဘူး။ သူက တော့ ထင်နေမှာပဲ၊ ငါတို့ကို သူ နားလည်တယ်၊ အများကြီး ပေးနိုင်တယ်လို့။ ဒါပေမဲ့ သူ့ဆီက ပညာယူတာနဲ့ ပတ်သက်ရင် ငါ စိတ်ကျေနပ်မှုမရတာ သူ ဘယ်လိုသိမလဲ"

"ဘုရား. . . ဘုရား"

ဘယ်လိုလုပ်ပြီး ဌာနပြန်ရောက်လာသလဲဆိုတာ ဆရာမကြီး သူ့ကိုယ်သူ မသိလိုက်။ ဆရာမကြီး လုပ်မိတာက သူ့ရင်ဘတ်မှာ ချိတ်ထားတဲ့ ကတ်ပြားဝင်းဝင်းလေးကို ချွတ်ချလိုက်ခြင်းပါပဲ။ ဆရာမကြီးရဲ့ တစ်သက်တာမှာ ဒီတစ်ခါသာ သရဲခြောက်ခံရဖူးတယ်ပြောရင် ဘယ်သူယုံမှာလဲ။

**ရွှေသက်**

Asian Fame Media Group

# လူဦးရေ အများဆုံး နှစ်နိုင်ငံ၏ ရေနှင့်စွမ်းအင် ရှာပုံတော်

ကျော်ဦး

အိန္ဒိယနိုင်ငံသည် ကမ္ဘာတွင် ဒုတိယလူဦးရေ အများဆုံးဖြစ်သည့်အပြင် စီးပွားရေးတိုးတက်မှု အရှိန်ကောင်းလာနေသောကြောင့် ရေနှင့်စွမ်းအင် လိုအပ်ချက်ကလည်း အချိန်နှင့်အမျှ အလွန် များပြားလာလျက် ရှိသည်။ ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ရည်ရွယ်သည့် လုပ်ငန်းပမာဏ အလွန်ကြီးကျယ်ပြီး အမေရိကန်ဒေါ်လာ ဘီလျံ ၁၂၀ မျှ ကုန်ကျရန်ရှိသည့် အိန္ဒိယမြစ်များအချင်းချင်း ဆက်သွယ်ရေးစီမံကိန်းသည် စပင်မစရသေးသော်လည်း ကန့်ကွက်ဝေဖန်မှုများစွာနှင့် ရင်ဆိုင်နေရသည်။

ကန့်ကွက်နေသံများကြားကပင် ယင်းစီမံကိန်းကို အမြန်ဆုံးစရန် အိန္ဒိယတရားရုံးချုပ်တရားသူကြီးများက အိန္ဒိယအစိုးရအား တိုက်တွန်းလိုက်သော သတင်းတစ်ရပ် ၂၀၁၂ ခုနှစ် မတ်လအတွင်းက ထွက်ပေါ်လာခဲ့သည်။ စီမံကိန်းစရန် များစွာနှောင့်နှေးနေသည်မှာ ဖြစ်သင့်သောကိစ္စမဟုတ်ကြောင်း၊ အချိန်ကြာလာသည်နှင့် အမျှ ကုန်ကျစရိတ်လည်း တက်လာမည်ဖြစ်ကြောင်း အိန္ဒိယတရားရုံးချုပ် တရားသူကြီးများက ပြောသည်။

အိန္ဒိယမြစ်များအချင်းချင်း ဆက်သွယ်ရေးစီမံကိန်းတွင် ဟိမဝန္တာမြစ်များဖွံ့ဖြိုးရေးနှင့် ကျွန်းဆွယ်မြစ်များဖွံ့ဖြိုးရေးဟူ၍ အပိုင်းနှစ်ပိုင်းပါသည်။ ဟိမဝန္တာမြစ်များ ဖွံ့ဖြိုးရေးအစီအစဉ် အရ ဂင်္ဂါမြစ်နှင့်ဗြဟ္မပုတ္တရမြစ်တို့အပြင် ယင်းတို့ ၏ လက်တက်များတွင် ရေကာတာများတည်ဆောက်ကာ ရေသိုလှောင်ပြီး ပိုသောရေကို တူးမြောင်းများဖြင့် ရေလိုသောနေရာများသို့ ပို့မည်။ ဂင်္ဂါမြစ်၏ အရှေ့ဘက်လက်တက်များမှ ရေကို နိုင်ငံအနောက်ဘက်သို့ လည်းကောင်း၊ ဗြဟ္မပုတ္တရမြစ်ရေကို ဂင်္ဂါမြစ်သို့လည်းကောင်း၊ တစ်ဖန် ဂင်္ဂါမြစ်ရေကို နိုင်ငံအရှေ့အလယ်ပိုင်းရှိ မဟာနဒီမြစ်သို့လည်းကောင်း တူးမြောင်းများဖြင့် လိုအပ်သလို လွှဲပြောင်းပေးမည်။ ထိုသို့ လုပ်ဆောင်ခြင်းဖြင့် စိုက်ပျိုးဧရိယာစတုရန်း ကီလိုမီတာ ၂၂၀၀၀၀ နှင့် လျှပ်စစ်ဓာတ်အား ဂိုင်ဂါဝပ် ၃၀ ရလာရန် အပြင် သောက်သုံးရေပိုရရန်နှင့် ရေလွှမ်းမိုးမှုများ



Asian Fame Media Group

ကိုပါ ထိန်းချုပ်ရန် မျှော်မှန်းသည်။

ကျွန်းဆွယ်မြစ်များ ဖွံ့ဖြိုးရေးအစီအစဉ်၏ အဓိကအပိုင်းတွင် နိုင်ငံအရှေ့ဘက်မှ မြစ်ရေများကို တောင်ပိုင်းနှင့်အနောက်ပိုင်းသို့ ရေကာတာနှင့် တူးမြောင်းများတည်ဆောက်၍ ပေးပို့ရန် လျာထားသည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် စိုက်ပျိုးဧရိယာ စတုရန်းကီလိုမီတာ ၁၃၀၀၀၀ နှင့် လျှပ်စစ်ဓာတ်အား ၄ ဂိုင်ဂါဝပ် ၃၀ ပိုရလာရန် မျှော်မှန်းသည်။


အိန္ဒိယနိုင်ငံ၏ မြေပုံကို အသစ်ပြန်ရေးဆွဲရလောက်အောင် ပထဝီဝင်ဆိုင်ရာ အပြောင်းအလဲများကို ဖြစ်ပေါ်စေမည့်အပြင် ကုန်ကျစရိတ်များလှသည်သာမက ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှု၊ လူမှုစီးပွားဆိုင်ရာ ထိခိုက်မှုများကြောင့် ယင်းစီမံကိန်းကို အကောင်အထည်မဖော်ရန် ပြည်တွင်း၌ ကန့်ကွက်နေကြသည့်အပြင် အိမ်နီးချင်းနိုင်ငံများကလည်း ဝိုင်းဝန်းပါဝင် ဆန့်ကျင်နေကြသည်။ အကြောင်းမှာ ယင်းစီမံကိန်းကြောင့် မြစ်ကြေပိုင်းရှိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ရေအရင်းအမြစ်ကိုပါ ထိခိုက်ဖွယ်ရာရှိသည့်အပြင် စီမံကိန်းပါရေကာတာများနှင့် အခြေခံအဆောက်အအုံအချို့ကို အိန္ဒိယနိုင်ငံတွင်း၌သာမက အိမ်နီးချင်းနီပေါနှင့် ဘူတန်နိုင်ငံများထဲတွင်ပါ ဝင်ရောက်ဆောက်လုပ်ရန် ရှိခြင်းကြောင့်ဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်က ယင်းတို့၏နိုင်ငံတွင်းသို့ စီးဝင်နေသော ဂင်္ဂါမြစ်နှင့် ဗြဟ္မပုတ္တရမြစ်တို့သည် အိန္ဒိယနိုင်ငံကိုဖြတ်ပြီးမှ ရောက်လာသော မြစ်များဖြစ်၍ အိန္ဒိယ၏ မြစ်ရေလွှဲပြောင်းရေး စီမံကိန်းကြောင့် မြစ်ရေ အရနည်းသွားမည်ကို ပူပင်နေခြင်းဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်ရေအရင်းအမြစ်ရေးရာဝန်ကြီး ရာမက်ရှ်ချိန်ဒရာဆင်က "အဲဒီစီမံကိန်းကို ကျွန်တော်တို့ ဘယ်တော့မှ သဘောတူမှာ မဟုတ်ပါဘူး" ဟု ပြောသည်။ "ဘင်္ဂလားဒေ့ရှ်ရဲ့ စိုက်ပျိုးရေး၊ စီးပွားရေးနဲ့ ပြည်သူတွေရဲ့ အသက်တွေဟာ အဲဒီမြစ်တွေအပေါ် မှီခိုနေရတယ်၊ ဒီမြစ်ရေတွေ လွှဲပြောင်းရေးကို သဘောတူဖို့ ကျွန်တော်တို့ စဉ်းတောင်စဉ်းစားမှာ မဟုတ်ဘူး" ဟု သူက ဆိုသည်။

ဘင်္ဂလားဒေ့ရှ် ရေအရင်းအမြစ်ပညာရှင် အိုင်နွန်နီရှတ်၏ အပြောက ပို၍ပြတ်သားသည်။ "အဲဒီမြစ်နှစ်စင်းဟာ အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ် နယ်စပ်မှာပဲ ရပ်တန့်သွားတယ်လို့ အိန္ဒိယက ယူဆနေပုံရတယ်၊ မြစ်နှစ်စင်းက ရေတွေကို လွှဲပြောင်းလိုက်လို့ ဘင်္ဂလားဒေ့ရှ်မှာ ဘယ်လိုမှ မထိခိုက်ဘူးလို့လည်း ထင်နေကြတယ်" ဟု သူက ပြောသည်။ "ဗြဟ္မပုတ္တရမြစ်ရေက အရမ်းပိုနေတယ်လို့ အိန္ဒိယက အမြဲထင်နေပြီး မြစ်ကြေပိုင်းမှာ ဘင်္ဂလားဒေ့ရှ်ဆိုတဲ့ အချုပ်အခြာအာဏာပိုင်နိုင်ငံရှိနေတာကို သတိပြုမိပုံမရဘူး" ဟု အိုင်နွန်နီရှတ်က ဆိုသည်။

အိန္ဒိယ၏ စီမံကိန်းတွင်ပါသော ဗြဟ္မပုတ္တရမြစ်၏ လက်တက်နှစ်ခု စတင်စီးဆင်းရာ ဘူတန်နိုင်ငံသည်လည်း အိန္ဒိယ၏ မြစ်ရေလွှဲပြောင်းရေးစီမံကိန်းတွင် အရေးပါသောကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ဘူတန်စိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးပီမာဂိုင်ယမ်ရှိုက "ဘူတန်နိုင်ငံထဲမှာ လာဆောက်မယ်ဆိုတဲ့ အိန္ဒိယအဆောက်အအုံတွေအတွက် အိန္ဒိယနဲ့ဘူတန်တို့ကြားမှာ ဘာအဆက်အသွယ်မှ မရှိသေးဘူး" ဟု ဆိုသည်။ အိန္ဒိယ၏ ရည်ရွယ်ချက်ကို ဘူတန်က မနှစ်မြို့ကြောင်း ပြသပြောဆိုခြင်းဟု ဆိုနိုင်သည်။

နီပေါနိုင်ငံကလည်း အိန္ဒိယ၏စီမံကိန်းကို စိုးရိမ်မှုများ ရှိနေသည်။ နီပေါနယ်မြေတွင်း၌ အိန္ဒိယက ရေကာတာနှင့်ဆည်များ လာရောက်တည်ဆောက်ရန် ညှိနှိုင်းရာတွင် တစ်ဖက်သတ်အသာစီးရယူ၍ စာချုပ်ချုပ်ဆိုသွားမည့် အလားအလာရှိနေသည်ဟု နီပေါအကြီးတန်း ရေသယံဇာတပညာရှင် စန်တာဘဟာဒူးပန်းက ယူဆ



သည်။ "ကျုပ်တို့ နိုင်ငံထဲမှာ လာဆောက်မယ့် ရေရယူရေး အခြေခံအဆောက်အအုံတွေကနေပြီး အိန္ဒိယက ရမယ့်အကျိုးအမြတ်တွေထဲက အချိုးကျရအောင် နီပေါခေါင်းဆောင်တွေက တောင်းခံတတ်ဖို့ လိုပါတယ်" ဟု သူက ထောက်ပြသည်။

နီပေါသည် မိမိအကျိုးကိုလည်း မထိ၊ အိန္ဒိယနှင့်ဆက်ဆံရေးကိုလည်း မပျက်အောင် သတိပြုလုပ်ဆောင်နေရချိန်တွင် တစ်ဖက်မှ တရုတ်၏ဖိအားကို ခံနေရသည်။ တရုတ်က သူ့နိုင်ငံ၏ စွမ်းအင်လိုအပ်ချက်အတွက် နီပေါနိုင်ငံအတွင်းတွင် အမေရိကန်ဒေါ်လာ သန်း ၁၆၀၀ တန် ရေအားလျှပ်စစ် စီမံကိန်းတစ်ခုကို ဆောက်ခွင့်ပြုရန် တောင်းဆိုခဲ့သည်။ ယင်းကို နီပေါက ခွင့်မပြုလိုသော်လည်း တရုတ်က နီပေါ၌ အခြားရင်းနှီးမြှုပ်နှံမှုများကို ရုပ်သိမ်းမည်ဟု ခြိမ်းခြောက်သဖြင့် ခွင့်ပြုလိုက်ရသည်ဟု ဝေါလ်စထရိဂျာနယ်က ၂၀၁၂ ခုနှစ် ဧပြီလတွင် ဆောင်းပါး ရေးသားသည်။

နီပေါတို့ကဲ့သို့ အိန္ဒိယကိုယ်တိုင်ကလည်း တရုတ်တို့နှင့် 'ငြိ' နေသော အချက်တစ်ချက်ရှိသည်။ တရုတ်တို့သည် နိုင်ငံတွင်း စွမ်းအင်လိုအပ်ချက်အတွက် တိဘက်ဒေသရှိ ယာလမ်းဆမ်ပိုမြစ်ပေါ်တွင် ရေအားလျှပ်စစ်စက်ရုံများ ဆောက်ရန် စီစဉ်နေသည်။ ယာလမ်းဆမ်ပိုမြစ်သည် အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်တို့ကို ဖြတ်စီးသည့် ဗြဟ္မပုတ္တရမြစ်၏ လက်တက်တစ်ခုဖြစ်ရာ တရုတ်က ယင်းမြစ်ကိုပိတ်ဆို့ပါက ဗြဟ္မပုတ္တရမြစ်ရေ လျော့နည်းလာနိုင်သည့် အခြေအနေရှိနေသည်။ ထိုသို့ မဖြစ်နိုင်ပါဟု တရုတ်က ဆိုနေသော်လည်း အိန္ဒိယက တရုတ်တို့စကားကို ယုံရခက်နေသည်။

အိန္ဒိယ၏ စီမံကိန်းကဲ့သို့ ကုန်ကျစရိတ်မများသော်လည်း အလွန်ကြီးကျယ်သည့် မြစ်ရေလွှဲပြောင်းရေး စီမံကိန်းကို တရုတ်နိုင်ငံတွင် စတင်လျက် ရှိသည်။ ရေရှားပါးသည့် နိုင်ငံမြောက်ပိုင်းသို့ နိုင်ငံတောင်ပိုင်းမှ မြစ်ရေများကို လွှဲပြောင်းတင်ပို့ရန် ဖြစ်သည်။

အိန္ဒိယနှင့်တရုတ်တို့သည် ယင်းစီမံကိန်းကြီးများကြောင့် ရေရှည်သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများရှိမည်ကို သိလျက်နှင့် တစ်ဟုန်ထိုးတိုးတက်နေသော လူဦးရေနှင့် စီးပွားရေးအတွက် အခြားရွေးစရာလမ်း မရှိသည့်အတွက် ယင်းလုပ်ငန်းတို့ကို လုပ်ရန် တာစူနေကြ၊ လုပ်ဆောင်နေကြခြင်း ဖြစ်သည်။ နိုင်ငံတွင်း၌သာ ရယူပါက မလုံလောက်နိုင်၍ အိမ်နီးချင်း နိုင်ငံများတွင်းသို့ပါ ဝင်ရောက်ရယူရန် ကြိုးစားနေကြသည်။ ကမ္ဘာ့လူဦးရေ အများဆုံး နှစ်နိုင်ငံတို့နှင့် ဆက်စပ်နေသော နိုင်ငံငယ်များသည် နိုးကြားသော သတိနှင့် ပြည့်ဝသော ပညာကို အစဉ်ဆောင်ထားနိုင်မှ မိမိအကျိုးလည်း မထိခိုက်၊ အိမ်နီးချင်းမိတ်ဝတ်လည်း မပျက်အောင် ထိန်းသိမ်းနိုင်ကြမည်။

**ကျော်ဦး**



Asian Fame Media Group
MEDIA GROUP